
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ပထမအကြိမ်၊ ၁၉၇၆ ခုနှစ်၊ ယဉ်ကျေးမှုစာပေတိုက်
ဒုတိယအကြိမ်၊ ၁၉၉၂ ခုနှစ်၊ ဂုဏ်ထူးစာပေ၊
တတိယအကြိမ်၊ ၁၉၉၇ ခုနှစ်၊ ဂုဏ်ထူးစာပေ၊
စတုတ္ထအကြိမ်၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ၊ ဂုဏ်ထူးစာပေ ၊

အုပ်ရေ → ၁၀၀၀

စာမူခွင့်ပြုချက် → ၇၁၃/၉၈(၁၂)
မျက်နှာဖုံးခွင့်ပြုချက် → ၇၇/၉၉(၂)

မျက်နှာဖုံးပန်းချီ → မောင်ကျော်ညွန့်

မျက်နှာဖုံးပုံနှိပ် → သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)၊ အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

အတွင်းသရုပ်ဖော်ပန်းချီ → ပန်းချီသန်းမြင့်အောင်

အတွင်းစာသားဖလင် → ပန်းချီ မြင့်အောင် ၃၈၈/ ၅၂၊ ဒဂုံမြို့သစ်။

တန်ဖိုး → ၉၀၀ ကျပ်

ဤစာအုပ်ကို ဒေါ်ပီရီတီ၊ (၀၁၂၈) တောက်တောက်ဝင်း ပုံနှိပ်တိုက် ၁၆၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်၍ တက္ကသိုလ်စိန်တင် (၀၁၉၆) သောင်ရမ်းစာအုပ်တိုက်၊ တိုက် ၃၁/၁၂၊ ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့က ထုတ်ဝေသည်။


www.burmeseclassic.com

BURMESE CLASSIC

# မာတိကာ

**သမိုင်းဝင်ဓာတ်ပုံများ**

**စာရေးသူနှင့် မိတ်ဆက်**

**စာရေးသူ၏အမှာ**

၁။ အကျဉ်းထောင်အတွင်းမှ ငိုရှိုက်သံ ၁၃

၂။ ကြမ္မာရိုင်းသော နန်းသူတစ်ဦး၏ ဘဝအစ ၁၈

၃။ ကြိုလင့်နေသော မုန်တိုင်းကြမ်း ၂၄

၄။ ရွှေဖလားကိုင် အပျိုစင် ၂၉

၅။ ဓားထက်သော မိဖုရားခေါင်ကြီးအပါးဝယ် ၃၆

၆။ ဘုရင်မင်းတရား မျက်စိကျခဲ့သော နန်းသူပျို ၄၂

၇။ အသည်းကြွေ ရင်နင့်ဖွယ် ဓာတ်လမ်းတစ်ပုဒ် ၄၈

၈။ ချစ်မေတ္တာ ရွှေနှစ်ပြား တစ်သားတည်းခတ်ခဲ့ပြီ ၅၃

၉။ မင်းတရား၏ အသည်းစွဲနန်းတော်သူ ၆၁

၁၀။ နန်းတွင်းမှ ပေါက်ကွဲသောမဟာပြဿနာ ၆၉

၁၁။ ပရိယာယ်ကြွယ်သော စုဖုရား၏
မာယာထောင်ချောက် ၈၀

၁၂။ တင်ထားသည့် စစ်ကဲ ရဲရဲသာဆွဲချ ၉၀

၁၃။ အန္တရာယ်ဓာတ်လမ်း၏ နေဝင်ချိန် ၉၆

၁၄။ မိန်းမချောကလေး မွေးတဲ့မီး ၁၀၅

၁၅။ ပရိယာယ် ညွှတ်ကွင်းထဲက ခင်ခင်ကြီး ၁၁၀

၁၆။ ကံဆိုးမ သွားရာ ရွာလေသော မိုး ၁၁၆

၇။ ကယ်တော်မူပါဦး ရွှေနန်းရှင် ၁၂၀
၈။ နေ့ရစ်တော့ နှမငယ် ဒိုင်းခင်ခင် ၁၂၄
၉။ မိုးကောင်း အကျဉ်းသား မောင်ဖွေငယ် ၁၂၇
၀။ မိုးကောင်းမြို့ရောက် သတင်းဆိုးများ ၁၃၂
၁။ အမြင့်မှာ စံပြီလား နှမငယ် ၁၃၇
၂။ ကြင့်နန်းပျော် အိုရှုလှည့်လေး ၁၄၁
၃။ မြင်းစောင်းတွင်းမှ မိဖုရားလောင်း ၁၄၆
၄။ သေနတ်နှစ်ရာနှင့် ပတ္တမြားတွင်း ၁၅၂
၅။ နန်းရှေ့က အချစ်ဇာတ်လမ်းတစ်ပုဒ် ၁၅၉
၆။ လျှို့ဝှက်စာချုပ်နှင့် သည်မိန်းမဖျို့ ၁၆၄
၇။ ခင်ခင်ကြီးကို သေတွင်းသို့ပို့ခဲ့သူ ၁၆၆
၂၀။ အို ... ချစ်သော ရွှေနန်းရှင်ရယ် ၁၇၀


BURMESE CLASSIC

## စာရေးသူနှင့် စာဖတ်သူ မိတ်ဆက်

၁

**ဒိုင်းခင်ခင်စာအုပ်** ကြော်ငြာတွေ ထွက်လာတော့ စာပေအပေါင်းအသင်း ရင်းနှီးသူတွေ မေးကြသည်။ ဒိုင်းခင်ခင်အကြောင်း စာအုပ်အဖြစ် သီးသန့် တစ်အုပ်ထုတ်ပေးဖို့လိုရဲ့လား၊ သူ့အကြောင်း ရေးစရာများများရှိလို့လား၊ ပြီးတော့ ဒိုင်းခင်ခင်စာအုပ်ကို ရေးသူက ဘယ်ကလဲ၊ ကလောင်သစ်လား၊ ကလောင်ဟောင်းထဲက နာမည်သစ်နဲ့ ရေးသူလား စသည်ဖြင့် မေးကြသည်။ မြန်းကြသည်။ ပြောသည်။ ဆိုသည်။

၂

အမေးရှိလျှင် အဖြေရှိရပါလိမ့်မည်။ သည်မေးခွန်းများကို ဖြေဆိုရန် တာဝန်မှာ ထုတ်ဝေသူက ယူသင့်သည်ဟုထင်၏။ ထို့ကြောင့် ဖြေပါမည်။

ယခုထုတ်ဝေလိုက်သော **ဒိုင်းခင်ခင် (ရတနာပုံခေတ် နန်းတွင်းလျှို့ဝှက် ဇာတ်လမ်းများ)** သည် သမိုင်းဝတ္ထုတစ်ပုဒ်ဖြစ်၏။ စာရေးသူ၏ ဉာဏ်ကွန့် မြူးချက်နှင့် မူရင်းရှိပြီးသား၊ တကယ့်အဖြစ်အပျက်များ ပေါင်းစပ်ခြင်းဖြင့် ပေါ်ထွက်လာသော ဇာတ်လမ်းတစ်ပုဒ်လည်းဖြစ်သည်။

www.burmeseclassic.com

ဒိုင်းခင်ခင်အကြောင်း စီစဉ်စားမှုယ် ဖာတ်လမ်းကလေးများက အဆင
င့်ရှိပြီမို့ စာရေးသူက အံဖွဲ့အနွဲ့များဖြင့် မွမ်းမံကာ ရေးလိုက်ပြီ။ ထုတ်ဝေ
သူကလည်း "ဒိုင်းခင်ခင်"ကို ကျေနပ်အားရခြင်းကြီးစွာဖြင့် ထုတ်ဝေလိုက်ပြီ။
ဖတ်သူတို့ ဘယ်မှာဘယ်လိုမြင်သလဲ ထင်မြင်ဝေဖန်ချက်များကို စာရေး
သူနှင့် ထုတ်ဝေသူတို့ မျှော်လင့်နေပါ၏။

ဒိုင်းခင်ခင်ကို ဖန်တီးပြုစုသူနှင့် မိတ်ဆက်ပေးရန် လိုမည်ထင်သည်။
ာရေးသူ **စိမ့် (ပညာရေး)** မှာ တစ်ချိန်က တိုင်းရင်းမေ၊ ယုဝတီဂျာနယ်၊
ဝင့်ဘဝ၊ မေ့တွက်တာ၊ မေမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းများတွင် ကလောင်သွေး
သော စာပေဝါသနာရှင်တစ်ဦးဖြစ်ခဲ့၏။ ထိုစဉ် သူ့ကလောင်နာမည်မှာ
ာင်ဝစီ (ရွှေမြိုင်)။

ယခု **တင်ဝစီ (ရွှေမြိုင်)** သည် **စိမ့် (ပညာရေး)** ကလောင်သစ်ကို
ကိုင်ကာ စာပေလောကတွင် ရပ်တည်ရန် ကြိုးပမ်းလာပြီ။ စာရေးသူက ကြိုး
မ်းသလို ထုတ်ဝေသူကလည်း အားရကျေနပ်စွာ ထုတ်ဝေလိုက်ခြင်းဖြစ်
သည်ကို ဝန်ခံရပါမည်။

၃

စိမ့်(ပညာရေး) ၏စာပေအနုပညာဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို
စာပေစင်မြင့်တွင် ဆက်ကာဆက်ကာ တွေ့ရပါလိမ့်ဦးမည်ဟု သတင်းကောင်း
ပါးပါ၏။ ယခု" ဒိုင်းခင်ခင်"နှင့် ပတ်သက်၍ စာရှုသူများ၏ အမြင်နှင့်ဝေဖန်
ချက်များကို ရေးသားပေးပို့ကြပါရန်လည်း မေတ္တာရပ်ခံ အပ်ပါသည်။

**ထုတ်ဝေသူ**

www.burmeseclassic.com

www.burmeseclassic.com



၃။ ကင်းဝန်မင်းကြီး ဦးကောင်း

www.burmeseclassic.com

www.burmeseclassic.com



၄။ တိုင်တားမင်းကြီး ဦးဖိုး

www.burmeseclassic.com

www.burmeseclassic.com



၇။ မြန်နန်းစံကျော် ရွှေနန်းတော်ဝင်းအတွင်းမှ နန်းမြင့်မျှော်စင်

www.burmeseclassic.com

www.burmeseclassic.com



ဂ။ မြနန်းစံကျော် ရွှေနန်းတော်မှ တောင်စမုတ်

www.burmeseclassic.com


www.burmeseclassic.com



၉။ ရွှေနန်းပြာသာဒ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



၁၀။ မန္တလေးနန်းမြို့ရိုးပေါ်မှ ညနေဆည်းဆာ
နေဝင်ချိန်ကိုအလှကို ၁၉၉၉ ဒီဇင်ဘာလ ၃၁ ရက်နေ့
၂၀ရာစုနှစ်၏ နောက်ဆုံး ညနေက ဤသို့မြင်ရသည်။

www.burmeseclassic.com


www.burmeseclassic.com



၁၁။ မြနန်းစံကျော် ရွှေနန်းတော်အဆောင်များကို
နန်းမြင့်ပေါ်မှ တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



၁၂။ စုဖုရားလတ်၏ ကုသိုလ်တော် မန္တလေးမြို့
မြတောင်ကျောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာ

**ဒိုင်းခင်ခင် ...တဲ့။**

ဒိုင်းခင်ခင်ကို စာရေးသူကျောင်းသူဘဝကပင် သိခဲ့ရသည်။ ချစ်စရာ သူနာမည်ကြောင့် ထိုစဉ်ကတည်းက သူ့ကိုခင်မင်ခဲ့သည်။

သို့သော် ရင်းရင်းနှီးနှီး ခင်မင်ခဲ့ကြရသည်ကားမဟုတ်။ သူနှင့် ရင်းနှီးချွမ်းဝင်မှု မရသေးခင်မှာပင် ကွဲကွာသွားကြပြန်သည်။ တာဝန်တွေအကြားအားမလပ်ဖြစ်နေသည့်တိုင် သူ့ကိုမကြာမကြာ သတိတရဖြစ်နေမိသည်။

တစ်နေ့နေ့ ပြန်လည်တွေ့ရနိုးနှင့် ရက်ကိုလစား၊ နှစ်တွေသာ များခဲ့သည်။ သူ့သတင်း အစအနကိုမျှ မရခဲ့ပေ။

ယခုမူ စာရေးသူလည်း အသက်အတန်ရလာပြီဖြစ်၍။ ငယ်စဉ်က အမှတ်မထင် သိခဲ့ရသည့် ဒိုင်းခင်ခင်ကို အလွန်အမင်း သတိရလာသည်။

သို့နှင့် သူ့အကြောင်းကို စာအုပ်စာတမ်း အထွေထွေမှာ စူးစမ်းရှာဖွေရသည်။ မေးမြန်းခဲ့ရတော့သည်။ လေ့လာခဲ့ရတော့သည်။

သည်လို လေ့လာခဲ့ရာမှ ဆွတ်ပျံ့ဖွယ်၊ ကြေကွဲဖွယ်၊ အောင်မြင်ဖွယ် အသည်းနှလုံးမှ နာကြည်းဖွယ်ရာ ဒိုင်းခင်ခင်၏ ဇာတ်လမ်းများကို သိလာခဲ့

www.burmeseclassic.com



ရပေသည်။

ဒိုင်းခင်ခင်အကြောင်းကို ရှာဖွေလေ့လာသောအခါ သူနှင့်အတူ သူ ဖတ်ဝန်းကျင်သည်လည်း တစ်ပါတည်းပါလာခဲ့၏။

ဒိုင်းခင်ခင်၏ မိဘနှစ်ပါး၊ ရတနာပုံရွှေနန်း၏ နေဝင်ဘုရင် သီပေါမင်း၊ စုဖုရားလတ်မိဖုရား၊ တိုင်တားမင်းကြီး၊ မောင်ဖေငယ်၊ အပျိုတော်မတ်တီး၊ ကင်းဝန်မင်းကြီး၊ စာရေးမောင်ရိုး စသူည်တို့၏ အတွင်းရေး ဇာတ်လမ်းများ [illegible]

မြန်မာနိုင်ငံ ထီးနန်းပျောက်ဆုံးပုံ [illegible] စည်းကမ်းဖောက်၍ ဖြစ်ရ [illegible] သည်ကိုမ[illegible] သတိပြုမိလာသည်။

သည်လိုပင် စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်ကလေးများကို စုစည်းပြီး တင်ပြလိုသဖြင့် စာရေးသူသည် စာတစ်အုပ်ဖြစ်သည်အထိ ကြိုးပမ်းခဲ့ပါ၏။

စာရှုသူသည် သမိုင်းဆိုင်ရာ လျှို့ဝှက်ဇာတ်လမ်းကလေးများကို နှစ်သက်သူဆိုပါလျှင် သည်စာအုပ်ကို ကြိုက်နှစ်သက်မည်ဟု မျှော်လင့်ပါသည်။

ဒိုင်းခင်ခင်ကို စာရှုသူများ၏အမြင်မှာ ထင်ထင်လင်းလင်း ပေါ်လွင်လာအောင် ရေးသားနိုင်ခြင်းမရှိဟု ဆိုပါလျှင်ကား စာရေးသူ၏ အားနည်းချက်ပင်ဖြစ်ပါလိမ့်မည်။

စာအုပ် ရေးသားရာတွင် လိုအပ်သော စာအုပ်စာတမ်းများကို ရှာဖွေပေးကြသော ပညာရေး တက္ကသိုလ်စာကြည့်တိုက် အမှုထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း သည်နေရာမှ ဖော်ပြလိုပါ၏။

မိုး (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

# ၁။ အကျဉ်းထောင်အတွင်းမှ ငိုရှိုက်သံ

နေညိုသွားပြီဖြစ်၍ ပတ်ဝန်းကျင်သည် အေးချမ်းငြိမ်သက်လာ၏။ အကျဉ်းထောင်ကြီးအတွင်း၌ကား ပကတိအမှောင်လွှမ်းမိုးကာ တိတ်ဆိတ်သောအသွင်ကိုဆောင်နေသည်။ တာဝန်ကျအစောင့်အကြပ်များ၏ ဟိုမှသည်မှ သွားလာသံကိုမူ ကြားနေရ၏။ ထိုအခြေအနေသည်ကား အကျဉ်းထောင်တို့၏ လှုပ်ရှားသက်ဝင်နေသော အစဉ်အလာပင်ဖြစ်လေသည်။

အကျဉ်းထောင် အတွင်းရှိ မှောင်မည်းစိုထိုင်းသော အလုံခန်းလေးတစ်ခုအတွင်း၌ နုနယ်ငယ်ရွယ်၍ လှပသော အမျိုးသမီးငယ်သည် နံရံကိုမှီလျက်ထိုင်နေ၏။ ဆိုးဝါးလှသော မိမိအဖြစ်ကို စဉ်းစားရင်း မျက်ရည်အသွယ်သွယ်ကျလျက် ငိုရှိုက်နေရှာသည်။ ဝမ်းနည်းခြင်း၊ စိတ်ထိခိုက်ခြင်းတို့သည် အမျိုးသမီးငယ်အား ဖိစီးနှိပ်စက်နေကြ၏။ အကျဉ်းထောင်ကြီး၏ ကြောက်မက်ဖွယ်ရာ သတင်းဆိုးများကို ယခင်က ကြားရုံသာ ကြားခဲ့ဖူးသည်။ ယခုမူ ကိုယ်တိုင်ကြုံနေရပေပြီ။

ရာဇဝတ်ဘေးကြောင့် ပူဆွေးဝမ်းနည်းနေစဉ် 'ဘူးလေရာ ဖရုံဆင့်' ခဲ့ပြန်ပါသည်။ မိမိဘဝ ဓမ္မတာ အခြေအနေပြောင်းလဲမှုကြောင့် ရင်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



တလှုပ်လှုပ်နှင့် ကတုန်ကယင်ဖြစ်လာသည်။ မကြာခဏလည်း ပျို့အန်ကာ မူးဝေလာ၏။ အနီးအပါးတွင် ယုယုယယ ဖေးမပြုစုမည့်သူ မရှိသဖြင့် ပို၍ အားငယ်ကာ မချိမဆံ့ခံစားနေရလေသည်။

အမျိုးသမီးငယ်သည် ဖြစ်သမျှအကြောင်း အကောင်းဟု စိတ်တုံးတုံး ချကာ အိပ်ရန်ကြိုးစား၏။ မရ။ ဤမျှညှီပုပ်နံဖော်နေသော အခန်းကျဉ်းဝယ် မည်သို့ အိပ်ပျော်နိုင်ပါမည်နည်း။

စိတ်ကို တုံးတုံးချလိုက်ကာမှ စောစောက သတိမပြုမိသော ဆိုင်းသံ များကြားရသည်။ ထိုစဉ်ဝယ် အမျိုးသမီးငယ်၏ စိတ်အာရုံတွင် အကျဉ်းထောင် ၏ မလေ့တစ်ရပ်ပေါ်လာ၏။ ရွှေနန်းတော်ကြီး၏ အတီးအမှုတ်အကအခုန် များဖြင့် ပွဲသဘင်ဆင်ယင်ကျင်းပခိုက် အကျဉ်ထောင်တွင် လူသတ်ပွဲများပြုလုပ် လေ့ရှိကြောင်း။ သည်ခဏတွင် အမျိုးသမီးငယ်သည် ကြက်သီးဖြန်းဖြန်းထ သွားသည်။

မကြာမီပင် ညဥ့်ပဟိုရ် တစ်ချက်တီးသံကြားရ၏။ မရှေးမနှောင်းမှာပင် မိမိအခန်းနှင့် မနီးမဝေးဆီမှ ညည်းညူသံ၊ ငိုကြွေးသံတို့ကို မသဲမကွဲကြား ရ၏။ လေးလံသော အရာဝတ္ထုများကို တရွတ်တိုက်ဆွဲသွားသည့် အသံများ လည်း တစ်ချက်တစ်ချက် ပေါ်ထွက်လာသည်။

အမျိုးသမီးငယ်၏ ရင်မှာခုန်လာသည်။ ကျောထဲမှာလည်း စိမ့်လာ၏။ ကယောင်ချောက်ချားဖြင့် မှောင်နှင့်မည်းမည်းဝယ် ထောင်နံရံကို လျှောက်စမ်း နေသည်။ ထွက်ပေါက်တွေ့လိုတွေ့ငြား ပတ်ဝန်းကျင်ကို အကဲခတ်မိ၏။ ခိုင်ခံ့ထူထဲသော နံရံများ၌ ထွက်ပေါက်မဆိုထားနှင့် အလင်းရောင်ဝင်ရန်ပင် အပေါက်မရှိပြီ။

အမျိုးသမီးငယ်သည် ကျရောက်လာမည့် မိမိအလှည့်ကို အသည်း တထိတ်ထိတ်နှင့် စောင့်နေ၏။

ညဥ့်ပဟိုရ်တို့ ဆက်ကာဆက်ကာ ပြောင်းလာသည်။ တစ်စတစ်စနှင့် ညည်းညူသံများ တရွတ်တိုက်ဆွဲသံများ တိတ်ဆိတ်သွား၏။ ယခုအခါတွင် အကျဉ်းထောင်အတွင်းဝယ် သက်ရှိတစ်စုံတစ်ရာမှ ရှိလေရဲ့လားမသိ။ လှုပ်ရှား မှုများ ကင်းမဲ့သွားချေပြီ။ အမျိုးသမီးငယ်သည် သက်ပြင်းကို ခပ်မှန်းမှန်း ချလိုက်၏။ မျက်လုံးများကား အချုပ်ခန်းတံခါးဆီသို့သာ အစိုက်သားမို့ရောက် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ဝယ် အချုပ်ခန်းတံခါးသည် ဖြည်းညင်းစွာ ဖွင့်ဟလာ၏၊ အမှောင်တွင်း၌ဖြစ်၍ ပထမသော်သဲသဲကွဲကွဲ မမြင်ရ။ စူးစိုက်၍ ကြည့်လိုက်သည့်အခါတွင်ကား ဘီးလူးများပမာ ထွားကျိုင်းလှသည့် ပါးကွက်အာဏာသားနှစ်ယောက်။ တစ်ယောက်သည် တံခါးဝတွင် ကျန်ခဲ့ပြီး၊ တစ်ယောက်မှာ အမျိုးသမီးငယ်ထံ လာနေ၏။ အမျိုးသမီးငယ်၏ ရင်မှာပို၍ ခုန်လာသည်၊ ချမ်းအေးသော ညဥ့်ပင်ဖြစ်လင့်ကစား ချွေးစေးတို့ ပြန်လာ၏။

ပါးကွက်အာဏာသားကြီးသည် အနီးသို့ရောက်သောအခါ ကိုယ်ကိုကိုင်းလျက် 'ထ' ဟု တစ်လုံးတည်း ခပ်တိုးတိုးပြော၏။ သေရည်နံ့သည် အမျိုးသမီးငယ်၏ နှာဝသို့ အတင်းတိုးဝင်လာသည်။

ဖျို့တက်လာသော ရင်ကို အသာနှိပ်ထားရသဖြင့် ရုတ်ခြည်းမထနိုင်၊ ဤတွင် ပါးကွက်အာဏာသားကြီးသည် စိတ်မရှည်တော့။ အမျိုးသမီးငယ်၏ ပခုံးကို သူ့ဝဲလက်ဖြင့် ဆုပ်ကိုင်ကာ ခပ်ကြမ်းကြမ်းဆွဲထူလိုက်၏။

'ကျွန်မကို သတ် ... သတ်ကြတော့မလို့လား ရှင်'

အမျိုးသမီးငယ်သည် ကြောက်ရွံ့တုန်လှုပ်စွာ အထစ်ထစ် အငေါ့ငေါ့နှင့် မေးသည်။

'ရှူး ... အသာငြိမ်နေ' ဟု လေသံဖြင့် ပြောကာအမျိုးသမီးငယ်ကို လက်ပြန်ကြိုးတည်းလိုက်၏။

ထိုစဉ် တံခါးဝတွင် ကျန်ရစ်သော ပါးကွက်အာဏာသားထံမှ ချောင်းဟန့်သံပေါ်လာသည်။ အကျဉ်းခန်းတွင်းမှ ပါးကွက်အာဏာသားသည် ချောင်းကြိုးစကို ကိုင်လျက် 'လာ' ဟု တစ်ခွန်းတည်းဆိုကာ အမျိုးသမီးငယ်အား ဆွဲခေါ်ခဲ့၏။ အကျဉ်းခန်းပြင်ဘက်သို့ ရောက်သောအခါ ပါးကွက်အာဏာသားနှစ်ယောက်သည် အမျိုးသမီးငယ်၏ တစ်ဖက်တစ်ချက်စီတွင် ရပ်လိုက်ကြသည်။ လှုရိပ်လှုယောင်ကို အကဲခတ်လိုက်ပြီးနောက် ခြေသံလုံလုံနင်းကာ ခေါ်ထုတ်လာကြ၏။

အမျိုးသမီးငယ်သည် မိမိ၏လက်ရှိအခြေအနေကို လေ့လာသုံးသပ်ကြည့်သည်။ ဘာမှ နားမလည်၊ ကြောက်ရွံ့အားငယ်စိတ်ကြောင့် မိမိကိုယ်ကိုပင် မသယ်နိုင်ရှာ။ မိမိ၏ မသယ်နိုင်သော ကိုယ်ကိုကြိုးစားသယ်ဆောင်ရင်းဝဲယာသို့ လှမ်းမျှော်ကြည့်မိသည်။ မိမိ၏နည်းတူပင် ဤထောင်ကြီးအတွင်း တစ်နေရာတွင် ရှိနေမည်ဖြစ်သော မိဘနှစ်ပါးကို အမှတ်ရ၏။ စောစောက

www.burmeseclassic.com



သတ်ဖြတ်လိုက်သည့်အထဲ ပါသွားကြပြီလား။ အတွေးတို့မှာ ဆက်လျက် အစ်ကိုကြီးဖြစ်သူထံ ရောက်သွားပြန်သည်။ 'တစ်နွယ်ငင် တစ်စင်ပါ' တတ်သောမြန်မာ့ရာဇဝင် ထုံးစံကို နားလည်သဖြင့် အစ်ကိုအတွက်လည်း စိတ်မအေး။ အစဉ်းစားလွန်ခဲ့ရာမှ နောက်ဆုံးတွင် အကျဉ်းထောင်ကြီး၏ အပြင်ဘက်သို့ ရောက်လာသည်။

အကျဉ်းထောင်ကြီး၏ ပြင်ဘက် တစ်နေရာတွင် ဗီရိလှည်းတစ်စီး ဆိုက်ထား၏။ အာဏာသားကြီးသည် အမျိုးသမီးငယ်ကို လှည်းပေါ်သို့ ပွေ့တင်လိုက်သည်။ လက်ပြန်ကြိုးမှ ကြိုးတစ်စကို လှည်းတိုင်တွင် ခိုင်မာစွာ ချည်နှောင်ပြီးသည်နှင့် လှည်းကို မောင်းထွက်ခဲ့လေသည်။

ကောင်းကင်တွင် ကြယ်ရောင်လက်လက်များ ဟိုတစ်စု သည်တစ်စု လင်းလက်နေသော်လည်း အလင်းရောင်သည် လမ်းမပေါ်သို့ကားပေါက်ရောက်နိုင်စွမ်းမရှိပေ။ ထို့ကြောင့် လှည်းနှင့်တူရှုသော လမ်းသည် ထင်ထင်လင်းလင်းမရှိလှ။ အမှောင်တွင် မီးသွေးကြောင်းထင်သည့် ပမာပင်။

ဗီရိလှည်းသည် လမ်းမြှောင်လမ်းသွယ်တို့ကို ဖြတ်ကျော်လာခဲ့၏။ ခပ်လှမ်းလှမ်းမှ ခွေးအူသံကြောင့် လှည်းမောင်းသမားသည် လှည်းကိုခေတ္တတံ့ရပ်လိုက်သေးသည်။ တောင်မြောက်လေးပါးကို ကြည့်၍ လူသူအရိပ်အယောင်ကို မမြင်ရသောအခါ ခရီးဆက်ခဲ့၏။ အတန်ငယ် သွားမိလျှင် လှည်းကလေးသည် ခြံဝင်းကြီးတစ်ခု၏ နောက်ဘက်မှ မောင်းဝင်သွားပြီး၊ တဲငယ်တစ်လုံး၏ ရှေ့တွင် ရပ်လိုက်သည်။ တဲ၏ ယာဘက်တွင် မြင်းဇောင်းတစ်ခုရှိသည်။ မြင်းဇောင်း၏ တစ်ဖက်စွန်းတွင်ကား လေးဘက်လေးတန် လုံခြုံစွာ ကာရံထားသော အခန်းကျဉ်းငယ်တစ်ခုရှိလေသည်။

လှည်းပေါ်တွင် ပါလာသော အာဏာသားနှစ်ယောက်သည် တဲရှေ့တွင် ခေတ္တရပ်ပြီးနောက် တဲတံခါးကို သုံးချက်ခေါက်လိုက်၏။ ပိတ်ထားသော တံခါးပွင့်လာပြီး မိန်းမကြီးတစ်ဦး ထွက်လာသည်။ လက်ထဲတွင် မီးခိုးတလူလူ ထွက်နေသော ရေနံဆီမီးခွက်ကို ကိုင်ထား၏။ ထဘီရင်လျား၊ ဆံပင်ဖားလျားနှင့် သူ့အသွင်ကိုကြည့်ရသည်မှာ များစွာထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းလှသည်။

အာဏာသား နှစ်ယောက်သည် မိန်းမကြီးအား တီးတိုးပြောလျက် လှည်းဆီသို့ ညွှန်ပြ၏။ မိန်းမကြီးသည် နားလည်ဟန်ခေါင်းတစ်ချက်ညိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လှည်းအနီးသို့ လျှောက်လာသည်။ လက်ထဲမှ မီးခွက်ကို မြှောက်ကိုင်ကာ မိန်းကလေး၏ မျက်နှာကိုသေချာစွာကြည့်၏။ အားအင်ကုန်ခန်း၍ ရှိုက်သံသဲ့သဲ့ ထွက်နေသော မိန်းမချောလေးကိုမြင်သည့် တစ်ခဏ၌၊ မိန်းမကြမ်းကြီး၏ မျက်နှာပေါ်တွင် ကြင်နာရိပ်လွှမ်းသွားသည်။ သို့သော် တစ်မုဟုတ်ချင်း မျက်နှာကို တင်းလိုက်၏။ ပြီးနောက် လှည်းတိုင်တွင် ချည်ထားသော ကြိုး ကိုဖြေပြီး 'ဆင်း' ဟုပြောကာ လက်တစ်ဖက်ကို ကမ်းပေးလိုက်လေသည်။

အမျိုးသမီးငယ်သည်၊ သူ့ခန္ဓာကိုယ်ကို နိုင်နင်းစွာ ထိန်းနိုင်ခြင်းမရှိပေ။ အားအင်ကုန်ခမ်းနေသဖြင့် သေသောက်ကျူးသူကဲ့သို့ ယိမ်းထိုးနေ၏။ တစ်ခါ တရံလဲကျသွားမည့်အသွင်ရှိ၏။ မိန်းမကြမ်းကြီးသည် အမျိုးသမီးငယ်၏ လက်တစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲရင်း မြင်းဇောင်းတစ်ဖက်စွန်းရှိ အခန်းကျဉ်း ထဲသို့ သွင်းခဲ့သည်။ လက်ပြန်ကြိုးမှ ကြိုးစကို နံရံတွင်ချည်ပြီးနောက် တံခါး ပေါက်ကိုအပြင်မှ ပိတ်လိုက်၏။

မှောင်နှင့် မည်းမည်းတွင် ကျန်ရစ်သော အမျိုးသမီးငယ်သည် အခန်း ခန်းကျဉ်းကို ချောက်ချားသော စိတ်များဖြင့် လှည့်ပတ်ကြည့်မိသည်။ ပိန်းပိတ် အောင် မှောင်နေသည့် အခန်းတွင်၌ ဘာဆိုဘာမျှ မမြင်ရ။ မြင်းဇောင်းမှ လာသော မြင်းချေးနံ့တို့သာ လှိုင်နေ၏။ အမျိုးသမီးငယ်သည် တစ်ချက်အရှိက် လိုက်တွင် ရင်ထဲမှစူးခနဲ နာကျင်သော ဒဏ်ကိုခံစားလိုက်ရပြီးကောက်ရိုး ခြောက်များပေါ်သို့ မူးမေ့လဲကျသွားတော့သည်။

ထိုအမျိုးသမီးငယ်ကား ရတနာပုံနေပြည်တော်၏ အရှင်သခင် သီပေါ ဘုရင်မင်းမြတ်အား ချစ်မိမှားခဲ့သူ 'ခင်ခင်ကြီး' အမည်ခံ 'ဒိုင်းခင်ခင်' ပင်တည်း။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၂။ ကြမ္မာရှိုင်းသော နန်းသူတစ်ဦး၏ ဘဝအစ

'ဒိုင်းခင်ခင်' ...။

သူသည် သီပေါဘုရင်ကလေးကို များစွာချစ်မြတ်နိုး၏။ လွန်စွာ အားကိုး၏။ သီပေါဘုရင်က သူ့အားမြောက်နန်းမိဖုရားအရာထားတော်မူမည်ဆိုသည်ကိုလည်း အကြွင်းမဲ့ယုံကြည်နေ၏။ ထို ယုံကြည်ချက်ဖြင့် မိဖုရားဘဝကို ငံ့မျှော်ရင်း ရာဇဝင်တက်သင့်ကာ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံနေရသည်။ ဒိုင်းခင်ခင် ဖြတ်သန်းလာခဲ့ရသော ဘဝခရီးကိုကြည့်မည်ဆိုလျှင် ...

ရတနာပုံ နေပြည်တော်၏ တောင်ပြင်ရပ်တွင် ကြီးကျယ်ခမ်းနားသော အိမ်ကြီးတစ်ဆောင်ကို အဝေးကပင် မြင်နိုင်ပေသည်။ ထိုအိမ်ကြီး၏ ပိုင်ရှင်မှာ ခန်းပတ်ဝန်ကြီး၏သား၊ ဒိုင်းဝန်မင်း ဦးဘိုးကြီးပင်ဖြစ်၏။ ဒိုင်းဝန်မင်းနှင့် ဒိုင်းဝန်ကတော်တို့တွင် သားသမီးတစ်ယောက်မျှ မထွန်းကားပေ။ သို့ဖြင့် ရွှေကူမင်းသား၏ မြေးမောင်ဖေငယ်ကိုပင် သားရင်းကဲ့သို့ ချစ်နေရသည်။ သားအဖြစ် မွေးစားလို၍ မိဘများထံ တောင်းခဲ့သော်လည်း မောင်ဖေငယ့် မိဘများက အပိုင်မပေးနိုင်ခဲ့။ သို့သော် မောင်ဖေငယ်မှာ မင်းမှုထမ်း၏ အိမ်တွင်သာ အနေများခဲ့၏။ မောင်ဖေငယ် မင်းမှုထမ်းဖြစ်လာသောအခါတွင်ကား ဒိုင်းဝန်လင်မယားထံ တစ်ခါတစ်ရံသာ လာနိုင်တော့သည်။

တိုင်း၍ ရက်သည့် ပက္ကလာသည် မိုးရွာသည်နှင့် အခန့်သင့်လေပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းဝန်ကတော်၌ မောင်အရင်း ဦးဘိုးတင်ဆိုသူရှိ၏။ သူ၏ဇနီးတစ်ယောက်တွင် အလွန်လှပချောမွေ့သော သမီးကလေးတစ်ယောက် ဖွားမြင်လာသည်။ ဒိုင်းဝန်လင်မယားထဲတွင် သားထောက်သမီးခံမရှိ။ ယခုအခါတွင် ဒိုင်းဝန်ကတော်သည် သမီးကလေးတစ်ယောက် အငမ်းရမ လိုချင်နေချိန်ဖြစ်၏။ သို့နှင့် တူမအချောအလှကလေးကို အပြီးအပိုင် တောင်းယူမွေးစားလိုက်သည်။ ဒိုင်းဝန်လင်မယားသည် သမီးကလေးကို တုန်နေအောင်ချစ်ကြ၏။ မွေးစားသမီးဟုပြောလျှင် မကြိုက်။ ကိုယ်တိုင်မွေးသည့် ရင်သွေးအစစ်ဟုပင် ကြွားလေ့ရှိ၏။ သည်သမီးကလေးကို ပုဓက်တင် မင်္ဂလာပြုလုပ်ပြီး 'ခင်ခင်ကြီး'ဟု နာမည်ပေးခဲ့သည်။ သို့သော် ဖခင်ဒိုင်းဝန်ထောက်ကိုစွဲ၍ 'ဒိုင်းခင်ခင်' ဟု လူသိများခဲ့လေသည်။

အလိုလိုက် အကြိုက်ဆောင်သော မိဘများကို ခင်ခင်ကြီးက အသည်းစွဲချစ်၏။ စကားသံ တီတီတာတာဖြင့် ခရာပို၏။ ဒိုင်းဝန်မင်းနှင့် ဝန်ကတော်တို့က သားအရင်းတမျှ ချစ်ခင်နေသော မောင်ဖေငယ်ကိုလည်း အစ်ကိုရင်းတမျှ ချစ်ခင်နေရှာသည်။ တွတ်တီးတွတ်တာ ပြောတတ်၏။ ကလေးဆိုးကြီးလို အမျိုးမျိုးနွဲ့ဆိုး ဆိုးလေ့ရှိ၏။ မောင်ဖေငယ် အလည်အပတ်ပြန်လာသောနေ့များ၌ မောင်ဖေငယ်အနားမှ ခွာသည်ပင်မရှိ။ မောင်ဖေငယ်လည်း နှမရင်းကလေးတမျှ ချစ်ခင်ယုယခဲ့၏။ ခင်ခင်ကြီး ပြောသမျှ၊ ပြုသမျှ ကြည်နူးသာယာသော ရင်နှလုံးနှင့် အမြဲအလိုလိုက်ပြီး စိတ်ကြိုက်ချော့မော့ခဲ့ရသည်။ သည်သို့နှင့် ခင်ခင်ကြီးသည် ရွှေရင်သိမ်းသစ်စအရွယ်သို့ တိုင်ခဲ့လေပြီ။

ထိုအချိန်တွင် ရတနာပုံနေပြည်တော်၌လည်း သီပေါမင်းသားကလေး၏ ဂုဏ်သတင်းများ ပျံ့ပျံ့မွှေးနေပြီ။ သူသည် ဘုရင်မင်းတုန်းမင်းတရားကြီး၏ သားတော် သမီးတော်များထဲတွင် ထူးထူးကဲကဲ ကျမ်းဂန်စာပေများကို နှံ့စပ်၏။ ပထမပြန် စာမေးပွဲကို သုံးကြိမ်တိုင်တိုင် အောင်မြင်ခဲ့သည် မဟုတ်လား။ ဘုရင်မင်းကြီးသည် သားတော်အတွက် အားတက်ဝမ်းမြောက်နေ၏။ ပီတိဖြစ်၍မဆုံး ရှိချေသည်။ အားရတင်းတိမ်နိုင်ခြင်းပင် မရှိခဲ့။ ထို့ကြောင့် သားတော်အား ယခင်ကကဲ့သို့ ကျောင်း၌ ပညာဆက်လက်သင်ကြားခွင့်ပင် မပြုတော့။ အပြီးအပိုင် လူဝတ်လဲစေကာ မင်းသားတို့ အဆောင်အယောင်ကို ချီးမြှင့်လိုက်၏။ သားတော်၏ ပညာသတ္တိကို အထူးချီးကျူးသောအားဖြင့် သီးသန့်စံအိမ်တော် ဆောက်လုပ်ပေးသနားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းသားသည် ယခင်က မင်းတုန်းမင်းတရားကြီး အပါးတွင် ကြောက်ရွံ့သိမ်ငယ်စွာ ခစားခဲ့ရ၏။ ယခုမူ မင်းတရားကြီး အရေးပေးမှုကြောင့် နန်းတော်အတွင်း ဟန်ချီချီ သွားလာလျက်ရှိပြီး ပေးသနားတော်မူသော အဆောင်သစ်တွင် လုပျိုတော်သားများနှင့် ပျော်ပျော်ကြီး စံစားနေသည်။ လုပျိုတော်သားများအနက် ရွှေကူမင်းသား၏ မြေးမောင်ဖေငယ်နှင့် ရေနံချောင်းမင်းကြီး၏သား မောင်မောင်တုတ်တို့မှာ လက်ရင်းအကျဆုံး အချစ်ခင်ဆုံးသော တပည့်များဖြစ်ကြသည်၊

မောင်ဖေငယ်သည် သီပေါမင်းသားနှင့် ကျောင်းနေဘက်ဖြစ်ခဲ့ဖူးသည်။ ကဗျာဂီတအရာတွင် ပါရဂူမြောက်၏။ ယဉ်ကျေးသိမ်မွေ့၏။ ထို့ကြောင့် သီပေါမင်းသားထံတွင် နှလုံးရည်ဖြင့်အမှုတော်ထမ်းရွက်သည်။ မောင်မောင်တုတ်ကား ရဲစွမ်းသတ္တိရှိ၏။ ဖျတ်လတ်၏။ မဟုတ်မခံ ဟောဟောဒိုင်းဒိုင်းပြုမူတတ်သော ဝါသနာရှိ၏။ ယင်းကြောင့် လက်ရုံးရည်ဘက်တွင် အားကိုးရသော တပည့်ရင်းဖြစ်သည်။ သို့နှင့်အမျှ သူတို့နှစ်ဦးစလုံးသည် သီပေါမင်းသား၏ မေတ္တာလမ်းကို ပန်းခင်းပေးခဲ့ကြလေသည်။

သီပေါကိုယ်တော်လေး၏ မေတ္တာခရီးလမ်းမှာ ဤသို့စခဲ့သည်။

ပထမပြန် စာဖြေဆိုပြီး နောက်တစ်နေ့တွင် ဖြစ်၏။ ထိုနေ့က သီပေါမင်းသားသည် ခမည်းတော်မင်းတရားကြီးအား အကန်တော့ ဝင်ခဲ့သည်။ ကန်တော့ပွဲ မစမီ သူ၏အာရုံသည် ယာဘက်ရှိ မင်းမိန်းမပရိသတ်ထံရောက်သွားသည်။ မင်းသမီးကလေးများကို တစ်ယောက်ပြီး တစ်ယောက်ကြည့်မိသည်။ ထူးခြားမှု တစ်စုံတစ်ရာ မဖြစ်ပွားခဲ့။ မြဲတောင်စုဖုရားလတ်ကို မြင်လိုက်တော့မှ ထူးခြားသွားရသည်။ သီပေါမင်းသား၏ ရင်မှာခုန်လိုက်ရသည့်ဖြစ်ခြင်း။ စုဖုရားလတ်သည် သူ့ကိုရွှန်းရွှန်းစားစား ကြည့်လို့ပါလား။

သို့ရာတွင် ရင်ခုန်သံတို့ ကြာရှည်စိုးမိုးခွင့်ကား မရခဲ့။ 'မင်းတရားကြီး၏ သီပေါမင်းသား ချီးမွမ်းခန်း' က သူ့ရင်ခုန်သံကို ပြယ်လွင့်စေခဲ့သည်။ တခဏအတွင်းမှာပင် ပကတိအနေအထားသို့ ပြန်လည်ရောက်ရှိသွားတော့သည်။

သီပေါမင်းသား သာမဏေဘဝသို့ ပြန်လည် ကူးပြောင်းသွားချေပြီ။ စုဖုရားလတ်၏ ပုံရိပ်သည် သူ့အာရုံထဲသို့ မကြာခဏ ဝင်ရောက်လာတတ်၏။ ထိုအခါ စုဖုရားကိုကြိုးစား၍ မေ့ပျောက်ပစ်ရ၏။ သူသည် ဒုတိယအကြိမ် စာတော်ပြန်ပွဲအတွက် စာပေများကို ကျက်မှတ်ရပေဦးမည်။

သို့နှင့် ဒုတိယအကြိမ် ပထမလတ်စာဖြေပြီးချိန်သို့ ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နှစ်တွင်လည်း ဖခမည်းတော်အားဝါဝင်ကန်တော့ပွဲတွင် မြတောင်စုဖုရားနှင့် နှစ်ဦးသား မျက်လုံးချင်းဆုံကြပြန်သည်။ သည်တစ်ကြိမ်တွင် ရင်ခုန်သံတို့ ပို၍မြန်လာသည်။ တစ်ဆင့်တက်၍ မေတ္တာဓာတ်များ ရစ်ပတ်မိပြန်သည်။ တစ်ဦးကိုတစ်ဦး ပို၍စိတ်ဝင်စားလာကြ၏။ မေတ္တာတော် ကူးဆက်နိုင်ရန် အခွင့်ကိုပင် ကိုယ်စီတွေးမိခဲ့ကြသည်။

သည်တွင် အခွင့်အလမ်းတစ်ရပ်ပေါ်လာ၏။ သီပေါမင်းသားသည် စာတော်ပြန်ဆိုတိုင်း လူဝတ်လဲ၍ဖြေဆိုသည် မဟုတ်ပါလား။ ခုလို လူဝတ်လဲရသည်မှာလည်း မင်းတုန်းမင်းတရားကြီး၏ အမိန့်တော်အရ။ ဤသည်ကို အခွင့်ကောင်းယူ၍ စုဖုရားလတ်က သီပေါမင်းထံ ဝတ်လဲတော်ပုဆိုး အပို့သွတ်လိုက်သည်။ သည်တာဝန်ကို သူ၏ အထိန်းတော်ကြီးက ယူသည်။

'စုထားက ဝတ်လဲတော်ပုဆိုး ဆက်သတော်မူတာ၊ ဝတ်ကျေတန်းကျေသား၊ သက်သက် သဒ္ဓါတော်မူတဲ့ စေတနာလား'

သီပေါမင်းသားက အထိန်းတော်အား စူးစမ်းသမှုပြုသည်။

'ဝတ်လဲတော်ပုဆိုး ရွေးချယ်ရာမှာ အရှင်ထိပ်စုဖုရားခမျာ တော်ရုံနှင့် စိတ်ကြိုက်မတွေ့နိုင်တာတစ်ကြောင်း၊ ကိုယ်တော်နှင့် မျက်လုံးချင်းဆုံခဲ့မိကြောင်းကို ရှက်ရွံ့စွာ မိန့်တော်မူတာ တစ်ကြောင်းကြောင့်၊ ဝတ်ကျေတန်းကျေ စေတနာ မဟုတ်နိုင်ကြောင်းပါ'

အထိန်းတော်ကြီး၏ လျှောက်ထားချက်သည် အိပ်ပျော်နေသူအား သူပ်နိုးပေးလိုက်ဘိသို့လည်းကောင်း၊ လမ်းစပျောက်နေသူအား လမ်းကြောင်းပေါ်သို့ တင်ပေးလိုက်ဘိသို့လည်းကောင်း ရှိသွားသည်။ သီပေါမင်းသားသည် ငြိမ်းသာသွား၏။ အားငယ်စိတ်တို့ပင် အဝေးဆီသို့ လွင့်ပါးသွားချေပြီ။ အထိန်းတော်ကြီးမှ တစ်ဆင့် စာလွှာပါးရလျှင် မဆိုး။ ဖြစ်နိုင်ချေရှိသည်။ သည်သို့ပင် သူသဘောရမိသည်။

သို့ဖြင့် သီပေါမင်းသားသည် တေးထပ်တစ်ပုဒ်ကို ချက်ချင်းရေးစပ်ကာ အထိန်းတော်ကြီးမှတစ်ဆင့်ပါးခဲ့သည်။

သည်တွင်ပင် သီပေါမင်းသားနှင့် စုဖုရားလတ်သို့ မေတ္တာနှောင်ကြိုးကို ဖွဲ့ချည်မိကြသည်။ အစ်သော် စုဖုရား၏ အထိန်းတော်ကြီးတစ်ဦးတည်းသာ ချစ်ကြိုးတော်ဆောင်အဖြစ် တာဝန်ယူခဲ့၏။ သီပေါမင်းသား စာသင်ပြင်းကိစ္စပြီးဆုံးသွားသောအခါတွင်ကား မောင်ဖေငယ်နှင့် မောင်မောင်ကုတ်တို့ပါဝင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စုဖုရားလတ်၏ အဆောင်တော်နှင့် စံအိမ်တော်အကြား ကိစ္စများလျက်ရှိ၏။ အထိန်းတော်ကြီးနှင့် မြောက်ဥယျာဉ်တော်၌ တွေ့ဆုံကြ၏။ ပြီးနောက် ပါးလိုက်သော မေတ္တာရွှေပေလွှာများနှင့် လက်ဆောင်များကို လဲလှယ်ကာ ပြန်လည်ဆက်သကြရ၏။ ဤသို့ဖြင့် လျှို့ဝှက်သော အထူး တာဝန်တစ်ရပ်ကို ထမ်းဆောင်နေကြတော့သည်။

မောင်ဖေငယ်မှာ သီပေါမင်းသားအတွက် အချစ်သဝဏ်လွှာများကိုလည်း ရေးပေးရသေးသည်။ သူရေးသား စီကုံးသော သဝဏ်လွှာများမှာနုသည် ယဉ်သည်၊ အညှာအခရာတွင်လည်း သီပေါမင်းသားမှာ ချစ်ကဗျာတွေ၊ ချစ် သဝဏ်တွေကို ကိုင်တိုင်မရေး၊ မောင်ဖေငယ်ကို အားကိုးတကြီး ရေးခိုင်း တော့သည်။

ကာရန်တွေ၊ နဘေတွေကြားထဲတွင် တဝဲလည်လည် ဖြစ်နေသော မောင်ဖေငယ်သည် ခင်ခင်ကြီးထံ မရောက်နိုင်သည်မှာ ကြာပေပြီ။ ယခုကဲ့သို့ အချိန်ကြာမြင့်စွာ မတွေ့မမြင်ရသည့်အခါတွင် ခင်ခင်ကြီးကို လွမ်းသည့်စိတ် တို့ တားမနိုင်၊ ဆီးမရဖြစ်နေ၏။ ငယ်စဉ်ကစ၍ နမငယ်အရင်းကဲ့သို့ အဆိုး အနွဲ့အမျိုးမျိုးကို အလိုလိုက်ခဲ့၏။ လက်ပွန်းတတီး အနေများခဲ့၏။

ယခု ခင်ခင်ကြီး ရွှေရင်သိမ်းသစ် အရွယ်သို့ ကူးပြောင်းလာသည့်တိုင် အနေအထိုင် မပြောင်းလဲ။ ခင်ခင်ကြီးကလည်း ကိုယ်ရှိန်မသတ်။ နမကလေး ရယ်လို့ သတ်မှတ်ပါသော်လည်း အမှန်စင်စစ်က သွေးသားမတော်စပ်။ မည်သို့ မျှပင် ရှောင်ပါသည်၊ တိမ်းပါသည် ဆိုသော်လည်း မောင်ဖေငယ်က ပုထုဇဉ် တို့ မမွှတာ၊ စိတ်မှာ သာယာမိသည်။ မှန်ပေသည်၊ နီးစပ်မှုသည် ပေါင်းစပ်ခြင်း၏ အစပင်။

ယခုပင်လျှင် ကြည့်ပါဦး။ သီပေါကိုယ်တော်လေးအတွက် စားထ စပ်နေရာမှ စာတို့ကိုမမြင်။ ရင်ထဲက တိတ်တခိုးချစ်ခဲ့ရသော ခင်ခင်ကြီး၏ ပုံရိပ်သည်သာ သူ့အာရုံထဲသို့ အပြေးဝင်ရောက်လာ၏။

ကော့ပျံ့ရှည်သွယ်နေသော မျက်တောင်ကော့ကြီးများ၊ ပန်းငုံလွှာ နှုတ်ခမ်း ပါးအစုံ၊ နထွေးသောပါးနှစ်ဖက်နှင့် ပြေပြေကလေးရှိနေသော နဖူးပြင် ဝင်းဝါတင့်ရွှန်းသော အသားအရေ၊ ရှည်သွယ်သည့် လည်တိုင်၊ နွဲ့နှောင်းသော ကိုယ်ဟန်တို့မှာ အရုပ်ကလေးနှယ် လှပနေသည်။

သည်တော့လည်း မောင်ဖေငယ် မတတ်နိုင်ပြီ။ မည်သို့မျှ မတတ်နိုင် ပြီ။ အရုဏ်မတက်မီ ပွင့်အာလုရှိနေသော ပန်းငုံကလေးသည် သူ့ကိုဖမ်းစား ထားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



**'ပပဝယ်လေ ဝင်းဝင်း၊ မှန်ရစေဆောင်ကိုယ်ရောင် တိုက်ခန်း လင်း၊ ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်း၊ ဆက်သွင်းပုံသေ၊ သိန်းတန်တဲ့ မေလေး။**

**တင့်ကြျူးငယ် မှုယာတွေ၊ မြင်သူမြင်သူဗျာပေ၊ သည်းကြွေအံ့မဆုံး၊ မျက်လုံးတော်ရောင်၊ သောက်ရှူးကြယ်ညီနောင်၊ မြမျက်တောင် ကော့ကော့ ရှုန်း၊ ကေသီမှာ ခေဝီကျမ်းစာဝင်၊ မျက်နှာပြင် စံလွှတ်ကျွန်း၊ ငွေလဝန်းပေါ် သည့်သွင်လေ၊ ခြောက်ပါးငယ်ပြစ်လွှတ်စင်'**

မောင်ဖေငယ်သည် နှမငယ် ခင်ခင်ကြီး၏ ဆင်းပြင်လျှာကို ရင်မှဖြစ်သော ကဗျာဖြင့် ခြယ်မှုန်းနေမိသည်။ ဆွတ်ပျံ့သာမောဖွယ် အိပ်မက်လှလှ ကလေးများပင် မက်လိုက်သေးသည်။ အိပ်မက်မှ နိုးထလာသောအခါ မိမိကိုယ်ကိုပင် ရှက်နေမိ၏။

'ငါဆင်ခြင်ရမယ်၊ ငါ့သူ့ကို ချစ်တဲ့အချစ်ဟာ အစ်ကိုက နှမကိုချစ်ခြင်းမျိုးပဲဖြစ်ရမယ်၊ သစ္စာတရားဟာ ငါ့အသက် ဖြစ်ရမယ်'

မောင်ဖေငယ်သည် မရိုးသားသော ချစ်စိတ်ကိုရင်ထဲမှာ ကျိတ်၍ တင်းခံကာ သက်ပြင်းကိုသာ ချနေမိတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ၃။ ကြို့လင့်နေသော မှန်တိုင်းကြမ်း

'မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီ'

သည်သတင်းသည် တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွား၏။ တိုင်းသူပြည်သားတို့သည် များစွာတုန်လှုပ် ထိတ်လန့်နေကြ၏။ မင်းတုန်းဘုရင် နတ်ရွာစံပြီးနောက် တိုင်းပြည်ရင်ဆိုင်ရမည့် အန္တရာယ်များမှာ ရှောင်၍မရ၊ တိမ်း၍မရဟု တွေးမိကြသည်။ မင်းသားအသီးသီးတို့ အကြားတွင် သွေးဖြင့်ရှင်းရသော နန်းလုပွဲဖြစ်လာမည့် ကိစ္စ၊ ထိုမှဆက်၍ မင်းမဲ့တိုင်းပြည်ပမာ တွေ့ကြုံရတော့မည့် ပြဿနာအရပ်ရပ်ကိုတွေး၍ စိုးရိမ်လာကြသည်။

ဗြိတိသျှ အစိုးရကလည်း နယ်စပ်မြို့များဖြစ်သော တောင်ငူနှင့် သရက်မြို့များမှနေ၍ မျက်စိဒေါက်ထောက် ကြည့်နေသည်။ အကြောင်းရှာပြီး မိမိတို့နိုင်ငံကို ဝင်ရောက်သိမ်းပိုက်ရန် ဗြိတိသျှအစိုးရက ဆင်ကြံကြံနေသည်။

သူတို့ အကြံကိုလည်း ကြည့်ပါဦး။

"ဗားရေရိုက်ရွာ ပိတ်ဆို့ထားခြင်းကိစ္စနှင့် ပတ်သက်၍ကား အထက်မြန်မာနိုင်ငံသည် ဆားအလို့ငှာ ကျွန်ုပ်တို့ကိုသာ လုံးလုံးအမှီပြုနေရသည်။ လူ့အခြေ အလွန်အရေးကြီးသော ထိုပစ္စည်းကို ရပ်တန့်ထားခြင်းအားဖြင့် အပြင်းအထန်

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်ပေလိမ့်မည်။ များစွာ စရိုးရောက်သော ဗိနိုပ်ခြင်းလည်း ဖြစ်ပေလိမ့်မည်။ ထို့ပြင် တစ်ပြိုင်နက်တည်း ငါးပိတင်ပို့ခြင်းကိုလည်း ရပ်တန့်ရန်လိုပေသည်။

မြန်မာ လူမျိုးတို့၏ အာဟာရတွင် ငါးပိသည် အရေးကြီး၏။ ၄င်းကို များသောအားဖြင့် ဆားနေရာ၌ အသုံးပြုနိုင်၏။ ဆန်တင်ပို့ခြင်းကို တားမြစ်ခြင်းအားဖြင့် ဘုရင်မင်းမြတ်၏ ကျေးတော်မျိုးကျွန်တော်မျိုးများကို လေးလံစွာ ထိခိုက်ပေလိမ့်မည်။ သို့သော် အထက်မြန်မာနိုင်ငံတွင် ဂျုံနှင့် အခြားကောက်ပဲသီးနှံအမြောက်အမြား ထွက်၍ ပိုလျှံသော ကုန်များကို ဗြိတိသျှပိုင် အောက်မြန်မာပြည်သို့ပင် တင်ပို့လေသည်။ ငပါးတင်ပို့ခြင်းကို ရပ်တန့်တားခြင်းအားဖြင့် ခေတ္တမျှငတ်မွတ်ခြင်း ကပ်ဆိုက်ရောက်နိုင်သော်လည်း ဆားတင်ပို့ခြင်းကို တားမြစ်ထားသကဲ့သို့ ဗိနိုပ်ရေးတွင် စရိုးရောက်လိမ့်မည် မဟုတ်ပေ"

ရတနာပုံ နေပြည်တော်ကို သိမ်းပိုက်နိုင်ရေးအတွက် ဗြိတိသျှ အစိုးရသည် ဤသို့ဤနယ် စီးပွားရေးအကျပ်ကိုင်ကာ ထိုးစစ်ဆင်ရန် ကြံနေ၏။ ဗြိတိသျှတို့ ရန်ကို ကာကွယ်ရန်နှင့် ပြည်တွင်းငြိမ်းချမ်းသာယာမှုကို ဦးဆောင်နိုင်မည့် ဘုရင်မှဖြစ်ပါ့မလား တွေးပူကြ၏။ ကောလာဟလတွေကား မကြားချင်မှအဆုံး ကြားနေရသည်။

အချို့က ပြည်တွင်းစစ်ကြီး ဖြစ်လုနီးနေပြီဟု ဆိုကြ၏။ အန္တရာယ်တွေကြားထဲက ဘယ်လိုဘုရင်မျိုးများ ထွက်ပေါ်လာဦးမလဲဟု စူးစမ်းကြ၏။ သတင်းသန့်သန့် ကြားမိသူတို့က သီပေါမင်းသား ရှင်ဘုရင်ဖြစ်မည်ဟုပင် ဆိုလာကြသည်။ သို့သော် သည်သတင်းကို ကြားသူတို့က မယုံကြည်ဟန်ပြုကြ၏။ သာမန်မိဖုရားတစ်ပါး၏ သားတော်သည် ဘုရင်ဖြစ်နိုင်မည်မဟုတ်ဟု စောဒကတက်ကြလေသည်။

မည်သို့ပင် ဆိုစေကာမူ ကြားရသည့်အတိုင်းပင် သီပေါမင်းသားကား ရွှေနန်းရှင်အဖြစ် ထီးနန်းကိုရခဲ့ပေပြီ။ သီပေါမင်းသား ထီးနန်းရသည်ကလည်း လွယ်ကူသည်တော့ မဟုတ်ပေ။ ဘုရင်မဖြစ်မီ နောင်တော်များနှင့် ကြေးတိုက်ထဲ၌ စိတ်ပင်ပန်းစွာ စံလိုက်ရသေးသည်။ ထိုအချိန်က ခမည်းတော်မင်းတရားကြီးမှာ အသည်းအသန်ဖြစ်နေ၏။ မျှော်လင့်ချက်မရှိ။ ထို့ကြောင့် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ဝန်ကြီးများသည် ရွှေနန်းရှင် မျက်နှာလွှဲသွားပါက ထီးမွေနန်းမွေဆက်ခံရန် နန်းလျာကိုရွေးချယ်နေကြဆဲဖြစ်၏။

ဝန်ကြီးအချို့က သားတော်ကြီးများထဲမှ ကြီးစဉ်ငယ်လိုက် ပြောင်းစား

www.burmeseclassic.com



သင့်ကြောင်း တင်ပြ၏။ ဘုန်းလက်ရုံးနှင့် သတ္တိဗျတ္တိရှိသော မကွေးရာမင်းသား၊ သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသားတို့လို မင်းသားများထဲမှ ရွေးချယ်သင့်ကြောင့် အဆိုပြုသော ဝန်ကြီးများလည်းရှိ၏။ ဆင်ဖြူမရှင် မိဖုရားကြီးကမူ သီပေါမင်းသားကလေးကို သဘောကျကြောင်း မိန့်ဆို၏။

"စစ်တိုက်တာ ရှင်ဘုရင်ကိုယ်တိုင် တိုက်ရတာ မဟုတ်ပါဘူး။ အသက် ကြီးတာ ငယ်တာ၊ သတ္တိရှိတာ မရှိတာလဲ အရေးမကြီးဘူး၊ လက်နက်အင်အား၊ လူအင်အားကောင်းပြီး၊ စီမံကွပ်ကဲမှုသာ ပဓာနအကျဆုံးဖြစ်တယ်။ သီပေါမင်းသားဟာ ငယ်ပေမယ့် စိတ်သဘောထားလဲ နူးညံ့သိမ်မွေ့တယ်၊ ကျွန်မတို့ မင်းကြီးတို့နဲ့လဲ စိတ်တူသဘောတူ ဖြစ်နိုင်တယ်၊ ဒီတော့ သီပေါ မင်းသားကို နန်းလျာထားပြီး နိုင်ငံတော်အုပ်ချုပ်မှု အတွက်ကတော့ ကျွမ်း ကျင်ပြီးဖြစ်တဲ့ မင်းကြီးတို့ပဲ စီမံတာပေါ့"

ဤသို့ဤနှယ် ဆင်ဖြူမရှင် မိဖုရားကြီးက လျှောက်တင်၍ ကိုယ်တိုင် ပင် ထောက်ခံကာ သီပေါမင်းသားကလေး ဘုရင်ဖြစ်လာခဲ့လေသည်။ တစ်ချိန်က မှူးငယ်မတ်ငယ်များကပင် သူ့ကို မင်းသားငယ်တစ်ပါးအဖြစ် အရိုအသေမပေးချင်ကြ။ ယခုမူ မှူးကြီးမတ်ရာ၊ သေနာပတိကြီးများပင် သူ၏ ရှေ့မှောက်၌ ဦးစောက်ချ၍ ပြားပြားဝပ်ဝပ်နေကြပေပြီ၊

သီပေါမင်းသား အထွတ်အထိပ်သို့ ရောက်လျှင်ဝန်ကြီးဝန်ငယ် အသွယ်သွယ်နှင့် အိမ်တော်ပါ လူပျိုတော်သားများ ဩဇာထက်မျက်လာ၏။ မြို့စား ရွာစား ရာထူး ဌာနန္တရများ ရရှိကြ၏။ အရှင်မြင့်တော့ ကျွန်တင့်ခဲ့ရချေပြီ။

လူပျိုတော်သားများအနက် လက်ရင်းအကျဆုံး၊ အချစ်ခင်ဆုံးဖြစ်သော မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့မှာ အထူးအရေးပေးခြင်း၊ ချီးမြှောက်ခြင်း ခံရသည်။

မောင်မောင်တုတ်၏ အရည်အသွေးကိုလည်း နှစ်သက်သောကြောင့် ရနောင်မြို့ကို အပိုင်စားစေ၏။ လက်သုံးတော်ကြီးကိုင် မြှောက်ထားဝယ်ဗိုလ်၊ ဝဲလှည့်ခေါင်းခန့်တော်မူသည်။ ဘွဲ့မည်ရည် ပေးသောအခါတွင်လည်း မောင်မောင်တုတ်အား 'မဟာမင်းလှမင်းထင်စည်သူ' ဘွဲ့ကိုပေးသည်။ ရွှေနန်းတော် အတွင်း အချိန်မရွေးကျောက်စီဓားကို လွယ်၍ ခစားနိုင်၏။ မင်းသား အဆင့်အတန်းတွင်ထား၍ မင်းသားအဆောင်အယောင်များနှင့်တကွ မြှောက်စား၏။ နန်းတွင်းနန်းပြင် မောင်မောင်တုတ် ဩဇာညောင်းလာ၏။

ဤမျှ တန်ခိုးမကြီးဘဲ ရှိရှော့လား။ မောင်မောင်တုတ်၏ မိခင်မှာ

www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်၏ နို့ထိန်းဖြစ်၏။ ထို့ကြောင့် သီပေါမင်းသားနှင့် စုဖုရားလတ် တို့ တန်ခိုးကြီးလာသောအခါ မောင်မောင်တုတ်လည်း ကောင်းစားလာတော့ သည်။

မောင်ဖေငယ်မှာ ကဗျာဂီတအရာတွင် ပါရဂူမြောက်သူဖြစ်၏။ သီပေါ မင်းသားဘဝက ကျောင်းနေဖက်ရာက်ရင်း တပည့်ကိုယ်ရံတော် လုပျိုတော် သားလည်းဖြစ်၏။ ပညာဉာဏ်ရင့်သန်၍ နူးညံ့သိမ်မွေ့သည်။ ယခုသီပေါ မင်းသား အထွတ်အထိပ်သို့ ရောက်သောအခါ စီးတော်မြင်းဝန်၊ ရွှေတိုက် စိုးရာထူးနှင့် အမှုတော်ကို ထမ်းရွက်ရသည်။ တောင်သမန်အင်းကြီးနှင့် လယ်တွေကိုလည်း အပိုင်စားခဲ့ရသဖြင့် 'တောင်သမန် လယ်စား' ဟူ၍ ထင် ရှားလာပေပြီ၊

ဒိုင်းဝန်မင်းမှာ ပုဂံမြို့စား၊ အတွင်းဝန်ကြီးအဆင့်အထိ တိုးမြှင့်ခြင်း ခံရသည်။ သူကောင်းပြုခံရသူတို့ မွေတာဝမ်းမြောက်ဝမ်းသာ ရှိလှ၏။ ဝန် ကတော်ကြီးမှာ မကျန်းမမာလျက်ကပင် တပြုံးပြုံးနှင့် ဖြစ်နေရှာသည်။ ဒိုင်း ဝန်မင်းနှင့် ဝန်ကတော်တို့မှာ သားရင်းပမာ ချစ်နေသော မောင်ဖေငယ် အတွက်လည်း ဂုဏ်ယူလျက်ရှိ၏။ အပျော်ကြီးပျော်နေကြ၏။ ထို့ထက် ပျော်ရွှင်ဝမ်းသာနေသူကား ခင်ခင်ကြီးပင်တည်း။

ယခုဆိုလျှင် သူ့အစ်ကိုကြီးသည် သူတို့နှင့်တစ်အိမ်တည်း အတူလာ ရောက်နေထိုင်ပြီ။ အစ်ကိုကြီးအပေါ်တွင် နွဲ့လိုက်ဦးမည်၊ ဆိုးလိုက်ဦးမည် ခရာလိုက်ဦးမည်၊ စိတ်ကောက်လိုက်ဦးမည်၊ အစ်ကိုကြီးဆီမှာ ကဗျာစာပေ တွေ သင်လိုက်ဦးမည်၊ တောင်သမန်အင်းကိုလည်း ပို့ခိုင်းဦးမည်။ ဤသို့လျှင် စိတ်ကူးယဉ်လျက်ရှိ၏။

အထူးသဖြင့် ဖခင်စားရသော ကန္နီမြို့ကို ပို့ပေးဖို့ပူဆာချင်နေသည်။ ဖခင်ကြီး ကန္နီအတွင်းဝန်ဖြစ်ကတည်းက သူ့ကိုလည်း ကန္နီခင်ခင်ကြီးရယ်လို့ တချို့က ခေါ်နေကြသည် မဟုတ်လား။ ထို့ကြောင့်ပင် ခင်ခင်ကြီးသည် ကန္နီ မြို့ကို အထူးစိတ်ဝင်စားနေ၏။ စိတ်မဝင်စားဘဲလည်း မနေနိုင်။ ကန္နီမြို့ အကြောင်းကြားရသည်ကလည်း အံ့ဖွယ်သရဲရှိလှသည်။

"ပုဂံပြည့်ရှင် အနော်ရထာမင်း လက်ထက်ကပေါ့။ စစ်သိုင်းတိုင် ချင်းတွင်းမြစ်ရဲ့ အနောက်ဘက်ကမ်းမှာ တည်ရှိတဲ့ ကန္နီမြို့မှာ သစ္စာတော်ခံ ကျွန်တော်မျိုးတစ်ဦးကို မြို့စားအဖြစ် ခန့်ပြီး ကန္နီနော်ရထာလို့ ကို ပေးခဲ့တယ်

"ဒါပေမယ့် ကန္နီနော်ရထာဟာ ကျေးဇူးသစ္စာတော်ကို မထောက်ဘဲ ပုန်

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ရှင် အနော်ရထာဘုရင်ကို ပုန်ကန်ခြားနားတယ်၊ ဒီတော့ ပုဂံဘုရင်က တပ်တော်များ စေလွှတ်ပြီး တိုက်ခိုက်နှိမ်နင်းစေခဲ့တယ်။ မြို့စားဟာ ခုခံတိုက်ခိုက်ပေမယ့် ကျေးဇူးသစ္စာကိုမထောက်၊ ရှင်းပျသူဖြစ်လို့ ကူမယ့်သူမဲ့ပြီး အရေးရှုံးနိမ့်ပါလေရော။

"ဒီမှာ မြို့စားက စဉ်းစားတယ်၊ အဖမ်းခံရင်မင်းပြစ် မင်းဒဏ်ကို မရှုမလှခံရတော့မှာပဲလို့။ ဒါကြောင့် အဖမ်းမခံတော့ဘဲ ကန္နီမြို့မြောက်ဘက်မှာရှိတဲ့ ချင်းတွင်းမြစ်ကမ်း တစ်နေရာမှာ မြင်းရောလူပါခုန်ချပြီး သူ့အပြစ်သူစီရင်သွားသတဲ့။

"အဲဒီမြို့စားဟာ နတ်ဖြစ်သွားတယ်လို့ ဆိုတယ်။ နတ်ဖြစ်တယ်မဖြစ်ဘူးဆိုတာတော့ မသိဘူး၊ ခုထက်ထိပဲ အဲဒီကမ်းပါးပေါ်မှာ အုတ်တိုက်အဆောက်အအုံနဲ့ နတ်ကွန်းရှိတယ်။ မြင်းဖြူနဲ့ နတ်ရုပ်ကတော့ ခန့်ညားလို့ပေါ့။ အဲဒီနတ်ကိုလဲ ရွှေမြင်းဖြူနတ်တဲ့။ တောင်ကုန်းကိုလဲ ရွှေမြင်းဖြူတောင်ကုန်းလို့ခေါ်တယ်။ ပေ ၂၀၀ လောက်တော့ မြင့်မှာပေါ့။

"ထူးထူးခြားခြား ယုံကြည်နေတာကတော့ ဒီကမ်းပါးကြီးဟာ ဘယ်လောက်ပဲ ရေတွေလှိုက်စားလာပေမယ့် ဘယ်တော့မှ မပြိုဘူးတဲ့။ ကန္နီမြို့ဘက်ကမ်းမှာ သောင်ထွန်းတဲ့ အခါတိုင်းလဲမြို့ကို မီးလောင်တတ်တယ်လို့ဆိုကြတယ်။

"ပြီးတော့ ရွှေမြင်းဖြူတောင်ကုန်း ဝန်းကျင်တစ်ခုလုံး ရဲရဲနီလွင်တောက်ပနေတဲ့ မြတ်လေးပန်းတွေဟာ တွင်းထွက်ပတ္တမြားတွေ ဖြန့်ကြဲထားသလိုပဲ။ အုန်းပင်တွေကလဲ ပေါလိုက်တာ၊ အုန်းရေကို လိုသလောက်ရတယ်။ အထူးခြားဆုံးကတော့ စိတ်အေးချမ်းကြည်နူးစရာကောင်းတဲ့ တွင်းတောင်ရေအိုင်ကြီးတွေပဲ။ တွင်းမကြီးကတော့ ရေချိုတစ်ဝက် ရေငန်တစ်ဝက် ဖြစ်နေတာ ထူးဆန်းအံ့သြဖို့ အလွန်ကောင်းတာပဲ"

ဤမျှ ထူးဆန်းသော၊ သာယာသော မြို့ကလေးသို့ ခင်ခင်ကြီးသွားလိုလှသည်။ ယခု အစ်ကိုကြီး ကိုဖေငယ်မှာ မိမိတို့နှင့်အတူ ရှိနေပြီး ကန္နီမြို့ကို လိုက်ပို့ခိုင်းနိုင်ပေပြီ။ မည်မျှ ပျော်စရာကောင်းမည်နည်းဟု တကိုယ်တည်း စိတ်ကူးယဉ်နေရှာသည်။ သိပေါမင်းသား ဘုရင်ဖြစ်သည်ထိပင် ကျေးဇူးတင်နေသေး၏။ သို့သော် သိပေါဘုရင်နှင့် ဆက်နွှယ်၍ မိမိဘ မုန်တိုင်းကျရမည့်အဖြစ်ကိုကား ခင်ခင်ကြီးမှာ မသိတော့နိုင်ရှာပြီတကား။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၄။ ရွှေဖလားကိုင် အပျိုစင်

ယခုအခါတွင် သီပေါမင်းတရား၌ လုပ်စရာတွေများစွာပင် ရှိနေသေးသည်။ ရွှေနန်းသိမ်းမြန်း စိုးစံပြီးသည့်နောက် ဘုရင်မင်းမြတ်တို့ ထုံးတမ်းစဉ်လာအရ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး တင်မြှောက်ရေးမှာ ဆိုင်းငံ့ထား၍ မဖြစ်ပေ။

ဆင်ဖြူမရှင်မိဖုရားနှင့် ဝန်ကြီးများ၊ မှူးမတ်ကြီးများက ဘိသိက်ခံဖက် အဂ္ဂမဟေသီမှာ စုဖုရားလတ်၏ အစ်မတော်ရင်း မိုင်းနောင်စုဖုရားကြီးသာ ဖြစ်သည်ဟု ယူဆကြသည်။ စုဖုရားလတ်မှာ ညီမတော်ဖြစ်သည့်အတွက် မြောက်နန်း မိဖုရားကြီးသာဖြစ်စေရမည်ဟု ဆိုကြ၏။

စုဖုရားလတ်ကမူ မြောက်နန်းမိဖုရားမှာ အငယ်သာဖြစ်၏။ သူ့အနေဖြင့် အငယ်နေရာတွင် ဘယ်တော့မျှ မနေဟု ခါးခါးသီးသီးပင်ငြင်းဆို၏။ နောက်ဆုံးတွင် ဆင်ဖြူမရှင်၏ သမီးတော်ကြီး စုဖုရားကြီးကိုပင် အဂ္ဂမဟေသီ မြှောက်ရန် ဆုံးဖြတ်ကြ၏။ သို့သော် စုဖုရားကြီးကို သီပေါမင်းနှင့် ဘိသိက် သွန်းသောအခါ မြတောင်စုဖုရားလတ်သည် ရာဇပလ္လင်ပေါ်တက်ထိုင်၏။ သီပေါမင်းမှာ သူနှင့်သာ ချစ်ခင်ရည်ငံရင်းရှိ၍ သူ့ကိုလည်း မိဖုရားခေါင်ကြီး အဖြစ် ဘိသိက်သွန်းရမည်ဟု ဆိုသည်။ သို့နှင့် ညီအစ်မ နှစ်ပါးစုံ ဘိသိက် သွန်းနန်းသိမ်းပွဲခံသည်။

www.burmeseclassic.com

www.burmeseclassic.com



စုဖုဖုရားကြီးမှာ မိဖုရားခေါင်ကြီးဟူ၍ အမည်ခံရုံမျှသာဖြစ်သည်။ သီပေါမင်းအား အမ်မတော်၏ အဆောင်သို့မကူးရန် စုဖုရားလတ်က ခက်ခက်ထန်ထန် တားမြစ်ပိတ်ပင်ထားသည်။ အကြောင်းကား စုဖုရားလတ်သည် မုန့်သာဝေစားနိုင်မည်။ အချစ်တော့ဖြင့် မ[illegible]နိုင်[illegible]င့်တည်း။

အမ်မတော် စုဖုရား[illegible]ကိုယ်ကြေခဲ့ရရှာသည်။ မကြာမီ [illegible]ဖြစ်လာ၏။ သူ့ကို ပြုစုသော [illegible]ကြီးသည် ဘုရားတရားအလွန်ကြည်ညို[illegible]ကြော[illegible] သခင်မစုဖုရားကြီးအတွက် ဖယောင်းတိုင်များ ထွန်းညှိကာ ဘုရားမီးပူဇော်ပေး၏။ ဤသည်ကိုပင် စုဖုရားလတ်ဒုက္ခရောက်စေရန် စုန်းပညာဖြင့် ပြုစားနေသည်ဟု သတင်းထွက်လာသည်။ စုဖုရားလတ်သည် ဘုရင်သီပေါ၏ လက်ကိုဆွဲခေါ်ကာ စုဖုရားကြီး၏ အဆောင်တော်သို့ခေါ်ခဲ့၏။ ဆီမီးပူဇော်ထားသည်ကို သက်သေထူ၏။ စုဖုရားမှ စုဖုရားဖြစ်နေသော သီပေါဘုရင်သည် လွယ်လွယ်နှင့်ပင် ယုံကြည်လိုက်သည်။

သခင့်အတွက် ဝေက်ကျွန်ခံသွားရလေပြီ။ အပျိုတော်ကြီးမှာ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။ စစ်ကိုင်းသို့ ပို့ကာ တဲကလေးတစ်ခုအတွင်း အလုံပိတ်ပြီး အစာငတ်ထားရာမှ သေဆုံးသွားတော့သည်။ စုဖုရားကြီးသည် တစ်စာခံ အပျိုတော်ကြီးအတွက် များစွာစိတ်မကောင်းဖြစ်ရသည်။ နန်းမတော်ဆောင်ကြီးတွင် နေလိုစိတ်လည်း မရှိတော့။ သို့နှင့် မယ်တော်ဆင်ဖြူမရှင်၏ အဆောင်တော်သို့ ခေတ္တပြောင်းရွှေ့ကာ ဥပုသ်ရက်ရှည်စောင့်နေတော့သည်။

သည်သို့ဖြင့် စုဖုရားလတ်သည် သီပေါဘုရင်ကို မိဖုရားများများထားခွင့်မပြုဘဲ၊ တစ်လင်တစ်မယားစနစ်ဖြင့် ကန့်သတ်လိုက်၏။ သို့သော် သီပေါလည်း ဘုရင်တစ်ပါးပေမို့ ဘုရင့်အရသာကိုတော့ ပြည့်ပြည့်ဝဝခံစားလိုပေမည်။

တစ်ကြိမ်၌ သီပေါဘုရင်နှင့် အပျိုတော်တစ်ဦးငြိစွန်းမိလေပြီ။

နန်းဓလေ့ အစဉ်အလာအရမူ ရှင်ဘုရင်သည် အပျိုတော်တွေထဲမှ မိမိနှစ်သက်သဘောကျသူကို ကိုယ်လုပ်တော်အဖြစ် အသိအမှတ်ပြုကာ ပျော်ပါးခံစားနိုင်ခွင့်ရှိ၏။ သို့သော် ဘုရင်သီပေါမင်းနှင့် အပျိုတော်ကလေး ငြိစွန်းသော သတင်းထွက်ပေါ်လာသည်နှင့် မိဖုရားစုဖုရားလတ်သည် မီးပုံမီးကျ ဒေါသထွက်တော့သည်။ အပျိုတော်ကလေးကို သေဒဏ်အပြစ်ပေးရန်ပင် ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သည်ကိစ္စကို ဘုရင်မင်းတရားက အယူခံဝင်သည်။ သီပေါမင်းတရားသည် စုဖုရားလတ် မိဖုရားကို၊ ဥယျာဉ်တော် အတွင်းရှိ ရေးပန်းအနီးသို့ ခေါ်သွားသည်။ သည်မျှလောက်သော အကြောင်းရပ်ကလေးနှင့် သေဒဏ်ပေးလျှင် မသင့်တော်ကြောင်း တိုးတိုးတိတ်တိတ်ပြောသည်။

မိဖုရားကြီးအနေဖြင့်မူ မင်းဘဏ္ဍာ သူ့ဟာမှတ်လို့ ဝင်ခိုးသည့် ကိစ္စကို သည်မျှသော အကြောင်းရပ်ကလေးဟု သဘောမပိုက်နိုင်။ ထိုကြောင့် အကျောက် အကန်ငြင်းသည်။ မင်းတရားက အကြိမ်ကြိမ်ဖျောင်းဖျသဖြင့် မိဖုရားက သည်တစ်ကြိမ် အလျှော့ပေးလိုက်သည်။ သို့သော် အပျိုတော်လေးမှာ ဥယျာဉ်တော်အတွင်း အခြားအပျိုတော်များရှေ့တွင် ရိုက်နှက်အပြစ်ပေးခြင်းကို ခံလိုက်ရသေးသည်။ နောက်ဆုံး နန်းတော်ထဲမှ နှင်ထုတ်ခြင်းကိုပင် ခံလိုက်ရတော့သည်။

စုဖုရားလတ်ကား သီပေါဘုရင်သာမဟုတ်၊ နန်းတွင်းရှိ အမှုထမ်းယောကျ်ားများ မယားငယ်ယူသည့် သတင်းကိုကြားလျှင်လည်း လွန်စွာစိတ်ဆိုးတတ်၏။ ပြင်းပြင်းထန်ထန်လည်း အရေးယူအပြစ်ပေးတတ်သည်။ သို့သော် ရနောင်မောင်မောင်တုတ်ကိုကား အပြစ်မပေးသာ၍ သည်အတိုင်းကြည့်နေရသည်။ မောင်မောင်တုတ်သည် သူနှင့်သီပေါတို့၏ မေတ္တာလမ်းကို ခင်းပေးခဲ့သူ မဟုတ်ပါလား။ ယောကျ်ားတွေ မိန်းမများများ ယူသည့်ကိစ္စကို စုဖုရားလတ်သည် လွန်စွာစက်ဆုပ်၏။ သူကြိုက်နှစ်သက်သည်မှာ တစ်လင် တစ်မယားစနစ်သာလျှင်တည်း။

ဤတွင် အလျဉ်းသင့်၍ တင်ပြလိုပါသည်။

ရှေးရှေးသော ဘုရင်တို့သည် မိဖုရားအဆောင်သို့ကူးပြီးလျှင် ခေတ္တအတူစံတော်မူ၏။ ပြီး မိမိတို့ အမြဲစံရာ အဆောင်တော်သို့ပြန်၍ တော်တော်ခေါ်ကြမြဲ ထုံးစံဖြစ်၏။ သီပေါမင်းမှာကား ထိုသို့မဟုတ်၊ စုဖုရားလတ်၏ အဆောင်၌သာ တစ်ညလုံးစံတော်မူသည်။ သို့နှင့် မှူးမတ်များက ဤသို့ မိုးအလင်းစံတော်မူခြင်းမှာ ရှေးထုံးစံမရှိကြောင်း သံတော်ဦးတင်ကြ၏။ ဤတွင် စုဖုရားလတ်က 'ထုံးစံလုပ်ပြစ်တာပါပဲ ဘိုးဘိုးတို့ရယ်' ဟု မိန့်တော်မူသဖြင့် မှူးကြီးမတ်ကြီးများမှာ ပြုံးရယ်၍သာနေကြရလေသည်။

သီပေါမင်းတရားသည် ငယ်ချစ် စုဖုရားလတ်တစ်ပါးတည်းအပေါ်တွင် တစ်မ်းတစ်ခွဲ မေတ္တာပိုနေသည်ကို တစ်နန်းတော်လုံးက အသိ။ ကင်းဝန်မင်းကြီး အပါအဝင် ဝန်ကြီးများက နန်းခလေ့ထုံးစံများနှင့်အညီ မိဖုရားလေးပါး

www.burmeseclassic.com

www.burmeseclassic.com



တင်မြှောက်သင့်ကြောင်း လျှောက်တင်ခဲ့ကြသည်။ သို့သော် သီပေါဘုရင်ကား ခေါင်းကိုခါမြဲပင်။

ထိုအတောအတွင်း မိဖုရားစုဖုရားလတ်တွင် ပဋိသန္ဓေရှိလာ၏။

သားတော်လေးလား၊ သမီးတော်လေးလား သိချင်လှ၏။ ဘုရင်မင်းတရားကြီးမှာ မိမိနန်းပလ္လင်ကို ဆက်ခံမည့် နန်းလျာမင်းသားလေး ဖွားမြင်ရန် မျှော်လင့်အားထားသည်။ စုဖုရားလတ်ကလည်း မင်းတရားကြီး၏ ဆန္ဒကိုဖြည့်စွမ်းလို၏။ လူတို့မည်သည် မိမိတို့ဉာဏ်နှင့် စဉ်းစား၍ လက်လှမ်းမမီလျှင် ဗေဒင်ဆရာကို အားကိုးလေ့ရှိ၏။ မင်းမိဖုရားနှစ်ပါးတို့သည်လည်း လူသားများပင် မဟုတ်ပါလား။ ထို့ကြောင့် ဟူးရားဖြူ ဟူးရားညိုတို့ကိုဟောကြားစေ၏။ မိမိတို့ ရင်သွေးတော်သည် သားတော်လေးလား၊ သမီးတော်လေးလား။ ဗေဒင် ဟူးရားတို့က နန်းလျာသားတော်တစ်ပါး မီးရှူးသန့်စင်ဖွားမြင်တော်မူလိမ့်မည်ဟု ဟောကြားလေသည်။

ထိုအချိန်တွင် ရတနာပုံနေပြည်တော်၌ 'ထီ' မှာ၊ အတော်ခေတ်စားနေပြီ။ ထီပေါက်သူတို့အား သူဌေးဘွဲ့ခန့်အပ်သဖြင့် တိုင်းသူပြည်သားများ ထီကိုသာ ဖိထိုးနေကြသည်။ အချို့များ ကိုယ်ဝတ်ပါမကျန် ရောင်း၍ထီထိုးကြ၏။ ထီကိုမျှော်ကိုးကာ စီးပွားရေးကိုပင် ဇောက်ချ၍မလုပ်နိုင်ကြ။ သီပေါမင်းသည် ထီဖွင့်ခြင်းမှ အခွန်တော်ငွေမြောက်မြားစွာရ၏။ ထီရုံဆယ်ရုံကို တစ်လလျှင် ဆယ်ကြိမ်ဖွင့်လှစ်ခဲ့သောအခါများ၌ အခွန်တော်ငွေပေါင်းနှစ်သိန်းပင် ရလေသည်။ သည်တွင် ဆင်းရဲသားများ မွဲတေလာကြသည်။ ခိုးသားဓားပြများလည်း အလွန်ဆူပူသောင်းကျန်းလာသည်။

ဤသို့ နိုင်ငံသားများ၏ စီးပွားရေးကျဆင်းမှု၊ ခိုးသားဓားပြများ သောင်းကျန်းမှု စသည့်သတင်းဆိုးများသည် သီပေါမင်းထံရောက်လာ၏။ သို့သော် မင်းမိဖုရားနှစ်ပါးလုံးပင် မတုန်လှုပ်၊ မချောက်ချားခဲ့ပေ။ ယခုအခါတွင် သူတို့အဖို့အရေးကြီးဆုံးမှာသားတော်ကလေး မွေးဖွားမည့် ကိစ္စသာလျှင် ဖြစ်သည်။ လူ့လောကသို့ မရောက်လာသေးသော ရင်သွေးတော်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေရသည်နှင့်ပင် မအားမလပ်နိုင်ပေ။

ဗေဒင်ပညာရှင်များ၏ ဟောကိန်းမှာ သွေးထွက်အောင်မှန်လှ၏။ မိဖုရားစုဖုရားလတ်တွင် သားတော်ကလေးတစ်ပါးကိုဖွားမြင်လာ၏။ အဘ အကမ်းရက်ရောသော စုဖုရားလတ်သည် ဗေဒင်ပညာရှင်အကျော်အမော် အား ဆုတော်လာဘ်တော်များကို များများချီးမြှင့်သည်။ သီပေါမင်းသား

www.burmeseclassic.com



လည်း အရိုက်အရာကို ဆက်ခံမည့် နန်းလျာကိုရပြီမို့ စိတ်အေးချမ်းသာ ရှိသွားပြီ။ မင်းမိဖုရားနှစ်ပါးတို့၏ ဝမ်းသာကြည်နူးမှုသည် နန်းတွင်းသူများကိုပင် ရိုက်ခတ်လာသည်။ သို့သော် ဝမ်းသာကြည်နူးမှုသည် အခိုက်အတန့်သာ ဖြစ်လေသည်။

ရတနာပုံ နေပြည်တော်အတွင်း၌ ကျောက်ရောဂါဖြစ်ပွားခဲ့သည်။ မကြာမီပင် လသားအရွယ် နန်းလျာမင်းသားကလေး 'ရွှေကိုယ်တော်ကြီး' သည် ကျောက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။ သဗ္ဗေသတ္တာကမ္မသကာဟု ဆိုရတော့မည်။ ဘုရင်နှင့် မိဖုရားတို့မှာ မဆည်နိုင်အောင် ကြေကွဲဝမ်းနည်းခဲ့ကြသည်။ နမြော်မဆုံး၊ တသ၍မဆုံးရှိခဲ့ကြသည်။ စုဖုရားလတ်သည် သားတော်လေးအတွက် ဝမ်းနည်းကြေကွဲစိတ်ကို ပြေပျောက်လို၏။ ထီးနန်းစည်းစိမ်အတွက် အနှောင့်အယှက် ရန်ဆူးရန်ငြောင့်များကို သုတ်သင်ရှင်းလင်းခဲ့ရသည့် အနိဋ္ဌာရုံများကိုလည်း မေ့ပျောက်စေလို၏။

ထို့ကြောင့် ရတနာပုံနေပြည်တော် တစ်ဝန်းလုံးတွင် အလှူအတန်း ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကာ ပျော်ရွှင်မှုဖြင့် ဖုံးလွှမ်းစေအံ့ဟု ကြံရွယ်သည်။ တစ်ပြိုင်တည်းမှာပင် ဘုရင်မင်းတရားနှင့် သူကိုယ်တိုင် ဘုန်းကျက်သရေ တိုးစေရန် ထီးဆောင်းမင်္ဂလာ အခမ်းအနားဖွင့်၍ ဘိသိက်သွန်းခံတော်မူရန်လည်း ရည်ရွယ်သည်။

ဤသို့ဖြင့် 'သိရိပဝေသနာဘိသေက' ဘိသိက်သွန်း အခမ်းအနား ကျင်းပရန် ပြင်ကြဆင်ကြ၏။ ဤတွင် ဘိသိက်တော်ဆက် ကညာစင်ရွေးချယ်ရေးကိစ္စ ပေါ်ပေါက်လာတော့သည်။ ထုံးတမ်းစဉ်လာအရ ဘိသိက်တော်ဆက်မိန်းကလေးသည် ဘိသိက်ပန်းများ ထည့်ထားသည့် နဝရတ်ကိုးပါးခြယ်ထားသော ရွှေဖလားကို ကိုင်ဆောင်ရမည်။ ယင်း မိန်းကလေးမှာလည်း အပြစ်ခြောက်ပါး ကင်းစင်သည့် ကညာစင်ဖြစ်ရပေမည်။ ဤသို့သော မိန်းကလေးမျိုး ရွှေနန်းတော်တွင်း၌ ရှာဖွေ၏။ မတွေ့။ သည်တာဝန်ကို မည်သူ့ပေးရပါလိမ့်။ စုဖုရားလတ် စဉ်းစား၏။ အကြံရပေပြီ။ မောင်မောင်တုတ်သည် ဤမှာဘက်တွင် ကျွမ်းသည်မဟုတ်လား။ ချောသော၊ လှသော မိန်းကလေးဆိုသွင် မောင်မောင်တုတ်သိတတ်၏။ အချောအလှ သတင်းများကိုလည်း ကြားတတ်၏။ ဝါသနာထုံ၏။ သို့ဆိုလျှင် မောင်မောင်တုတ်ကို တာဝန်ပေးရသော် မသင့်တော်ပါလော။ မောင်မောင်တုတ်ဆိုလျှင် မောင်ဖေယံလည်း

www.burmeseclassic.com

www.burmeseclassic.com



ပါရစေမြီ။ သို့နှင့် စုဖုရားလတ်သည် လက်ရင်းတပည့်များဖြစ်သော မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့ကို ရှေ့တော်သို့ဝင်စေသည်။ ပြီးတာ ဝန်တစ်ရပ်ကို ပေးလိုက်၏။

‘ရွှေနန်းတော် မင်းမှုထမ်းများ၏ ဆွေတော်မျိုးတော် အသိုက်အအုံထဲမှ ဘိသိက်တော်ဆက် ကညာစင်ကို မရ,ရအောင် ရှာဖွေပေးရန်’

ထိုအခါ မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့သည် မိန်းမလှရှာပုံတော် ဖွင့်ကြရပြန်သည်။ ရွှေနန်းတော် မင်းမှုထမ်းများ၏ ဆွေတော်မျိုးတော်ထဲတွင် ပိုက်စိပ်တိုက်၍ ရှာခဲ့သည်။ စာဆိုနှင့်ညီသည့် ကညာစင်ကား တကယ်ရှာမှရှားလှသည်။ မည်သူ့ကိုမျှ စိတ်တိုင်းမကျ။ နောက်ဆုံးတွင် ဒိုင်းအတွင်းဝန်၏ သမီး၊ ခင်ခင်ကြီးကို သဘောကြိုက်ညီကြသည်။ ခင်ခင်ကြီးမှာ အမျိုးအနွယ်စင်ကြယ် မြင့်မြတ်၏။ အပြစ်ခြောက်ပါး ကင်းစင်၏။ အကျင့်သိက္ခာ ကောင်းမွန်၏။ ကောင်းခြင်းငါးသွယ်နှင့် တင့်တယ်လှ၏။ သို့နှင့် ခင်ခင်ကြီးကို ဘိသိက်တော်ဆက် ကညာစင်အဖြစ် ရွေးချယ်လိုက်တော့သည်။

ဒိုင်းအတွင်းဝန်နှင့် ဝန်ကတော်ကြီးတို့မှာ သမီးကလေးအတွက် ဂုဏ်ယူမဆုံး ဝမ်းသာမဆုံး ရှိချေသည်။ မောင်ဖေငယ်အဖို့မူ ထို့ထက်ပို၍ပင် ဝမ်းသာအားရရှိလှ၏။ ချစ်ရသည့် နှမကလေးအတွက် ဂုဏ်ယူမဆုံးပေ။ သို့သော် ထင်ပေါ်၍ စင်တော်က ကောက်လိုက်ခြင်းသည်ပင် ခင်ခင်ကြီး၏ ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေမည်ကိုကား မောင်ဖေငယ်တစ်ယောက် မသိတတ်နိုင်ပါချေ။

ဘိသိက်သွန်း အခမ်းအနားကျင်းပမည့်နေ့သို့ တိုင်ခဲ့ပြီ။ ရွှေနန်းတော်ကြီးအတွင်း စစ်အင်္ဂါလေးပါးကို ခင်းကျင်းထား၏။ မင်းညီမင်းသား၊ မြို့စားနယ်စား၊ မှူးမတ်များ၊ သူဌေးသူကြွယ်များ ဝတ်ကောင်းစားလှဖြင့် မြူးမြူးကြွကြွ သွားလာ လှုပ်ရှားလျက်ရှိသည်။ မင်္ဂလာမဏ္ဍပ်တွင် နေပြောက်မထိုး ရွှေဖျင် ငွေဖျင်တို့ဖြင့် မိုးကာထားသည်။ မဏ္ဍပ်တွင်း၌လည်း သီးမျိုးစုံ၊ ပန်းမျိုးစုံဖြင့် တန်ဆာဆင်ထား၏။

ရွှေနန်းမြို့ရိုးအပြင် ကျုံးတော်၏ လေးမျက်နှာတွင်လည်း သဲဖြူခင်း၍ ရာစမတ်ကာလျက်။ ဝဲယာလမ်းတစ်လျှောက်တွင် ကြံပင်၊ အုန်းပင်၊ ငှက်ပျောပင်များ အသီးပြည့်နှင့် စိုက်ထားလေသည်။ သပြေပန်းနှင့် ရေချမ်းအိုးများလည်း မနွမ်းစေရ။

www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းတရားနှင့် မိဖုရားကြီးတို့ အနီးတွင် ဘိသိက်တော်ဆက် ကညာစင် ခင်ခင်ကြီး ခစားလျက်ရှိ၏။ သူ့လက်ထဲတွင် ဘိသိက်တော် ရေစင်နှင့် ဘိသိက်တော် ပန်းများထည့်ထားသည့် ရတနာကိုးပါးစီ ရွှေဖလား။ ဖြူဝင်းသော အသားရောင်နှင့် ရွှေဝါရောင်ဝတ်စုံသည် သူ့အလှကို ပေါ်လွင်စေ လေသည်။

ဘိသိက်သွန်းလောင်းရန် အခါနက္ခတ်ကျရောက်လာ၏။ အရှင်နှစ်ပါးတို့ သည် အသစ်အသစ်သော အသရေတို့ကိုဖြစ်စေသည့် 'သိရိပဝေသန ဘိသိက်' ကို သွန်းခံတော်မူသည်။ ပြီး ... သီပေါမင်းတရားက **သီရိပဝရာဒိတြလော ကာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာဘွဲ့**၊ အရှင်နန်းမတော် စုဖုရားလတ်က **သီရိပဝရ မဟာရာဇိန္ဒာဘိ သုဓမ္မရတနာဓန္ဒာဒေဝီဘွဲ့** တံဆိပ်ကို အသီးသီး ခံယူသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၅။ စားထက်သော မိဖုရားခေါင်ကြီး အပါးဝယ်

ဘိသိက်တော် အခမ်းအနားကြီးက ပြီးဆုံးသွားခဲ့ပေပြီ။ စုဖုရားလတ်၏ ချောက်ချားနေသော စိတ်တို့သည် တည်ငြိမ်စပြုလာ၏။ ပြီးခဲ့သော အနိဋ္ဌာရုံများလည်း စိတ်အစဥ်မှ ကွယ်ပျောက်သွားကြပြီ ဖြစ်၏။ ယခုအခါတွင် စုဖုရားလတ်သည် စိတ်လက်ကြည်ရွှင်၍ ပျော်ပျော်ပါး စံစားနိုင်ခဲ့ပြီ။

ဘိသိက်မင်္ဂလာ၏ ခမ်းနားကြီးကျယ်ပုံတို့သည် စုဖုရားလတ်၏ စိတ်အာရုံကို လွှမ်းခြုံထားဆဲဖြစ်၏။ အခမ်းအနားတွင် ဆွေတော်မျိုးတော်၊ လက်အောက် အမှုထမ်းအရာထမ်းများ ကန်တော့ဝပ်တွား ခံစားနေကြဟန်၊ စောင်းငြင်းပတ်သာ ခရာဒုံမင်းစသော တူရိယာသံ၊ ဘိသိက်တော်ရေသွန်းလောင်းဟန် ... စသည် ... စသည်တို့မှာ စုဖုရားလတ်၏ စိတ်အာရုံတွင် ပုံရိပ်များအသွင် တစ်ခုပြီးတစ်ခု ပေါ်လာခဲ့သည်။

ဤတွင် ဘိသိက်တော် ရတနာရွှေဖလားကို ကိုင်မြှောက်ကာ ခစားဝင်နေသော ခင်ခင်ကြီးကို အမှတ်ရလာ၏။ သည်အမျိုးသမီးငယ်မှာ အမျိုးအငယ် အားဖြင့် စင်ကြယ်သည်။ သူ၏ လှုပ်ရှားဟန်တို့မှာ သိမ်မွေ့၏။ မျှော်မော ပြေပြစ်သော အလှလည်းရှိ၏။ နုထွေးသော ပါးပြင်နှင့် ပြေပြေပြစ်လေးရှိနေ သော နဖူးပြင်မှာ နံ့သာတင်ထားလိုက်ပုံက ယဥ်လှပါသိ၊ ဖြူဝင်းသော

www.burmeseclassic.com

www.burmeseclassic.com



အသားရောင်မှာ သူ့ကိုအရုပ်ကလေးနှယ် လွင်စေသည်။ တစ်ကြိမ်မြင်ရုံနှင့် ခင်ခင်ကြီးအလှမှာ စွဲကျန်ရစ်သည်။ ထို့ကြောင့် စုဖုရားလတ်သည် ခင်ခင်ကြီးကို မိမိအပါးတွင်ခေါ်ယူ မြှောက်စားရန် အကြံဖြစ်ပေါ်လာသည်။

နောက်တစ်နေ့တွင် မိဖုရားကြီး၏ အမိန့်အရ မောင်ဖေငယ်သည် အခစား ဝင်ရောက်လာ၏။

"အရှင် နန်းမတော်ဖုရားတို့ ဘိသိက်တော်ခံတဲ့နေ့က ဒိုင်းအတွင်းဝန်ရဲ့ သမီးကလေးဟာ အလွန်လှတာပဲ၊ အပါးတော်မှာခေါ်ယူ ခစားစေလိုတယ်"

သည်မျှဆိုလျှင်ပင် မောင်ဖေငယ် သဘောပေါက်ပေပြီ။ ခင်ခင်ကြီးကို ခေါ်ဆောင်ခဲ့ရန် တာဝန်ပေးခြင်းပင်။ မောင်ဖေငယ်သည် အရှင်နှစ်ပါး၏ အမှုကိစ္စမှန်သမျှကို ဦးလည်မသုန် ထမ်းရွက်စမြဲဖြစ်၏။ ယခုကိစ္စတွင်ကား ဘဝင်မကျလှ။ ခင်ခင်ကြီးမှာ အသက်အားဖြင့် ငယ်သေးသည်။ လွတ်လွတ် လပ်လပ် နေလိုသူလေးဖြစ်၏။ အရှင်နှစ်ပါးရှေ့တွင် ကျဉ်းကျဉ်းကျုတ်ကျုတ် နေရပါက မည်မျှစိတ်ညစ်ရှာလေမလဲ။ လှမှုရေးဆို၍ ဘာမျှနားမလည်သေး။ မတော် အလျှောက်အတင် အနေအထိုင် မှားယွင်းသွားပါက မခက်လား။ စုဖုရားလတ် မိဖုရားကြီးဆိုသည်က စိတ်ခတ်ထက်ပါဘိသနှင့်။

ပြီး ... သူကိုယ်တိုင်ကလည်း ခင်ခင်ကြီးနှင့်ခွဲပြီး မနေချင်၊ မနေနိုင်၊ မျက်စိအောက်က အပျောက်မခံလို။ မောင်ဖေငယ်သည် အတွေးကွန်ရက်ကို ဖြန့်ကြက်နေမိသဖြင့် နှုတ်မှဝန်ခံစကားကို ရုတ်ချည်းမဆိုပေ။ သို့သော် တောင်နိုင်ပြီ။ တာဝန်တစ်ရပ်ကျလာပြီ။ သူ့ဆန်စားရဲမှုဆိုမဟုတ်လား။

"အမိန့်တော်မြတ်အတိုင်း ဆောင်ကြဉ်းခဲ့ပါမည်ဘုရား"

စိတ်အလိုဆန္ဒ မပြည့်ဝသူတို့ ဓမ္မတာ၊ မောင်ဖေငယ့်မျက်နှာမှာ သိုးမှုန်နေ၏။ သက်ပြင်းကိုလည်း တဟင်းဟင်းချကာလျက်ရှိသည်။ မောင်မောင် တုတ်မှာ ရောင်းရင်းဘက် မောင်ဖေငယ်ကို အကဲခတ်မိသည်။ မိဖုရားကြီးထံ အခစားဝင်ပြီးမှ ညှိုးညှိုးငယ်ငယ်ရှိလှသည်။ အကြောင်းမည်သို့ရှိသနည်း။ သူတို့နှစ်ဦးမှာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုတာလို တစ်ယောက်အခက်အခဲကို တစ်ယောက်က ကူညီရစမြဲ မဟုတ်လား။ မောင်မောင်တုတ်သည် ညှိုးငယ်နေသော မောင်ဖေငယ်ကိုကြည့်၍ ကြင်နာစိတ်ဖြစ်မိသည်။ သိုသိပ်လွန်းသော သူငယ်ချင်းကို အားမလိုအားမရမေးလိုက်၏။

"သူငယ်ချင်း ... ကိုရင့်ကိုယ်ဟာ ကျုပ်ကိုယ်ပဲဖြစ်တယ်။ ဘာကြောင့် ညှိုးငယ်နေရတာလဲ၊ ကျုပ်ကိုယ့်ကြည်လို့ ရဲရဲသာဖွင့်ပြောပါ။ တတ်နိုင်သမျှ

www.burmeseclassic.com

www.burmeseclassic.com



ကူညီပါ့မယ်၊ ကျုပ်လိုရိုင်းနိုင်းတဲ့ လူတစ်ယောက်ကိုမှ မယုံကြည်ဘူးလား၊ အားမကိုးဘူးလား"

မောင်ဖေငယ်သည် မောင်မောင်တုတ်အား စူးစိုက်ကြည့်ပြီး စုဖုရားလတ်၏ အမိန့်ကိုပြောပြသည်။ တစ်ဆက်တည်းပင် ခင်ခင်ကြီးအပေါ် သူ့သဘောထားကိုလည်း ဖွင့်ဟဝန်ခံလိုက်သည်။

"ခင်ခင်ကြီးနဲ့ ကျုပ်တို့မှာ တကယ့်တကယ် သွေးအရင်းကြီး မဟုတ်လေတော့၊ ဘဘ ဘုရားနဲ့ မေဘုရားတို့ကလဲ သဘောမကြိုက်ညီစရာရှိမယ် မထင်ဘူး ကိုရင်ရဲ့၊ ခင်ခင်ကြီးကလဲ ငယ်သေးတာမို့ ခပ်နေ့နေ့ပဲ ဆိုင်းထားမိတယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် မနေနဲ့ကိုရင်၊ အရှင်နန်းမတော်ဖုရားဟာ တော်ရုံတန်ရုံလူကို ချစ်ခင်ရိုးမရှိတာ ကျုပ်တို့အသိပဲ မဟုတ်လား၊ သခွါတော်မှုတဲ့ စေတနာကိုပဲ ဝမ်းသာကျေနပ်ရမှာ၊ ကိုရင့်အတွက် သပိတ်ဝင်အိတ်ဝင်မို့ ဘဝင်ကျကျနေစမ်းပါ၊ ခုညနေပဲ ဒိုင်းဝန်မင်းအိမ်ကို ကျုပ်တို့သွားကြတာပေါ့"

မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့ ဒိုင်းဝန်မင်းအိမ်ရောက်လာချိန်မှာ ညီအစ်ကိုမသိတသိ နေလုံးပျောက်ချိန်ပင်ဖြစ်၏။

စုဖုရားလတ်၏ အမှာစကားကိုကြားရသောအခါ ဒိုင်းဝန်ကတော်ကြီးမှာများစွာ နှစ်ထောင်းအားရဖြစ်မိသည်။ မိမိဆိုလျှင် အသက်ဆယ့်ရှစ်နှစ်အရွယ် အပျိုကြီးဖားဖားဖြစ်မှ အရှင်နန်းမတော် ဖုရားကြီးထံမှာ အမှုတော်ထမ်းရသည်။ သမီးကလေး ခင်ကြီးရဲ့အသက်ကို တွက်စစ်လျှင် ခုမှတစ်ဆယ့်လေးနှစ်ပြည့်ကာပင်ရှိသေးသည်။ ဝမ်းသာသော်လည်း ရင်မှာထိတ်လှသည်။

"သမီးကလေးမှာ မလိမ်မိုး မလိမ္မာနှင့်၊ အပါးတော်မှာ ခစားထမ်းရွက်လို့မှ တတ်ပါ့မလား၊ မိဘနှစ်ပါးရော အစ်ကိုကြီးဖြစ်သူပါ အလိုလိုက်ထားသဖြင့် နွဲ့တတ်ဆိုးတတ်လွန်းသည်။ အရိပ်သုံးပါး နားမလည်၊ လူမှုရေးဆိုလျှင် ဝေလာဝေး၊ နကန်းတစ်လုံးမျှ မသိ။ စုဖုရားလတ်ဆိုသည်မှာလည်း ဓားကထက်လှသည်။ အိမ်မှာလို နွဲ့ဆိုးဆိုးပြီး စိတ်ကောက်လို့များ နေမှဖြင့် မိဖုရားကြီး အမျက်တော်ရှနေပေဦးမည်၊ သို့သော် မတတ်နိုင်ပါ။ အနုအရေးပေါ်လာတာ ကံသာလို့ပဲဆိုရပေတော့မည်"

ဤသို့ ဝန်ကတော်က ထုတ်ဖော်ပြောဆို၏။ ဒိုင်းဝန်မင်းမှာမူ ကွမ်းကိုတမြုံ့မြုံ့ဝါးရင်း စကားမပြောဘဲ ငြိမ်သက်လျက်ရှိ၏။ နဖူးရေတွန့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှေးလျက်ရှိသောကြောင့် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေကြောင်း ပေါ်ပြင်လှသည်။

မောင်ဖေငယ်သည် ဝန်ကတော်ကြီး၏ စကားဆုံးသောအခါ နှမငယ်ခင်ခင်ကြီးကို လှမ်းကြည့်လိုက်သည်။ မျက်နှာညှိုးပြီး သူ့အားစိုက်ကြည့်နေသော မျက်လုံးဒဏ်ကြောင့် အနေကျပ်သွားရသည်။

ခင်ခင်ကြီးသည် မျက်လုံးအကြည့်ကို စကားဝိုင်းရှိ လူအားလုံးသို့ တစ်ချက်ဝေ့လိုက်ပြီး မျှော်လင့်အားထားသော ရိပ်သွင်ဖြင့် မောင်ဖေငယ်အား တစ်ဖန်လှမ်းကြည့်ပြန်သည်။ သူ့နှုတ်ခမ်းသားအစုံသည် မငြိမ်သက်။ တရွရွ လှုပ်ရှားနေ၏။ တစ်စုံတစ်ရာ ပြောလိုသည့်တိုင် ရုတ်တရက် ပြောမထွက်သည်သို့ ရှိဘိသည်။ အတန်ကြာသော် ခင်ခင်ကြီးသည် ပြတ်သားသော အဖြေပေးလိုက်သည်။

"ကိုကိုကြီးတို့ရဲ့ ဘုန်းကြီးသည့် မိဖုရားကြီးကို လျှောက်ပေးပါ။ ခင်ကြီးက နန်းတော်မှာ အမှုတော်မထမ်းပါရစေနဲ့လို့"

"အို..."

ဝန်ကတော်ကြီးသည် နှုတ်မှယောင်ယမ်း၍ အာမေဍိတ်သံပြုမိသည်။ ဒိုင်းဝန်မင်းမှာလည်း ဆတ်ခနဲလှုပ်ခါသွား၏။ မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့မှာ၊ ခင်ကြီး၏ ပြတ်သားသော အဖြေစကားကိုကြားရလျှင် များစွာ အကြံရခက်နေတော့သည်။

ခင်ခင်ကြီးက သည်သို့ငြင်းဆန်ကြောင်း နန်းမတော်ဖုရား သိသွားလျှင် အကျိုးတရားကား မည်သို့ဆိုက်ရောက်လာမည်နည်း။ သည်မိဖုရားသည် အပေးအကမ်း ရက်ရောသလောက် စိတ်ဓာတ်ခက်ထန်လှသည်။ တော်ရုံတန်ရုံသဘောတွေ့ကာမျှဖြင့် အပါးတော်တွင် ခေါ်ယူမြှောက်စားလိုသည် မဟုတ်။ သဒ္ဒါလို့ခေါ်တော်မူသည်ကို ငြင်းပယ်လိုက်လျှင် ...

ဝန်ကတော်ကြီးသည် ဆက်မတွေးရဲ။ ကျောထဲက စိမ့်ပြီးမွေးညင်းများ ထောင်လာသလားဟုပင် ထင်လိုက်မိသည်။

ထိုအချိန်ထိ မောင်ဖေငယ်သည် စကားလုံးတစ်လုံးမျှ မပြောသေးပေ။ သူ့နှုတ်ခမ်းများမှာ တစ်စုံတစ်ခု ပြောတော့အံ့ဟု လှုပ်လာသည်။ ... သက်ပြင်းရှိုက်သံသာ ပေါ်ထွက်လာ၏။ ဘာစကားမျှ ထွက်မလာ။ သူ၏ မျက်လုံးများသည် ခင်ခင်ကြီးထံမှ ခွာလျက် မောင်မောင်တုတ်အား လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖေငယ်၏ မျက်နှာရိပ် မျက်နှာကဲကို မောင်မောင်တုတ် နားလည်လိုက်ပေပြီ။ သူသည် ဖြစ်သည့်နည်းနှင့် ခင်ခင်ကြီးအား ဖျောင်းဖျရပေတော့မည် မဟုတ်ပါလား။

"ခင်ကြီး ... သာမန်ကိစ္စမျိုးမှာ ငြင်းပယ်ခြင်းဟာ မထောင်းတာလှပေမယ့် ခုအရေးကတော့ အသက်နဲ့ရင်းနှီးပြီး ဆောင်ရွက်ရမယ့် အရေးလိုဖြစ်နေတယ်။ ခုလို ငြင်းပယ်လိုက်ရင် စုဖုရားရဲ့ အာဏာကိုဖီဆန်ရာ ကျတာမို့ ဘဘဘုရားနှင့် ကိုဖေငယ်တို့အပေါ် အမျက်တော်ရှနိုင်တယ်။ မင်းခယောက်ျားကမ်းနားသစ်ပင်တဲ့။ ဒါတွေကိုလဲ ခင်ကြီးထည့်တွက်ဖို့လိုလိမ့်မယ်"

ခင်ခင်ကြီးသည် ရတ်တရက်စကားပြန်မပြောနိုင်သေးဘဲ သင်ဖြူးဖျာကိုသာ အမိပွာယ်မဲ့ ငေးစိုက်ကြည့်နေမိသည်။ နန်းတွင်း အပျိုတော်လုပ်ရလျှင်သည်မိ၊ သည်ဘနှင့် ချစ်သော အစ်ကိုကြီးတို့ကို ခွဲခွာသွားရပေမည်။ ငယ်စဉ်အခါက အကစားသာ မက်ခဲ့သော်လည်း ယခုကဲ့သို့ အပျိုတော်ဝင်စ အရွယ်တွင် မိဘများအပေါ် သံယောဇဉ်တွယ်ရကောင်းမှန်း သိလာပြီ။ မေဘုရားမှာကောင်းစွာ ကျန်းမာသည်မဟုတ်။ လေငန်းရောဂါ စွဲကပ်ပြီးကတည်းက ခြေတစ်ဖက်ကောင်းစွာ မသန်စွမ်းချေ။ အထိုင်အထတွင် အနားမှာလူတစ်ယောက်အမြဲရှိမှ ဖြစ်ပေမည်။ မိမိမရှိလျှင် မည်သူပြုစုယုယပါမည်နည်း။ သို့သော်စေတတ်နိုင်ပါပြီ။ ကျေးဇူးရှင် ဘဘဘုရားနှင့် ချစ်လှစွာ အစ်ကိုကြီးတို့ မင်းပြစ်မင်းဒဏ် မသင့်ရလေအောင် မိမိငဲ့ညှာထောက်ထားရပေတော့မည်။ ခင်ခင်ကြီးသည် ဆုံးဖြတ်ချက်နှင့်အတူ ဦးခေါင်းမော့လာ၏။ ပြီး ... တည်ငြိမ်သောအသံဖြင့် ဆိုလာသည်။

"ရွှေနန်းတော်ကြီးမှာ အမှုတော်ထမ်းဖို့ ခင်ကြီးဆုံးဖြတ်လိုက်ပါပြီ"

ပြဿနာတစ်ရပ်သည် ခင်ခင်ကြီး၏ စကားဆုံးလျှင်ပင် နိဂုံးချုပ်သွားတော့သည်။ မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့မှာလည်း ယခုမှာပင် ဟင်းချနိုင်ကြ၏။ ရွှေနန်းရှင် သခင်မဖုရားအတွက် ခင်ခင်ကြီးကို ဆက်သနိုင်တော့မည် မဟုတ်ပါလား။

ထိုညဉ့်အဖို့ မောင်ဖေငယ်သည် သန်းခေါင်ကြက်တွန်သံကြားရသည်တိုင် အိပ်မပျော်နိုင်ဘဲရှိရသည်။ နောက်တစ်နေ့ သူအိပ်ရာမှ နိုးလာသေးအခါ နေအတန်မြင့်နေပြီ။ စားဖိုဆောင်တွင် ချက်ပြုတ်နေကြ သူတို့၏ လှေ့ဝရားသံမှ တစ်ပါးတစ်အိမ်လုံးမှာ တိတ်ဆိတ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အိမ်နောက်ဖေးဘက်မှ ခြံတွင်းသို့ဆင်းခဲ့၏။ မိုးတွင်း ဖားအော်သံလို အတိုင်အဖောက်ညီညီ ဟောက်နေသံများကို တန်းလျားအပြင်ဘက်မှပင် ကြားနေရ၍ ပြုံးမိသည်။ သြော် ... ညစောင့်ဘိုးတင်တို့ မောင်နှံစုံမှ အိပ်ရာဝင်ကြသည်ကိုး။ နောက်ဖေးဘက်မှပတ်၍ အိမ်ရှေ့ပန်းခင်းသို့ထွက်ခဲ့သည်။ ရနံ့သင်းသော ပန်းခင်းမှ လေပြေအေးသည် မောင်ဖေငယ်၏ ညစ်ထေးနေသော နှလုံးသွေးကို ဆေးကြောသန့်စင်ပေးဘိသို့ ရှိတော့သည်။

မောင်ဖေငယ်သည် ထိုနေ့အဖို့ ခင်ခင်ကြီးနှင့် ပထမအကြိမ် ဆုံမိကြသည်မှာ အတန်ပင် နောက်ကျနေပြီဖြစ်သော ထမင်းစားချိန်ပင်ဖြစ်၏။

ထမင်းဝိုင်း၌ ဆုံမိကြလျှင် ခင်ခင်ကြီးသည် ခါးတိုင်းလိုမပြုံး။ ဒီဟင်းစားပါဦး၊ ဟင်းချိုလေး မြည်းပါဦးဆိုသည့် တီတီတာတာ လောကွတ်ပျူငှာသည်းမဆို။ စကားတစ်လုံးမျှ မပြောဘဲ ထမင်းကိုသာ ငုံ့စားနေတော့သည်။

ထိုအချိန်ထိ မောင်ဖေငယ်ကလည်း စကားတစ်လုံးမျှ မပြောဖြစ်သေး။ ချစ်ရသူ နှမငယ်လေးနှင့် ခွဲခွာနေရဦးတော့မည်အရေး၊ အတွေးနှယ်ချဲ့နေမိသည်။ စားရသော ထမင်းဟင်း၏ အရသာချိုချဉ်ငန်ခါး မည်သို့ရှိလေသည်ပင် ဆင်ခြင်မရ၊ အမှတ်မထင် တွင်တွင်သာဝါးမျိုနေ၏။

ဒိုင်းဝန်ကတော်ကြီးသာ မိမိနန်းတွင်း အပျိုတော်လုပ်ခဲ့စဉ်က အမှတ်ဆင်ထင် ကလေးများကို ပြောပြနေတော့သည်။

* * * *

www.burmeseclassic.com

## ၆။ ဘုရင်မင်းတရား မျက်စိကျခဲ့သော နန်းသူပျို

ပွဲမဝင်ခင် ပြင်ကကျင်းပရပေဦးမည်။ ဒိုင်းဝန်ကတော်ကြီးသည် ခင်ခင်ကြီးအား အပါးတော်မှာ ခစားတတ်အောင် သင်ကြားပြသပေးနေရ၏။ နှုတ်ရေးနှုတ်ရာ လိမ္မာယဉ်ကျေးအောင် မည်သို့ပြော၊ မည်သို့ဆိုရမည်၊ ကိုယ်နေဟန်ထား ပိရိသိပ်သည်းအောင် သည်လိုနေထိုင်သွားလာရမည် စသည် စသည်ဖြင့် နန်းမူနန်းဟန်နှင့် ပြောဆိုပြုမူသွားလာနေထိုင်တတ်ရန် သင်ကြား နေရသည်မှာ မမောနိုင်မပန်းနိုင်ရှိခဲ့သည်။

စိတ်တိုင်းကျ သွန်သင်ပြီးသည့်အခါတွင် ဝန်ကတော်ကြီးသည် သမီး ခင်ခင်ကြီးနှင့်အတူ ရွှေတော်သို့ အခစား[illegible]။ စုဖုရားလတ် [illegible] သမီး[illegible]ကို[illegible]။ သမီးကလေး မလိမ်မိုး မလိမ္မာအရွယ် [illegible] အမှားအယွင်းရှိပါက ခွင့်လွှတ်[illegible]သံတော်ဦးတင် [illegible] သည်။ [illegible] လျှောက်ဝံ့သည်မှာလည်း စုဖုရားလတ်အကြောင်း ဥ[illegible] ထား၍ဖြစ်သည်။

စုဖုရားလတ်သည် မည်မျှပင် ဓားထက်သော်လည်း သူ့တွင်ကောင်းကွ[illegible] ကလေးများရှိသေးသည်။ ရတနာသုံးပါးကို ကြည်ညိုသည်နှင့်အမျှ အ[illegible] အကမ်းမှာလည်း ရက်ရောလိုက်သေးသည်။ ပြီးတော့ ကိန်းကြီး၊ ခန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဟန်ကြီး၊ ပန်ကြီးလုပ်လေ့မရှိ။ သည်လိုစိတ်ထားရှိသော စုဖုရားလတ်သည် ရတနာပုံနေပြည်တော်ရှိ ကျောင်းတိုက်များသို့ ရံခါသွားရောက်လေ့ရှိသည်။

တစ်နေ့တွင် ဖြစ်၏။ ကျောင်းတစ်ကျောင်းသို့အရောက်အသံကျယ်ကျယ် စာအံ့သံကိုကြားလိုက်ရသည်။ မိဖုရားသည် စာပေလေ့လာ လိုက်စားနေသော ကိုယ်တော်ကို ဖူးလိုသော်ဆန္ဒဖြစ်ပေါ်လာသဖြင့် ထိုပဥ္စင်း၏ အခန်းဝသို့ ရောက်သွား၏။ စုဖုရားလတ်၏ နှုတ်မှ 'ဟင် ...' ဟု ဆိုကာ နန်းတော်သို့ တချိုးတည်းပြန်သွားတော့သည်။ ကျောင်းထိုင်ကိုယ်တော်မှအစ ဘုန်းကြီးကျောင်းသားအဆုံး မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားကြပြီ။ အကြောင်း ည်သို့ရှိပြီနည်း။

စုဖုရားလတ်သည် နန်းတော်သို့ ပြန်ရောက်လာ၏။ အသင့်ချုပ်ထားသော သင်္ကန်းငါးစုံကိုယူပြီး ဒိုင်းတော်သားတစ်ယောက်ကို ခေါ်လိုက်သည်။ လက်ထဲ ခု သင်္ကန်းကို စာအံနေသော ကိုယ်တော်အားလှူခိုင်းပြီး နှုတ်မှမှာလိုက်၏။

'ကိုယ်တော်ရဲ့ ဖွားဖက်တော်ကိုလည်း လုံခြုံအောင် သေချာစွာ ဖုံးဖိပြီး နေတော်မူပါဘုရားလို့'

ဒိုင်းတော်သား ပြန်လာသည့်အခါ စုဖုရားလတ်က ဦးပဥ္စင်းဘာများ ပြန်လိုက်သလဲဟု မေးသည်၊

ဒိုင်းတော်သား ပြန်ဖြေပုံက

'တကတဲကွာ ငါတို့မှာ ဘုန်းကံနည်းပါးလို့ အစာငတ်ငတ်၊ အဝတ်အစုတ်အပြတ် ဖာထေးစပ်ပြီး နေရတယ်၊ မတတ်သာလို့ တစ်နေ့က သင်္ကန်းစုတ်ကို ချုပ်နေတာ မိဖုရားတွေ့သွားတော့ ကိုယ်တော်တို့များ စာတော့ ကြိုးစားဘူး၊ သင်္ကန်းချုပ်နေတာနဲ့ ကိစ္စများ အချိန်ကုန်နေပြီလို့ ဆိုသွားတယ်။ ဒါနဲ့ငါလည်း မခံချင်လို့ ဒီနေ့သူလာတာ အဝေးကလှမ်းမြင်တော့ စုတ် ပေ့ဆိုတဲ့ သင်္ကန်းဝတ်ပြီး ပက်လက်လှန်၊ ဒူးနှစ်လုံးထောင်၊ ပုရပိုက်ကြီး ကိုင်နှာကွယ်၊ ရပြီးသားစာတွေ နင်းကန်အော်ရွတ်နေတာပေါ့၊ စာအံသံကြား လို့လာကြည့်တယ် မောင်ရာ၊ ငါကလည်း မမြင်ယောင်ဆောင်နေလိုက်တာပေါ့။ တော်ကရော နောင်လာဦးဆိုပြီး အရှဲ့တိုက်ပစ်လိုက်တာလို့ မိန့်လိုက်ကြောင်း ဘုရား ...'

သည်လိုသံတော်ဦး တင်လိုက်တော့ စုဖုရားလတ်မိဖုရားကြီးမှာ မျက် ရည်များ ထွက်သည်အထိပင် ရယ်မောနေတော့သည်။

www.burmeseclassic.com



သည်သတင်းမျိုးကြားဖူးထားသည်မို့လည်း ဒိုင်းဝန်ကတော်ကြီးသည် စုဖုရားလတ်ကို ပွင့်ပွင့်လင်းလင်း တင်လျှောက်ဝံ့ခြင်းပင်တည်း။

ယခုဆိုလျှင် ခင်ခင်ကြီးသည် အရှင်နန်းမတော် စုဖုရားလတ်၏ အပျို တော်ဖြစ်လာပေပြီ။ မိဘနှစ်ပါးနှင့် အစ်ကိုကြီးတို့ကို ချစ်သည့်သံယောဇဉ် ကြောင့် အမှုတော်မထမ်းလိုကြောင်း အတိုက်အခံပြင်းခဲ့သော်လည်း ယခုမူ နေသားကျသွားပေပြီ။ တစ်ခါတစ်ရံ ပျော်များပင် ပျော်လိုက်သေးတော့သည်။ မပျော်ဘဲ ရှိပါ့မလား။ စုဖုရားလတ်ထံ ခစားရန်ခန့်ထားသည့် အပျိုတော် စုစု ပေါင်းမှာ ငါးရာငါးဆယ်ကျော်။ သူတို့ကို သုံးဆယ်တစ်စု၊ လေးဆယ်တစ်စု အစကလေးများ ဖွဲ့ထား၏။ အဖွဲ့တစ်ဖွဲ့စီမှာလည်း အဖွဲ့ခေါင်းဆောင်က ရှိလိုက်သေးသည်။

တော်ရုံ အဆင့်အတန်းဖြင့် အဖွဲ့ခေါင်းဆောင် မဖြစ်နိုင်။ တိုင်တား မင်းကြီးတို့လို ထင်ရှားသည့် မှူးကြီးမတ်ကြီးများ၏ သမီးများကိုသာ အပျိုတော် အဖွဲ့၏ ခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ယင်းအပျိုတော်များ သည် မိဖုရားကြီးထံပါးတွင် နေ့ညမပြတ် ခစားရ၏။ အပျိုတော်အဖွဲ့များမှာ တစ်ကြိမ်လျှင် ၆ နာရီကြာမျှ ခစားကြရသည်။ သည်တာဝန်များ ခွဲဝေချထား ရေးကို မိဖုရားကြီး ကိုယ်တိုင်ပင်ဆောင်ရွက်သည်။

သီပေါမင်းတရားနှင့် အရှင် ထိပ်စုဖုရားလတ်တို့နှစ်ပါးအတူ စံနေသော အခါတွင် အနီးအပါး၌ အသက်ကြီးသော အရွယ်ဟိုင်းသော အပျိုတော်ကြီး များကို ခစားစေခြင်းမရှိ။ ဆယ့်လေးငါးနှစ်အရွယ် နုနုငယ်ငယ် ချစ်စရာ အပျိုတော်ငယ်ကလေးများကိုသာ ဝဲယာခစားထမ်းရွက်စေသည်။ ဤသည်မှာ စုဖုရားလတ်၏ အစီအစဉ်ပင်ဖြစ်၏။

ရွှေနန်းတော်အတွင်း အပျိုတော်ကလေးများ အလယ်တွင် ခင်ခင်ကြီးမှာ ရေပန်းစားနေတော့၏။ ကောင်းခြင်းငါးဖြာ ရုပ်လက္ခဏာနှင့် ပြည့်စုံ လိမ္မာရေးခြားရှိလှသည့် အပျိုတော်ကလေး ခင်ခင်ကြီးကို နန်းမတော်စုဖုရားလတ် သည် များစွာအရေးပေး၏။ အများထက်ပို၍ သဒ္ဓါကြည်ဖြူချစ်ခင်တော်မူ၏။

သည်သတင်းကောင်းတွေကြောင့်ထင့် ဒိုင်းဝန်ကတော်ကြီးမှာ များစွာ စိတ်ချမ်းသာရ၏။ စိတ်ချမ်းသာသဖြင့်လည်း ကျန်းမာရေးအခြေအနေ ကောင်းမွန်လာဟန်ရှိသည်။ ရွှေနန်းတော်သို့ပင် မကြာမကြာအခစားဝင်ရောက် လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစပထမတွင် ခင်ခင်ကြီးသည် ရွှေနန်းတော်တွင် အမှုထမ်းရန် အကြောက်ကြီး ကြောက်ခဲ့သည်။ ကြောက်ပေမှာပေါ့။ မိဘနှစ်ပါးနှင့် အစ်ကိုကြီး မောင်ဖေငယ်တို့ စကားဝိုင်းမှ မိဖုရားကြီးအကြောင်းကို တစေ့တစောင်း ကြားဖူးသည့်ပဲ။ တကယ်တမ်း အပျိုတော်ဖြစ်လာတော့ မိဖုရားကြီး မြှောက်စားတာနှင့် မကြောက်တော့ပြီ။ မိဖုရားကြီးကို ချစ်ဖို့ပင် ကောင်းသည်ဟု ထင်မြင်လာသည်။ ပြီး . . . ဟိုစဉ်က မေဘုရား၏ ကျန်းမာရေးအခြေအနေက သိပ်မကောင်း။ မေဘုရားကို ဖဲ့ကွက်မိတာကြောင့်လည်း ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ ခုဆိုလျှင် အစားဝင်လာတတ်သော မေဘုရားနှင့်ပင် မကြာခဏဆုံတွေ့နေရသဖြင့် သောကလည်း မရှိတော့ပြီ။ အပျိုတော်ဖြစ်ရသည်မှာ ပျော်စရာပင် ကောင်းသေးသည်။ သည်သို့ တွေးမိပြန်သည်။

တော်သလင်းလသို့ ရောက်ခဲ့ပြီ။ အရှင်နန်းမတော် ထိပ်စုဖုရားလတ်သည် သမီးတော်တစ်ပါး ဖွားမြင်၏။ ပဋိသန္ဓေရှိစဉ်ကပင် ရှင်ဘုရင်နှင့် မိဖုရားတို့သည် နေခက်ထပ် နန်းလျာသားတော်ကလေး တစ်ပါးဖွားမြင်လိုသော ဆန္ဒ ပြင်းပြခဲ့ကြသည်။ သို့သော် ဖွားမြင်လာသောအခါ သမီးတော်ကလေးဖြစ်နေ၏။ သားတော်ဖြစ်စေ၊ သမီးတော်ဖြစ်စေ ရင်သွေးဟူက ချစ်မဝသည်သာတည်း။

မီးရှူးတော်ဆောင်၌ နေ့ညမပြတ် စည်ကားလျက်ရှိသည်။ မှူးတော်မတ်တော်တို့၏ ကတော်ကြီးများ၊ မြို့စားရွာစား အပျိုတော်ကြီးငယ်များသည် သမီးတော်ကလေးကို အလှည့်ကျပြုစုကြ၏။ ဝန်ကြီးဝန်ငယ်တို့၏ သမီး အချောအလှကလေးများကလည်း တာဝန်ကျေအောင် အစောင့်အနေပြု၍ပင် ယုယကြသည်။

သည်မျှလောက် ပြုစုယုယမည့်သူများကိုပင် အားမရနိုင်။ သီပေါဘုရင် ကိုယ်တိုင် သမီးတော်ကလေးကို ပွေ့ချီမြှူချော့၏။ ပိုက်ထွေးယုယ၏။ သမီးတော်ကလေးကို အကြောင်းပြုကာ စုဖုရားလတ်၏ အဆောင်သို့ မကြာခဏ ကြွချီလာ၏။ ညီလာခံစဲပြီးသည့်အခါတိုင်းလည်း အဆောင်တော်ကူး လာလေသည်။

သည်တွင် အပျိုတော်ကလေးများ အကြားဝယ် သူမတူအောင် ယဉ်ကျေး သိမ်မွေ့သည့် မိန်းမချောကလေး ခင်ခင်ကြီးကို ရှင်ဘုရင်မျက်စိကျသွားလေပြီ။ သည်စိတ်ကိုချိုးနှိမ်သော်လည်းမရ၊ ကြင်နာချစ်ခင်စိတ်သာ ဝင်ခဲ့သည်။ နှံကော် မြတ်နိုးစိတ်တွေသာ တိုးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းကလေးမှာ မည်သူနှင့်ယှဉ်ယှဉ်၊ အထင်သားပေါ်လွင်လှသည်။ မျိုးရိုးအနေဖြင့်လည်း မြင့်မြတ်သည်။ ဆွေတော်မျိုးတော်များမှာ အရေးပါသော ဝန်ကြီးများဖြစ်ကြရာ သူ့အနေဖြင့် အရှိန်အဝါကလည်း မသေး။ အခွင့်အခါကြုံလျှင်ဖြင့် ရွှေဘုံရွှေနန်းတွင် နန်းရမိဖုရားလေးအရာပင် ချီးမြှင့်တော်မူမည်။

ဤသို့ ဤနှယ်သီပေါဘုရင်သည် စိတ်ကူးယဉ်နေခဲ့သည်။ သို့ရာတွင် သီပေါမင်းတရားသည် ခင်ခင်ကြီးနှင့် နီးစပ်ရေးကိုကား လှုသိရှင်ကြား မဆောင်ရွက်ဝံ့။ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးလိုသော စုဖုရားလတ် သိလျှင် မိုးမီးလောင်ပေတော့မည်။

သီပေါမင်းတရားမှာ ငုံးဆုလှုမသိဖြစ်နေ၏။ ခင်ခင်ကြီးနှင့် နီးစပ်ဖို့ အရေး နေ့တိုင်းတွေး၏။ သူ့အတွေး အာရုံထဲ၌ တိုင်တားမင်းကြီးပေါ်လာ၏။ တိုင်တားမင်းကြီးသည် သီပေါဘုရင်နှင့် ရင်းနှီးသည်။ ဘုရင့်အကျိုးကို လိုလားသည်။ သို့ဖြင့် ဘုရင်သည် တိုင်တားမင်းကြီးနှင့် နှစ်ကိုယ်ကြား တွေ့ဆုံပြီး ခင်ခင်ကြီးနှင့် နီးစပ်ဖို့အရေး နားပူတော့သည်။ တိုင်တားမင်းကြီးမှာ သည်ကိစ္စကို ဆောင်ရွက်ရန် ဆန္ဒမရှိလှပေ။ မိဖုရားကြီး၏ ဓားကိုကြောက်၍ ဖြစ်သည်။ သို့သော် သီပေါဘုရင်က နားပူလွန်းသဖြင့် 'ဩော် ... လောက ဓည်းစိမ်ကို ခံချင်သည်မှာ အရိယာမဟုတ်သူတို့ရဲ့ ဓမ္မတာပေပဲ' ဟု နှလုံးသွင်းမိ၏။

သို့နှင့် သူ၏တူတော်သူ အသက် ၁၄-နှစ်အရွယ် နန်းတွင်းလှုပျို တော်သားကလေး၏ အကူအညီကိုယူသည်။ တူတော်မောင်ကို သည်ကိစ္စမှာ စိတ်ချလက်ချသုံး၍ ရနိုင်ကောင်းသည်ဟု တိုင်တားမင်းကြီးက ယုံကြည်သည်။ ထို့ကြောင့် လှုပျိုတော်သားကလေးကို ခင်ခင်ကြီးထံစေလွှတ်ပြီး ဘုရင်မင်းမြတ်၏ အချစ်၊ ဘုရင်မင်းမြတ်၏ အကြံအစည်ကို ဖွင့်ဟာစေခဲ့သည်။

သို့ရာတွင် သည်ကိစ္စမှာ တိုင်တားမင်းကြီး ခန့်မှန်းသလောက်လွယ်ကူ မလာပေ။ ခင်ခင်ကြီးသည် လိမ္မာရေးခြားရှိသူ မဟုတ်လား။ အခြေအနေ အရပ်ရပ်ကို လေ့လာသုံးသပ်သည်။ စုဖုရားလတ်နှင့် ပတ်သက်သော ကိစ္စဖြစ်၍ အလွယ်တကူ လက်သင့်မခံဝံ့။ တစ်ကြောင်းလည်း စုဖုရားလတ်သည် သူ့ ကျေးဇူးရှင်။ သူသည် ကျရောက်လာမည့် အန္တရာယ်ကို ကြိုတင်မြော်ဆနိုင်ခဲ့သည်။ သို့ဖြင့် မယုတ်မလွန်သော စကားကိုဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား တကယ်ချစ်ခင်မြတ်နိုး မေတ္တာရှိရိုးမှန်ပါလျှင် မိဘများထံ ဆက်သွယ်ပြောဆိုပါ ... ဟု။

သီပေါမင်းသည် များစွာအကြံရခက်သွားသည်။ ဒိုင်းအတွင်းဝန်မင်းထံ ဆက်သွယ်ရေးကို ချင့်ချိန်စဉ်းစားနေ၏။ မိဘများမှတစ်ဆင့် ဆက်သွယ်လျှင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သွားပေမည်။ ထို့ကြောင့် ရုတ်တရက် မဆက်သွယ်ဝံ့ဘဲ အကြံထုတ်ရပြန်သည်။

'ရနောင်မင်းသား မောင်မောင်တုတ်သည် မိန်းမကိစ္စတွင် အလွန်ဝါသနာပါသည်။ စာဆိုတော် တောင်သမန်လယ်စား မောင်ဖေငယ်ဆိုလျှင်လည်း နှလုံးရည် ပညာစွမ်းဖြင့်မှာတမ်းတော်များပင် ရေးသားပေးခဲ့ဖူးသည်။ သင်းတို့ စွမ်းဆောင်ပေးမည်ဆိုလျှင် ငါ၏ဆန္ဒချက်ချင်းပြည့်ဝပေလိမ့်မည်'

သီပေါဘုရင်က ဤသို့တွေးမိသည်။ မောင်မောင်တုတ်တို့ကို အားကိုးမိသည်မှာလည်း မဆန်းပေ။ မောင်မောင်တုတ်သည် ဘုရင်ကလေး ခံစားနေရသော တစ်လင်တစ်မယား စနစ်ကို ပယ်ဖျက်ပစ်ရန် ဆန္ဒရှိသည်။ သို့နှင့် အမှု အခြေအနေပေးလာတိုင်း ဘုရင်ကလေးအနီးသို့ကပ်ကာ မြှောက်ပေးလေ့ ရှိသည်။

'ရွှေနန်းရှင်ပါဘုရား၊ ရှင်ဘုရင်ဖြစ်ပါလျက် ဘုရင့်စည်းစိမ်ကိုမှ အပြည့် အဝ မခံစားနိုင်ပါလျှင် ဘုရင်ဖြစ်ရကျိုးနပ်မည် မဟုတ်ပါဘုရား'

သီပေါဘုရင်၏ စိတ်ထဲဝယ် လောကစည်းစိမ်ဟူသမျှ သိရှိနားလည် အောင် သူကဖန်တီးပေးလိုသည်။ မိန်းမလှကလေးများအကြောင်းကို အခါ အခွင့်သင့်တိုင်း စိကာပတ်ကုံးတင်လျှောက်သည်။ မိန်းမချောကလေးများနှင့် ယှဉ်တွဲ၍ စည်းစိမ်ခံရခြင်းသည် မည်မျှလောက် အရသာရှိသည်ကို လျှောက် ထားသည်။ ရွှေနန်းတော်၌ 'ပန်းကြာဝတ်မှုန်' ပြဇာတ်ကိုပင် တင်ဆက်ကြ သည်။ အမျိုးသမီးများကို ပန်းကြာနှင့်နှိုင်းသည်။ ယောက်ျားများကို ပိတုန်း နှင့်နှိုင်းသည်။ အငြိမ့်အပျိုတော်များကိုလည်း မိန်းကလေးများချောကြောင်း၊ လှကြောင်းပါသည့် ဂီတသီချင်းများ သီဆိုစေခဲ့ကြသည်မဟုတ်ပါလား။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၇။ အသည်းကြွေရင်နှင့်မှယ်ရာ ဇာတ်လမ်း တစ်ပုဒ်

တော်သလင်းလ ကုန်သွားပေပြီ။ ကောင်းကင်ပြင်တွင် မကြာခဏ တွေ့ရတတ်သော မိုးသားတိမ်လိပ်တို့သည် မိုးကုန်တော့မည့် လက္ခဏာ၊ ဟိုတစ်စု၊ သည်တစ်စု၊ တစ်မိုးတွင်းလုံးလုံး တူတူပုန်းနေသည့် နေမင်းကြီးသည် ယနေ့မှ ကျွတ်ကျွတ်လွတ်လွတ် ထွက်ပေါ်လာသည်။

နံနက် နေရောင်ခြည်အောက်ဝယ် မှန်နန်းတော်ဆောင်ကြီး၏ မြောက်ဘက်တွင်ရှိသော ရွှေနန်းတော်ဆောင်မှာ သက်ဝင်လှုပ်ရှားလျက်ရှိသည်။ နံနက်ညီလာခံ ရုပ်သိမ်းပြီဖြစ်သဖြင့် မှူးမတ်များတစ်ညီတစ်ညာတည်း နန်းတော်မှထွက်လာနေကြသည်။ ရုံးတက်ချိန်မှာ မြန်မာ ၂–ချက်တီးဖြစ်ရာ အချိန်များစွာ လိုသေး၏။ သို့ဖြင့် မှူးမတ်အချို့ အိမ်ပြန်ကြသည်။

မောင်မောင်တုတ်နှင့် မောင်ဖေငယ်မှာမူ ယနေ့အဖို့ အိမ်ပြန်ရန် အချိန်မရှိတော့ပေ။ မင်းတရားက တိုင်ပင်စရာရှိသည်ဆို၍သာ တောင်နန်းတော်ဆောင်သို့ လာခဲ့ကြသည်။ သီပေါမင်းတရားသည် နံနက်ညီလာခံပြီးလျှင် ယင်းအဆောင်သို့ပြောင်း၍ စာကြည့်တတ်၏။ သည်အချိန်မှာသူ၏ခေတ္တအားလပ်ချိန်ပင်ဖြစ်သည်။ အခါတိုင်းဆိုလျှင် သည်အချိန်မှာ မင်းတရားစာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြဲဖြစ်၏။ ရွှေမြို့တော် လေးပြင်ရပ်မှ တံဆိပ်တော်ရ ဆရာတော်ကြီး များသွင်းသည့် စာများကို ဖတ်လေ့ရှိသည်။ တစ်ခါတစ်ရံ ဝိသုဒ္ဓိမဂ်ကို ဖတ်တတ်သည်။

ယနေ့မူ မည်သည့်စာမျှ မဖတ်နိုင်၊ စိတ်မှာဂနာမငြိမ်ဖြစ်နေ၏။ လက်ရင်းတပည့်ကြီးများအား မိမိဆန္ဒကို မည်သို့စတင်ပြောရပါမည်နည်း။ စုဖုရားလတ် မိဖုရားကကော ခွင့်လွှတ်နိုင်ပါမည်လား။ ယခုကဲ့သို့ မီးရှူး ဆောင်ဝင်နေချိန်တွင် မိဖုရားကြီးသည် စာနာစိတ်ဖြင့် ခွင့်လွှတ်တန်ကောင်းရဲ့။ သည်သို့ အတွေးများ ယောင်ယက်ခတ်နေသည်။

မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့ အခစားရောက်လာပြီဖြစ်သဖြင့် ဘုရင်မင်းတရားသည် အတွေးတို့ကို ဖြတ်တောက်လိုက်သည်။ ပြီး ...မပြော လျှင် မဖြစ်တော့သည့် သူ့အခြေအနေကို ထုတ်ဖော်မြွက်ဟလာသည်။

"... သည် မိန်းကလေးကို တစ်နေ့မမြင်ရရင် မနေနိုင်လောက်တဲ့ အခြေကိုပင် ဆိုက်နေပြီ မောင်မင်းတို့ရဲ့။ နောင်ခါမှ ရောက်ရားပဲ။ စုထား ကို ငါကိုယ်တော်မြတ်ကြည့်ပြောရတော့မှာပ။ နောင်အခါမှာ နန်းရမိဖုရား မြှောက်ဖို့ပင် စဉ်းစားမိပေတယ်။ မောင်မင်းတို့သာ သည်မိန်းကလေးကို ဆောင်ကြဉ်းပေးကြပေတော့...'

မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့သည် ပြိုင်တူလိုပင် သီပေါမင်း အား လှမ်းကြည့်မိလျက်သားဖြစ်သွား၏။ မိန့်မြွက်သံမှာ သီပေါမင်းတရားထံမှ ဟုတ်ပါလေစ။ များစွာအံ့ဩသွားကြ၏။ သို့သော် ရုတ်ခြည်းပင် အားရဝမ်း သာ ဖြစ်သွားကြသည်။

'မှန်လှပါ ... အမျိုးသမီးငယ်၏ အမည်နာမကိုသာ မြွက်ကြားတော်မူ ပါ။ အလိုတော်ပြည့်စေရပါမည်ဘုရား'

သီပေါမင်းတရားသည် ငယ်ကျွန်များ၏ လျှောက်တင်ချက်ကို ကြား ရသောအခါများစွာ အားရကျေနပ်သွား၏။ မဆိုင်းမတွပင် မိန်းကလေး၏ အမည်ကို မြွက်ကြားလိုက်သည်။

'ဒိုင်းခင်ခင် ...တဲ့'

'ဒိုင်းခင်ခင် ...'။ သည်အမည်ကို ကြားလိုက်ရသောအခါ မောင်ဖေ ငယ်၏ နားထဲတွင် တံကျင်လျှိုခံလိုက်ရဘိသို့ မချိမဆံ့ဖြစ်သွားရသည်။ ရင် တစ်ပြင်လုံးမှာလည်း မီးမြိုက်ခံရသကဲ့သို့ ကျွမ်းကျွမ်းမြည်ရပြီ။ ရင်ထဲက မချိစိတ်ကိုသာ တအားမျိုသိပ်လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖေငယ်မှာ ခင်ခင်ကြီးကို နှမလေးလိုလည်း ချစ်သည်။ ကြင်ရာလောင်းတမျှလည်း ကြင်နာသည်။ မဝေးတော့သော ကာလတွင် မိဘနှစ်ပါးအား နားဖောက်တော့မည်ဟုလည်း ရည်ရွယ်ထားပြီးဖြစ်သည်။ သို့ဖြစ်၍လည်း ခင်ခင်ကြီးနှင့် ပတ်သက်၍ စိတ်ချလက်ချရှိခဲ့သည်။ ယခုမူ ရွှေနန်းရှင်ဘုရားက ခင်ခင်ကြီးကို စုံမက်မြတ်နိုးတော်မူလှသည်တဲ့။ ဆောင်ကြဉ်းရမတဲ့။ ခက်ချေပြီ။ ခင်ခင်ကြီးကို တစ်ပါးသူလက်သို့သာ အပ်ရမည်ဆိုလျှင် သူ့အသည်းနှလုံးကို ထုတ်ယူဘိသို့ ရှိချေတော့မည်။ တစ်ဘက်ကလည်း ခင်ခင်ကြီးကို တောင်းဆိုသူမှာ ကျေးဇူးရှင် သီပေါဘုရင်ကိုယ်တိုင်ဖြစ်နေပြီ။ သူက ချစ်နေပုံကိုလည်း အကုန်ဖွင့်ပြောရန် ခက်လှသည်။ ယခုပင် 'ရွှေတော်မှောက်သို့ အရောက်ဆက်သပါမည်ဟု အာမခံတာခံခဲ့ပြီမဟုတ်ပါလား။

'ဒိုင်းဝန် ဘဘကြီးနှင့် အရီးဘုရားတို့မှာလည်း သမီးကလေးကောင်းစားသည်ကို မြင်ချင်ရှာပေမည်။ သူနှင့်စာသော်ကား ရှင်ဘုရင့်မိဖုရားဖြစ်ရသည်မှာ များစွာ မြင့်မားလှချေသည်။ သည်သတင်းကိုကြားလျှင် မျက်နှာရွှင်ကြည်ဝမ်းမြောက်သွားကြပေလိမ့်မည်ဟု စိတ်အာရုံ၌ပင် မြင်ယောင်လာမိသည်။ ယခုမှဖြင့် မတတ်နိုင်ပြီ။ ခင်ခင်ကြီးကို တကယ်ချစ်လျှင် ချစ်သူကောင်းစားရေးကို ရှေးရှုရပေမည်' ဤသို့ဤနှယ် တွေးတောပြီး သူ့နှလုံးသားနှင့် ထပ်တူထပ်မျှ ချစ်ကြင်ရသော ခင်ခင်ကြီးကို ရွှေတော်မှောက်သို့ အရောက်ဆက်သရန် သန္နိဋ္ဌာန်ချလိုက်လေတော့သည်။

မောင်မောင်တုတ်မှာ ရောင်းရင်းဘက် မောင်ဖေငယ်၏ ချစ်ပုံပြင်ကို မဆွကပင် သိခဲ့ပြီးသူဖြစ်၏။ သူ့အနေဖြင့် သည်သို့သော ပြဿနာမျိုး ပေါ်ပေါက်စရာ မရှိနိုင်ဟု တွက်ဆထားမိ၏။ ယခုမူ တကယ့်ပြဿနာနှင့်မှ ရင်ဆိုင်တိုးနေရသည်။ အရှင်သခင်နှင့် သူငယ်ချင်းချစ်တို့အကြား ချိန်ခွင်ညှာဘယ်သို့ တိမ်းရမည်ကို မသိတတ်နိုင်ပြီ။ သူငယ်ချင်းဖြစ်သူကိုသာ ကြင်နာစိတ်ဖြစ်မိသည်။ သူ့အနေဖြင့် ဘာများတတ်နိုင်ပါမည်နည်း။

ခင်ခင်ကြီးသည် မိမိအလှည့်ကုန်ဆုံးမည့် အချိန်ကိုသာ ရင်တမမနှင့်လင့်နေ၏။ ယနေ့ည တာဝန်ထမ်းဆောင်ရသည်မှာ စိတ်မပါလှ။ ...ကြီး ကိုဖေငယ်နှင့် ရနောင်ကိုကိုကြီးတို့ ချိန်းချက်ပုံကလည်း ...ပါ။ 'ရွှေနန်းရှင်ဘုရားက ဘယ်သူမှ မသိအောင် ခင်ကြီးကိုခေါ်ခဲ့တဲ့ ... အရှင်နန်းမတော် ဖုရားထံသံတော်ဦးတင်ပြီးမှ လာခဲ့ပါ...စေဆိုသော်လ... မရ။ ခင်ကြီးကသာ မလိုက်လိုကြောင်းငြင်းလျှင် အစ်ကိုတို့ လည်ပင်း...

www.burmeseclassic.com

www.burmeseclassic.com



အစဉ်းခံရပါလိမ့်မယ်တဲ့။ သည်သို့ စိတ်လေးလေးနှင့် တွေးတောရင်းဝင်တာဝန်ချိန် ပြီးဆုံးသွားလေသည်။

ဖေတာဝန်ဆောင် တောင်ဘက် အပျိုတော်ဆောင်အနီးတွင် စောင့်ဆိုင်းနေကြသော မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့သည် ခင်ခင်ကြီးကိုဝယာညှပ်လျက် မျှောင်ရိပ်ခိုကာ ခေါ်ခဲ့ကြသည်။

တောင်ဥယျာဉ်တော် အစပ်သို့သူတို့ရောက်ချိန်တွင် ငွေလမှာ မိုးကောင်းကင်၌ အတန်ပင်စောင်းနေပေပြီ။ သူတို့အားလုံး စွယ်တော်ပင်ရိပ်သို့ ရောက်သောအခါ ရပ်လိုက်ကြ၏။

မောင်ဖေငယ်သည် ခင်ခင်ကြီး၏ လက်မောင်းကိုအသာအယာ ဆုပ်ကိုင်ပြီး အားတင်း၍ ပြုံးလိုက်သည်။ ခင်ခင်ကြီးကမူ မပြုံးမရယ်နှင့် မောင်ဖေငယ်ကို ပြန်ကြည့်သည်။ မောင်ဖေငယ်၏ နှုတ်ခမ်းများမှ တစ်စုံတစ်ခုကိုပြောမည်သို့ လှုပ်ရှားလာ၏။ သို့ရာတွင် သက်ပြင်းရှိုက်သံသာ ပေါ်လာ၍ ဘာစကားမျှ ထွက်မလာ။ သူ့မျက်လုံးများသည် ခင်ခင်ကြီးထံမှခွာလျက် ကြင်လင်သော ကောင်းကင်ပြင်ကြီးကို ရည်ရွယ်ချက် ကင်းမဲ့စွာ မော့ကြည့်လိုက်သည်။

ကောင်းကင် တစ်ပြင်လုံး စိန်ကြယ်ပွင့်တို့ မှိတ်တုတ်မှိတ်တုတ်နှင့် သင်းလက်နေ၏။ ယင်းအခိုက် အနောက်ဘက် မိုးကောင်းကင်တစ်နေရာ၌ ကြယ်တစ်လုံး ကြွေကျသွားသည်ကို ရိပ်ခနဲမြင်လိုက်ရသည်။ မောင်ဖေငယ်သည် 'အို ...' ဟု တစ်လုံးတည်း ရေရွတ်မိလျက်သား ဖြစ်သွားသည်။ တစ်ချိန်တည်းမှာပင် မိမိ၏ရင်တွင်းရှိ မျှော်လင့်ချက်သည်လည်း ကြယ်သို့ ကြွေခဲ့ရပြီကို နားလည်လိုက်တော့သည်။

'ခင်ကြီး ... ရွှေနန်းရှင် မျှော်လှရော့မယ် ...'

'ခင်ကြီးကို မကယ်နိုင်တော့ဘူးလား ကိုကိုကြီးရယ်။ ရှင်ဘုရင်နဲ့တွေ့ရမှာ ကြောက်တယ်။ နန်းမတော်ဖုရားသိရင် ခင်ကြီးကို သတ်တော့မှာပဲ။ ခင်ကြီးမသွားပါရစေနဲ့ ...'

မောင်ဖေငယ်သည် ခင်ခင်ကြီး၏ မျက်နှာလေးကို ငုံ့ကြည့်လိုက်သည်။ ခင်ခင်ကြီး၏ အရည်လဲ့နေသော မျက်ဝန်းဝယ် မျက်ရည်များ ပြည့်လျှံနေ၏။

'မမိုက်ချင်စမ်းပါနဲ့ မိန်းကလေးရယ်'

ခင်ခင်ကြီးသည် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ရှိုက်ယိုသံသဲ့သဲ့ ငြင်းဆိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ကြီး ဝမ်းနည်းတယ် ကိုကိုကြီးရယ်၊ ကိုယ့်ကိုယ်အတွက် ဝမ်းနည်းတယ်၊ ပြီးတော့ ...'

'ပြီးတော့ ဘာဖြစ်သလဲခင်ကြီး'

'ပြီးတော့ ကိုကိုကြီးတို့အတွက်လဲ ခင်ကြီးဝမ်းနည်းပါတယ်။ ကိုကိုကြီးရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ကြီးရိပ်စားမိပါပြီရှင်ရယ် ...'

မောင်ဖေငယ်သည် ခင်ခင်ကြီး၏ မျက်နှာလေးကိုသာ ငေးစိုက်ကြည့်နေမိသည်။ ခင်ကြီး၏ မျက်ဝန်းတို့တွင် သူလိုချင်သော မေတ္တာငွေ့ကိုတွေ့ရပါ၏။ သို့သော် ... အချိန်ကနှောင်းခဲ့ပေပြီ။

မောင်ဖေငယ်သည် သက်ပြင်းကို ခပ်လေးလေးချလိုက်ပြီး တည်ငြိမ်စွာပင် ပြောလိုက်၏။

'ခင်ကြီးကိုယ်ကို ခင်ကြီးမပိုင်သလို ကိုကိုကြီးကိုယ်ကိုလဲ ကိုကိုကြီးမပိုင်ပါဘူး။ မြင့်မြတ်ကြီးကျယ်တဲ့ ရွှေနန်းရှင်ရဲ့ ဆန္ဒဟာ ခင်ကြီးနဲ့ကိုကိုတို့ကို စိတ်လိုက်မာန်ပါလုပ်ဖို့ ခွင့်မပြုပေဘူး မိန်ကလေးရယ် ...'

မောင်ဖေငယ်၏ စကားကြောင့် ခင်ခင်ကြီးမှာ ပို၍ဝမ်းနည်းလာသည်။ သူငိုသည်ကို မမြင်စေလိုသဖြင့် ခေါင်းကိုငုံ့ထားလိုက်သည်။ သို့ရာတွင် ရှိုက်သံကိုကား မထိန်းနိုင်ခဲ့။

မောင်ဖေငယ်သည် သတိလက်လွတ်ဖြစ်သွား၏။ သေးသွယ်နူးညံ့သော ခင်ခင်ကြီး၏ လက်နုနုကလေးနှစ်ဖက်ကို အမှတ်မထင်ဆုပ်ကိုင်ပြီး ရင်မှာအပ်ထားမိသည်။

ထိုစဉ်ဝယ် မောင်မောင်တုတ်ထံမှ ချောင်းဟန့်သံတစ်ချက် ထွက်ပေါ်လာ၏။ ရှေ့တော်သို့ဝင်ရန် သတိပေးနေပါပြီကော။

ခင်ခင်ကြီး၏ ဦးခေါင်းသည် မော့လာပြီ။ မောင်ဖေငယ်ကို ကြည့်လိုက်၏။ သည်အတိုင်း ကြည့်နေတော့မှာလားဆိုသည့် အကြည့်ပင်။

မောင်ဖေငယ်သည် ခင်ခင်ကြီး၏ မျက်နှာလေးကို စေ့စေ့ပြန်ကြည့်လိုက်သည်။ နှုတ်က ဘာမျှမပြော။ နူးညံ့လှသော ခင်ကြီး၏ လက်ကလေးကို အသာကိုင်ကာ ပန်းခုံတော်ဘက်သို့ ခြေဦးလှည့်လိုက်၏။

ခင်ခင်ကြီးသည် မိမိတို့အဖြစ်ကို ငေးမောနေသော ရနှောင်မောင်မောင်တုတ်ဆီသို့ တစ်ချက်ငဲ့စောင့်ကြည့်ကာ မောင်ဖေငယ်အပါးမှ ငြိမ်းလေးစွာလိုက်ပါသွားတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ၈။ ချစ်မေတ္တာရွှေနှစ်ပြား တစ်သားတည်းခတ်ခဲ့ပြီ

တကယ့် အထွတ်အထိပ် ရှင်ဘုရင်နဲ့မှ ဘွားခနဲနဖူးတွေ့ဒူးတွေ့ တွေ့သိုက်ရသော ခင်ခင်ကြီးမှာ ကြောက်ရွံ့ထိတ်လန့်စိတ်များ ငယ်ထိပ်သို့တိုင်သွားသည်။ ရုက်စိတ်တွေဝင်ကာ ငိုချင်ရယ်ချင်ပင် ဖြစ်လာသည်။ မိဖုရားကြီး၏ ဒေါသမာန်ခက်ထန်နေသော မျက်နှာသည် ခင်ကြီး၏ စိတ်အာရုံဝယ်ဖာဝဲဝဲပေါ်လာ၏။ သို့ရာတွင် ခင်ကြီးမှာ နီးရာဓားကိုပို၍ကြောက်နေရ၏။ ရှင်ဘုရင်ကို အန်တုမငံ့နိုင်ရှာ။ ငိုသံမျှင်းမျှင်းလေးသာ ရှိုက်လျက်ထွက်ပေါ်လာတော့သည်။

ဘုရင်သီပေါကား ဒိုင်းခင်ခင်ကို အစွဲကြီးစွဲလေပြီ။

နန်းမတော် စုဖုရားလတ်မှာ ထိုအချိန်တွင် ပထမသမီးတော်လေးကိုဖွားမြင်ပြီးစ သွေးနုသားနုချိန်မို့ မီးရှူးဆောင်မှာပင် စံနေခိုက်ဖြစ်၏။ ခင်ခင်ကြီးမှာလည်း ညဉ့်ဦးတာဝန်ကုန်ဆုံးသည့်အခါတိုင်း မောင်မောင်တုတ်၊ မောင်မေသံတို့နှင့်အတူ တောင်ဥယျာဉ်တော်သို့ လိုက်ပါရမြဲဖြစ်၏။ တစ်ခါတစ်ရံ မြောက်ဘက်ပန်းခုံတော်သို့ လိုက်ရသည်လည်းရှိ၏။

နိစ္စရူဝ လုပ်ဆောင်ရသည့် လုပ်ငန်းမှာ မလွယ်ကူပေ။ တစ်နေ့မဟုတ်တစ်နေ့အန္တရာယ်တွေ့နိုင်သည်။ သို့ဖြင့် ရနောင်မောင်မောင်တုတ်သည် ကြံမိ

www.burmeseclassic.com



ကြိုရာကြံရတော့သည်။ ခင်ခင်ကြီးဆံပင်ကို သျှောင်တစ်စောင်းထုံးပေးလိုက်၏။ ယောကျ်ားလေး အဝတ်အစားများကို ဝတ်စေ၏။ ငွေဓားလွယ် တစ်စင်းကို လွယ်ခိုင်း၏။ မည်သို့ပင်ကြည့်ကြည့်။ လူပျိုတော်သား ချောချောကလေးအသွင်သာ မြင်ရပေမည်။

နန်းတော်ထဲတွင် သည်သို့ရုပ်ဖျက်တက်ကြသည်မှာ ထူး၍မဆန်းတော့ပေပြီ။ စုဖုရားလတ် ငယ်စဉ်ကလည်း ယော[illegible]အသွင်ဖန်ဆင်းခဲ့ဖူး၏။ သ[illegible]ကလေးသည် မောင်နှမနှစ်ဝမ်းကွဲတော်သော သာဂရမင်းသားကို တွေ့လို၍ဖြစ်[illegible]သည် အရွယ်မရောက်မိသော နန်းတော်ရှိအတွင်း မယ်တော်များနှင့်အတူ နေခွင့်ရှိသည်။ ရှင်လိုင်ပြန်ပြီးလျှင်ကား နန်းတော်မြောက်ဘက်တွင် သီးခြားအိမ်နှင့်နေရ၏။ နန်းတော်အတွင်း အရွယ်ရောက်သည့်တိုင် မထားခြင်းမှာလည်း သမီးတော်၊ တူမတော်၊ မြေးတော်စသည်တို့နှင့် အချင်းချင်းယဉ်ပါးကြမည်ကို စိုးရိမ်၍ဖြစ်သည်။ သမီးတော်များမှာမူ မယ်တော်များနှင့်အတူ အိမ်ထောင်မကျမချင်းနေထိုင်နိုင်သည်။

စုဖုရားလတ်မင်းသမီးသည် ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသော သာဂရမင်းသားကို သဘောကျနေ၏။ ငယ်ရွယ်စဉ်ကပင် ထက်ထက်မြက်မြက် သွက်လက်သော စုဖုရာလတ်မင်းသမီးသည် 'မိန်းမကြိုက်တော့ မျှော်လိုက်ကာ' ဆိုသည့် ထုံးကိုမကျင့်သုံးလိုပြီ။ သူ့ကိုယ်သူ ယောကျ်ားလေးအသွင် ဖန်ဆင်းပြီး နန်းတော်မြောက်ဘက်တွင် သီးခြားနေရသော 'ပြင်အိမ်တော်စံ သာဂရမင်းသား' ကို လိုက်လို့ရှာခဲ့သည်။ တွေ့လိုသူကိုကား မတွေ့ရ။ မင်းသားတစ်ပါးနှင့်သာ ပက်ပင်းတိုးမိသည်။

'ဒီမှာ... သာဂရမင်းသားကို တွေ့မိသလား...'

အမေးခံရသော မင်းသားငယ်သည် နှုတ်တုံ့မပြန်မိ။ ငေးကြောင်လို့သာကြည့်နေသည်။ စိတ်တွင်း မှလည်း 'သည်မင်းသားလေးနှယ် မိန်းကလေးနှင့်တူပါဘိ' ဟု တွေးနေမိ၏။

'ရော... ခက်ပါပြီ။ သာဂရမင်းသားကို တွေ့မိသလားလို့ မေးနေတာ ဗျ'

စုဖုရားလတ်သည် မေးမေးပြောပြောနှင့် မင်းသား၏ ခေါင်းကိုခေါက်လိုက်သည်။ ခေါင်းခေါက်ခံရသော မင်းသားလေးကား ယခုအခါ စုဖုရားလတ်၏ ကြင်ရာတော် သီပေါဘုရင်မင်းတရားပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သာခကတစ်ရပ်လည်း ရှိသေးသည်။ မင်းတုန်းမင်းတရားကြီး၏ သမီးတော် မင်းကင်းစား မင်းသမီးကလေးသည် သာမန်အရပ်သား 'မောင်တု' ဆိုသူနှင့် ချစ်ကျွမ်းဝင်ခဲ့သည်။ သည်တွင် ရင်မှဖြစ်သော ချစ်ဝေဒနာကို ကုစားလိုသော မင်းသမီးကလေးသည် ကြံမိကြံရာကြံ စည်တော့သည်။

မင်းသမီးကလေး အကြံအဖန်လုပ်ပုံမှာ ဤသို့ဖြစ်၏။ သူ့ချစ်သူ 'မောင်တု' ကို မိန်းကလေးလိုဝတ်၍ နန်းတွင်းသို့သွင်းစေခဲ့သည်။ မင်းသမီးလေး၏ အထိန်းတော်ကြီးက သူ့တူမလေးကို နန်းတွင်းမှာ ခစားရန် ခေါ်လာသည့်ဟန်ဖြင့် သွင်းလာခဲ့ဖူးပြီ။

သည်လို ရုပ်ပြောင်းရုပ်လွှဲ လုပ်ကြရသည်ကို အပြစ်တင်ပါက တင်သူသာ အလွန်ဖြစ်ချိမ့်မည်။ ပုထုဇဉ်လူသားပီပီ ရင်တွင်းမှ ချစ်ဝေဒနာကို သည်သို့ပင် ဖြေရှင်းရပေမည်။ နန်းတွင်းစည်းကမ်းများကလည်း တင်းကျပ်လှသည် မဟုတ်ပါလား။

ယခုလည်း ခင်ခင်ကြီးမှာ ညဥ့်ဦးပိုင်းတာဝန်ပြီးဆုံးတိုင်း မင်းလုလင် အသွင်ပြောင်း၍ ရွှေနန်းရှင်ဘုရားနှင့် တွေ့ဆုံမြဲဖြစ်၏။ တစ်ခါတစ်ရံ ဆောင်ဥယျာဉ် ပန်းခုံတော်အတွင်း၊ တစ်ခါတစ်ရံ မြောက်ဥယျာဉ်တော်အတွင်း ဖြစ်သည်။

ရွှေနန်းရှင်ဘုရားနှင့် တွေ့ဆုံသည့် အခါတိုင်းလည်း စိတ်ထဲတွင် ပျော်ရွှင်ရားကာ သွေးကြွဆူပွက်လာရသည်။ ကြောက်စိတ်များ ဝင်ခဲ့ရသည်။ မင်းတစ်ထောင်ဆိုမဟုတ်လား။ မိမိတို့အကြောင်း စုဖုရားလတ်ကောင်းကောင်း သိသွားလျှင်။ ခင်ခင်ကြီးမှာ ဆက်မတွေးဝံ့ပြီ။ သို့သော် 'ခင်ကြီးကို သည်လို ထည်းမထားပါဘူး။ မြောက်နန်းမိဖုရားမြှောက်ပါမည်' ဟု မင်းတရား၏ မိန့်ကြားရသောအခါမူ ထိတ်လန့်တုန်လှုပ်နေသည့်ကြားမှပင် အားတက်ရသေးသည်။ မစားရမီကပင် ဝမ်းပြည့်သွားသည်သို့ ထင်မှတ်မိပြန်သည်။

ရနောင်မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့မှာ အစောင့်အထပ်ထပ်ကြားမှ ဖြတ်ကျော်ကာ ရွှေနန်းရှင်လက်အရောက် ခင်ခင်ကြီးကို ဆက်သသည်။ တစ်နေ့မဟုတ်၊ နေ့စဉ်ပြုမြဲဖြစ်၏။ သန်းခေါင်ယံမှသည် မိုးသောက်အောင် ဒုက္ခခံ၍ စောင့်ကြပ်ပေးခဲ့ကြ သေးသည်။ သခင့်အတွက် အသက်သေမ်းရွက်ကြသည့် ငယ်ကျွန်ရင်းများပီသပေစွ။

ခင်ခင်ကြီးမှာ အစ်ကိုကြီး မောင်ဖေငယ်ကို မြင်ရလေတိုင်း ရင်တွင်း၌

www.burmeseclassic.com



နာကျင်လာသည်။ နှလုံးစိတ်ဝမ်း မချမ်းမမြေ့ဖြစ်ရသည်။ မျက်နှာမထားတတ်။ စိတ်နှလုံးတွင် နုံးခွေခွေလည်းဖြစ်ရပြန်သည်။

မောင်ဖေငယ်အဖို့ တစ်ဖက်မှာ ခင်ကြီးကို ဆုံးရှုံးရပေမယ့် ခင်ကြီး ဘဝ လှလှပပ ဖြစ်လာမည်ဆိုလျှင် မိမိအနစ်နာခံရကျိုးနပ်ပေပြီ။ ခင်ကြီးနှင့် မိမိဘဝမှာ ဆက်စပ်မည်မကြံရသေးခင် ယတိပြတ်လမ်းခွဲသွားပြီမို့ ရင်တွင်းမှ ခံစားချက်တို့ကို ကြိုးစား၍ မေ့ဖျောက်ပစ်သည်။ ချစ်ရလွန်းသူကို စွန့်လွှတ် ခဲ့ရခြင်းအတွက် တမ်းတနေ၍ အကျိုးမရှိတော့ပြီကို သိသောကြောင့်လည်း စိတ်ကိုဖြေခဲ့သည်။ မည်သို့ပင် အားတင်းစေကာမူ ရံခါပင် ဣန္ဒြေတို့ချွတ် ယွင်းခဲ့ရပြန်သည်။ တွေးတွေးငိုင်ငိုင် ဖြစ်ခဲ့ပေါင်းလည်း အကြိမ်ကြိမ်ပင်။ ချစ်သူကို တစ်ပါးသူလက်သို့ ကိုယ်တိုင်ဆက်ခဲ့ရသည့် သူ့ဟန်မှာ မြင်ရသူ မချိစရာ၊ ကြေကွဲစရာ ကောင်းပါဘိ။

မေတ္တာ၊ သစ္စာဆိုသည်ကို အလေးအနက်မထားတတ်သော ရနောင် မောင်မောင်တုတ်သည်ပင် မောင်ဖေငယ်၏ ဖြစ်အင်ကို မြင်ရသောအခါ ကြင်နာစိတ်တွေ ဖြစ်မိသည်။

သီပေါမင်းတရားနှင့် ခင်ခင်ကြီးတို့ ကိစ္စမှာ သာမန်အချစ်ဇာတ်လမ်းမျှ သာ မဟုတ်တော့ပြီ။ သည်ဇာတ်လမ်း၏ နောက်ကွယ်တွင် နန်းတွင်းရေးရာ များ ရှုပ်ထွေးစွာ ပါဝင်နေခဲ့သည်။ ယင်း နန်းတွင်းရေးရာများတွင် စီစဉ် ညွှန်ကြားရသူမှာ ရနောင်မောင်မောင်တုတ်ပင်ဖြစ်၏။

စုဖုရားလတ်သည် ယခုအခါတွင် မောင်မောင်တုတ်အပေါ် မကျေမနပ် ဖြစ်လာသည်။ အခွင့်အရေးပေးတိုင်း ရွှေရေးပန်းကန်တက်နေသူဟု မြင်လာ သည်။ ရှင်ဘုရင်ကို မိဖုရားများများထားရန်လည်း တိုက်တွန်းသည်၊ အရက် သောက်တတ်အောင်လည်း သင်ပေးသည်ဆိုပြီး ကြည့်မရဖြစ်လာသည်။

မောင်မောင်တုတ်ကလည်း ရှင်ဘုရင်ကို အပိုင်စီးသော မိဖုရားအဖြစ် စုဖုရားလတ်အပေါ်တွင် မကျေနပ်။ မိဖုရားပီပီ အေးအေးမနေ။ ဘုရင့်ဩဇာ အာဏာတွေကို ချုပ်ကိုင်ထားသည့် မိဖုရားဟု မြင်သည်။

တိုင်တားမင်းကြီးသည် ရနောင်မောင်မောင်တုတ်နှင့် သဘောကြိုက် ညီ၏။ ကိုယ်နားမလည်သည့် နိုင်ငံတော်ရေးရာများတွင်ဝင်၍ စွက်ဖက်နေသည် ကို မနှစ်သက်။ မှူးကြီးမတ်ကြီးများ၊ ဝန်ကြီးများသည် ပြည့်ရှိုး၊ ပြည့်လက် ရုံးများပင် မဟုတ်လား။ တိုင်းပြည်အရေးကို သည်ဝန်ကြီးမှူးကြီးများ ဘုရင် နှင့် တိုင်ပင်ပြီး ဆောင်ရွက်ကြပေမည်။ နိုင်ငံတော်၏ အခြေအနေမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



မကောင်းပေ။ နိုင်ငံတော်အတွင်း အဝေးမြို့ ကျေးရွာနယ်ပယ်များတွင် လူဆိုးဓားပြများ လွန်စွာသောင်းကျန်းထကြွနေ၏။ ခနကြေးငွေ တောင့်တင်းသူများသည် လူဆိုးဓားပြများရန်မှ ကင်းဝေးအောင် ပြေးလွှားတိမ်းရှောင်နေကြရ၏။

လက်အောက်ခံ နယ်စားပယ်စားများ အချို့ကလည်း လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ အစွမ်းထက်သော ဘုရင်ကိုလက်ထက်တွင် ငြိမ်ဝပ်ပိပြားခဲ့သမျှ ယခုမူအစွမ်းပြချင်နေကြသည်။ ပမာအားဖြင့် မိုးနဲစော်ဘွား မကျိုးမနွံရိုင်းပျလျက်ရှိသည်ကို ရဲမက်စစ်သည် အလုံးအရင်းငါးထောင်ကျော်ဖြင့် ချီတက်သိမ်းပိုက်စေခဲ့ရပြီ။

ရွှေနန်းတော်အတွင်း အလှူတော်အသုံးအဆောင်များမှာလည်း အကုန်အကျများသဖြင့် ဘဏ္ဍာတော်များလျော့ပါးလှချေပြီ။ အောက်ပြည်အောက်ရွာမှ မျက်နှာဖြူများကလည်း နိုင်ငံတော်ကို အာသာတငမ်းငမ်းနှင့် မျက်စောင်းထိုးနေကြပြီ။ သည်အရေးများကို ပိုင်ပိုင်နိုင်နိုင် ကာကွယ်နိုင်ဖို့ လိုပေသည်။ မိမိ၏ ကိုယ်ရေးပြဿနာများကိုသာ ကြိုးပမ်းအားထုတ်နေသော မိဖုရားသည် နိုင်ငံအရေးကို မည်သို့လျှင် ကာကွယ်ပေးနိုင်ပါမည်နည်း။ တိုင်တားမင်းကြီးက ဤသို့ တွေးမိသည်။ ပြီး ... အရှင်မင်းကေရာဇ်တို့ မည်သည်အဂ္ဂမဟေသီတစ်ပါးသာ ထားရိုးထုံးစံမဟုတ်။ တောင်နန်း၊ မြောက်နန်း၊ အနောက်နန်းဆောင်ရ၊ နန်းရ၊ မိဖုရားများ ထားခဲ့လျှင် စုဖုရားလတ်၏ အရှိန်အဝါများလျော့နည်းသွားပေမည်ဟု တိုင်တားမင်းကြီးက တွက်ဆလေသည်။

ထိုအတောအတွင်း အပျိုတော်များ၏ တာဝန်ချိန်များနှင့် ပတ်သက်၍ အပြောင်းအလဲဖြစ်လာသည်။ ခင်ခင်ကြီးသည် ညဥ့်ဘက်တွင် စုဖုရားလတ်ထံပါး၌ ခစားရန် တာဝန်ချထားခြင်းခံရ၏။

ပထမတွင် ခင်ခင်ကြီးသည် အပြောင်းအလဲဖြစ်လာသည်ကိုပင် ဝမ်းသာမိသေး၏။ သို့မှသာ ညဥ့်စဉ်ညဥ့်တိုင်း ခိုးကြောင်ခိုးဝှက်ပန်းခုံတော် ထွက်ရသည့် ဒုက္ခမှကင်းဝေးပေတော့မည်ဟု တွေးမိ၍ဖြစ်သည်။ သို့သော် တစ်ရက်မှသည် နှစ်ရက်၊ သုံးရက်သို့ ကူးလာခဲ့ရာတွင်မူ ခင်ခင်ကြီးရင်မှာ ပူလာရပြီသည်။ သောင်မတင် ရေမကျနှင့် စကောစကဘဝကို တွေးမိတိုင်း ငိုကြွေးထိုင်းတို့ ပြင်းထန်လျက်ရှိတော့၏။ သီပေါမင်းတရားအား ဖူးမြော်လိုသောစိတ်ကိုလည်း ချိုးနှိမ်မရခဲ့။ မင်းတရားအား လွမ်းဆွတ်တမ်းတစိတ်တို့ဖြင့် အိပ်မပျော်နိုင်၊ မစားနိုင်ပင်ဖြစ်လာသည်။ သက်တူရွယ်တူ အပျိုတော်ကလေးများ

www.burmeseclassic.com



နှင့် ရယ်လား မောလားမနေနိုင်တော့ပေ။ တငိုင်ငိုင် တငေးငေးဖြင့် မျက်ရည် ကလေးတစ်ဝဲဝဲ ဖြစ်နေရှာသည်။

ခင်ခင်ကြီးမှာ သည်ဒုက္ခကို ရင်တင်း၍ မခံနိုင်တော့ပြီ။ ရှိစေတော့၊ ရှုမျက်နှာနောက်ထား၍ အစ်ကိုကြီးကိုဖေငယ်ကိုပင် တောင်းပန်းရပေတော့ သည်။ 'နေ့စဉ်နှင့် အမျှ မိမိခံစားနေရသော စိတ်ဒုက္ခဝေဒနာကို မှာတမ်းရေး ဘာ ရွှေနန်းရှင်ဘုံရားထံ ဆက်သပါမည့်အကြောင်း...'

မောင်ဖေငယ်မှာ ကျေးဇူးရှင်သီပေါဘုရင်နှင့် ချစ်နှမသည် ခင်ခင်ကြီး တို့အကြား ဗျာများရတော့သည်။ ကျေးဇူးရှင်၏ အလိုတော်ကိုလည်း ပြည့်ဝ စေလို၏။ အသက်တမျှ ချစ်မဝသော နှမခင်ခင်ကြီး၏ ကောင်းစားရေးကိုလည်း လိုလားခဲ့၏။ သို့ကြောင့်ပင် အရှင်သခင်နှင့် နှမငယ်တို့ ဆက်သွယ်မှု၌ အစစ တာဝန်ယူဆောင်ရွက် ပေးခဲ့မိချေပြီ။ သို့သော် ယခုလေ့ပြေးရင်း ဘက်ကျိုးသည့်နှယ် လမ်းခုလတ်တွင် ရင်မအေးဖွယ်ရာနှင့် ကြုံနေရသည်။ ခင်ခင်ကြီး၏ ကောင်းစားရေးမှာ ပိုင်ပိုင်နိုင်နိုင် ဖြစ်မလာခင်ပင် အခြေအနေ အရပ်ရပ်က ပြောင်းလဲသွားပြန်သည်။

သည်အပြောင်းအလဲသည် မိမိတို့ရည်ရွယ်ရင်း ခရီးလမ်း၏ အနှောင့် အယှက်အတားအဆီးများလေလား တွေးတောပူပန်မိသည်။ ဤသို့သော အခြေအနေရောက်လာလိမ့်မည်ဟု တစ်ရံတစ်ဆစ်မျှ မတွေးတောမိခဲ့။ မိမိက ကောင်းစေချင်လွန်းသော ဆန္ဒဖြင့် မြင့်မြတ်ရာသို့ ထမ်းပို့ခြင်းမှာ မှားပြီလော။ အမြင့်သို့ ပို့ရာမရောက်ဘဲ သောကပင်လယ်တွင်းသို့ တွန်းချရာများ ရောက် နေပြီလား။ သည်သို့တွေးတောကာ နောင်တကြီးစွာ ရနေလေသည်။ ခင်ကြီး ကိုလည်း ကရုဏာသက်၍ မဆုံးတော့ပေ။

ထို့ကြောင့် မောင်ဖေငယ်သည် သက်ပြင်းနှင့်အတူ ဆုံးဖြတ်ချက်တစ် ရပ်ကို ချမှတ်လိုက်လေတော့သည်။ 'ခင်ကြီး ဘဝလှပစေရမည်' ဟု။

မောင်ဖေငယ်သည် သီပေါဘုရင်ကိုယ်စား မှာတမ်းများကို ရေးသား၏။ ပြီး ... သူငယ်ချင်းချစ် မောင်မောင်တုတ်နှင့်အတူ ခင်ခင်ကြီးထံ တိတ်တဆိတ် ပေးပို့ရ၏။ ခင်ခင်ကြီးက ပြန်ကြားလိုသော မှာတမ်းများကိုလည်း ခင်ကြီး ကိုယ်စား သူကပင်ရေးသားဆက်သွင်းခဲ့ရ၏။ သို့နှင့် မောင်ဖေငယ်၏ ရင်မှ ဖြစ်သော ဓမ္မတ္တာစာလွှာများသည် သီပေါရွှေနန်းရှင်နှင့် ခင်ခင်ကြီးတို့အကြား ရွှေလမ်းငွေလမ်းကို ခင်ပေးနိုင်ခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နဂိုကပင် ခင်ခင်ကြီးအား ချစ်ခဲ့မိသောကြောင့် ဖြစ်မည်ထင်၏။ သီပေါဘုရင်ကိုယ်စား မှာတမ်းများကို ရေးသားရာတွင် မိမိအသည်းနှလုံးမှာ ခံစားရဘိသို့ စိုးကုံးမိသည်။ သည်မှာတမ်းများကို ဖြတ်ရသော ခင်ခင်ကြီးမှာ ရင်ပွင့်မတတ် ခံစားရသည်။ ရွှေနန်းရှင်အပေါ်တွင် သံယောဇဉ်နှောင်ကြိုး တင်းသထက် တင်းလာရပြန်သည်။

ခင်ခင်ကြီး မရှက်နိုင်တော့ပြီ။ 'မိမိအဖြစ်ဆိုးကိုကြည့်လို့ မနေပါနှင့်။ ရွှေနန်းရှင်ဘုရားကို တွေ့လိုလှပါပြီ၊ ဖြစ်သည့်နည်း၊ ရှိသည့်လမ်းနှင့် ကြံဖန်ပေးပါတော့'။ သည်သို့ပင် မောင်ဖေငယ်အား တောင်းပန်နေရှာတော့သည်။

မောင်ဖေငယ်မှာ သူတင်သည့်စာတတ်ကို နိုင်အောင်ကပြရပေတော့မည်။ ခင်ကြီးမှာ နေမြင့်လေ အရူးရင့်လေဖြစ်နေရှာပြီကော။ သီပေါဘုရင်၏ နှုတ်ကတိသည် အကောင်အထည်မပေါ်လာခဲ့သော် နှမငယ်အဖို့ မခက်ပါလား။ ခင်ကြီးခမျာ ရေတိမ်မှာ နစ်ရှာရပေမည်။ လူဖြစ်ရှုံး၍ လူလုံးမလှ ဖြစ်ရပေမည်။ သည်သို့ ပူပန်မိသဖြင့် ခင်ခင်ကြီးကိုစွမည်သို့ရှေ့ဆက်သင့်သည်ကို သူငယ်ချင်း မောင်မောင်တုတ်နှင့် တိုင်ပင်ရလေသည်။

ဒိုင်းဝန်မင်းနှင့် ဝန်ကတော်တို့မှာ ရွှေနန်းရှင်နှင့် ချစ်သမီး ခင်ခင်ကြီးတို့ မေတ္တာစာတတ်လမ်းကို နိဒါန်းမျှပင် မသိရှိကြသေးချေ။ ဒိုင်းဝန်ကတော်မှာ ကောင်းစွာမသန်မစွမ်းလျက်ကပင် ခင်ကြီးကိုအောင့်မေ့လှသည်ဟု အကြောင်းပြ၍ နန်းမတော်ဆောင်သို့ တစ်ပတ်လျှင် နှစ်ကြိမ်ခန့်မျှမှန်မှန် ဝင်ရောက်ခစား လေ့ရှိသည်။ လာရောက်တိုင်းလည်း ခင်ခင်ကြီးကို အရိပ်တကြည့်ကြည့်နှင့် ရှိ၏။ ခုအတောအတွင်းမှာမူ သမီးလေးရုပ်သွင်မှာ ရွှင်ရွှင်လန်းလန်းမရှိ။ ညှိုးငယ်နွမ်းလျရှိလှသည်ကို သတိပြုမိသည်။ သမီးလေး၏ လှုပ်ရှားဟန်မှာ သည်း ယခင်အခါများကဲ့သို့ ဖျတ်လတ်သွက်လက်မှုမရှိ။ လေးလံထိုင်းမှိုင်း နေသည်ကိုသာ မြင်ရလေ့ရှိသည်။ တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ်တော့ပြီ။ ဝန်ကတော်ကြီးသည် တွေလာကောလာ မတွေးမိ။ အပါးတော်တွင် မလှုပ်မယှက် စားနေရ၍ ညောင်းညာကိုက်ခဲနေလေသလား၊ ညဥ့်ပိုင်းတာဝန်များ ထမ်း ဆောင်ရသဖြင့် အအိပ်ပျက်၊ အစားပျက်သည့်ဒဏ်ကြောင့် ထိုင်းမှိုင်းနေရှာ သလား၊ စသည် စသည်ဖြင့် တွေးတောကာ သမီးလေး၏ ကျန်းမာရေးကို စိုးရိမ်စပြုလာလေသည်။

သမီးကလေး သောက်ဖို့ ဆေးဝါးများယူလာ၏။ ခံတွင်းတွေ့လိုတွေ့ငြား သမီးလေးကြိုက်တတ်သည့် စားသောက်ဖွယ်ရာများ ယူလာ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးမှာ ရွှင်လန်းလာသည်ဟူ၍ မရှိ။ ညှိုးနွမ်းမြဲ ညှိုးနွမ်းနေ၏။ ငေးငိုင်မြဲ ငေးငိုင်နေ၏။ ကြာသော် ဒိုင်းဝန်ကတော်ကြီးမှာ သမီးလေးအတွက် စိတ်ပူပန်စ ပြုလာ၏။ သောကဝင်လာ၏။ တတ်ကျွမ်းသော သမားတော်များနှင့် ကုစားရန် အိမ်သို့ခေါ်ယူပြန်ခေါ်လိုသည့် ဆန္ဒဖြစ်လာသည်။ သို့ရာတွင် သည်နေ့တင်လျှောက်ရနိုး၊ နက်ဖြန်ခွင့်ပန်ရနိုးနှင့် ရက်တွေသာတိုးလို့ကြာခဲ့သည်။ နန်းမတော် စုဖုရားထံ မလျှောက်တင်ဖြစ်သေးချေ။

ခင်ခင်ကြီး အနေဖြင့်လည်း မိမိဘဝဖြစ်တွေ အခြေအနေကို မေဘုရားအား အမှန်အတိုင်း ပြောပြလိုက်တော့မည်ဟု အကြိမ်ဖြစ်ခဲ့သည်။ မေဘုရားလာရောက်တိုင်း လူသူမလစ်မလပ်ရှိနေပြန်သည်။ သူ့အခြေအနေမှာ ကျပ်တည်းကျဉ်းမြောင်းလှ၏။ သူ့ပတ်ဝန်းကျင်တွင် သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းရ၏။ ဣန္ဒြေကို စောင့်စည်းရ၏။ သည်စည်းသည်ကမ်းများ အကြားဝယ် ခင်ခင်ကြီးမှာ မလူးသာ မလွန့်သာ နေရပေသည်။ သည်တစ်ကြိမ်တွင် ဖြစ်သည့်နည်းနှင့် ပြောဖြစ်အောင် ပြောပြပါတော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့၏။ သို့သော် ဆုံးဖြတ်ချက်သံသရာသာလျှင် ရှည်ကြာလွင့်မျောခဲ့ရသည်။ ပြောကားမပြောဖြစ်ခဲ့ပါချေ။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၉။ မင်းတရား၏ အသည်းစွဲနန်းတော်သူ

မောင်ဖေငယ်မှာ ခင်ခင်ကြီးအတွက် အကျပ်အတည်းနှင့် ရင်ဆိုင်တိုးနေရ၏။ ခင်ခင်ကြီးသည်သို့ ချစ်ဆိပ်ရည်သင့်နေသည်မှာ မိမိပယောဂမကင်းဟု စွဲမြဲယုံကြည်မှတ်ထား၏။ ခင်ကြီး ခံစားနေသမျှလည်း ထပ်တူခံစားနေရ၏။ ခံစားရလွန်းသဖြင့်လည်း ရင်မှာလှိုက်မောလာရသည်။ စုဖုရားလတ်၏ လှောင်ချိုင့်မှ မလွတ်မြောက်နိုင်သမျှ ခင်ကြီးခမျာ ရွှေနန်းရှင်နှင့် တွေ့ဆုံရန် အခွင့်ကြုံနိုင်တော့ပြီ။ သို့ဆိုလျှင် . . .။

သီတင်းကျွတ်လပြည့် ကျော်ခဲ့ပြီမို့ ကောင်းကင်တွင် မိုးသားမိုးရိပ်များကင်းစင်နေ၏။ သို့ရာတွင် လကွယ်ရက်ဖြစ်သောကြောင့် အမှောင်ရိပ်များသာ လွှမ်းမိုးနေသည်။ ရတနာပုံနေပြည်အတွင်း တောင်မျက်နှာမင်္ဂလာတံခါးလမ်းမှ မင်းစိုးရာဇာများ နေထိုင်ရာရပ်ကွက်ဖြစ်သဖြင့် လူသွားလူလာ နည်းပါးလှသည်။ ယခုကဲ့သို့ မှောင်မိုက်သော ညဉ့်များတွင်ကား ပို၍ပင် အသွားအလာ ကျဲနေ၏။ လမ်းတစ်လျှောက်လုံး မန်ကျည်းပင်အိုကြီးများ၏ အရိပ်မည်းမည်းများသာကျရောက်လျက်ရှိသည်။

ဒိုင်းအတွင်းဝန်မင်း၏ နေအိမ်တွင် ဖန်မီးအိမ်ထွန်းထားသော်လည်း အလင်းရောင်မှာ လမ်းမပေါ်သို့ ဖြာကျနိုင်လောက်အောင် အင်အားမကြီးလှချေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏ ဧည့်ခန်းအတွင်း၌ကား ဒိုင်းအတွင်းဝန်မင်း၊ ဝန်ကတော်ကြီး၊ မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့သည် ဝိုင်းလျက်ရှိ၏။ အလယ်တွင် ထန်းလျက်ပန်းကန်နှင့် လက်ဖက်ရည် အဖန်အိုး၊ အကြွမ်းပန်းကန်တို့ရှိနေကြသည်။ သို့သော် လက်ဖက်တစ်ရိုး၊ ထန်းလျက်တစ်ခဲမျှပင် မလျော့သေးပေ။ အကြွမ်းပန်းကန်လုံးများ အတွင်းငှဲ့ထားသော အဖန်ရည်များပင် အေးစပြုနေပြီဖြစ်၏။

သာမန်အားဖြင့် အာလာပသလ္လာပစကားပြောနေကြသော လက်ဖက်ရည်ကြမ်းဝိုင်းဟု ထင်စရာရှိ၏။ သို့ရာတွင် အားလုံးပင် မိမိတို့၏ အကြည့်အာရုံကို အဖန်အိုး၊ အကြွမ်းပန်းကန် စသည်တို့တွင် ထား၊လျက် အတွေးကိုယ်စီနှင့် ရှိနေကြသည်။ အသေအချာဂရုပြုကြည့်ပါမူ ဒိုင်းအတွင်းဝန်မင်းနှင့် ဝန်ကတော်ကြီးတို့သည် အပြင်ပန်း အမူအရာငြိမ်သမျှ မျက်ဝန်းအစုံတွင် မျက်ရည်များ ပြည့်လျှံလျက် မျက်တောင်တဖျတ်ဖျတ်ခတ်နေသည်ကို သတိပြုနိုင်သည်။

'ခင်ခင်ကြီးကို သီပေါမင်းတရားက မြတ်နိုးတော်မူလှတာကြောင့် တိတ်တဆိတ် သိမ်းပိုက်ထားပါတယ် မေဘုရား'

မောင်ဖေငယ်နှုတ်မှ သည်စကားကို ကြားလိုက်သည်ဆိုလျှင်ပင် ဒိုင်းဝန်မင်းနှင့် ဝန်ကတော်တို့မှာ တုန်လှုပ်ကြရ၏။ သမီးကလေးအတွက်မှ ယူကျုံးမရဖြစ်ကြရ၏။ ရင်ထုမနာဖြစ်ကြရ၏။ ဒိုင်းဝန်ကတော်ကြီးမှာ ရင်ကိုလက်နှင့်ဖိ၍ 'မြတ်စွာဘုရား ကယ်တော်မူပါ'ဟုပင် ဗုဒ္ဓမြတ်စွာကို အားကိုးတကြီး တမ်းတမိသည်။ ဒိုင်းဝန်မင်းမှာ နားရှိလျက်နှင့်ပင် နောက်ထပ်စကားများ မကြားနိုင်တော့ပေ။ မျက်လုံးတို့သည် ပွင့်လျက်နှင့် ဘာမျှမမြင်ရပြီ။ နှုတ်ရှိလျက်လည်း အသံမထွက်နိုင်တော့ချေ။ မိမိ၏အားခွန်တို့မှာ ကုန်ခန်းလုနီးဖြစ်ကာ ဦးခေါင်းထဲတွင် မူးဝေနောက်ကျိုလာသည်။ မျက်စိမှာလည်း မှုန်မှိုင်းပြာဝေလာတော့သည်။

'ရွှေနန်းရှင် ဘုရားဟာ ခင်ကြီးကို အင်မတန်မြတ်နိုးတော်မူပါတယ်။ အချိန်တန်လျှင် နန်းရမိဖုရားအဖြစ် ချီးမြှောက်တော်မူမယ်လို့လဲ နှုတ်ကတိထားတော်မူပါတယ်။ ဒါကြောင့် သည်အရေးမှာ ပူပင်သောကမရောက်သင့်ကြောင်းပါ ဝန်မင်းနှင့် အရှင်ဘုရား ...'

မောင်မောင်တုတ်က သည်သို့ ဖြည့်စွက်ပြောပြပြန်သည်။ မည်မျှနှစ်သိမ့်ပါသော်လည်း ဒိုင်းဝန်လင်မယားမှာ ရင်မအေးနိုင်ပေ။ သည်သတင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



နလုံးစိတ်ဝမ်း ငြိမ်းချမ်းနိုင်မည့် သတင်းမဟုတ်ပြီတကား။

သမီးကလေး မိဖုရားဖြစ်မည့်အရေးကို အဘယ်ကြောင့် သည်မျှကြောက်ရွံ့စိုးရိမ်နေရပါသနည်း။

ခင်ခင်ကြီး၏ ပစ္စုပ္ပန်အခြေအနေသည် ကျဉ်းမြောင်းကျပ်တည်းလျက်ရှိချေသည်။ ထို့အတူသူ၏ အနာဂတ်အခြေအနေမှာလည်း မှောင်မည်းနက်ရှိုင်းလျက်သာ ရှိပေမည်။ အဘယ်ကြောင့်နည်း။

စုဖုရားလတ် မိဖုရားသည် အစ်မတော် အရင်းခေါက်ခေါက်ကိုပင် နန်းမတော်ဆောင်မှ ပြုတ်ပြုတ်တောက်တောက် ဖယ်ရှားရက်ခဲ့ပြီ မဟုတ်ပါသား။ သွေးမတော် သားမစပ်သည့် အပျိုတော်လေး ခင်ခင်ကြီးအနေဖြင့်သည်အထိ မျှော်မှန်းနေသည်မှာ ကိုယ့်သေတွင်း ကိုယ်တူးရာသာ ကျနေပေတော့သည်။ ဝန်ကတော်ကြီးမှာ သည်သို့တွေးမိသဖြင့် . . .

'မိုက်လိုက်လေ သမီးလေးရယ်၊ မေဘုရားကဖြင့် ကလေးစိတ် မပျောက်သေးတဲ့ အမိုက်ကလေးရယ်လို့ အရိပ်တကြည့်ကြည့်နဲ့ နေခဲ့ရတယ်။ ရာဇဝတ်အိုးကိုမှ တုတ်နဲ့ထိုးရက်လေခြင်း။ သည်တစ်ခါဖြင့် ကိုယ်ကျိုးနည်းပါပေါ့သား၊ ကယ်ကြပါဦး သားတို့ရယ် . . .' ဟု ငိုရင်း အသနားခံနေရှာသည်။

မောင်ဖေငယ်နှင့် မောင်မောင်တုတ်မှာ ဒိုင်းဝန်မင်းနှင့် ဝန်ကတော်တို့၏ သောကကိုမြင်ရပြန်သောအခါ မုန်တိုင်းကိုဆန်ကာလက်ပစ်ကူးရသည်သို့ အာဟန်းနွမ်းလျလျက်ရှိ၏။

ဝန်ကတော်ကြီးမှာ သမီးလေးမလိမ္မာလို့ ဖြစ်ရလေခြင်းဟု သမီးအပေါ်အပြစ်ချ ဒေါသတင်နေသည်။ ခင်ခင်ကြီးလော်မာ၍လား၊ မိမိနှင့်မောင်မောင်တုတ်တို့ မျက်နှာလို မျက်နှာရ ရွှေနန်းရှင်ထံ သမီးကညာ ဆက်သသည့် ပုံစံကြောင့်လား၊ ရွှေနန်းရှင် သီပေါမင်း၏ တဏှာပေမကြောင့်လား၊ သို့တည်းမဟုတ် သီပေါမင်းတရားအား အငယ်အနှောင်းမထားစေလိုသော မိဖုရားအလယ်ရားလတ်ကြောင့်လား။ မောင်ဖေငယ်မှာ ခင်ခင်ကြီးပြဿနာ၏ တရားခံကိုရှာဖွေအလွှားရှာနေမိသည်။ အဖြေမှန်ကို မတွေ့သေးချေ။ ကိုယ်စီပင်သူ့အကြောင်းပြချက်နှင့်သူ မှန်နေသည်။ မည်သူမျှ တရားခံမဖြစ်နိုင်။ သို့ဆိုလျှင် တရားခံသည် မည်သူဖြစ်သနည်း။ မောင်ဖေငယ်သည် အလေးနက်ကြည့်ပြန်၏။ တွေ့ပါပြီ။ တရားခံသည် အထည်ကိုယ်ပြအနေနှင့်မပြ၍ မရသော စိတ္တဇနာမ်ဖြစ်နေသည်။ သူကား 'ကုသိုလ်ကံ . . . ခင်ခင်ကြီး၏ ကုသိုလ်ကံ' သာလျှင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖေငယ်သည် သက်ပြင်းကို အသာချကာ ဝန်ကတော်ကြီး၏ သောကနှင့် သံသယတို့ကို ပြေပျောက်စေမည့် စကားတို့ကို ဆိုလာသည်။

'မောင်မောင် ရှင်းပြပါရစေ မေဘုရား ... သည်ကိစ္စ သည်လိုဖြစ်ရသည်မှာ ခင်ခင်ကြီးလော်မာလို့ မဟုတ်ရကြောင်းပါ။ သူ့ခမျာ အပြစ်ကင်းကင်းနဲ့ ကလေးလို နေသည်ကို မောင်မောင်အသိပင်ဖြစ်ပါတယ်။ ရွှေနန်းရှင်ဘုရားက ခင်ကြီးကိုမြတ်နိုးတော်မူလှတယ်။ ရှေ့တော်အရောက် ဆက်သကြစေငယ်ကျွန်ကြီးများ...လို့ အမိန့်တော်ချမှတ်တာကြောင့် ကိုရင်တုတ်နဲ့ မောင်မောင်တို့မှာ ဆောင်ရွက်ခဲ့ရတယ်။ မေဘုရားတို့ထံ ခွင့်ပန်သင့်သည်ကို မဆွကပင်သိသော်လည်း ပျက်ကွက်ခဲ့ရပါတယ်။ အပြစ်တင်ချင်းတင်လျှင် မောင်မောင့်မှာသာ အပြစ်ရှိကြောင်းပါ မေဘုရား...'

ဒိုင်းဝန်ကတော်ကြီးမှာ ကြိတ်မနိုင်ခဲမရ ဖြစ်လွန်းလှ၍သာ ကရဏာဒေါသဖြင့် ခင်ကြီးကို အပြစ်ဆိုမိသည်။ သမီးကလေးအတွက် ယူကျုံးမရဖြစ်သည်နှင့်အမျှ သားရင်းလိုချစ်ခဲ့ရသော မောင်ဖေငယ်အတွက်လည်း များစွာစိတ်မကောင်းဖြစ်နေရသည်။ သမီးကလေး ခင်ခင်ကြီးကို အချိန်တန်အရွယ်ရောက်လာသည့်အခါ မောင်ဖေငယ်နှင့် လက်ဆက်ပေးရန် ရည်မှန်းထားပြီးဖြစ်၏။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပင် ဖိတ်သင့်သည် မဟုတ်ပါလား။ သည်ရည်မှန်းချက်ကို ထုတ်၍ပင် မပြောရသေး၊ ရင်မှာ သိုဝှက်ထားဆဲပင်ဖြစ်၏။ ယခုမူ လက်လွန်ကုန်ချေပြီ။

စာဆိုနှင့်ညီသည့် သမီးလေး၏ ရုပ်ဆင်းသဏ္ဌာန်သည် သမီးလေးကို မိမိအိမ်မှ ခေါ်ထုတ်သွားခဲ့သည်။ မင်းစိုးရာဇာ အသိုင်းအဝိုင်းသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုစဉ်ကမူ ထင်ပေါ်၍ စင်တော်ကကောက်ခြင်းဖြစ်သည်ဟု ဝမ်းသာမိခဲ့သေးသည်။ ယခုမူ တစ်ဖက်ကလည်း ရွှေနန်းရှင်ဘုရား၊ တစ်ဖက်ကလည်း စုဖုရားလတ်၏ ဓား။ သည်အကြားတွင် ခင်ကြီး၏ဘဝမှာ မလှုံသာ မလွန့်သာ ရှိလှပါကလား။

သို့သော် မတတ်နိုင်ပါပြီ။ သည်လိုပင် ထိုင်ငေးနေရုံ၊ ဆွေးနေကြရုံနှင့်ကိစ္စက ပြီးပြတ်သွားမည် မဟုတ်ပေ။ မောင်မောင်တုတ်သည် ငြိမ်သက်နေသောလက်ဖက်ရည်ဝိုင်းကို သက်ဝင်လှုပ်ရှားစေလိုက်၏။ သူသည် အေးစက်နေပြီဖြစ်သော အကြမ်းပန်းကန်လုံးကို ကောက်ယူကာ တစ်ချက်တည်းနှင့် မော့လိုက်ပြီးနောက် ရှေ့ဆက်ရမည့် လုပ်ငန်းကို စတင် ဆွေးနွေးတော့သည်။

ခင်ခင်ကြီး၏ ကျန်းမာရေးအတွက် ဆေးကုသရန် အခိုက်အတန့်အား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မိဘများ၏ အိမ်တွင်ပြန်နေမည်။ သည်ကိစ္စကို ဒိုင်းဝန်ကတော်ကြီးက တာဝန်ယူရမည်။ အိမ်တွင်ပြန်ရောက်နေထိုင်စဉ် အတွင်းသီပေါမင်းတရားနှင့် ခင်ခင်ကြီးတို့ တွေ့ဆုံညှိနှိုင်းရေးအတွက် မောင်ဖေယယ်နှင့် မောင်မောင်တုတ်ပင် ဆက်လက်တာဝန်ယူမည်။ သည်အတောအတွင်း ခင်ခင်ကြီးအား နန်းရမိဖုရားအရာမြှောက်ပေးပါရန် ရွှေနန်းရှင်အား တိုက်တွန်းနှိုးဆော်ပေးကြမည်။

ဒိုင်းအတွင်းဝန်မင်းသည် ထိုအစီအစဉ် ထိုဆုံးဖြတ်ချက်များကို ခေါင်းတညိတ်ညိတ်ဖြင့် တိတ်ဆိတ်စွာ နားထောင်လျက်ရှိ၏။ သူ၏ချိုင့်ဝှမ်းသောမျက်နက်ဝန်းတို့ဝယ် အရည်ကြည်တို့ ဖုံးကွယ်လာကြသည်။ ထို့နောက် လည်ချောင်းတစ်ချက်မျှ ရှင်းပြီး တုန်ယင်လှိုက်လှဲသောအသံဖြင့် သတိပေးစကားဆိုသည်။

'ဖြည်းဖြည်းနှေးနှေး ဆောင်ရွက်မှ အောင်မြင်မှုရတာလဲ ရှိတယ်။ လျင်လျင်မြန်မြန် ဆောင်ရွက်မှ အောင်မြင်မှုရတာလဲရှိတယ်။ ဖြည်းဖြည်းနှေးနှေးဆောင်ရွက်ရမည့် အခါမျိုးမှာ လျင်လျင်မြန်မြန်ဆောင်ရွက်မိတာကြောင့်ဖြစ်စေ၊ လျင်လျင်မြန်မြန် ဆောင်ရွက်ရမည့် အခါမျိုးမှာ ဖြည်းဖြည်းနှေးနှေးဆောင်ရွက်မိတာကြောင့်ဖြစ်စေ အကြံမအောင်ဘဲရှိတတ်တယ် လူကလေးတို့ရဲ့။ သာမန်ပြဿနာမျိုးမှာ မအောင်ရင်တော့ မထောင်းတာလှပါဘူး။ သို့သော် ခုပြဿနာမှာတော့ အသက်နဲ့ရင်းနှီးပြီး ဆောင်ရွက်ရမယ့် အရေးဖြစ်ပေတယ်၊ ဘဘတို့ မိသားစုတစ်စုလုံးရဲ့ အသက်ဟာ စုဖုရားလတ်မိဖုရားကြီးရဲ့ မားသွားပေါ်မှာ ရှိနေတယ်ဆိုတာတော့ သတိထားကြပေါ့ကွယ်'

နောက်တစ်နေ့မှာပင် ဒိုင်းဝန်ကတော်ကြီးသည် စုဖုရားလတ်ထံသို့ အခစားဝင်လာသည်။ ပြီး ... ခင်ခင်ကြီး၏ ကျန်းမာရေးအတွက် ဆေးဝါးကုသလိုပါသဖြင့် အိမ်သို့ခေတ္တပြန်ခေါ်ယူခွင့်ပြုပါမည့်အကြောင်း စုဖုရားလတ်ထံလျှောက်ထားသည်။ မိဖုရားကြီးသည် ခင်ခင်ကြီး အမူအရာပျက်နေသည်ကို သတိထားမိသော်လည်း အခြေအနေမှန်ကို မရိပ်စားမိခဲ့။ သာမန်နေမကောင်းခြင်းသာဖြစ်သည်ဟု အထင်ရောက်နေသည်။ ယခုကဲ့သို့ ဒိုင်းဝန်ကတော်ကြီးက ခွင့်ပန်သောအခါ တစ်လခန့် အိမ်ပြန်နေရန် ခွင့်ပြုလိုက်သည်။ သို့သော် တစ်လအတွင်း သားအမိ နှစ်ယောက်စလုံး မကြာခဏ အခစားဝင်ရောက်ကြရန်လည်း မိန့်တော်မူလေသည်။

အရှင်နန်းမတော် ဖုရား၏ အမိန့်ကိုအပျိုတော်ကြီးအပျိုတော်ငယ် အတော်များများပင် ကြားလိုက်ကြသည်။ သူတို့စိတ်ဝယ် နန်းမတော် ဖုရား

www.burmeseclassic.com

www.burmeseclassic.com



သည် ခင်ခင်ကြီးကို ပိုမိုချစ်ခင်တော်မူ၍သာ ဖြစ်သည်ဟု စွဲမှတ်ကြလေတော့သည်။

ခင်ခင်ကြီးသည် ဒိုင်းအတွင်းဝန်မင်း၏ အိမ်သို့ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ ခင်ခင်ကြီး ရွှေနန်းတော်တွင် အမှုထမ်းသည့် အချိန်မှစ၍ ခြောက်သွေ့နေသော ထိုအိမ်ကြီးမှာ ယခုအခါတွင် အသက်ဝင်လှုပ်ရှားလာ၏။ စိုစိုပြည်ပြည်ရှိလာ၏။ သန့်ရှင်းသပ်ရပ်လာ၏။ အပြင်ပန်းအားဖြင့်ကြည့်ပါမူ သည်အိမ်ကြီးမှ မိသားစုတို့၏ ဘဝသည် သာယာဖွယ်၊ စိတ်ချမ်းသာဖွယ်အတိ ဖြစ်သည်ဟု ထင်မှတ်ရ၏။ သို့သော် အိမ်သားတိုင်း၏ ရင်ဝယ်သောက ကိုယ်စီနှင့် ရှိနေကြသည်ကိုကား မည်သူမျှ မသိပါချေ။

ဒိုင်းဝန်လင်မယားမှာ မောင်မောင်တုတ်၏ အစွမ်းအစမည်မျှထက်သည်ကို ယုံကြည်ကိုးစား၏။ မောင်ဖေငယ်၏ စေတနာကို လေးစား၏။ သို့သော် ကံတရားကိုကား မယုံမရဲရှိနေသည်။ သို့နှင့် ဒိုင်းဝန်ကတော်ကြီးမှာ စိပ်ပုတီးကိုသာ နာနာစိပ်ရင်း ဆုတောင်းနေရရှာသည်။

မိဘနှစ်ပါး၏ ညှိုးငယ်သော မျက်နှာကို တွေ့နေရသောအခါ ခင်ခင်ကြီးမှာ များစွာစိတ်မကောင်းဖြစ်ရသည်။ မိဖုရားမဖြစ်ချင် နေပါစေတော့၊ ကျေးဇူးရှင် မိဘနှစ်ပါးစိတ်ချမ်းသာအောင် ဖြစ်ပြီးခဲ့သမျှ အိပ်မက်လို့သာ သဘောထားလိုက်တော့မည်။ သည်သို့လည်း တစ်ခါတစ်ရံ အတွေးနယ်ချဲ့နေမိသည်။ သို့သော် အတွေးသည် အတွေးသာလျှင်ဖြစ်၏။ တကယ်စင်စစ်မူ ခင်ခင်ကြီးမှာ သီပေါရွှေနန်းရှင်ဘုရားနှင့် တွေ့လိုသော ဆန္ဒတို့ကို ချိုးနှိမ်မရနိုင်အောင်ရှိလှသည်။ ထို့ကြောင့် မိဘများရှေ့တွင် ဟန်လုပ်ကာ အပူရုပ်ကို ဖုံးကွယ်ခဲ့သမျှ မိမိအခန်းတွင်းသို့ ရောက်သည့်အခါ ပဋာမြေလူးဖြစ်ခဲ့ရသည်။ ထိုသောအခါ ခင်ခင်ကြီး၏ ဝေဒနာမှာ စိတ္တဇဖြစ်လာပြီးရောဂါမှာကားအိပ်မပျော်ခြင်းဖြစ်လာရသည်။

မောင်ဖေငယ်တို့သည် သီပေါမင်းတရားနှင့် ခင်ခင်ကြီးတို့ တွေ့ဆုံနိုင်ရေးကို စီစဉ်ထားပြီးဖြစ်၏။ ညဦးညီလာခံကွဲပြီး နောက်ပိုင်းအချိန်များ၌ တောင်ဥယျာဉ်ပန်းခုံတော်အတွင်း တွေ့ဆုံကြမည်ဖြစ်သည်။ သည်အစီအစဉ်ကို သီပေါမင်းတရားထံလည်း တင်လျှောက်ပြီး ဖြစ်ပေသည်။

အစီအစဉ်အရ မောင်မောင်တုတ်သည် ညဦးလှည့်တာဝန်ကိုပင် ပြောင်းလဲယူထားပြီးပေပြီ။ ညဦးစဉ်ညဦးတိုင်း ရွှေနန်းတော်အတွင်း မိလက်အောက် အမှုထမ်းများအား လိုက်လံစစ်ဆေးကြပ်မတ်လျက်ရှိကြောင်း တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ စက်နာရီအားဖြင့် ညဉ့် ၉–နာရီခန့်တွင်ဖြစ်သည်။ ညဉ့်ညီလာခံပင် မကွဲသေးပေ။ သုံးဦးသည် တောင်ဥယျာဉ်တော်ဘက်သို့ စကားတပြောပြောနှင့် လျှောက်သွားနေသည်ကို မှုန်မွှားသောလရောင်ဖြင့် တွေ့မြင်နိုင်ပေသည်။ ထိုသူသုံးဦးအနက် အနားအနီရွှေကြယ်ပွင့်ထိုး ကတ္တီပါစိမ်းထိုင်မသိမ်း အင်္ကျီကိုဝတ်လျက်၊ သောင်းဘီအနားကွပ် အောက်ခံ၊ အပေါ်ကလွန်းပုဆိုးကို အောက်ပိုးကျိုက်ထားသူမှာ ရနောင်မောင်မောင်တုတ်ဖြစ်ကြောင်း တွေ့လိုက်သူတိုင်းက သိကြသည်။

ပန်းပုဆိုးတောင်ရှည်၊ ဖဲအင်္ကျီရင်ဖုံးနှင့် သျှောင်ကိုညာဘက်စောင်းစောင်း ထုံးထားသည့် လူချောလူလှတစ်ဦးမှာကား မောင်ဖေငယ်အပြင် မည်သူမျှ မဖြစ်နိုင်ပေ။ မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့ကို အမြဲတစေတွဲလျက်သာ တွေ့ရတတ်သည်။ သူတို့နှစ်ဦး၏ အလယ်တွင်ကား ငယ်ရွယ်နုနယ်သော မင်းမှူထမ်းတစ်ဦး။ သူသည် သျှောင်တစ်စောင်းထုံးထား၏။ ပိုးအင်္ကျီရင်ဖုံးနှင့် ကြိုးပုဆိုးကို ဝတ်ထားသည်။ ငွေဓားကိုလွယ်ထားသော သူ့ဟန်မှာ မောင်မောင်တုတ်၏ လက်အောက်မြောက်ထားဝယ် အမှုထမ်းတစ်ယောက်ဟုပင် ထင်ရ၏။ သို့သော် သူ၏ယာဘက်လက်ဖမိုးကို သေချာစွာကြည့်ပါမူ အမှုထမ်းသားများတွင် တွေ့ရတတ်သော ဆေးနီးဖြင့် ထိုးထားသည့် ခြင်္သေ့ရုပ်ကို တွေ့ရမည် မဟုတ်ပေ။

ထိုနေ့မှစ၍ သည်မှူထမ်းငယ်သည် မောင်မောင်တုတ်၊ မောင်ဖေငယ် တို့နှင့်အတူ ရောနှော၍ ရွှေနန်းတော်အတွင်း ဝင်ထွက်နေသည်မှာ အတန်ပင် ကြာခဲ့ပြီ။ အခြားသော မင်းမှူထမ်းတို့ တွေ့မြင်နေကြသော်လည်း မောင်မောင် တုတ်၏ လက်အောက်အမှုထမ်းအသစ်ကလေး ဖြစ်မည်ဟုပင် ယူဆလိုက်ကြ၏။ တစ်စုံတစ်ယောက်မျှ သံသယမပွားခဲ့ကြချေ။

မောင်ဖေငယ်သည် အခွင့်ကောင်းကို အမြဲစောင့်လျက်ရှိ၏။ အခွင့်ကြုံ သည်နှင့် 'ခင်ခင်ကြီးအား မိဖုရားငယ်တစ်ပါးအဖြစ် အဆောင်သီးခြားပေးပါ ရန် ...' သီပေါမင်းတရားထံ အမိန့်တော်ခံသည်။ မောင်မောင်တုတ်ကလည်း ထောက်ခံလျှောက်တင်သည်။

သီပေါမင်းတရားသည် မူလရည်ရွယ်ရင်းရှိသည့်အတိုင်း ခင်ခင်ကြီးကို မြောက်နန်းမိဖုရားမြှောက်လို၏။ ခင်ခင်ကြီးမှာ လှပတင့်တယ်သည်နှင့်အမျှ ယဉ်ကျေးသိမ်မွေ့၏။ လိမ္မာရေးခြားရှိ၏။ မိမိအပေါ်တွင် သားယောင်နှောင် ကြိုးရစ်ပတ်နေပြီလည်း ဖြစ်၏။ မိမိပြုသမျှ နနေရရှာသော အရိုးခံမကလေး

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် သနားလှ၏။ သို့နှင့် သီပေါမင်းတရားသည် တစ်စုံတစ်ရာကို ယတိပြတ်ဆုံးဖြတ်လိုက်တော့သည်။

'မြောက်ရွှေရေးဆောင်ကို ပြုပြင်မွမ်းမံစေ မောင်မင်းများ...'

ရှင်ဘုရင်က သည်သို့အမိန့်တော်မြွက်ချမှတ်လိုက်သည်ဆိုလျှင် မောင်ဖေငယ်သည် ထ,ခုန်မိမတတ် ဝမ်းမြောက်သွား၏။ ခင်ကြီးဘဝလှပပေတော့မည်။ သူ့စေတနာသည် အကောင် အထည်ပေါ်တော့မည် မဟုတ်ပါလား။

မကြာမီမှာပင် မြောက်ရွှေရေးဆောင်ကို သုတ်သင်ရှင်းလင်းနေကြသည်။ ပျက်နေပြီဖြစ်သော ဟင်္သာပြဒါးများကို အသစ်ပြန်လည် သုတ်နေကြ၏။ ရွှေဆေးဖြင့် ပန်းခက်ပန်းနွယ်တို့ကို ခြယ်သနေကြပြီ။ ဤသည်ကို တွေ့မြင်မိသူတိုင်းက စူးစမ်းကြ၏။ အချင်းချင်း တီးတိုးတီးတိုး မေးကြ၏။ သို့သော် မည်သူမည်ဝါ စံနေရန်အတွက်ဆိုသည်ကိုကား ပြတ်ပြတ်သားသား မသိရပေ။

ပထမတွင် ခင်ခင်ကြီးကို နန်းတော်အတွင်း တစ်နေရာတွင် လျှို့လျှို့ဝှက်ဝှက် ထားရဦးမည်။ ခေတ္တခဏဖြင့် သည်းခံရလိမ့်မည်။ တရားဝင်မိဖုရားမြှောက်ပြီးသည့်အခါတွင် မွမ်းမံပြင်ဆင်ပြီးသော မြောက်ရွှေရေးဆောင်တွင် စံစားစေမည်။ ဤသို့ပင် သီပေါမင်းတရားသည် ရဲရဲဝံ့ဝံ့အာမခံလိုက်သည်။

မကြာပါချေ။ မောင်မောင်တုတ်၊ မောင်ဖေငယ်တို့နှင့် ရွှေနန်းတော်အတွင်း ဝင်ထွက်နေသော မင်းလုလင်ပျိုလေးသည် ပျောက်သွားပြန်၏။ ဘုရင့်လက်သုံးတော်များ နေထိုင်ရာ အမျိုးသားဆောင်များအနီး တစ်ခုသော အဆောင်တွင် သီးသန့်နေရာချထားပေး၍ဖြစ်သည်။ သည်တစ်ကြိမ်တွင်မူ မင်းလုလင်အသွင် မဟုတ်တော့ပြီ။ ခင်ခင်ကြီးအဖြစ်နှင့်သာတည်း။

ခင်ခင်ကြီးတစ်ယောက် နန်းတော်အတွင်း ပြန်လည်ရောက်ရှိနေသော သတင်းကို သီပေါဘုရင်က ပိတ်ပင်ထားသည်။ စုဖုရားလတ်ထံ သည်သတင်းရောက်သွားပါက လျှောက်တင်သူကို သေဒဏ်အပြစ်ပေးမည်ဟုပင် တင်းတင်းကျပ်ကျပ်၊ ပြတ်ပြတ်သားသား သတိပေးခဲ့သည်။ ရနောင် မောင်မောင်တုတ်ကိုယ်တိုင် ပါဝင်ဆောင်ရွက်နေသဖြင့် အပြစ်ရှိသူတရားခံမှာ မုချသေဒဏ်ခံရမည်ကို ကောင်းစွာယုံကြည်နေကြသည်။ ထို့ကြောင့်ပင် ထိပ်တန်းလျှို့ဝှက်သတင်းတစ်ရပ်သည် မပေါက်မကြားရှိနေခဲ့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ နန်းတွင်းမှပေါက်ကွဲသော မဟာပြဿနာ

စုဖုရားလတ် မိဖုရားကြီးတွင် နှုတ်ငုံတော်ရှိလာပြန်ချေပြီ . . .။

ထိုမင်္ဂလာသတင်းသည် မောင်ဖေငယ်တို့ နားသို့ရောက်လာ၏။ အခွင့်အရေးတစ်ရပ် ရပြန်တော့မည်။ သီပေါမင်းတရား၊ မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့သည် အစီအစဉ်တစ်ရပ်ကို ချမှတ်ကြသည်။

သည်အစီအစဉ်အရ သီပေါမင်းတရားသည် စုဖုရားလတ်အဆောင်သို့ ကြွ၍ မိဖုရားကြီးကို ဤသို့နားချလေသည်။

'ပုဏ္ဏားတော်ကြီးများက ဟောကြားတယ် စုစု . . . နန်းလျာသားတော်ကလေးမွေးဖွားလာဖို့ ယတြာလိုအပ်ပါသတဲ့။ ဗေဒင်ကိန်းအရ စုစုနဲ့ မောင်မောင်တို့ သီးသန့်အဆောင်တော်နဲ့ ဥပုသ်အဓိဋ္ဌာန်ဝင်ရပါမယ်။ ဥပုသ်ဝင်ရမယ့်ဆောင်က တောင်ဥယျာဉ်တော်ထဲဖြစ်ပြီး အဓိဋ္ဌာန်ရက်မှာ ရက်သတ္တတစ်ပတ်လို့ဆိုပေတယ် . . . '

သည်လိုဟောကြားလိုက်သည် ဆိုလျှင်ပင် စုဖုရားလတ်သည် များစွာယုံကြည်သွား၏။ ယခင်တစ်ကြိမ်ကလည်း ပုဏ္ဏားတော်များ ဟောကြားသည့်အတိုင်း သားတော်ကလေးပင် မွေးဖွားသန့်စင်ခဲ့ဖူးပြီ မဟုတ်ပါလား။ စုဖုရား

www.burmeseclassic.com



သည် ထိုအစီအစဉ်ကို သဘောတူလိုက်၏။ ဥပုသ်အဓိဋ္ဌာန်ဝင်ရန် မိမိ၏ အပျိုတော်များနှင့် စီစဉ်တော့၏။ ကုသိုလ်ကောင်းမှုပြုရန် လှူဖွယ်ဝတ္ထုပစ္စည်း အစုစုကိုလည်း စုဆောင်းပြင်ဆင်ထားပြီးပေပြီ။

နှုတ်ငုံတော် အရင့်အမာကို လွယ်ထားရသော မိဖုရားကြီးသည်ဥယျာဉ်တော်အတွင်း ယာယီစံနန်းတွင် နဝင်္ဂသီလကို ဆောက်တည်လျက်ရှိ၏။ ထေနေယျသတ္တဝါအပေါင်းအား မေတ္တာပို့လျက်ရှိသည်။ ပြီး အဓိဋ္ဌာန်ပုတီးစိပ်ပြန်၏။ လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းပြီးတိုင်း၊ ဘာဝနာပွားများပြီးတိုင်းလည်း 'ဤသို့ ပြုရမြတ်ဒါနကြောင့် နန်းလျာသားတော်လေးတစ်ပါး ဖွားမြင်ရပါလို၏ အရှင်ဘုရား... ' ဟု ဆုတောင်းနေ၏။

ထိုသို့ မိဖုရားကြီးက စစ်မှန်သော အဓိဋ္ဌာန်ဥပုသ်ဝင်နေစဉ် သီးခြားယာယီဆောင်ရှိ သီပေါမင်းတရားကား ကာမဂုဏ်ရေယဉ်ကြောတွင် နစ်မျောလျက်ရှိ၏။ အတိုင်းမသိပျော်ရွှင်နေ၏။ ခင်ခင်ကြီးမှာလည်း သူ၏ 'ပျောက်ဆုံးနေသော ကမ္ဘာလေး' ပြန်လည်တွေ့ရှိရပြီမို့ ဆီထိပွမ်းသို့ ရွှင်လန်းဝမ်းမြောက်နေရှာသည်။ သူ၏ အလွမ်းမျက်ရည်တို့ပင် မေတ္တာရေစင်ဘဝသို့ ကူးပြောင်းကာ သီပေါမင်းတရားအပေါ် သွန်းဖျန်းလျက်ရှိသည်။

အဓိဋ္ဌာန်ဥပုသ်ရက်များကား ကုန်ဆုံးသွားပေပြီ။ အဓိဋ္ဌာန်ပြီးမြောက်သွားသဖြင့် စုဖုရားလတ်၏ ဘဝင်နှလုံးသည် ပီတိနှင့် ဆုံတွေ့နေရသည်။ ကိုယ်ဟန်သွက်မြူးကြွနေ၏။ မျက်နှာမှာ တိမ်စင်လနှယ် ကြင်လင်နေ၏။ ကောင်းမှုကုသိုလ်၏ အကျိုးဆက်ကား ပစ္စက္ခဘဝမှာ ကြီးမားလှပါဘိ။ သည့်နှယ်တွေး၍ စိတ်အေးချမ်းသာ ရှိနေရှာသည်။

ဝါခေါင်လသို့ ရောက်သောအခါ အရှင်နန်းမတော် စုဖုရားလတ်သည် သမီးတော်တစ်ပါးကို ဖွားမြင်ပြန်၏။ သားတော်လေး တစ်ပါးကို မျှော်လင့်တောင့်တခဲ့သော်လည်း မျှော်လင့်သလို ဖြစ်မလာခဲ့။ သို့သော် စုဖုရားလတ်သည် စိတ်ပျက်မသွားပေ။

'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' ဆိုသည့်အတိုင်းပင် ရေပြည့်မိုးရွာသွန်းလျက်ရှိ၏။ မိုးရွာပြီဆိုသည်နှင့် နေ့မစဲ ညမစဲ တသဲသဲရွာနေတတ်သည်။ ခြေညောင်းလက်ဆန့်မျှပင် အပြင်သို့ ထွက်မရခဲ့။

ယနေ့တွင်ကား ရတနာပုံနေပြည်တော်တစ်ခိုက ရွှေမိုးသည် ဘယ်လိုများ သဝေထိုးလေသည်မသိ။ အတန်ငယ်စဲကာ နေရောင်ဖျော့ဖျော့ ကလေးများပင် လင်းလက်၍လာသည်။ သစ်ရွက်သစ်ခက်တို့ပေါ် တင်ကျန်ရစ်နေသော

www.burmeseclassic.com

www.burmeseclassic.com



င်းရေစက်များကို နေခြည်နုနု ဖြတ်သွားသောအခါ တလက်လက် တဖိတ်ဖိတ် အရောင်တောက်လာ၏။

ထိုနေ့သည် စုဖုရားလတ် မီးရှူးသန့်စင်ပြီးနောက် ဆယ့်ငါးရက်မြောက် သောနေ့ဖြစ်သည်။ စုဖုရားလတ်သည် ဆေးရောင်စုံခြယ်ထားသော အိတာလျံ ဆောင်တွင် မှီအုံးကို မှီလျက် စံနေ၏။ သည်အဆောင်ကို ရေပန်းတော်ဆောင် ဟုလည်း ခေါ်ကြသည်။ အဆောင်၏ မျက်နှာစာနန်းရင်ပြင်တွင် ရေပန်းများ ထွက်နေသည့်တိုင်များ ရှိသောကြောင့်ပင်ဖြစ်သည်။ ရေပန်းများပေါ်သို့ နေရောင် ခြည်ဖြတ်သွားသောအခါ စိန်ရောင်တောက်နေ၏။ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့ သည် စာတ်သဘင်များ မရှိသည့်ညနေခင်း၌ သည်အဆောင်တွင် အေးအေး ဆေးဆေး အနားယူလေ့ရှိသည်။

စုဖုရားလတ်သည် ရေပန်းမှ ထွက်လာသော ရေဖွားကလေးများကိုငေး နေသည်။ ထိုအချိန်တွင် စုဖုရားလတ်မင်းသမီးဘဝကတည်းက ခစားလာခဲ့သော နိုင်ငံခြားသွေးစပ် အပျိုတော် 'မဲ့တ်တီ' လည်း မိဖုရားအပါးတွင် ခစားလျက် ရှိနေခဲ့သည်။ မတ်တီသည် ဂရိလူမျိုးကာလာဂရီဒီနှင့် မြန်မာမိခင်တို့မှ ဆေါက်ဖွားလာသူဖြစ်၏။ ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားပြီဖြစ်၍ ငယ်ငယ်ရွယ် ရွယ်နှင့် မုဆိုးမလေးဖြစ်နေရှာသည်။ သူသည် 'ဝဲအပျိုတော်' ဖြစ်၏။

ဝဲအပျိုတော်ဆိုသည်မှာ မှန်နန်းအပျိုတော်နှင့်မတူပေ။ မှန်နန်းအပျို တော်များမှာ ရှင်ဘုရင်ခြေတော်တင်ရန် လျာထားခြင်းခံရ၏။ ဝဲအပျိုတော်များကို အား မင်းတရားက စည်းစောင့်၏။ တစ်သီးတစ်ခြား သဘောထား၏။ ထို့ ကြောင့်ပင် နိုင်ငံခြား အမျိုးသမီးများ ဝဲအပျိုတော်အဖြစ် ခစားကြသည်။

ယင်းသို့ မတ်တီ ခစားနေခိုက် ရွှေနန်းရင်ပြင်တွင် ဆူဆူညံညံအသံ များပေါ်လာ၏။ နိုင်ငံခြားသူကလေး တစ်ဦးသည် စုဖုရားလတ်ထံ ဝင်ရောက် ရန် ကြိုးစားနေ၏။ စုဖုရား အနားယူချိန်ဖြစ်၍ အစောင့်အကြပ်များက ခွင့် မပြုကြပေ။ နိုင်ငံခြားသူကလေးမှာ ငိုယို၍ တောင်းပန်တိုးလျှိုးနေပြန်သည်။ သို့နှင့် စုဖုရားလတ်၏ အပျိုတော်တစ်ပါးသည် စုဖုရားအား လျှောက်ထား လိုက်သည်။ မိဖုရားရှေ့တော်မှောက်သို့ ဝင်ရောက်ခစားလာသူကလေးမှာ ပြင်သစ်ရက်ကန်းဆရာကြီး၏သမီး မစ္စဒင်နီဂရီးဆိုသူပင်ဖြစ်သည်။

ဒင်နီဂရီးသည် လက်များကိုယှက်လျက် နဖူးပေါ်တင်ကာ ကိုယ်ကို ခိုင်းညွတ် အရိုအသေပြုပြီးနောက် တည်ငြိမ်စွာ သံတော်ဦးတင်လိုက်သည်။

တင်လျှောက်ချက်များကို မတ်တီသည် အံ့သြစွာ နားထောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စုဖုရား၏ ရှေ့တော်မှောက်တွင် တင်လျှောက်နေသော ဒင်နီဂရီး၏ မောင်သည် မကြာမီကပင် ပြင်သစ်ပြည်မှ အလည်အပတ်ရောက်ခဲ့သည်။ နေပြည်တော်တွင် အတန်ကြာနေပြီးနောက် ဌာနသို့ပြန်ရန်အစုန်စာပို့သင်္ဘောနှင့် လိုက်ပါသွား၏။ သည်တွင် ယခုတင်လျှောက်နေသော ပြဿနာပေါ်ပေါက်လာတော့သည်။

ပြဿနာကား ဤသို့ဖြစ်၏။ နေပြည်တော်တွင် အမှုထမ်းနေသော အင်ဂျင်နီယာ ဘွန်ဗီလိန်သည် ဒင်နီဂရီး၏ မောင်လက်ထဲတွင် ရွှေဓားနှစ်လက်ကို ပါးလိုက်၏။ ပြင်သစ်နိုင်ငံရှိ သူ၏ဆွေမျိုးများထံ ပေးရန်လက်ဆောင်ပဖြစ်သည်။ ဒင်နီဂရီး၏ မောင်သည် လက်ဆောင်ဓားကို ထုပ်ပိုးသယ်ဆောင်သွား၏။ စာပို့သင်္ဘောမင်းလှမြို့သို့ ဆိုက်ရောက်သောအခါ မြန်မာအရာရှိများ သင်္ဘောပေါ် တက်လာကြသည်။ ပြီး ... ပစ္စည်းများကို စစ်ဆေးကြတော့သည်။

သည်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ထုတ်ယူခွင့်မပြုသင့်သော ရွှေဓားနှစ်လက်ကို တွေ့မြင်သွားကြသည်။ မြန်မာအရာရှိတို့သည် အကြောင်းကို စစ်မေးရတော့၏။ ခရီးသည်ကလည်း အဟုန်အတိုင်းပင် အစစ်ခံ၏။ 'မိမိသည် မန္တလေးရှိ ဖခင်ရက်ကန်းဆရာကြီးထံ အလည်သွားရောက်ခဲ့သည်။ အပြန်တွင် အင်ဂျင်နီယာ ဘွန်ဗီလိန်က ရွှေဓားနှစ်လက်ကို ဆွေမျိုးများအတွက် လက်ဆောင်ပါးလိုက်သည်။ ပြင်သစ်ရောက်လျှင် အင်ဂျင်နီယာ၏ ဆွေမျိုးများထံ သွားပို့ပေးရမည် ...'

မြန်မာအရာရှိတို့သည် ခရီးသည်ကိုကား ဆက်လက်သွားခွင့်ပြုလိုက်သည်။ သို့သော် ရွှေဓားနှစ်လက်ကိုမူ သိမ်းဆည်းထားလိုက်တော့သည်။ ခရီးသည်သည် ထိုအကြောင်းကို သူ၏ဖခင် ရက်ကန်းဆရာကြီးနှင့် အင်ဂျင်နီယာတို့ထံသို့ စာရေးလိုက်၏။

မင်းလှမြို့ရှိ မြန်မာအရာရှိများ တိုင်ကြားချက်အရ သက်ဆိုင်ရာ အာဏာပိုင်တို့သည် ရက်ကန်းဆရာကြီးနှင့် ဘွန်ဗီလိန်တို့အား နန်းတော်သို့ အမြန်လာရန် ဆင့်ခေါ်လိုက်သည်။ ရှနောင်မင်းသား မောင်မောင်တုတ်သည် သူတို့ကို အကျဉ်းချထားလိုက်တော့၏။ အကြောင်းရင်းကို မသိရှာသေးသော ရက်ကန်းဆရာကြီးသည် ဖမ်းဆီးသူများကို ခုခံ၏။ ထို့အတွက် သူ့ကိုမညှာ မတာရိုက်နှက်ပြီး သံခြေချင်းခတ်ထားလိုက်ကြသည်။

ဒင်နီဂရီးသည် ထိုညဉ့်တစ်ညဉ့်လုံး ဖခင်ပြန်လာနိုးနှင့် ထိုင်စောင့်နေခဲ့၏။ နံနက်လင်းသည့်တိုင် ပြန်မလာသဖြင့် သွားရောက်စုံစမ်းရာမှ ဖမ်းဆီးထားကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတို့မည်သည် ဘေးရောက်သည့်အခါ အားကိုးရာကို အမှတ်ရစမြဲဖြစ်၏။ ယခုလည်း ဒင်နီဂရီးသည် စုဖုရားလတ်ကို အမှတ်ရလာ၏။ စုဖုရားလတ်သည် သူ့ကို'မာရရား ... မာရရား' ဟုခေါ်ကာ အင်မတန်ချစ်သည် မဟုတ်ပါလား။

တစ်ခါတုန်းက ဖြစ်၏။ စုဖုရားလတ်သည် ဘုရင့်ဘဏ္ဍာတိုက်မှ ငွေတစ်သောင်းငါးထောင်ကို ထုတ်ပေးပြီး ဒင်နီဂရီး၏ မောင်ကို စလင်းတွင်ရှားစေးအဝယ်လွှတ်လိုက်သည်။ သူ့မောင်သည် မြန်မာစကား မရည်မလည်မို့ ရှားသမားများသည် ရှားမအပ်ဘဲ ငွေကိုသာ လိမ်ယူလိုက်ကြ၏။ ဒင်နီဂရီး၏မောင်သည် ကြောက်လွန်းသဖြင့် ရွှေမြို့တော်သို့ပင် ပြန်မလာဝံ့တော့ပေ။

စုဖုရားလတ်သည် ဒင်နီဂရီးကို ရှေ့တော်သို့ခေါ်ပြီး 'မာရရား ... လာဦး ... ညည်းမောင်က လူလဲမပေါ်လာ၊ ရှားလဲ မမြင်ရပါလား ...'ဟု မေးသည်။

'မာရရား သိတော်မမူပါဘူး ဘုရား' ဟု မြန်မာစကားမရေမလည်နှင့် ဒင်နီဂရီးက ပြန်လည်လျှောက်မိ၏။

စုဖုရားလတ်သည် ပြုံးပြီး 'မာရရား သိတော်မမူဘူးတဲ့လား...'ဟု မိန့်ပြီး အမှုကို ပလပ်လိုက်ဖူးသည်။ သည်မျှသူ့ကိုချစ်သည်။ ငဲ့ညှာသနားခဲ့သည်။

သည်အားကိုးနှင့် ဒင်နီဂရီးသည် စုဖုရားလတ်ထံ ဝင်ရောက်စေးလာသည်။ သည်ကိစ္စကို စစ်ဆေးမေးမြန်းပေးပါဟုလည်း အသနားခံနေရှာသည်။

စုဖုရားလတ်သည် မိမိမကျေမနပ်ဖြစ်နေသော မောင်မောင်တုတ်၏ အမည်ကို ကြားလိုက်ရသောအခါ ဆတ်ခနဲလှုပ်ရှားသွား၏။ စိတ်ထဲတွင် အနှောင့်အယှက်ဝင်လာ၏။ ရက်ကန်းဆရာကြီးမှာ မိမိ၏ဝဲအပျိုတော် ပြင်သစ်သူ ဒင်နီဂရီး၏ ဖခင်ဖြစ်သည်။ ယခုကဲ့သို့ ဥရောပတိုက်သားများကို ဖမ်းဆီးခြင်းမှာ မိမိကိုတိုက်ရိုက်စော်ကားခြင်းပင်ဖြစ်သည်ဟု မြင်မိသွား၏။

ထို့ကြောင့် စုဖုရားလတ်သည် မောင်တော်သီပေါဘုရင်နှင့် မောင်မောင်တုတ်တို့ ရှိရာသို့ ချက်ချင်းထွက်လာသည်။ လုပ်ရိုးလုပ်စဉ်အတိုင်း ရွှေနန်းဘုရားထံ မိမိကြွလာမည့်အကြောင်း အထောက်တော်ပင် မလွှတ်တော့ချေ။

မှဆိုးမလေး အပျိုတော်မတ်တီသည် ရင်တမမ၊ အသည်းတထိတ်ထိတ်နှင့် ကျန်ရစ်ခဲ့သည်။ သူ့ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေ၏။ ဘေးတိုးနှုန်းလည်း မြန်လာ၏။ ခုအဖမ်းခံနေရသည်ဆိုသော ပြင်သစ်အင်ဂျင်နီယာ ဘွန်ဗီလိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



သူ၏ တိတ်တခိုးချစ်သူဖြစ်သည်။ ဒင်နီဂရီးအိမ်သို့ မတ်တီရောက်တိုင်း ဘွန်ဗီလိန်နှင့် ဆုံမိကြသည်။ ဆုံမိတိုင်းလည်း မျက်လုံးချင်း စကားဆိုခဲ့ကြသည်။ ခုတော့ သူ၏တိတ်တခိုးချစ်သူသည်ရှနောင်မောင်မောင်တုတ်၏ ဖမ်းဆီးခြင်းကို ခံနေရပေပြီ။ မတ်တီသည် အင်မတန် စိတ်ညစ်သွား၏။ ချစ်သူဒုက္ခမရောက်အောင် ဘယ်လိုလုပ်ရပါ့မလဲ။

မကြာလှချေ။ စုဖုရားလတ် ပြန်ကြွလာ၏။ သူသည် မျက်လွှာကိုချပြီး မျက်မှောင်ကြုတ်ထား၏။ တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်လာပုံရသည်။ စုဖုရားလတ်၏ အမျက်တော်မီးမီးဘက် လှည့်လာမည်ကို အပျိုတော်မတ်တီ စိုးရိမ်မိ၏။ ထို့ကြောင့် အသက်ပင် ပြင်းပြင်း မရှူဝံ့။ မျက်နှာသေဖြင့် ငြိမ်ငြိမ်ကလေး ခစားနေလိုက်သည်။ ခန်းမတစ်ခုလုံး တိတ်ဆိတ်နေ၏။ မည်သူမျှ မလှုပ်ရဲကြပေ။ ခဏကြာသောအခါ စုဖုရားလတ်သည် စားနှစ်လက်ကိစ္စကို မတ်တီအား ပြောပြတော့သည်။

ဘွန်ဗီလိန်က လက်ဆောင်ပါးလိုက်သော ရွှေစားနှစ်လက်မှာ နယ်နယ်ရရမဟုတ်။ ရွှေနန်းတော်ရှိ မင်းညီမင်းသားများသာ ကိုင်ဆောင်ခွင့်ရှိသော ရွှေစားများဖြစ်သည်။ မောင်မောင်တုတ် လျှောက်တင်ချက်အရ စားနှစ်လက်မှာ ပြည်ပရောက်ညောင်ရမ်းညီနောင်တို့အတွက် ဖြစ်သည်။ သည်စားများသည် မင်းညီမင်းသားများအတွက် အထွက်အမြတ်ဖြစ်သည်ကား မှန်၏။ သို့သော် ကာလကတ္တားရှိ မင်းသားများအတွက် မည်မျှထိရောက်သော လက်နက်ဖြစ်နိုင်သည်ကို မတ်တီအနေဖြင့် သဘောမပေါက်နိုင်အောင် ရှိတော့သည်။ နောက်ဆုံး စုဖုရားလတ်ရှင်းပြမှပင် မတ်တီသဘောပေါက်သွားသည်။

'ညောင်ရမ်းမင်းသားသည် သည်စားကိုစွဲကိုင်ပြီး နန်းပလ္လင်ပေါ် တက်လာနိုင်သည်' ... တဲ့။

ဥရောပတိုက်သားများကို ဖမ်းချုပ်ထားသည် ဆိုစဉ်က စုဖုရားလတ်သည် မောင်မောင်တုတ်ကို တော်တော်မကျေမနပ်ဖြစ်သွား၏။ မိမိကိုစော်ကားခြင်း သက်သက်ဖြစ်သည်ဟု ယူဆသောကြောင့်လည်း စိတ်လိုက်မာန်ပါ ထလာခြင်းဖြစ်သည်။ သို့သော် မောင်မောင်တုတ်က စားနှစ်လက်နှင့် ညောင်ရမ်းညီနောင်တို့ အရေးကို ဆက်စပ်ပြလိုက်သောအခါ စုဖုရားလတ်သည် မီးထိန်းစက်သို့ သွက်သွက်ခါမျှ တုန်လှုပ်ချောက်ချားသွား၏။ မောင်မောင်တုတ်ကို ဘယ်မျှကြည့်၍ မရသည်မှန်စေ၊ သည်တစ်ကြိမ်တွင်မူ မောင်မောင်တုတ် ဆောင်ရွက်ချက်မှာ မှန်ကန်လှပေသည်ဟု ထောက်ခံမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင့် ယခင်ကဆိုလျှင် စုဖုရားလတ်၏ အမြင်နှင့် မောင်မောင်တုတ်တို့၏ အမြင်မှာ အရှေ့နှင့်အနောက်ပမာ အမြဲတမ်း ဆန့်ကျင်လျက်ရှိ၏။ စုဖုရားလတ်က နိုင်ငံခြားသားများကို အသုံးပြုကာ သူတို့ထံမှ အကောင်းမှန်သမျှ ရယူနိုင်သည်ဟု မြင်၏။ နန်းတော်သို့ ရောက်ရှိလာသော ပြင်သစ်ပြည်ဖြစ် ပစ္စည်းများကို အထူးနှစ်သက်သဘောကျ၏။ သံစုံနာရီများ၊ ရွှေနားကွပ်ကြည့်မှန်များ၊ ရေမွှေးစသည့် အလှပြင်ပစ္စည်းများ၊ ကြွေထည်များ စသည် စသည်တို့သည် စုဖုရားလတ် မက်မောသော၊ ခုံမင်သော နိုင်ငံခြားပစ္စည်းများဖြစ်ကြသည်။

နန်းတော်တွင်းရှိ နိုင်ငံခြားသားများကိုလည်း စုဖုရားက ခင်မင်၏။ သံယောဇဉ်ဖြစ်မိ၏။ မခင်မင်ဘဲ နေနိုင်ပါမည်လား၊ စုဖုရားလတ်နှင့် တွေ့သမျှသော နိုင်ငံခြားသားကလည်း အလွန်အမင်းနိမ့်ချ၍ အရိုအသေပေးလွန်းကြ၏။ သည်အချက်တွေကြောင့်လည်း စုဖုရားလတ်သည် အမှန်တရားကို တိတိပပ မမြင်နိုင်ခဲ့ချေ။

မောင်မောင်တုတ်ကမူ နိုင်ငံခြားသားများကို တစ်မျိုးမြင်၏။ ပြင်သစ်၊ အီတလီ အပါအဝင်နိုင်ငံခြားသား မှန်သမျှအပေါ်၌ မယုံသင်္ကာဖြစ်နေသည်။ ရတနာပုံနေပြည်တော်တွင် စုပြုံရောက်ရှိနေသော သူတို့အားလုံးပင် လူလိမ်လူညာများ အဖြစ်သာမြင်နေ၏။ သူ့ရည်ရွယ်ချက်မှာ ကုန်းဘောင်မင်းဆက်၏ အာဏာစက် အရှိန်အဝါပြန်လည်တောက်ပြောင်လာရန် ဖြစ်၏။ သည်အရှိန်အဝါနှင့်အတူ သူ၏ တန်ခိုးသြဇာအာဏာလည်း ကြီးမားလာစေရန် ဖြစ်လေသည်။

သည်သို့ အမြင်ချင်းကွာခြားသော်လည်း စုဖုရားလတ်နှင့် မောင်မောင်တုတ်တို့နှစ်ဦးစလုံးပင် ဘုန်းမီးတေဇာအရှိန်အဝါကို နှစ်သက်သဘောကျကြသည်။ ထို့ကြောင့်ပင် စားနှစ်လက်ကိစ္စ၌ အကြိုက်ညီသွားကြခြင်းဖြစ်၏။

မတ်တီသည် စုဖုရားလတ်၏ သဘောထားကိုပါ သိရပြီးနောက် ချစ်သူ ဘွန်ဗီလိန်အတွက် အစိုးရိမ်ကြီး စိုးရိမ်သွား၏။ ယခုအတိုင်းဆိုပါက ချစ်သူအတွက် လွတ်လမ်းမရှိနိုင်ပြီ။ မောင်မောင်တုတ်၏ အပြစ်ကို ဗိုလ်ပြင် ဖော်ပြနိုင်မှသာ စုဖုရားလတ်ကို ချဉ်းကပ်နိုင်မည်။ အကျဉ်းကျနေသူ့အတွက် အသနားခံနိုင်ပေမည်။ မောင်မောင်တုတ်စကားကို လက်ခံထားသ၍ အသနားခံ၍ မဖြစ်နိုင်တော့ကြောင်း မတ်တီ သဘောပေါက်ပေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



မတ်တီသည် ခေတ္တတွေ၍ စဉ်းစားလိုက်၏။ စုဖုရားလတ်၏ ပျော့ကွက် ဟာကွက်ကို စိတ်တွင်းမှ အပြေးအလွှားရှာကြည့်လိုက်သည်။ တွေ့ပါပြီ။ စုဖုရားလတ်သည် မောင်တော်သီပေါနှင့် ပတ်သက်လာလျှင် ဆတ်ဆတ်ထိ မခံတတ်ပြီ မဟုတ်ပါလား။ သို့ဆိုလျှင် . . . ။

အကွက်စေ့စေ့ စဉ်းစားပြီးနောက် မတ်တီသည် ဘေးဘီကိုစောင်းငဲ့ကြည့် လိုက်၏။ မည်သူမျှအနားတွင် မရှိကြောင်း သေချာသောအခါ 'အရှင်နန်း မတော်ဖုရား' ဟု အစချီကာ ခင်ခင်ကြီးနှင့်သီပေါဘုရင်တို့၏ အချစ်ဇာတ် လမ်းကို မချွင်းမချန်တင်လျှောက်လိုက်တော့သည်။

'အရှင် နန်းမတော်ဖုရားက ရနောင်မင်းသားပြောသမျှကို ယုံတော်မူ နေတာပဲ။ အမှန်မှာ ရနောင်မင်းသားဟာ အရှင်နန်းမတော်ဖုရားရဲ့ အကျိုးကို တကယ်လိုလားသူ မဟုတ်ပါ။ အရှင် နန်းမတော်ရဲ့ တန်းခိုးအရှိန်အဝါကို ချိုးနှိမ်ဖို့လောက်သာ စဉ်းစားနေတဲ့လူပါ။ ရှင်ဘုရင်ဆိုတာ မိဖုရားအများကြီး ထားပြီး ပျော်ပျော်ပါးပါး စံစားရတယ်လို့ အမြဲပဲ တိုက်တွန်းနေပါတယ်။ ပြီးတော့ . . .'

မတ်တီသည် ပြီးတော့ဟု ဆိုပြီးနောက် ရှေ့မဆက်ဘဲ ရပ်ထားလိုက်သည်။

စုဖုရားလတ်သည် မတ်တီက ဆက်မပြောသဖြင့် အားမလိုအားမရ ဖြစ်လာသည်။ ထို့ကြောင့် မတ်တီ၏ စကားကို ဝင်ထောက်လိုက်သည်။

'ပြီးတော့ . . . ဘာဖြစ်သလဲမတ်တီရဲ့ ဆက်ပြောစမ်းပါ'

မတ်တီသည် စုဖုရားလတ်ကို မျက်တောင်ကော့ကြီးများအောက်မှ တိတ်တိတ်ခိုးကြည့်သည်။ သိလိုစိတ် ပြင်းထန်နေကြောင်း တွေ့ရသောအခါ မတ်တီသည် အားတက်လာသဖြင့် ဆက်လက်လျှောက်တင်လိုက်သည်။

'အရှင် နန်းမတော်ဖုရား သမီးတော်ကလေးကို မီးရှူးသန့်စင် ဖွားမြင် နေတုန်းကပေါ့၊ ရနောင်မောင်မောင်တုတ်ဟာ ဘုရင်မင်းတရားကို အပျိုတော် တစ်ပါးနဲ့ ဆက်သွယ်ပေးခဲ့ပါတယ်။ သူတို့ညတိုင်းပဲ ဥယျာဉ်ထဲမှာ တွေ့ကြ တယ်ဘုရား။ ဘုန်းတော်ကြီး ဘုရားဟာ အပျိုတော်ကလေးကို အင်မတန် မေတ္တာရှိပုံရပါတယ်။ မြောက်နန်းမိဖုရားအရာကို ပေးမယ်လို့လည်း အာမခံ တယ်တဲ့ ဘုရား'

စုဖုရားလတ်၏ ကိုယ်သည် ဆတ်ခနဲဖြစ်သွား၏။ ပေါင်ပေါ်တွင်တင် ထားသော လက်များကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ မျက်လုံးများမှာ အခိုးအငွေ့ထွက်လာမတတ် တောက်ပြောင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်တော်ဘုရားနဲ့ ဆက်သွယ်ခဲ့တဲ့ အပျိုတော်ဟာ ဘယ်သူလဲ မတ်တီ'

'ခင်ခင်ကြီးပါ၊ ဒိုင်းအတွင်းဝန်ရဲ့ သမီးခင်ခင်ကြီးပါ'

'အင်း ... ဒါကြောင့် ဆေးဝါးကုသဖို့ဆိုပြီး အိမ်ပြန်ခွင့်တောင်းခဲ့တာကိုး'

စုဖုရားလတ်သည် သက်ပြင်းချကာ တည်တည်ငြိမ်ငြိမ်ပင်ပြောသည်။ ပြီး အပြင်ဘက်ရှိ ရေပန်းများကိုစိုက်ကြည့်ရင်း အံကိုကြိတ်လိုက်သည်။

မိဖုရားကြီး စိတ်ထိခိုက်နေပြီလား။ ဒေါသထွက်နေပြီးလား။ မတ်တီသည် မဝေခွဲတတ်။ သို့သော် သည်အခြေအနေကို အခွင့်ကောင်းယူကာ မတ်တီသည် လိုရင်းရောက်အောင် ဆက်လက်လျှောက်တင်ပြန်သည်။

'ဘုန်းတော်ကြီး ဘုရားနဲ့ ခင်ခင်ကြီးတို့အရေး အမြန်အထမြောက်အောင် မြင်ဖို့ ရနောင်မင်းသားက မအိပ်မနေကြိုးစားပေးပါတယ်။ ခင်ခင်ကြီး မိဘ တွေဆီသွားပြောဖို့လည်း သူ့ကိုပဲ ဘုန်းတော်ကြီးဘုရားက အမိန့်ပေးတယ်။ ဒိုင်းဝန်မင်းက အရှင်နန်းမတော်ဖုရားရဲ့ ဓားကိုကြောက်တယ်တဲ့၊ ဒီတော့ ဘုရင်မင်းမြတ်က ခင်ခင်ကြီးကို သူ့အသက်နဲ့လဲပြီး ကာကွယ်မယ်လို့ ကတိ ပေးတယ်။ ဒီကိစ္စနန်းမတော် သိသွားရင် သတင်းပို့သူကို သေဒဏ်ပေးမယ်လို့ မင်းတရားက အမိန့်ထုတ်ထားတယ်။ သေရမှာကြောက်လို့ ဘယ်သူမှ သံတော်ဦးမတင်ဝံ့ကြဘူး။ မတ်တီသာ အရှင်နန်းမတော်ရဲ့အကျိုးကို လိုလားလို့ အသက်ကို ပဓာနမထားဘဲ လျှောက်တင်ဝံ့ခြင်း ဖြစ်ပါတယ်'

မတ်တီသည် ဤသို့ မနားတမ်းလျှောက်တင်ပြီး စုဖုရားလတ်အား အကဲခတ်လိုက်သည်။ စုဖုရားလတ်သည် မျက်မှောင်ကုတ်ပြီး ခေါင်းတညိတ် ညိတ်လုပ်နေသည်။ မတ်တီသည် အသက်ကိုဝအောင်ရှူပြီးနောက် ဆက်လက် တင်လျှောက်ပြန်သည်။

'အခု အရှင်နန်းမတော်ဖုရားရဲ့ အမှုတော်ကို ထမ်းရွက်နေတဲ့ နိုင်ငံ ခြားသားနှစ်ဦးကိစ္စဟာလည်း ရနောင်မင်းသားက သက်သက်ဥာဏ်ဆင်တာပါ။ အရှင်နန်းမတော်နဲ့ ခင်မင်သူတွေကို ဖမ်းတာဟာ အရှင့်ကို သက်သက် စော်ကားလိုက်တာပါပဲ။ အဖမ်းခံနေရတဲ့ နိုင်ငံခြားသားတွေကို နန်းမတော်တို့ မြှောက်စားထားတာမို့ နန်းမတော်ဖုရားတို့ ပျက်စီးအောင် ကြံစည်ဝံ့ကြမယ် မဟုတ်ပါ ဘုရား'

အပျိုတော် မတ်တီရှို့လိုက်သော မီးသည် စုဖုရားလတ်မိဖုရားကြီးအား နှလုံးသားပွတ်သို့တိုင် စွဲငြိလောင်ကျွမ်းသွားပြီဖြစ်၏။ ရင်ထဲတွင် ဖော်မပြနိုင်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ပူလာသည်။ အာခေါင်တွေ ခြောက်လာ၏။ သူ့အကြား အာရုံတို့သည်လည်း အဝေးသို့ လွင့်စဉ်သွားကုန်ပြီ။ ဦးခေါင်းသည် အိုးထိန်း စက်ပမာ တရိပ်ရိပ် လည်လာသဖြင့် သလွန်ပေါ်ထိုင်နေရင်း မျက်လုံးအစုံကို မှိတ်လိုက်ရလေသည်။

မတ်တီသည် မိဖုရားတစ်ပါးတည်း စဉ်းစားတွေးတောနိုင်ရန် အပါးတော်မှ အသာအယာခွာခဲ့သည်။ မတ်တီအဖို့ ကံကောင်းသည်ဟုဆိုရပေမည်။ မရှေးမနှောင်းမှာပင် သီပေါမင်းတရားသည် ရေပန်းတော်ဆောင်သို့ တစ်ပါးတည်း ကြွလာ၏။ ကြမ္မာဂြိုဟ်ဆိုးသည် သူ့အားမျှော်နေပြီကို မင်းတရား စိုးစဉ်းမျှပင် မသိသေးပါချေ။

မိဖုရားကြီးကို မြင်သော နေရာသို့ ရောက်သောအခါ မျက်နှာတော်ကို လှမ်း၍ အကဲခတ်လိုက်၏။ မကြာသေးသော ကာလကပင် မိမိနှင့်တွေ့ခဲ့သေးသည်။ စားနစ်လက်ကိစ္စ ဆွေးနွေးကြသေးသည်။ ကြည်ကြည်သာသာ ပင်ရှိနေခဲ့၏။ ယခုမူ မိဖုရားကြီး၏ မျက်နှာတော်မှာ သုန်မှုန်လျက်။ နှုတ်ခမ်း ကိုလည်း တင်းတင်းစေ့ထားလိုက်သေးသည်။ မိမိကိုပင် စားတော့ဝါးတော့ မတတ် စိန်းစိန်းကြည့်နေသည်။ ဘာကိုများ အလိုမကျဖြစ်နေပြီလဲ။ သီပေါ မင်းတရားသည် သည်သို့တွေးလျက် နမတော်စုဖုရားကိုချော့မော့နှစ်သိမ့်ရန် အနားသို့ ကပ်လာသည်။

စုဖုရားလတ်သည် သလွန်ပေါ်တွင် ထိုင်နေရာမှ ရုတ်ခနဲ မတ်တတ်ရပ် လိုက်၏။ ပြီး သီပေါမင်း၏ လက်မောင်းနှစ်ဖက်ကို သူ့၏ လက်ချောင်းကလေး များဖြင့် တင်းတင်းဆုပ်ကိုင်လိုက်သည်။ မြဲမြဲဆုပ်ကိုင်ပြီးသည့်အခါတွင် သီပေါမင်းတရား၏ ကိုယ်ကိုရှေ့ထိုးနောက်ငင် တွန်းထိုး၏။

ထိုအချိန်အထိ စုဖုရားလတ် နှုတ်မှ စကားတစ်ခွန်းမျှ ထွက်မလာသေး ချေ။ အားရလောက်အောင် ထုနှက်ကုတ်ဖဲ့ပြီးနောက် သီပေါမင်းအား အဆောင် အပြင်သို့ တွန်းထုတ်လိုက်သည်။

စုဖုရားလတ်၏ ရင်မှာဖားဖိုးပမာ နိမ့်တုံမြင့်တုံရှိနေသည်။ သူသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

တဖြည်းဖြည်းမြင့်တက်လာသော စုဖုရားလတ်၏ ဒေါသသည်နောက် ဆုံးတွင် ဆုတ်နစ်သော ဒေါသအဖြစ် ကူးပြောင်းသွားပေပြီ။ စုဖုရားလတ်သည် သူ၏ရင်လွှာတော်ကို ဆွဲဆုတ်၍ ရင်ကိုထုကာ ထုကာ ရှိုက်ကြီးတငင်ငိုကြွေး လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်မှာ မိဖုရားကြီး တွန်းထိုးကုတ်ဖဲ့သမျှကို အရုပ်ပမာ ခံနေရှာသည်။ ဘာဆိုဘာမျှ မသိ။ စောစောကပင် အကောင်းပကတိ၊ ယခု မိဖုရားကြီး ရူးသွားလေပြီလား။ အကြောင်းရင်း မည်သို့ရှိလေသည်ကို မေးရန် ဝံယာလှမ်းကြည့်၏။ အပျိုတော်တွေ အရိပ်အယောင်မျှပင် မတွေ့ချေ။ မိဖုရားကြီးမှာ ငိုလို့သာနေတော့သည်။ မေး၍မရပေ။ ဘာကိုမျှ မေးမရသည့်အဆုံးသီပေါဘုရင်သည် ချာခနဲလှည့်ကာ နန်းရင်ပြင်တစ်လျှောက်ခပ်သုတ်သုတ်ထွက်ခွာသွားတော့သည်။

အဆောင်တွင်း တစ်နေရာမှ တိတ်တိတ်ကလေး ကြည့်နေသော မတ်တီသည် အခြေအနေအားလုံးကို မြင်ရ၊ တွေ့ရ၊ ကြားလိုက်ရ၏။ မိမိ ထိုးနှက်ချက် မည်မျှထိရောက်သွားပြီကို သိလိုက်ရသော ခဏမှာပင် မတ်တီ၏ မျက်နှာသည် ပြုံးယောင်သန်းလာ၏။ သူသည် အချစ်သီးချင်းတစ်ပုဒ်ကို တိုးတိုးညည်းရင်း အိမ်ပြန်ခဲ့လေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၁။ ပရိယာယ်ကြွယ်သော စုဖုရား၏ မာယာထောင်ချောက်

မတ်တီ၏ စိမ်ကိန်းမှာ စတင်အကောင်အထည်ပေါ်ပေပြီ။ သူပစ်လိုက်သော မြားသည် တစ်စင်းတည်းနှင့်ပင် တံစို့သီသည့်နှယ် တစ်တန်းကြီးပါလာပေတော့မည်။ မတ်တီသည် တွေးရင်းပြုံးလိုက်၏။ ထိုညတစ်ညလုံး မတ်တီကောင်းကောင်း အိပ်မပျော်ပေ။ တိတ်တခိုးချစ်သူ ဘွန်ဗီလန်အတွက် ပူဆွေးသောကရောက်နေ၍ ဖြစ်၏။ နောက်နေ့မနက် အရွင့်သာသည်နှင့် မတ်တီသည် ရက်ကန်းဆရာကြီးအိမ်သို့ ထွက်ခဲ့သည်။

ရက်ကန်းဆရာကြီး၏ သမီး ဒင်နီဂရီးသည် မတ်တီကို ပြုံးရွှင်စွာနှုတ်ဆက်သည်။ မတ်တီ၏ လက်ကိုသူ့လက်ဖြင့် ဖမ်းဆုပ်ပြီး အားလုံးအဆင်ပြေကြောင်း သတင်းကောင်းပေး၏။ ယနေ့ နံနက်ကြက်ဦးတွန်ချိန်တွင် သူ့ဖခင်နှင့် ဘွန်ဗီလိန်တို့ကို စုဖုရားလတ်၏ အမိန့်တော်ဖြင့် လွှတ်ပေးလိုက်ကြောင်း ပြောပြ၏။ ရက်ကန်းဆရာကြီးသည် အိမ်ဝင်းအတွင်း နံနက်ခင်းနေခြည်နုနုအောက်တွင် နေပူစာလှုံနေ၏။ ပါးပေါ်တွင် ပွန်းပဲ့သွားသည်မှအပ အခြားကြီးကြီးမားမား ဒဏ်ရာမရရှိပေ။ မတ်တီသည် ရက်ကန်းဆရာကြီးကို နှုတ်ဆက်ပြီး ဒင်နီဂရီးနှင့်အတူ ဧည့်ခန်းထဲသို့ ဝင်လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်ကိစ္စတွင် မတ်တီကူညီခဲ့ခြင်းရှိမရှိ သိလိုသဖြင့် ဒင်နီဂရီးက စူးစမ်းလိုက်သည်။

'မတ်တီ ... မင်း မနေ့က မိဖုရားကြီးနဲ့ စကားပြောရရဲ့လား။ အဖေတို့ကိစ္စအတွက် တောင်းပန်လိုက်သေးသလား'

မတ်တီသည် ခေါင်းညိတ်ပြီး ဖြည့်စွက်စကားကိုပင် ဆိုလိုက်သေးသည်။

'တောင်းပန်ရုံ ဘယ်ကမလဲ၊ ဘုန်းတော်ဘုရားကြီးနဲ့ ခင်ခင်ကြီးတို့ အကြောင်းလည်း ပြောပြလိုက်တယ်။ ဒီကိစ္စမှာ အဓိကဇာတ်ဆရာဟာ ရှနောင်မင်းသားပဲဆိုတာကိုပါ ဖော်ထုတ်ခဲ့တယ်'

ဒင်နီဂရီးသည် လျှော်ချက်မိသူကဲ့သို့ ကြက်သေသေကာ မတ်တတ် ရပ်လျက် မတ်တီအား အငေးသားကြည့်နေမိ၏။ ထို့နောက် ပန်းလျသော အသံဖြင့် ပြောလိုက်သည်။

'ခက်တော့တာပဲ၊ မိဖုရားကြီးသာ သိရင် ခင်ကြီးတို့ကို သတ်ပစ်မှာ။ ဒါကိုမင်းလည်းအသိသားနဲ့ မတ်တီရယ်၊ မင်းခဏလောက်တော့ စောင့်ကြည့်ဖို့ ကောင်းပါတယ်'

'ဟင့်အင်း ... မတ်တီမစောင့်နိုင်ဘူး'

မတ်တီ၏ အဖြေကိုကြားရသောအခါ ဒင်နီဂရီးသည် နားလည်သွား၏။ သည်ကိစ္စမှာ မတ်တီ၏နှလုံးသားပြဿနာပင် မဟုတ်ပါလား။ သူ့ချစ်သူ သူ့အတွက်မြောက်ရေးထက် မည်သူ့အရေးကို ဦးစားပေးရပါမည်နည်း။

ဒင်နီဂရီးသည် မတ်တီကို စူးစူးရဲရဲပင် ကြည့်လိုက်၏။ သူ၏အကြည့် သည် မတ်တီ၏ မျက်လုံးမှသည် နှလုံးသားတိုင်အောင် ထိုးဖောက်၍ဝင်သွား သည်။ မတ်တီ၏ ခံစားချက်များကို ကောင်းစွာနားလည်သွားသဖြင့် ခွင့်လွှတ် လိုက်သည်။ ခွင့်လွှတ်ခြင်းနှင့်အတူ မတ်တီရယူလိုသော ဆုကိုလည်း ပေး လိုက်သေးသည်။

'မတ်တီ ... မွန်ရှာဘွန်ဗီလိန်အပေါ်ထပ်မှာ ရှိတယ်၊ ကိုယ်အခုပဲသွားခေါ် ... မင်းဆီလွှတ်လိုက်မယ် ... '

'ရယူလိုသောဆု'။ ဟုတ်ပါသည်။ သည်ဆုမှာ မတ်တီရယူလိုသော ဆုပင်ဖြစ်၏။ ယခင်ယခင်အခါများက ဒင်နီဂရီးသည် သည်လိုအခွင့်အရေးမျိုး ... တစ်ခါဖူးမျှမပေးခဲ့ဘူးချေ။

ခဏကြာလျှင် ဘွန်ဗီလိန်သည် ဧည့်ခန်းထဲသို့ ဝင်လာ၏။ သူ့မျက်နှာ ... အတော်ကလေး ချောင်သွားသည်။ သူက မတ်တီကိုစိုက်၍ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မတ်တီကလည်း သူ့ကိုပြန်၍စိုက်ကြည့်လိုက်သည်။ မတ်တီသည် ဟန်မဆောင်နိုင်တော့ပေ။ သူ့လက်နှစ်ဖက်ကို ဘွန်ဗီလိန်ထံကမ်းပေးပြီး ချစ်စရာ နှုတ်များမှလည်း 'ဟန်နီ … ဟန်နီ' ဟု ရေရွတ်နေတော့သည်။ ဘွန်ဗီလိန်သည် မတ်တီ၏ လက်ကိုသူ့လက်နှစ်ဖက်နှင့် အုပ်၍ကိုင်ပြီး မတ်တီကို အနီးသို့ ဆွဲယူလိုက်သည်။

ဘွန်ဗီလိန်၏ မျက်လုံးပြာပြာကြီးများသည် ခါတိုင်းနှင့်မတူ။ ယနေ့မှ ဝို၍ တောက်ပနေသည်။ သူသည် မတ်တီ၏ မါးနုနုကို လက်နှစ်ဖက်ဖြင့် ခပ်ဖွဖွညှပ်၍ ဆွဲယူလိုက်ရာ မတ်တီ၏ မျက်နှာလေးမှာ အလိုက်သင့်မော့လာ၏။

'မတ်တီ မင်းဟာ ကိုယ့်အတွက် ဒီလောကတောင် စွန့်ဝံ့တယ်နော်၊ မင်းဟာ ကိုယ့်ကိုအချုပ်က လွတ်အောင်ဆောင်ရွက်ပေးခဲ့တယ်၊ မင်းရဲ့သတ္တိကို ကိုယ်ဦးမညွတ်ဘဲ မနေနိုင်ဘူးကွယ်'

တုန်ယင်လှိုက်လှဲသော အသံအဆုံး၌ သူတို့မျက်နှာများသည် တဖြည်းဖြည်း နီးကပ်သွားကြတော့သည်။ မတ်တီမှာသတိလက်လွတ်မတတ်ပင် ခံစားရ၏။ ကြည်နူးရ၏။ သည်ကမ္ဘာတွင် သူတို့နှစ်ဦးသားမှ လွဲ၍ မည်သူမျှ မရှိတော့သည့်အလား ပတ်ဝန်းကျင်ကို မေ့ထားလိုက်ကြလေသည်။

သည်ခံစားမှု၊ သည်ကြည်နူးမှုမျိုးကိုသာ တစ်သက်လုံးရမည်ဆိုပါက မတ်တီသည် ရတနာပုံရွှေနန်းတော်ကြီးကိုပင် မီးရှို့ရပါစေ၊ ရှို့ရန်ဝန်မလေးတော့ချေ။

ရွှေနန်းတော်၏ အရှေ့တောင်ဘက်တွင် မြင့်မားသော မျှော်စင်ကြီးရှိ၏။ မျှော်စင်ကြီး၏ အရိပ်သည် တောင်ဥယျာဉ်ဝန်းခုံတော် တစ်ခြမ်းကို အုပ်မိုးနေရာ အမှောင်ထုဖြင့် ကာကွယ်ပေးထားသကဲ့သို့ ရှိနေသည်။

ခင်ခင်ကြီးသည် သီပေါမင်းတရား၏ ခြေအစုံကို ကလေးပမာ ပိုက်ဖက်ထားသည်။ သူ၏မေးကို မင်းတရား၏ ဒူးပေါ်တွင်တင်ထားပြီး မင်းတရားကြီး၏ မျက်နှာတော်ကိုဖူး၍ မဝနိုင်ဖြစ်နေသည်။ သီပေါဘုရင်ကလည်း ခင်ကြီး၏ လုံးကျစ်သော ပခုံးထက်၌ လက်တင်ကာ ထိရက်စရာမရှိသော မျက်နှာကလေးကို ငုံ့ကြည့်နေ၏။ နှစ်ဦးလုံးပင် နှုတ်မှစကားမဆိုကြ။ သို့သော် မျက်လုံးချင်းစကားဆိုနေကြသည်ကို အသည်းနှလုံးတို့က နားလည်နေကြသည်။ ချစ်သူနှစ်ဦးတို့ ညစဉ်ညတိုင်း တည်ဆောက်နေသော အိပ်မက်ကလေးသည် ယနေ့တိုင် မပြီးတတ်သေးပေ။

www.burmeseclassic.com



စုဖုရားလတ်သည် နေ့ခင်းက ဆုံးဖြတ်ချက် ချထားသည့်အတိုင်း ယနေ့ညတွင် ရုတ်တရက် မန်းခုံတော်သို့ ထွက်ခဲ့သည်။ မောင်မောင်တုတ်၏ လက်ရွေးစင်အစောင့်အကြပ်များသည် စုဖုရားလတ် မိဖုရားကြီးကို တွေ့လိုက်သောအခါများစွာ ထိတ်လန့်တုန်လှုပ်သွားကြ၏။ ထိတ်ထိတ်ပျာပျာဖြစ်သွားကြ၏။ မိဖုရားကြီး ကိုယ်တိုင်ထွက်ပေါ်မှုလာသဖြင့် တားဆီးပိတ်ဆို့ရန် ခေါ့ကြပြီ။ ဘေးသို့ရှဲကာ မြေတွင်ပြားပြားဝပ် ခစားလိုက်ကြရတော့သည်။ သီပေါမင်းတရားအား အချက်ပေးရန်ပင် မမီကြတော့ချေ။

မိဖုရားကြီးသည် အကြည်ဆိုက်နေသော သီပေါမင်းတရားတို့ကို တွေ့လိုက်ရသောအခါ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ပမာ ချာချာလည်သွားသည်ဟု ခံစားလိုက်ရ၏။ မင်းတရားတို့အား စိန်းစိန်းကြီးကြည့်နေသော စုဖုရား၏ မျက်လုံးအစုံသည် အခိုးအငွေ့များ ထွက်လာမတတ်တောက်ပြောင်နေ၏။

စုဖုရားလတ်သည် မျက်နှာကို တင်းနိုင်သမျှ တင်းပြီးလက်ညှိုးငေါက်ငေါက်ထိုးကာ ဒေါသဖြင့် ပြောလေသည်။

'ဘယ်က လူပျိုတော် သားကလေးလဲ၊ လူချောလူလှလေးပါလား၊ အနားလာခဲ့စမ်း...'

သည်သို့ဆိုပြီးလျှင် လူပျိုတော်သားလေးအသွင် ရုပ်ဖျက်ထားသော ခိုင်းခင်ခင်၏ အပေါ်ထိုင်မသိမ်း အင်္ကျီကိုဆွဲ၍ ဆုတ်ဖြဲပစ်လိုက်သည်။

'ဒီနေရာမှာ လာပြီး အကြည်ဆိုက်နေကြတာကိုး၊ မိဖုရား ဖြစ်ချင်ဦးဟဲ့ ... မိဖုရားဖြစ်ချင်ဦးဟဲ့...' ဟုဆိုကာ ခင်ခင်ကြီး၏ ဆံပင်ကို ဆွဲပြီး ပါးကို လေးငါးချက်ဆက်၍ ရိုက်လိုက်၏။

ခင်ခင်ကြီး၏ ပျော့ရှင်ကြည်နူးမှုလေးများသည် တစ်ခါတည်းဖုတ်ကြည်းသဂြိုဟ်ခြင်း ခံလိုက်ရပေပြီ။ သူသည် ရှက်ခြင်း၊ ကြောက်ခြင်း၊ နာကြည်းခြင်းတို့ကြောင့် ကိုယ်ကိုပင် မထိန်းနိုင်လည်း လဲကျသွားတော့သည်။ စုဖုရားလတ်သည် မကျေနပ်သေး။ လဲကျသွားသော ခင်ခင်ကြီးကို ခြေဖြင့်လှိမ့်၍ ကန်လိုက်ပြန်သည်။

သီပေါမင်းတရားသည် သည်အထိ မျှော်လင့်မထားသောကြောင့် အံ့အားသင့်ကာ အငေးသားကြည့်နေမိ၏။ ရှက်လွန်းသဖြင့် မကြိတတ်ခိုင်အောင်ဖြစ်ရသည်။ မိမိက ချစ်ရပါသော ကြင်နာရပါသော ယုယပိုက်ထွေးခဲ့ရပါသော ခင်ခင်ကြီး အလူးအလဲခံနေရသည်ကို မြင်ရပြန်သောအခါ သိပ်စိတ်ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။ ရင်ထဲမှာ ထိခိုက်ရလွန်းသော သီပေါမင်းတရားသည် စုဖုရားလတ်၏ လက်ကိုဆွဲကာ ခင်ကြီးအတွက် တောင်းပန်နေမိသည်။

'ရက်စက်လှချည်လား စုစုရယ် ... ဒါလောက်နှိပ်စက်ရရင် စုစုကျေနပ်ပါတော့ မောင်မောင်တောင်းပန်ရပါစေ ...'

ဩော် ...ရေမြေ့ရှင်ဘုရားက သူ့မယားကလေးထိတော့ နာတယ်ပေါ့ ...'

စုဖုရားလတ်သည် သီပေါမင်းတရား၏ မျက်နှာကိုစေ့စေ့ကြည့်လျက် မဲ့မဲ့ရွဲ့ရွဲ့နှင့် ခနဲ့လေ၏။ သီပေါမင်းတရားလည်း ရှက်စိတ်နာလှသဖြင့် သတိလက်လွတ် ရွှေစားအိမ်မှစားကို ချွတ်၍ ရွယ်လိုက်မိတော့သည်။

သည်တွင် စုဖုရားလတ်၏ ဒေါသတို့သည် ယမ်းပုံမီးကျဟုန်းခနဲထ၍ တောက်လေပြီ။

'သယ် .., သီလရှင်လူထွက်သားက ငါ့ကိုများဓားနဲ့ရွယ်လို့ ဘယ်သူ့တင်လို့ ဒီရာဇပလ္လင်ပေါ် ရောက်ရတယ်ဆိုတာများ စဉ်းစားမိရဲ့လား ...'

စုဖုရားလတ်၏ အသုံးအနှုန်းသည် ထီးနှင့်မတန်၊ နန်းမဆန်၊ ကြမ်းတမ်းခက်တရော် ရှိလှသဖြင့် သီပေါဘုရင်မှာ ဓားကိုင်လျက်ကပင် မိမိနားကို မလုံမလဲအုပ်ထားမိသည်။ မိဖုရားသည် နင့်နင့်သီးသီး ပြောပြီးသော်မှ မကျေမနပ်သေး။ သီပေါဘုရင်ကို ဆောင့်၍တွန်းကာ လှည့်ထွက်သွားတော့သည်။

မင်းတရားသည် အမှတ်တမဲ့ဖြစ်နေစဉ် ဆောင့်တွန်းခြင်းခံလိုက်ရသဖြင့် ကိုယ်ကိုမထိန်းနိုင်ဘဲ ပန်းခုံတော်နံရံနှင့်ဦးခေါင်းဆောင့်မိသွား၏။ ကိုင်ထားသော လက်သုံးတော်ဓားလည်း လွတ်ကျသွားခဲ့လေသည်။

မဆွကပင် အပါးတော်သို့ ရောက်ရှိနေပြီဖြစ်သော မောင်မောင်တုတ်သည် မခံမရပ်နိုင် ဖြစ်သွား၏။ အရှင်သခင်ကို အသက်ပေး၍ အမှုတော်ထမ်းလာခဲ့သော တစ်ပါးကျွန်မဟုတ်ပါးလား။ သူချစ်သော လေးစားသော ရှင်ဘုရင်ကို ကိုယ်ထိလက်ရောက် စော်ကားသွားသဖြင့် မိဖုရားအပေါ် အခဲမကျေ ဖြစ်မိသည်။ ထို့ကြောင့် မင်းတရားကိုအား ပေးလျှောက်ထားလိုက်သည်။

'ရွှေနန်းရှင်ဘုရား ... သည်မျှ မိန်းမတစ်ယောက်က အနိုင်ကျင့်သည်ကိုသည်းခံမနေပါနှင့်၊ ရွှေနန်းရှင်ဖြစ်ပါတယ်ဘုရား ...'

သီပေါမင်းတရားသည် အသားကိုထိတော့ မချိအောင်နာရ၏ ပြီး စုဖုရားလတ်၏ ရိုင်းပျသော စကားတို့သည် သူ့နားမှာ တော်လဲပမာ မြည်ဟည်းရိုက်ချျန်းလျက်ရှိသေးသည်။ သည်အထဲ မောင်မောင်တုတ်ကလည်း အားပေးအားမြှောက် လျှောက်ထားပြန်သည်။ သည်အချက်အားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းတရားကို ပင့်ပေးလိုက်သည်သို့ ရှိသွားလေပြီ။

မင်းတရားသည် အံကြိတ်လိုက်သည်။ ပြီးတော့ မိဖုရားကြီးကိုကြည့်သည်။ သီပေါမင်းတရား၏ မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်နေသလား ထင်ရ၏။ တစ်ချိန်လုံးလိုလို မိဖုရား၏ အရှိန်အဝါအောက်မှာ ငြိမ်ငြိမ်ဝပ်ဝပ်နေခဲ့ရ၏။ ဘယ်တုန်းကမှ မိဖုရားကို မဆန့်ကျင်ခဲ့။ စိတ်ရောကိုယ်ပါမိဖုရား၏ အလိုဆန္ဒအတိုင်း ဖောင်းတော်ညီတ်စိတ်တော်သိခဲ့ရသည်။ သည်သို့သော မင်းတရားသည် ယခုတော့ တော်လှန်ရေးတစ်ရပ်ကို စွန့်စွန့်စားစား ဆင်နွဲနေပေပြီ။ သူ၏ တော်လှန်ရေးကား မိဖုရား၏ ဩဇာကို ပယ်ရှားရန်၊ မိဖုရားထားရာနေ စေရာသွားမည့်အရုပ်ဘုရင်မဟုတ်ကြောင်း လက်တွေ့ပြရန် ပင်တည်း။

မင်းတရားသည် ယခုအခါ၌ သားကောင်ကို ခုန်အုပ်တော့မည့် ကျားသစ်နှယ် ခွန်အားအပြည့်၊ မာန်အပြည့်ဖြစ်နေလေသည်။

မင်းတရားသည် လွတ်ကျသွားသော ဓားကိုဆတ်ခနဲကောက်ယူပြီး စုဖုရားနောက်သို့ လိုက်တော့၏။ မောင်မောင်တုတ်မှာ သည်အခြေအနေကို မြင်လိုက်သည့်အခါ ဘုရင့်လက်မှ ဓားကိုအတင်းလုယူလိုက်သည်။ ပြီး ခပ်အုပ်အုပ်လျှောက်တင်လိုက်သည်။

'ရာဇဝတ္ထုမြွေပျက်လှပါသည် ရွှေနန်းရှင်ဘုရား၊ အမောခံပြီးမလိုက်ပါနှင့်၊ အရှင့်အာဏာနဲ့ လေးလေးနက်နက် အပြစ်ဒဏ်ပေးသင့်ကြောင်းပါ ဘုရား...'

ငယ်ကျွန်တော် မောင်မောင်တုတ်၏ လျှောက်တင်ချက်သည် အချည်းနှီးဖြစ်သွား၏။ ငယ်ထိပ်သို့တိုင် ဒေါသတက်နေပြီဖြစ်သော သီပေါမင်းတရားသည် တော်၏မတော်၏ မစဉ်းစားနိုင်ပြီ။ အနီးရှိ လက်သုံးတော်ကြီးတစ်ဦးကိုင်ထားသော လှံကိုဆွဲယူပြီး အပြေးလိုက်တော့၏။ မောင်မောင်တုတ်မှာ မနေသာတော့သဖြင့် ဘုရင့်နောက်မှ ထပ်ကြပ်မကွာ လိုက်ရပြန်သည်။ လက်လွန်ကုန်လျှင် မခက်ပါလား။

စုဖုရားလတ်အဖို့ သူ့တစ်သက်တာတွင် ယောကျ်ားသားတစ်ဦး၏ ဝံ့စားစွာ ပြုတော်မူခြင်းကို သည်တစ်ခါပထမဆုံး တွေ့ကြုံရခြင်းပင် ဖြစ်၏။ ယခု မင်းတရားကြီးသည် အမျက်မထွက်စဖူး ထွက်နေချေပြီ။ [illegible] လက်နက်စွဲ၍ လိုက်နေချေပြီ။ စုဖုရားလတ်သည် အံ့သြခြင်း၊ ထိတ်လန့်ခြင်းကြီးစွာဖြင့် အဆောင်ဆောင် အခန်းခန်းကို ကွေ့ပတ်ပြီး ပြေးခဲ့ရသည်။

www.burmeseclassic.com



မိဖုရားကြီးက ရှေ့မှပြေး၊ ရှင်ဘုရင်က နောက်မှလိုက်။ မည်သူမျှ မဆွဲဝံ့။ အကြောက်လွန်သူများကလည်း အဆောင်ထောင့်ကွယ်ရာမှာ ပြားပြား ဝပ် ပုန်းနေကြ၏။ ခေါင်းပင်မဖော်ရဲကြပေ။ နန်းတော်တစ်ခုလုံး ကြောက်လန့် တကြား ဟိုပြေးသည်လွှားနှင့် ရုန်းရင်းဆန်ခတ် ဖြစ်သွားရသည်။ သီပေါမင်း မှာ တိမ်းရရှောင်ရသည်နှင့်ပင် မိဖုရားကြီးကို မမီလိုက်တော့ပေ။

နောက်ဆုံး၌ စုဖုရားလတ်သည် မယ်တော်ဆင်ဖြူမရှင်အဆောင်တော် သို့ ရောက်သွား၏။ သီပေါမင်းတရား အဆောင်ဆီသို့ မျှော်ကြည့်လိုက်သည့် အခါတွင်ကား ဆင်ဖြူမရှင်၏ အနောက်ဆောင်တံခါးသည် ပြင်းစွာမြည်ဟည်း ၍ ပိတ်သွားတော့၏။ မင်းတရားသည် အဆောင်တော် အပြင်ဘက် တံခါးဝ တွင် လှံကိုထောက်ပြီး မချင့်မရဲနှင့် ကျန်ရစ်ခဲ့တော့သည်။ ဒေါသနှင့် မာန ပေါင်းစည်းမှုကြောင့် မင်းတရား၏ ရင်မှာ ဖားဖိုပမာ နိမ့်တုံမြင့်တုံခုန်လျက်။

အပြေးလိုက်လာသော မောင်မောင်တုတ်သည် မင်းတရားနှင့် မရှေး မနှောင်းပင် ရောက်လာ၏။ မိဖုရားကြီးမာန်စွယ်ကျိုးသွားအောင် ဤသို့ဤ နှယ် အပြစ်ပေးသင့်ကြောင်းနည်းကောင်း လမ်းကောင်းများကိုအကြံပေး လျှောက်ထား၏။ နောက်ဆုံးတွင် သီပေါဘုရင်သည် စိတ်ကိုအနိုင်နိုင်ထိန်း ချုပ်ကာ ဆင်ဖြူမရှင်၏ အဆောင်ရှေ့မှ ပြန်လာခဲ့လေသည်။

စုဖုရားလတ် မိဖုရားကြီး၏ ဒေါသမုန်တိုင်းဒဏ်ကို မရှုမလှခံနေရရှာ သော နှမငယ်ခင်ကြီး၏ အဖြစ်ကိုမြင်ရလေသောအခါ မောင်ဖေငယ်၏ ရင်မှာ နာကျင်လာ၏။ မိဖုရားကြီးကို အစိမ်းလိုက်ဝါးစားပစ်ချင်စိတ်ပင် ပေါ်လာခဲ့သည်။ သို့သော် ဆန္ဒသည် ဆန္ဒသာလျှင်ဖြစ်၏။ တကယ်လက်တွေ့ တွင်မူ မိဖုရားကြီးအား အန်တုရမည့်ကိစ္စမှာ လွယ်ကူသည့်ကိစ္စမဟုတ်ပေ။

မောင်ဖေငယ်သည် ခင်ခင်ကြီးကိုသာ မျက်ခြည်မပြတ်ကြည့်နေသည်။ ဘုရင်မင်းတရားနှင့် မိဖုရားကြီးတို့ တွန်းထိုးကာ ရန်မီးအစပြုသောအခါ နှမငယ်ခင်ကြီးကို ပွေ့ယူလိုက်၏။ ပြီး ပခုံးထက်တွင်ထမ်း၍ တောင်ဘက် အပြေးထွက်ခဲ့၏။ သေပြေးရှင်ပြေး တရကြမ်းပြေးခဲ့ရသော မောင်ဖေငယ်သည် ဒိုင်းဝန်မင်းအိမ်သို့ ရောက်မှပင် ဟင်းချနိုင်တော့သည်။

ခင်ခင်ကြီးသည် မိဘနှစ်ပါးကို တွေ့လိုက်ရသောအခါ ပို၍ဝမ်းနည်း လာ၏။ 'ခင်ကြီးရှက်တယ်မေဘုရားရယ် ... ခင်ကြီး သိပ်ရှက်တာပဲ ...' ဟု ပြောရင်း ကလေးပမာ တရှိုက်ရှိုက်ငိုကြွေးလေသည်။

www.burmeseclassic.com



အကြောင်းရင်းကို တိတိပပ မသိရသော မိဘနှစ်ပါးမှာ မောင်ဖေငယ်ကိုတစ်လှည့် ခင်ခင်ကြီးကိုတစ်လှည့်ကြည့်ရင်း ထိတ်ထိတ်ပျာပျာဖြစ်နေ၏။

မောင်ဖေငယ်သည် အခြေအနေ အရပ်ရပ်ကို အတိုချုံး၍ ပြောပြလိုက်သည်။ မောင်ဖေငယ် စကားဆုံးလျှင် ဒိုင်းဝန်ကတော်ကြီးသည် ခင်ခင်ကြီးပါးနှင့် သူ့ပါးကိုအပ်ကာ မျက်ရည်တွေတွေကျလာသည်။

တိတ်ဆိတ်နေသော အခန်းဝယ် ခင်ခင်ကြီး၏ ရှိုက်သံသည်သာ လွှမ်းမိုးနေ၏။

ဒိုင်းဝန်မင်းသည် သားအမိဖြစ်ထွေကိုမကြည့်ရက်နိုင်အောင် ဖြစ်ရသည်။ သည်ဒုက္ခမျိုးကို တစ်နေ့နေ့ တွေ့တန်ကောင်းရဲ့ဟု မဆွကပင် တွေးတောပူပန်ခဲ့၏။ သို့သော် ယခုလောက် အချိန်စောစွာ ဖြစ်လာလိမ့်မည်ဟူ၍ကား မထင်မှတ်ခဲ့ပေ။ သည်လိုကြိုတင်တွေးတော ပူပန်မိသည်မှာလည်း စုဖုရားလတ်အကြောင်း ကောင်းကောင်းသိထား၍ပင်ဖြစ်သည်။

ဒိုင်းဝန်မင်းသည် လက်တစ်ဖက်ကို သမီးခင်ခင်ကြီး၏ ပခုံးပေါ်တင်လိုက်၏။ အားပေးနှစ်သိမ့်ခြင်းအဖြစ် ဆုပ်ကိုင်လိုက်သည်။

'တိတ်ပါတော့သမီးရယ် စိတ်ကိုငြိမ်ငြိမ်ထား၊ ဝဋ်ကြွေးမကင်းလို့ အခိုက်အတန့် ခံရတယ်လို့သာမှတ်ပါ။ မကြာခင် အခြေအနေတွေ ကောင်းလာမှာပါကွယ် . . .'

မည်မျှပင် အားတင်၍ ပြောစေကာမူ ဒိုင်းဝန်မင်း၏ အသံမှာ တုန်ယင်လှိုက်လှဲသံပါသွား၏။ သူသည် နှစ်သိမ့်စကားကို သည်မျှသာ ဖြတ်ထားလိုက်ရသည်။ ရှေ့ဆက်လျှင် ဣန္ဒြေပျက်ပေတော့မည်။

ခင်ခင်ကြီးသည် ဖခင်၏ မျက်နှာကိုအားကိုးတကြီးလှမ်းကြည့်မိသည်။

'ဘယ်လိုအခြေအနေတွေလဲ၊ ဘယ်လိုကောင်းလာမှာလဲ'

သည်မေးခွန်းတွေကို မေးလိုက်ချင်၏။ သို့သော် ဖခင်၏ မျက်ဝန်းများတွင် အားငယ်ခြင်း၊ စိုးရိမ်ခြင်း၊ ကြေကွဲခြင်းစသော အရိပ်အသွင်တို့ကိုသာ မြင်တွေ့ရသဖြင့် မေးခွန်းတစ်ခုမျှ မမေးနိုင်ခဲ့။ ရင်ထဲတွင် ဆို့နင့်နင့်ကြီးခံစားလာရ၏။ သူ့အမြင်အာရုံဝယ် အရာရာတို့သည် ဝေဝါးသွားတော့၏။

မည်သူမျှ စကားမပြောကြ။ မည်သူမျှ လှုပ်ရှားမှု မပြုကြတော့ပါ။

ယနေ့နံနက်တွင် သီပေါမင်းတရား၏ စိတ်အစဉ်သည် ငြိမ်ငြိမ်စပြုနေပြီဖြစ်၏။ ယမန်နေ့က ဒေါသမုန်တိုင်းပြင်းစွာကျနေဆဲ ... လိုက်မာန်ပါခဲ့မိသည်ကို ဝေဖန်ဆန်းစစ်ကြည့်နေမိသည်။ နှုတ်ဖြင့် မာမာတင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံခဲ့ဖူးခြင်း မရှိသော ငယ်ချစ်စုဖုရားလတ်နောက်သို့ လက်ရုံးအားကိုးနှင့် လိုက်ခဲ့မိသည်။ ပညာရှိတို့ အမျက်အပြင်မထွက်သင့် ... တဲ့။ မနေ့ကမှ မိမိ၏ အမျက်ဒေါသသည် အပြင်သို့ ထွက်ခဲ့မိပေပြီ။ မှားလေစွ။ မင်းတရားကြီးသည် ဤသို့တွေးပြီး ကြီးစွာနောင်တရနေလေသည်။

စုဖုရားလတ် မိဖုရားကြီးသည် ညကဖြစ်ပျက်ခဲ့သော အရေးအခင်းကြောင့် အမျက်တော်ပြင်းပြလျက်ပင် ရှိသေးသည်။ ဘုရင့်အကျိုးတော်ဆောင် မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့ကို အခဲမကျေဖြစ်နေသည်။

'မာင်း ... ရှင်ဘုရင်ကို သည်းခြေကြိုက် အစာကျွေးပြီး မြှောက်ထိုးပင့်ကော်လုပ်နေကြတယ်၊ ငဖေငယ်က ရိုးပုံရိုးပန်းနဲ့ နမ်းပေးပြီး ဘုရင့်ယောက်ဖလုပ်ချင်နေထင်ပ၊ ငတုတ်ဆိုတာကလည်း သင်း ... မယားတွေ မှီလိုက်ပေါက်အောင်ယူထားတာ အားမရသေးဘူး၊ ရှင်ဘုရင်ကိုတောင် တိတ်တိတ်ပုန်းမိန်းမပေးစားလိုက်သေးတယ်။ မောင်ဘုရားကလည်း ရာဇဝင်မြေတောင် မဆည်နိုင်၊ အရှုးအမူးဖြစ်နေလိုက်တာ၊ ကျေးကျွန်ရင်းတွေရယ်လို့ လူယုံထားပြီးများများမြှောက်စားခဲ့မိပါတယ်။ ခုတော့ လူယုံသတ်လို့ သေရတော့မှာပါလား၊ ဒီဂြိုဟ်ကောင်တွေ မြန်မြန်ရှင်းပစ်မှ တော်ရော့မယ် ...'

သည်သို့ စဉ်းစားရင်း ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်ကို အကွက်ချနေတော့သည်။

စုဖုရားလတ်သည် တိုက်ကွက်ကို ပြောင်းလိုက်၏။

ထိုနေ့ ညနေပိုင်းတွင် စုဖုရားလတ်သည် ရွှင်ရွှင်ပျပျရှိနေသည်။ အပျိုတော်များကိုလည်း ကြည်ကြည်သာသာပင် ဆက်ဆံသည်။ သီပေါမင်းထံသို့လည်း တောင်းပန်စာတစ်စောင်ပို့လိုက်၏။

'စုစု မှားသွားပါတယ် မောင်ဘုရား၊ စုစုရဲ့ အပြုအမူတွေဟာ အတွဆန်လွန်းသွားပါတယ်။ တကယ်ဆိုတော့ မောင်ဘုရားကို အချစ်ကြီးလွန်းလို့လည်း အမျက်ကြီးခဲ့ရခြင်းပါ မောင်မောင် ...'

ဤသို့ဤနှယ် တောင်းပန်လွှာနှင့်အတူ ခင်ခင်ကြီးကိုလည်း မိမိအဆောင်သို့ ပြန်ပို့ပေးရန် မိဖုရားတို့အဆောင်အယောင်များကို မိမိကပင် ဆင်ယင်ချီးမြှင့်ပေးပါမည့်အကြောင်း ထည့်သွင်းမှာကြားလိုက်လေသည်။

သီပေါမင်းတရားသည် များစွာအံ့သြသွား၏။ သို့နှင့်အ ဝမ်းသာခြင်းလည်း ဖြစ်ရသည်။ ထို့ကြောင့် တွေတွေထူးထူး မစဉ်းစားတော့ပြီ။ ချစ်ကျိုးတော်ဆောင်ကြီးများဖြစ်ကြသော မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်၍ စုဖုရားလတ်၏ အမှာစကားကို သိစေလိုက်သည်။ သူတို့သည် ဖောင်းတော်ညီတ်စိတ်တော်သိကြပါပေသည်။

'ကိစ္စအားလုံး ပြီးပြည့်စုံအောင် ဆောင်ရွက်ပါမည်ဘုရား၊ ရွှေနန်းရှင်ဘုရားကသာ နန်းမတော်ဖုရားကြီးကျေနပ်အောင် ကြံဆောင်တော်မူပါ…'

* * * *

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ၁၂။ တင်ထားသည့် စစ်ကဲရဲရဲသာခွဲချ

အပျိုတော်မတ်တီသည် စုဖုရားလတ်ထံ အခစားဝင်လာသောအခါ မျက်လုံးပြာ[illegible]ဝိုင်းစိုင်း[illegible]သွားသည်။ [illegible]ခင်ခင်ကြီး[illegible]သည့်[illegible]ရားလတ်အား ပုဆစ်တုပ်လက်ယှက်လျက် ခစားနေပါလား။ စုဖုရားလတ်ကလည်း ခင်ခင်ကြီးကို ကြည်ကြည်သာသာပင် ဆက်ဆံနေသည်။ လောကကြီးမှာ ဘာတွေဖြစ်ကုန်ပြီနည်း။ လွန်ခဲ့သည့် နှစ်ရက်က နန်းတော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ရသည့် အရေးအခင်းကြောင့် သည်လောကထဲတွင် ခင်ခင်ကြီးဆိုသော မိန်းကလေးရှိမှ ရှိပါသေးရဲ့လားဟု မတ်တီက လမ်းတစ်လျှောက်လုံး တွေးလာသည်။ ယခုတွေ့လိုက်ရသည့် မြင်ကွင်းကြောင့်သူသည် များစွာ အံ့အားသင့်သွားသည်။ ထို့ထက် ပို၍အံ့ဩသွားရပြန်သည်မှာ စုဖုရားလတ်၏ စကားကြောင့်ပင်ဖြစ်သည်။ 'ခင်ခင်ကြီးကို မိဖုရားတစ်ပါးလို ချစ်ခင်လေးစားလာကြအောင် အဆောင်အယောင်များလည်း ချီးမြှင့်မြှောက်စားရဦးမယ် မတ်တီ'

သည်စကားသည် အပျိုတော်မတ်တီကိုသာမက ခင်ခင်ကြီးကိုပင် အံ့ဩသွားစေသည်။ အပြောင်းအလဲမြန်လှသော မိဖုရားကြီးကို ခင်ခင်ကြီးသည် နားမလည်နိုင်အောင် ရှိရသည်။ အမှန်တကယ်လား၊ ဟန်ဆောင်ပေ

www.burmeseclassic.com



သား။ သူ့စိတ်မှာ သံသယဖြစ်မိသည်။ သို့တစေ ခင်ခင်ကြီးသည် အံ့ဩခြင်းနှင့်အတူ ဝမ်းသာသွားမိသည်ကတော့ အမှန်ပင်။ ရိုးသားလှသည့် မိန်းကလေးသည် ရိုးရိုးပင် တွေးကြည့်လိုက်ပြန်သည်။ 'မိဖုရားကြီး ငါ့ကိုသနားသွားပြီ ထင်ပါရဲ့ တကယ်တော့ မိဖုရားကြီးဟာ ထင်သလောက် မဆိုးလှပါဘူး။ စာနာစိတ်ရှိပါပေတယ်'

ခင်ခင်ကြီးသည် လှမိသောပြုသနာတစ်ရပ်အတွက် မိဖုရားကြီးကို များစွာ ရှက်ကြောက်အားနာနေသဖြင့် ခေါင်းကိုပင် မဖော်ဝံ့ရှာပေ။

စုဖုရားလတ်သည် မျက်လုံးများကို ခပ်မှေးမှေးထားကာ ခင်ခင်ကြီးကို သူ့အပါးသို့ ခေါ်ယူလိုက်၏။ ခင်ခင်ကြီးလည်ပင်းမှ လည်ဆွဲရတနာကို ကိုယ်တိုင်ဖြုတ်ယူပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် ...ထို့နောက် လက်ကောက်၊ လက်စွပ်၊ နားတောင်း ... စသည်တို့ကိုလည်းချွတ်ပစ်စေသည်။

'ရွှေနန်းရှင် မောင်မောင်ဘုရားက ဒီလိုအညံ့စားလက်ဝတ်ရတနာတွေမှ ဆင်တာကိုး။ ခင်ကြီးလိုမိဖုရားဖြစ်မယ့်သူက ဒါတွေဝတ်ထားတာ ရှက်စရာကြီးပါကွယ်။ မတ်တီရေ ဟိုဆေးခြယ်ထားတဲ့ သေတ္တာကြီးထဲက လက်ဝတ်ရတနာတွေ ထည့်ထားတဲ့ သေတ္တာကလေး ယူပေးပါဦး'

မတ်တီသည် ကမျာကယာပင် ထသွားပြီး ရတနာသေတ္တာကလေးကို ယူကာ စုဖုရားလတ်သို့ ဆက်သလိုက်သည်။ စုဖုရားလတ်သည် သူ၏ညှိုညက်သော လက်များဖြင့် သေတ္တာအတွင်းရှိ ပစ္စည်းများကို မွှေနှောက်ရွေးချယ်နေ၏။ အရောင်တဖိတ်ဖိတ်တောက်ပနေသော စိန်လည်ဆွဲတစ်ကုံး၊ စိန်နားကပ်၊ စိန်လက်ကောက်စသည်တို့ကို စိတ်ကြိုက်ရွေးထုတ်ပြီး ခင်ခင်ကြီးကို ကမ်းပေး၏။ ခင်ခင်ကြီးသည် ခေါင်းငုံ့နေရာမှ မရဲတရဲမော်ဖူးပြီး လှမ်းယူသည်။

'အို ... မျက်ရည်တွေ လည်လို့ပါလား စုဖုရားက သဒ္ဒါတော်မူလို့ အပိုင်ပေးတာပါ၊ ကဲ ... ကဲ ကိုယ့်အဆောင်ကိုယ်ပြန်ပေတော့။ နက်ဖြန် နံနက်ဘုန်းတော်ကြီးဘုရားနဲ့ စုဖုရားတို့ ရှေ့တော်မှောက်ကို အခစားဝင်တဲ့ အခါမှာ ဒီလက်ဝတ်ရတနာတွေ ဝတ်ခဲ့ရမယ်...'

ခင်ခင်ကြီး၏ နှင်းဆီရောင်ပြေးနေသော ပါးမို့မို့ကလေးများမှာ ပို၍ပင် နီရောင်သန်းလာ၏။ မျက်လုံးကလေးများ တောက်ပြောင်လာ၏။ သူ့မျက်နှာပြင်ပေါ်ဝယ် မိဖုရားကြီးအား ကျေးဇူးတင်ရှိကြောင်း လှိုက်လှဲသောမျက်နှာကြည်ညိုလေးစားဟန်များ ပေါ်နေသည်။

ခင်ခင်ကြီးသည် ပုဆစ်တုပ်ထိုင်နေရာမှ စုဖုရားလတ်အား ဦးချ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ် နောက်ဆုတ်နှင့် ထွက်ခဲ့၏။ သူ့အဆောင်သို့ အပြေးကလေး ပြန်လာ၏။ သူ့စိတ်ထဲတွင် မိဖုရားကြီးပေးသနားလိုက်သော ရတနာများကို အခြားအပျိုတော်များအား ပြ၍ ဂုဏ်ယူလိုသေး၏။

ထိုနေ့မှစ၍ စုဖုရားလတ်သည် ခင်ခင်ကြီးကို အရေးပေးခဲ့၏။ အခြားသောမင်းသမီးငယ်များ အပျိုတော်များ မနာလိုမရှုဆိတ်ဖြစ်လောက်အောင်ပင် စုဖုရားလတ်သည် အရေးတယူဂရုစိုက်ရှိခဲ့သည်။ ပြီး အပျိုတော် အားလုံးကိုလည်း သည်လို အမိန့်ချမှတ်ခဲ့ပြန်သည်။

'မောင်မောင်ဘုရားက သည်မိန်းကလေးကို နှစ်သက်မြတ်နိုးတော်မူလွန်းလို့ ကောက်တော်မူထားတယ်။ အမိတို့တစ်တွေအားလုံးလည်း စုဖုရား အရေးပေးသလို အရေးပေးရမယ်။ ရိုရိုသေသေ ဆက်ဆံကြရမယ်...'

မိဖုရားကြီးသည် ခင်ခင်ကြီးကို သမီးတော်လေး စံမြန်းနေသော အဆောင်တွင် မထားပေ။ နန်းမူ၊ နန်းဟန်၊ မိဖုရားဟန်ပေါက်အောင် သင်ပေးရဦးမည်။ သည်သို့အကြောင်းပြပြီး မိဖုရားကြီးအဆောင်အနီးတွင် သီးသန့်ခန်းဆောင်ပေး၍ နေစေ၏။ ခင်ခင်ကြီးအတွက် အပျိုတော်များ၊ အစောင့်အကြပ်များ အလုံအလောက်ထားပေးသည်။

မင်းမိဖုရားနှစ်ပါးတို့ ဥယျာဉ်တော် ထွက်စံသည့်အခါ၌လည်း ခင်ခင်ကြီးကိုပါ ထွက်စေ၏။ သို့တစေ ခင်ခင်ကြီးကို သူ့မျက်စိအောက်တွင်သာ စေားခွင့်ပြုသည်။ သီပေါဘုရင်မှာ ခင်ခင်ကြီးကို မြင်ရုံသာမြင်ရသည်။ လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့်၊ ချစ်တင်းနှီးနှောခွင့် မရခဲ့ပေ။ ရက်တွေကုန်လွန်လာခဲ့သည်နှင့်အမျှ သီပေါဘုရင်သည် သုန်သုန်မှုန်မှုန်ဖြစ်လာ၏။ စုဖုရားလတ် လုပ်ထုံးလုပ်နည်းကိုလည်း သဘောပေါက်နားလည်လာသည်။ မိဖုရား၏ ပရိယာယ်ကြွယ်ဝပုံကို မင်းတရားသည် ကောင်းစွာ ရိပ်မိသိရှိလာပြီဖြစ်၏။

နှမငယ် ခင်ခင်ကြီးကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြသော မောင်အေငယ်နှင့် မောင်မောင်တုတ်တို့သည်လည်း မိဖုရားကြီး၏ လှည့်ကွက်ကိုကောင်းကောင်း မြင်တွေ့သွားကြပြီဖြစ်၏။ ပစ္စက္ခအခြေအနေကို မကျေမနပ်ဖြစ်နေကြ၏။ မင်းတရားကိုပင် အားမလို အားမရဖြစ်လာကြသည်။

ကေရာစ် မင်းတစ်ပါးအနေဖြင့် ဤမျှအညှဉ်းခံနေရပါမည်လား၊ ဘုရင်သဘောကျ၍ တော်ကောက်သည့်ကိစ္စမှာ မိဖုရားခေါင်ကြီး ကျေနပ်မှ လုပ်ရသည်မဟုတ်။ ခမည်းတော် မင်းတုန်းမင်းတရားဆိုလျှင် မိဖုရားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကော၊ ငါးဆယ်မျှပင် ယှဉ်ခဲ့သေးသည်။ စုဖုရားလတ် မိဖုရားကြည်သော အလို ရှိသည့် အချိန်သာ စောင့်ပါမှသည်ဘဝမပြောနှင့် နောင်ဘဝပင် သဘောမျှ ည်မဟုတ်။ ထို့ကြောင့် ရွှေနန်းရှင် အလိုကျမဆိုင်းမတွ ဆောင်ရွက်သင့်ပြီ ဖြစ်ကြောင်း မောင်မောင်တုတ်က ရဲရဲဝံ့ဝံ့တင်လျှောက်ပြန်သည်။

စုဖုရားလတ်သည် အရေးမကြီးသော ကိစ္စများကို အချိန်ကုန်ခံ၍ လုပ် လေ့မရှိသည်မှာ သူ့ဝသီပင်ဖြစ်၏။ ယခုခင်ခင်ကြီးကိစ္စတွင် မောင်ဖေငယ် အစ ဒိုင်းအတွင်းဝန်အဆုံးအားလုံးသည် ရနောင်မောင်မောင်တုတ်ထံတွင် မြစ်ဖျားခံနေသည်ကို မိဖုရားကြီးကောင်းစွာ သဘောပေါက်၏။ ထို့ကြောင့် မောင်မောင်တုတ်ကို အခဲမကျေရှိနေသည်။ သည်မြစ်မကြီးကို ဖြတ်တောက်နိုင် မှ မြစ်လက်တက်တွေ ဘယ်မှာခံနိုင်ပါမည်နည်း။ အလိုလိုကောပြီးခန်း ခြောက်သွားကြရမည်သာ။

သို့နှင့် စုဖုရားလတ်သည်'ရနောင် မောင်မောင်တုတ်နှိမ်နင်းရေး' ကို စီမံကိန်းရေးဆွဲတော့၏။ ရှင်ဘုရင်အပေါ်မှာပင် ဩဇာညောင်းသော မိဖုရား ကြီးသည် မောင်မောင်တုတ် နှိမ်နင်းရေးတွင်မှ အဘယ်ကြောင့် တချို့နေရ သနည်း။ ဤတွင် မောင်မောင်တုတ်အကြောင်း တစေ့တစောင်းသိထားမှသာ လျှင် စုရားလတ်၏ စီမံကိန်းကို လိပ်ပတ်လည်နိုင်ပေမည်။

မောင်မောင်တုတ်၏ ငယ်နာမည်မှာ မောင်ညိုတုတ်ဖြစ်၏။ ဖခင်မှာ ခြောက်ထားဝယ်မိုလ် ဦးမောင်ကလေးဖြစ်သည်။ အမိမှာ စုဖုရားလတ်၏ နို့ထိန်းဖြစ်သည်။ ထို့ကြောင့် သူသည် စုဖုရားလတ်နှင့် နို့စို့ဖက်ဖြစ်သည်။

မင်းတုန်းမင်းသည် ပုဂံမင်းကို ပုန်ကန်၍ ရွှေဘိုသို့ ထွက်စဉ်အခါက သူ့ဖခင်သည် ကျေးကျွန်တော်ရင်းအဖြစ် နောက်တော်ကပါသွား၏။ လမ်း ခရီးတွင် မောင်မောင်တုတ်၏ ဖခင်မှာ ကျဆုံးသွားခဲ့သည်။ မင်းတုန်းမင်း ရာအမရပူရသို့ပြန်၍ ရွှေနန်းသိမ်းတော်မူချိန်တွင် တိုင်တားမင်းကြီးစောင်မ စောင်ချက်အရ မောင်တုတ်သည် လက်သုံးတော်ကိုင် ရာထူးဖြင့် ခစားရသည်။ သူ၏ အရည်အသွေးနှင့်ဖျတ်လတ်မှု ရဲစွမ်းသတ္တိရှိမှုတို့ကို တိုင်တားမင်းကြီး၊ ခင်းဝန်မင်းကြီး၊ ယောမင်းကြီးတို့က သဘောကျနှစ်ခြိုက်ကြသည်။

မင်းတုန်းမင်းနာမကျန်းရှိတော်မူစဉ်အခါ ဆင်ဖြူမရှင်မိဖုရားကြီးနှင့် အမတ်ကြီးများ လျှို့ဝှက်စွာ နန်းလျာရွေးစဉ်ကလည်း မောင်မောင်တုတ် သည် အစောင့်အကြပ်အဖြစ် ရှိနေခဲ့သည်။ ကြေးတိုက်တွင် အကျဉ်းချထား သော မင်းသားများအနက် သီပေါမင်းသားကို မောင်မောင်တုတ်ပင် မခုံပေါ် ထမ်း

www.burmeseclassic.com

www.burmeseclassic.com



၍ ထုတ်လာရသည်။ ဘုမသိ ဘမသိနှင့် အဖမ်းခံလိုက်ရသော မင်းသားသည် ယခု မောင်မောင်တုတ်က ခေါ်ထုတ်လာသည်ကို နားမလည်သဖြင့် မေးမိ၏။

မောင်မောင်တုတ်က 'အရှင်မင်းသား ဘုရင်ဖြစ်တော့မည်အမှန်ပင်။ ဘုရင်ဖြစ်လာသည့်အခါ အရှင့်ကိုအသက်ပေး၍ အမှုတော်ထမ်းပါမည်။ အမှုတော်ထမ်းရာ၌ အမှားရှိသော်လည်းရှိပေမည်။ သို့သော် အရှင်ဘုရားလက်နက်နှင့် ဒီတစ်သက်မသေရဟူသော ကတိကိုပေးတော်မူပါဘုရား' ဟူ၍လျှောက်တင်ခဲ့၏။

သီပေါမင်းသားက တောင်းသောကတိပေးလိုက်၏။ 'မောင်တုတ် ငါ့တစ်သက်မှာ ငါ့လက်နက်နှင့် မသေစေရ' သည်အချက်သည် အလွန်အရေးပါအရာရောက်သောအချက်ပင်ဖြစ်သည်။ ပေါ့ပေါ့တန်တန်ထားသော ကတိမဟုတ်ပေ။ မောင်တုတ်အပေါ် ဘုရင်က ကတိထားသည်နှင့်အမျှ မောင်တုတ်ကလည်း သီပေါဘုရင်ကို အသက်ပေး၍ အမှုတော်ထမ်းသည်။ သူသည် သီပေါဘုရင်၏ ရိုးသားသော စိတ်ကိုကြည်ညိုသည်။ ဘုရင့်အတွက် တကယ်ပင် အသက်ပေးဝံ့သူလည်းဖြစ်၏။ ထို့ကြောင့်ပင် မောင်မောင်တုတ်အား ရနောင်မြို့ကို စားစေလျက် မင်းသားအဆောင်အယောင်တို့ဖြင့် ချီးမြှင့်မြှောက်စားထားသည်။

သီပေါမင်းနန်းတက်စတွင် မိဖုရားခေါင်ကြီး စုဖုရားလတ်ကလည်း များစွာ ချီးမြှောက်သည်။ မိဖုရားကြီးသည် သေနတ်ဝန်ရာထူးကို ကင်းဝန်မင်းကြီးထံမှ ပြန်လည်သိမ်းလိုက်ပြီး မောင်မောင်တုတ်ကို သေနတ်ဝန်ခန့်သည်။ မိဖုရားကြီးက ကင်းဝန်မင်းကြီးကို သည်လိုနှစ်သိမ့်လိုက်သည်။

'ဘိုးဘိုးလည်း အသက်ကြီးပါပြီ၊ သေနတ်ဝန်ရာထူးနဲ့ မတော်တော့ပါဘူး ဥပဒေပြုအမတ်ကြီးအဖြစ်နဲ့ အမှုတော်ထမ်းဖို့ပဲ သင့်တော်ပါတယ်'

သည်လိုပြောပြီး ရာထူးပြန်ယူလိုက်သဖြင့် ကင်းဝန်မင်းကြီးသည် မကျေနပ်သော်လည်း ငုံ့ခံလိုက်ရသည်။

မောင်မောင်တုတ်ကို သည်လိုအခွင့်အရေးပေးခဲ့ကြသည့်အထဲတွင် စုဖုရားလတ်သာမက ဆင်ဖြူမရှင်မိဖုရားကြီးပင်ပါလိုက်သေးသည်။ မောင်မောင်တုတ်သည် သီပေါမင်းထက် ၁၀ နှစ်ခန့်ကြီး၏။ ထို့ကြောင့်လည်း ဘုရင်မင်းတရားသည် အစစအရာရာတွင် မောင်မောင်တုတ်မပါလျှင်မပြီးသကဲ့သို့ အတွင်းရေးများကိုပါ တိုင်ပင်လေ့ရှိ၏။ သည်လိုမောင်မောင်တုတ် တန်ခိုးအာဏာကြီးထွားလာသဖြင့် သူ့တွင်နောက်လိုက်များလာ၏။ သူ့ကိုအားကိုး

www.burmeseclassic.com

www.burmeseclassic.com



များလာ၏။ သူနှင့်ကျေးဇူးမကင်းသူတွေများလာလေသည်။

သီပေါဘုရင် ပေးသနားတော်မူသော ခြံဝင်းကြီးအတွင်း ဧနီးမယား မြောက်မြားစွာနှင့် လောကစည်းစိမ်ကိုခံစားနေသည်။ သည်စည်းစိမ်မျိုးသူ့ အရှင်သခင် သီပေါမင်းတရားကိုလည်း ခံစားစေလိုသည်။ မိဖုရားအခြွေအရံများ အလယ်တွင် ဘုရင်မင်းမြတ်တို့ ခံစားအပ်သော စည်းစိမ်ဖြင့် မခံစားရဘဲ တစ်လင်တစ်မယားစနစ်ဖြင့် တစ်ဦးတည်းပျင်းရိငြီးငွေ့ဖွယ်ရာ စံစားနေရရှာ သည်ဟု သီပေါမင်းတရားကိုပင် သနားနေလိုက်သေးသည်။

တစ်ခါသော် သီပေါမင်းတရားက 'ဟဲ့ မောင်တုတ်ရဲ့ နင့်မှာ မယား တွေတယ်များဆို၊ ဒီမယားတွေ ဘယ်ကရသလဲ၊ နိုင်ငံထက်စီးနင်းများ မလုပ်ပါ နဲ့ မောင်တုတ်ရယ်' သည်သို့ပင် မိန့်တော်မူဖူးသည်။ ဤသည်ကို မောင်တုတ် ကလည်းထင်ခဲ့၏။ 'ဘုရင်မင်းတရားသည် သူ့ကိုအားကျနေပြီ' ...ဟု။

ထို့ကြောင့်ပင် မောင်မောင်တုတ်သည် စွန့်စားခဲ့၏။ သည်ဝတ္ထုရှေ့ပိုင်း တွင် ဖော်ပြခဲ့သည့်အတိုင်း ဒိုင်းဝန်မင်း၏ သမီးခင်ခင်ကြီးနှင့် ချစ်ကြိုးသွယ် မိအောင် သူနှင့်သူငယ်ချင်းမောင်ဖေငယ်တို့က အကျိုးတော်ဆောင်ခဲ့ကြသည်။ အပျက် အပျက်နှင့် နှာခေါင်းသွေးထွက်ရပေတော့မည်။ သည်ဆောင်ရွက် ချက်သည် မောင်မောင်တုတ်နှင့် တကွခင်ခင်ကြီး အသိုင်းအဝိုင်း၏ ကံကြမ္မာ ကို ဖန်တီးလာသော အချက်ပင်ဖြစ်တော့သည်။

မောင်မောင်တုတ်သည် စုဖုရားလတ်တင်သည့် စစ်ကဲပင်ဖြစ်သည်။ ကိုယ်တင်သည့် စစ်ကဲကိုဆွဲချရမည့် အရေးတွင် လုံလောက်သော အထောက် အထားများကိုတော့ ပြနိုင်ရဦးမည် မဟုတ်ပါလား။ စုဖုရားလတ်သည် အထောက်အထားများ ရရှိနိုင်မည့် အစီအစဉ်ကို မယ်တော်ဆင်ဖြူမရှင်နှင့် နေ့စဉ်တကျသိုသိုသိပ်သိပ် တိုင်ပင်၏။ ပြီး ...သည်တာဝန်ကို တိုင်တားမင်းကြီး အား လွှဲအပ်လိုက်သည်။

တိုင်တားမင်းကြီးသည် မောင်မောင်တုတ်တန်ခိုးထွားလာကတည်းက အလိုလို ထိတ်လန့်လာခဲ့၏။ မိမိလိုဝန်အိုကြီးများ အရေးမပါ။ အရာမရောက် တော့သည့်ပြင် အန္တရာယ်ကျရောက်လာမည်ကိုပင် စိုးရိမ်နေရပေပြီ။ ထို့ကြောင့် မောင်မောင်တုတ်၏ အပြစ်တစ်စုံတစ်ရာကို ထောက်ပြနိုင်မည့် အစီအစဉ်တစ် ရပ်တွင် မိမိအားချမှတ်ပေးသည့် တာဝန်ကို တိုင်တားမင်းကြီးသည် ဝမ်းပန်း တသာ လက်ခံလိုက်လေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၃။ အန္တရာယ်ဖာတ်လမ်းဖ်နေဝင်ချိန်

ဘုရင်သစ်တစ်ပါးနန်းတက်လျှင်တက်ချင်း မိမိနေပြည်တော်ကို လှည့်လည်ကြွချီရမြဲဖြစ်၏။ ယင်းသို့ကြွချီခြင်းမှာ နေပြည်တော်ကို လက်ခံရယူခြင်းသဘောပင်ဖြစ်ပေသည်။ သို့သော် သီပေါမင်းနန်းတက်စဉ် ဝန်ကြီးများကသည်အခမ်းအနားကို ဆိုင်းငံ့ထားသင့်ကြောင်း လျှောက်တင်ကြသည်။ နန်းတော်မှ ခွာခြင်းသည် သီပေါဘုရင်အတွက် အလွန်ကြီးမားသော အန္တရာယ်ဖြစ်သည်ဟုဆိုကြ၏။ ယခုအခါတွင် သီပေါမင်းနန်းတက်သည်မှာ လေးနှစ်ပင်ပြည့်မြောက်ခဲ့ပြီဖြစ်၏။ မြို့တော်သိမ်းအခမ်းအနားကိုကား မကျင်းပရသေးချေ။

သည်ကိစ္စအတွက် တိုင်တားမင်းကြီးသည် စုဖုရားလတ်ချမှတ်ပေးသော တာဝန်တစ်ရပ်ကို ပြီးပြည့်စုံအောင် ဆောင်ရွက်တော့၏။ မင်းကြီးသည်ပညာရှိ ပုဏ္ဏားမတ်များအား မြို့တော်သိမ်းအခမ်းအနားကျင်းပတော်မူရန် လျှောက်တင်စာ ဆက်သွင်း၏။ ပညာရှိပုဏ္ဏားမတ်များကလည်း နိုင်ငံတော်အတွက်မင်္ဂလာအဖြာဖြာ တိုးတက်စည်ပင်စေကြောင်း ဘုရင်မင်းမြတ်သည် နေပြည်တော်အတွင်း လှည့်လည်အပူဇော်ခံရန် စီစဉ်သင့်သည်ဟု တိုက်တွန်းပြောကြားကြ၏။ မင်းဆရာပုဏ္ဏားများကလည်း ဘုရင်မင်းမြတ်အတွက် အလွန်အရေး

www.burmeseclassic.com



ကြီးသော အခမ်းအနားဖြစ်ကြောင်း လျှောက်တင်လေ၏။ နောက်ဆုံးတွင် သီပေါမင်းတရားသည် သဘောတူညီခဲ့လေသည်။

ပုရောဟိတ်ကြီးများက နေ့ကောင်းရက်သာ အခါတော်မင်္ဂလာရက်ကို ရွေးချယ်၍ အခမ်းအနားကျင်းပရန် စီစဉ်သည်။ နန်းတော်မှ သီပေါမင်းတရား ထွက်ခွာကြွချီသည့်အခါတွင် လုံခြုံမှုရှိစေရန်လည်း အစီအမံများကို စနစ်တကျထားရှိသည်။

နန်းမတော်ဖုရား၏ အလိုတော်အတိုင်း ရွှေမြို့တော်လေးပြင်လေးရပ်တွင် ပြည်သူ့ဆန္ဒကို တောင်းခံသော ရွှေသေတ္တာကြီးများကိုလည်း ချထား၏။ မြို့တော်သိမ်းပွဲတော်အချိန်မှစ၍ တိုင်းသူပြည်သားမှန်သမျှ မည်သူမဆို မကြောက်မရွံ့၊ မငဲ့မကွက် လွတ်လပ်စွာ ရေးသားလျက် ရွှေသေတ္တာကြီးများတွင်ထည့်နိုင်၏။ လျှောက်တင်တိုင်ကြားသူ၏ အမည်နာမကို ဖော်ပြရန်လည်း မလိုပြီ။ သည်သေတ္တာကြီးများကို ဗြိတိုက်သံတော်ဆင့်ကြီးများက ကြီးမှူးအုပ်ချုပ်ကြသည်။ တစ်သီတင်းလျှင် တစ်ကြိမ်ကျသော့ဖွင့်၍ တိုင်တန်းလွှာများကို ဘုရင့်ရှေ့တော်မှောက်သို့ ပို့ပေးမည်။ ရွှေသေတ္တာတွင်းမှ တိုင်တန်းစာများကိုလည်း တစ်ဖက်သတ်ယုံကြည်မည်မဟုတ်။ မှန်မမှန်၊ ဟုတ်မဟုတ်၊ သက်သေခံအထောက်အထား ခိုင်ခိုင်လုံလုံရရှိဖို့ တရားသဖြင့် ထောက်လှမ်းစုံစမ်းဦးမည်။ ပြီး အမှုအကြီးအသေးအလိုက် ထိုက်သင့်သလို အပြစ်ဒဏ်ပေးမည်။ ဤသို့လျှင် ရွှေမောင်းခတ်၍ ကြော်ငြာထားလေသည်။

အခါတော်ကျရောက်ပေပြီ။ နေပြည်တော်အတွင်း လှည့်လည်၍ အမှုဆော်ခံမည့်အချိန်မှာ ပြေလဖြစ်သည့်အလျှောက် ကောင်းကင်တစ်ပြင်လုံး တိမ်သားကင်းစင်လျက် ကြည်လင်နေ၏။

အရှင်နှစ်ပါးသည် ဗြဟ္မာမင်းအဆင်တန်ဆာကို ဆင်ယင်လျက်ရွှေမြို့တော်ရှေ့မျက်နှာဦးထိပ်တံခါးမှ ထွက်တော်မူသည်။ လက်ယာဘက်တွင် မင်းညီမင်းသား မှူးတော်မတ်တော်များ ရပ်နေရန် ကနားဖျင်းများ ဆောက်လုပ်ထား၏။ ထွက်တော်မူရာ၌ တပ်အခင်းအကျင်းမှာ ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်စသော စစ်အင်္ဂါလေးပါးကို ခင်းကျင်းထား၏။ ကျုံးတော်အတွင်း၌ စီးနင်းတော်မူရန် ရွှေဖောင်တော်၊ လှော်ကား၊ ရဲလှေ၊ ခတ်လှေ၊ သမ္ဗန်စသည် စီစဉ်ထားလေသည်။

အရှင်နှစ်ပါး ထွက်တော်မူမည့် ရွှေဖောင်တော်မှာ နေရောင်ခြည်အောက်ဝယ် တလက်လက် တောက်ပနေသည်။ ဖောင်တော်သည် ကြာမျိုးငါးပါးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသော ကျုံးတော်အတွင်း လက်ယာရစ်လှည့်လျက် ထွက်တော်မူသည်။

ကျုံးအောက်ကမ်းနဖူးတွင် ပြည်သူတို့သည် ကမ်းညွှတ်လုမတတ်များပြားစည်ကားလှ၏။ နုနယ်ငယ်ရွယ်သေးသော ဘုရင်နှင့် မိဖုရားတို့ကိုဦးချကန်တော့လျက် အရိုအသေပြုကြ၏။ ရွှေဖောင်တော်သည် ကျုံးလေးမျက်နှာကို တစ်ပတ်ပတ်ပြီးနောက် ရှေ့မျက်နှာရှိ ကွန်းထောက်စံနန်းတော်သို့ ပြန်လည်ဆိုက်ရောက်လာသည်။ နန်းတော်တံခါးတွင် ဘုရင်နှင့် မိဖုရားကြီးတို့သည် ဖောင်တော်ပေါ်မှ ဆင်းကြွလာကြသည်။

* * * *

ရွှေသေတ္တာအတွင်းမှ တိုင်ကြားလွှာများကို ဖတ်ကြားမည့်နေ့ဖြစ်၏။

ဘုရင်မင်းတရားနှင့် အတွင်းဝန်ကြီးများသည် အရေးပေါ်ကိစ္စများကို အတွင်းရွှေဆောင်တော်မှာ ဆွေးနွေးလေ့ရှိ၏။ လွှတ်တော်ဝန်ကြီးများ ဝန်ထောက်ကြီးများ၊ သံတော်ဆင့်များ၊ အတွင်းဝန်ကြီးများ၊ မြို့တိုက်သံတော်ဆင့်များသည် စုံစုံညီညီ စေားနေကြပြီဖြစ်သည်။ ဘုရင်မင်းတရား၏ သံတော်ဆင့်အမတ်ကြီးများသည် ရွှေသေတ္တာကြီးများ၏ သော့ကိုဖွင့်လိုက်ကြ၏။ ပြီးပြည်သူတို့ ရေးသားထည့်သွင်းထားသော တိုင်ကြားလွှာများကို ထုတ်ယူလိုက်ကြသည်။ ရွှေသေတ္တာတိုင်းပင် တိုင်ကြားလွှာများဖြင့် ပြည့်မောက်နေ၏။ ပြည်သူပြည်သားများသည် အနှစ်နှစ်အလလက မျိုသိပ်ခဲ့ရသမျှ အားရအောင်ရင်ဖွင့်ကြတော့သည်။

နန်းတွင်း အမှုထမ်းများလာဘ်ပေး လာဘ်ယူကိစ္စ၊ လွှတ်တော်အမှုထမ်းတို့၏ မသမာမှုများ၊ လက်နက်ကိုင်တပ်သားများက လက်နက်အားကိုးနှင့် ညှဉ်းပန်းနှိပ်စက်ပုံ၊ အခွန်တော်ငွေများကို တိုးမြှင့်ကောက်ခံနေပုံ၊ မြို့အုပ်တို့က အခွန်တော်ငွေများကို အလွဲသုံးစားလုပ်ပုံ၊ အမှုစစ်ဆေးရာတွင်လည်း မျက်နှာကြီးငယ်လိုက်၍ မတရားစီရင်ပုံ စသည် စသည် အသေးအဖွဲ့ကိစ္စများမှ မြို့ပြပြည်ရွာ အုပ်ချုပ်ရေးအထိ တိုင်တန်းကြလေသည်။

စုဖုရားလတ်သည် ဖတ်ကြားပြီးသော တိုင်ကြားစာနှင့် ပတ်သက်၍ 'သက်ဆိုင်ရာမြို့ဝန်၊ အဝေးရောက်ဝန်တို့က ကြည့်ရှုပြုပြင်ဆောင်ရွက်ပေးစေ။ မင်းမှုထမ်းအရာရှိတို့၏ အပြစ်အနာအဆာများအတွက် အမှားအမှန်ကို စုံစမ်းပြီးအရေးယူဆောင်ရွက်ကြစေ' သည်သို့ အမိန့်ချကာ ဖြေရှင်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်ကြီးအတွင်းရေးနှင့် သက်ဆိုင်သော တိုင်ကြားစာများကို မူ ဆွေးနွေးခန်းထဲတွင်ပင် ဖတ်လျှောက်စေ၏။ မင်းမိဖုရား နှစ်ပါးနှင့်ဝန် ကြီး၊ ဝန်ထောက်၊ အတွင်းဝန်တို့သည် သံတော်ဆင့်၏ ဖတ်ကြားချက်ကို ကြားနာလျက်ရှိ၏။ သီပေါမင်းတရားသည် ပြည်သူတို့၏ဆန္ဒတိုင်တန်းချက် များကို နားဆင်ရသည်မှာ ကြာပြီဖြစ်၍ သမ်းဝေချင်လာ၏။ မျက်လုံးများလည်း တဖြည်းဖြည်းမှေးစင်းစပြုလာပြီ။ သို့သော် မင်းတရားကြီး၏ မျက်လုံးသည် ကြာကြာ မှေးစက်ခွင့် မရလိုက်ပေ။

'ရနောင်မင်းသားသည် အရှင်နှစ်ပါး မြှောက်စားသူကောင်းပြုထားသည် ကို တရားသဖြင့် နေထိုင်ခြင်းမရှိ၊ အမျိုးသမီးများကို ဖျက်ဆီးနေပါသည်။ ပိုင်ရှင်ရှိသော၊ မရှိသော မစုံစမ်းမစစ်ဆေး၊ လှသောချောသော မိန်းကလေး မှန်က ရနောင်မင်းသား၏ အဓမ္မသိမ်းပိုက်ခြင်း ခံနေရပါသဖြင့် သမီးရှင်များ စိတ်ပူပန်သောကရောက်နေရပါကြောင်း . . .'

မင်းတရားသည် ရနောင်မင်းသား၏ အမည်ကိုကြားလိုက်ရသော ခဏ၌ မှေးစင်းနေသော မျက်လုံးများ ရုတ်တရက် ပြူးကျယ်သွားရ၏။ သို့ သော် တိုင်ကြားစာပါအကြောင်းအရာများနှင့် ပတ်သက်၍မူ ရနောင်မင်းသားဉာဉ် ကို သိပြီးဖြစ်သဖြင့် ပြုံးလိုက်၏။

နောက်တစ်စောင် . . .

'ရွှေနန်းရှင်ဘုရား၏ လူယုံတော် လက်သုံးတော်ရနောင်မင်းသားသည် လက်အောက်အမှုထမ်း ကျေးကျွန်များနှင့် နိုင်ငံတော်အတွင်းရှိ သူဌေး၊ သူ ကြွယ်ကုန်သည် လယ်လုပ်တို့ကို မတရားညှဉ်းပန်းနှိပ်စက်နေပါကြောင်း၊ လူဆိုးသူခိုးများကို လက်သပ်မွေး၍ နိုင်ငံတော်အတွင်း တိုက်ခိုက်လုယက်မှု များကို ပြုလုပ်စေခဲ့ကြောင်း၊ တိုင်ကြားပါသော်လည်း ရနောင်မင်းသား၏ ကျေးဇူးမကင်းသူများသာ ဖြစ်သောကြောင့် အရေးယူဆောင်ရွက်ပေးခြင်း မရှိခဲ့ပါကြောင်း . . .'

သံတော်ဆင့် အရာရှိသည် တစ်စောင်ပြီးတစ်စောင် ဖတ်ကြားသွား၏။ တစ်စောင်နှင့်တစ်စောင် မတူကြပြားလည်း အကြောင်းအရာအားလုံးက အဓိကဇာတ်ဆောင်မှာ မောင်မောင်တုတ်ပင် ဖြစ်နေသည်။ မကြာခင် နောက် တစ်စောင်ဖတ်ကြားနေပြန်ပြီ။

'သေချာနိုင်လုံသော အထောက်အထားများနှင့် တင်လျှောက်ပါသည် ဘုရား။ ရနောင်မင်းသားသည် ဒိုင်းအတွင်းဝန်မင်းနှင့် ပေါင်းသင်းဆက်ဆံ

www.burmeseclassic.com



မောင်ဖေငယ်တို့ကို စည်းရုံးပြီး နိုင်ငံတော်ကို ပုန်ကန်ရန် ကြံစည်နေပါသည်။ မင်းစိုးရာဇာ အချို့နှင့် စစ်ဘက်အရာထမ်း၊ အမှုထမ်းအချို့ကိုလည်း သွေးစည်းထားပြီးဖြစ်ပါသည်။ အခွင့်သာသည်နှင့် မင်းတရားကိုနန်းမှချ၍ ထီးနန်းလုရန်စီစဉ်ထားပြီးပါပြီ။ ဒိုင်းအတွင်းဝန်၏ အိမ်အောက်၌လည်း ရိုင်ဖယ်သေနတ်များနှင့် ကျည်ဆန်အများအပြား မြေတွင်မြှုပ်၍ ဝှက်ထားပါသည်။ သည်အကြံအစည်အားလုံး အောင်မြင်နိုင်ရန် တောင်သမန်လယ်စား မောင်ဖေငယ်က ရွှေတိုက်တော်မှ ဘဏ္ဍာတော်များခိုးယူထုတ်ပေးကြောင်းပါ ဘုရား...'

သီပေါမင်းတရားသည် မပြုံးနိုင်တော့ပြီ။ ဦးနှောက်ဆူဝေကာ အတွေးများ ယောက်ယက်ခတ်ကုန်သည်။ သူ့ရင်ထဲ၌ မခံစားရဖူးသော ဝေဒနာတစ်ရပ်ကို ခံစားလာရသည်။ သည်ဝေဒနာသည် မင်းတရား၏ စိတ်သန္တာန်ကို လှုပ်ခတ်သွားစေသည်။

ဘုရင်မင်းမြတ်က သည်တိုင်ကြားလွှာတွေမှာ သံသယဖြစ်ဖွယ်ရာများစွာပါရှိကြောင်း ထုတ်ဖော်မိန့်ကြား၏။ သည်တွင် စုဖုရားလတ်သည် သူ၏အခန်းကို ပိုင်ပိုင်နိုင်နိုင်ဝင်၍ ကလေတော့သည်။

သူသည် အဆောင်တော်အတွင်းရှိ မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီးများဆီသို့ မျက်လုံးတစ်ချက်ဝေ့လိုက်၏။ ပြီး တည်ငြိမ်သောအသံဖြင့် သူသဘောထား၊ သူ့တွေ့ရှိချက်ကို တင်ပြလေသည်။

'မောင်တုတ်ပေါ့ရမ်းဆိုးသွမ်းနေကြောင်းကြားခဲ့တာကြာပါပြီ၊ ဒါပေမယ့် ရွှေနန်းရှင်ဘုရားရဲ့ အိမ်တော်ပါလက်ရင်း ကျွန်တော်ကြီးဖြစ်တာတစ်ကြောင်း၊ နောက်နောက်က အကျိုးတော်ကို ဆောင်ခဲ့ဖူးတာလဲတစ်ကြောင်းတို့ကြောင့် ခွင့်လွှတ်ခဲ့တယ်။ ခုကိစ္စမှာတော့ သာမညကိစ္စမဟုတ်ပေဘူး။ နန်းပလ္လင်ကို ပင် လုရန်ကြံရွယ်လာတဲ့အတွက် အဓိကပိုင်းကိုရောက်လာပါပြီ။ ဒါကိုလျစ်လျူရှုခဲ့ရင် မောင်ဘုရားအတွက် များစွာစိုးရိမ်ဖွယ်ရာရှိပါတယ်။ မကြာခင်က တောင်ဉယျာဉ်ပန်းခုံတော်ထဲမှာ မောင်ဖေငယ်ရဲ့ နှမမိခင်ကြီးဟာ မောင်တော်ဘုရားကို လှည့်စားဖြားယောင်းနေတာ ကျွန်မ ကိုယ်တိုင် လက်ပူးလက်ကြပ် မိခဲ့ပါတယ်...'

စုဖုရားလတ်သည် လျှို့ဝှက်စာတစ်လမ်းကို ခပ်ပြောင်ပြောင်ပင် ဖွင့်ချလိုက်တော့သည်။ မိမိတင်လျှောက်သော စကားများမှန်ကန်ကြောင်း တိုင်တားမင်းကြီးကို သက်သေထူခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်တားမင်းကြီးကလည်း စုဖုရားလတ်နှင့် တစ်သွေးတစ်သံတည်းပင် ဖြစ်၏။ အခွင့်အရေးရတုန်းရခိုက် အခြားသောဝန်ကြီး၊ မှူးကြီးတို့ကလည်း တင်လျှောက်ကြသေးသည်။၊

'အရှင်နှစ်ပါးတို့၏ မျက်နှာတော်ကို ထောက်ထားပြီး မှန်ရာကို မလျှောက်တင်ဝံ့ခဲ့ပါ။ မောင်မောင်တုတ်၏ စက်ပုန်းခုတ်သတင်းများကို ကြား နေရသည်မှာ ကြာခဲ့ပါပြီ ဘုရား...'

'ရနောင်မင်းသား၏ အင်အားမှာ သေးလှသည်မဟုတ်ပါ။ သူတို့ဘက်သို့ သည်သတင်းများမပေါက်ကြားမီ ရွှေနန်းရှင်က အလျင်ဦးအောင် အုပ်မိဖို့ အရေးကြီးလှပါသည် ဘုရား...'

ဤသို့ဤနှယ် သူ့ထက်ငါအလုအယက်လျှောက်တင်ကြ၏။

သည်တွင် သီပေါမင်းတရား စဉ်းစားရလေပြီ။ မိမိသည် လူအများကို ခေါင်းဆောင်မှု မပေးနိုင်ခဲ့။ မောင်မောင်တုတ်မှာမူ လူအများကို ခေါင်းဆောင် နိုင်ခဲ့သည်။ ဤသည်ပင် မောင်တုတ်ဘက်က တစ်ပန်းသာနေပြီ။ ခုတလော မောင်တုတ်အစေား မဝင်ဘဲနေခဲ့သည်။ သူဘာတွေလုပ်နေသနည်း။ ဘာတွေ တိတ်တဆိတ် ကြံနေသနည်း။ အတွေးတို့သည် ရှာရှာလည်ကုန်၏။ မိမိ၏ နန်းပလ္လင်ကိုထိပါးရန်ကြံနေပြီဆိုသည့်အတွက်မူ သူသည်အမှန်ပင် တုန်လှုပ် သွားခဲ့သည်။

သို့သော် တစ်ခုစက်နေသည်။ 'ဒီတစ်သက် ငါ့လက်နက်ဖြင့်မသေစေရ' ဟု မောင်တုတ်ကို ကတိပေးထားသည်မဟုတ်ပါလား။ သည်ကတိကို မည် သို့လျှင် ဖျက်ဝံ့ပါမည်နည်း။ ဘုရင်သည် များစွာ အကြံရကော်နေ၏။ သူ သည် အတွေးနက်နေရာမှ စုဖုရားလတ်မိဖုရားကြီးကို လှမ်းကြည့်လိုက်သည်။

စုဖုရားလတ်သည် မင်းတရား၏ အကြည့်ကို နားလည်သဘောပေါက် သွားသဖြင့် ဤသို့နှစ်သိမ့်စကား၊ တိုက်တွန်းစကားဆိုလေသည်။

'သည်အရေးအတွက် စိတ်အေးအေးထားပါ မောင်မောင်ဘုရား၊ လော လောဆယ် အခြေအနေအရ ပုန်ကန်ဖို့ အရေးဆက်လက် ဆောင်ရွက်ခွင့် မရ နိုင်အောင် မောင်မောင်တုတ်ကို ချွေအကျဉ်းချထားသင့်ကြောင်းပါ။ ကိစ္စ အဝဝကို စုံစမ်းစစ်ဆေးရန် စုစုနှင့် တိုင်တားမင်းကြီးတို့ ရှိကြောင်းပါဘုရား'

နောက်ဆုံးတွင် သီပေါမင်းတရားသည် စုဖုရားလတ် တိုင်တားမင်းကြီး နှင့် အပေါင်းအသင်းများ၏ အလိုဆန္ဒအတိုင်းဖြစ်စေခဲ့၏။

'ရနောင်မင်းသား မောင်မောင်တုတ်နှင့် သူ့အပေါင်းပါများကို ဖမ်း

www.burmeseclassic.com

www.burmeseclassic.com



ချင်းဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချထားစေ...'

မင်းတရားသည် အမိန့်တော်ချမှတ်ပြီးနောက် စက်ရာဆောင်ခန်းသို့ ဝင်သွားခဲ့လေသည်။

ခင်ခင်ကြီးကို စုဖုရားလတ်ထံ ပြန်လည်ပို့ဆောင်ပေးပြီး နောက် မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့မှာ အားလပ်ခွင့်ရနေကြပြီဖြစ်၏။ ညစဉ်ညတိုင်း တောင်ဉယျာဉ်သို့ ခင်ခင်ကြီးကို ပို့ပေးရသော ပြူမြိဝတ္တရားမှ အနားယူခွင့်ရနေကြသည်။ သို့သော် မြို့တော်သိမ်း အခမ်းအနားတွင် တာဝန်ကိုယ်စီရှိနေကြသည်။ အခမ်းအနားကျင်းပသည့်ရက်နှင့် မရှေးမနှောင်းမှာပင် မင်းတရား၏ မယ်တော်လောင်းရှည် မိဖုရားက နတ်ပြည်စံတော်မူပြန်သည်။ သို့နှင့် မောင်ဖေငယ်တို့သည် သီပေါမင်းတရားကို လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့် မရခဲ့ကြပေ။ မိဖုရားကြီး အနှောင့်အယှက်ကြောင့် ခင်ခင်ကြီးအတွက် လျာထားချက်တို့သည်လည်း ပျက်ခဲ့ရသည်။ ခုအခါတွင် ခင်ခင်ကြီးအား မြောက်နန်းအရာပေးရေးနှင့် ပတ်သက်၍ မင်းတရား၏ စိတ်၌ မည်သို့ရှိနေပြီ ကိုလည်း မသိကြရချေ။

ထို့ကြောင့် မောင်မောင်တုတ်မှာ သူ့အိမ်တွင်ပင် ကုပ်ရင်းအရက်ကလေး တမြမြနှင့် အချိန်ဖြုန်းနေလေသည်။

မောင်ဖေငယ်မှာမူ သူ့လိုလည်းဆက်ရက်မင်းစည်းစိမ်ကို မခံစားတတ် သူမို့ နှမငယ်အတွက် ပူလို့သာနေတော့သည်။ သူသည် မြို့တော်သိမ်းအခမ်း အနားတွင် တွေ့လိုက်ရသော နှမငယ်ခင်ခင်ကြီး၏ ရုပ်သွင်ကို ပြန်လည်မြင် ယောင်နေမိသည်။ သည်တုန်းက ခင်ကြီး၏ မျက်နှာသည် ယခင်ကလိုလန်းဆန်း ခြင်းမရှိ။ ပျော်ရွှင်ဝမ်းမြောက်ဟန် မတွေ့ရ။ ညှိုးညှိုးငယ်ငယ်ရှိလှသည်။ မိမိကိုတွေ့ရသည်ပင် မျက်ရည်ကြည်တို့ သီသီဝဲကာ အနိုင်နိုင်ပြုံးရှာသည်။ နှမငယ်နှင့် အဆက်အသွယ်မရခဲ့သည်ပင် အတန်လေးကြာနေပေပြီ။

တစ်ဘက်တွင်လည်း မောင်ဖေငယ်သည် ဒိုင်းဝန်ကတော်မဘော့ရားကို မျက်နှာပူနေသည်။ မိမိတို့က ရဲရဲကြီးအာမခံကြ၍သာ မဘော့ရားမှာ လိုက် လျောခဲ့ရသည်။ မိဖုရားကြီး၏ သဘောထားနှင့်ပတ်သက်၍ သမီးအတွက် ရတက်မအေးနိုင်ရှိခဲ့သည်။ စုဖုရား၏ လှည့်ကွက်ကို တစ်စက်ကလေးမျှ မရိပ်မိမသိရှိကြ၍လည်း ခင်ကြီးကိုဝမ်းပန်းတသာပင် ပို့ပေးခဲ့ကြသည်။ ခင်ကြီး ကို သည်လိုအကျယ်ချုပ်သဘောထားလိမ့်မည်ဟု နည်းနည်းမျှ ထည့်၍ မတွေး ခဲ့မိကြ။ ခင်ခင်ကြီးကို ယခုလိုအချုပ်သတ်ထားလေမလားဟု အတွေးအား

www.burmeseclassic.com

www.burmeseclassic.com



ပင် မဝင်စားမိ၊ မင်းတရားထံမှ တိတိပပကတိရထားပြီမို့လည်း 'ကြောင့်ကြတော်မမူပါနဲ့ မေမေဘုရား၊ ရက်ရာဇာအခါတော်ရွေးပြီး မြောက်မြှေရေးဆောင်ကို ပို့ရန်သာ ကျန်ပါတော့သည်' ဟု ရဲရဲကြီး ဆိုဝံ့ခဲ့လေသည်။

မောင်ဖေငယ်သည် အခြေအနေမှန်ကို မသိရလေတိုင်း ဂနာမငြိမ်ဖြစ်နေ၏။

ဒိုင်းဝန်ကတော်ကြီးသည် မောင်ဖေငယ်လှုပ်ရှားပုံကိုကြည့်လိုက် ခင်ခင်ကြီးအတွက် အသင့်ပြင်ဆင်ထားသော အဆောင်အယောင်ပစ္စည်းများကိုကြည့်လိုက်နှင့်ပင့်သက်ကိုသာ အခါခါချနေတော့သည်။

'သားရယ်၊ မေဘုရားမပြောပါလား၊ စုဖုရားဟာ နှယ်နှယ်ရရမဟုတ်ဘူး၊ တော်ရုံဖြင့် စိတ်ပြေခဲလှပါတယ်လို့။ ခုတော့ ရာဇဝတ်အိုး တုတ်နဲ့ထိုးသလို ဖြစ်နေပြီ။ အရှင်နှစ်ပါးစပ်ကြား သမီးကလေးခမျာ မြေစာပင်ဖြစ်နေရှာပြီ။ မင်းတို့မျက်စောင်းအကြောင်းသုံးပါး မရွေးဘူးတဲ့။ စုဖုရားအမျက်တော် မပြေရှိလေမှဖြင့် တစ်မျိုးလုံးပြုတ်ပြုတ်ပြုန်းရချည်ရဲ့ သားရယ်'

သည်စကားတို့သည် နှုတ်မှထွက်မလာ၊ အမယ်အိုကြီး၏ရင်တွင်းမှ ငိုညည်းသံများပင်တည်း။ ဝန်ကတော်ကြီးသည် မောင်ဖေငယ်ကို သားအရင်းလို ချစ်ခင်၏။ ကြင်နာ၏။ သံယောဇဉ်တွယ်၏။ မိမိတို့မှာ သားအရင်းရယ်လို့ အားကိုးမရှိလေတိုင်း မောင်ဖေငယ်ကိုသာ အားကိုးနေရ၏။ တိုင်ပင်နေရ၏။

ခင်ခင်ကြီးကို အရိပ်တကြည့်ကြည့်နှင့် ရှိနေစဉ်ကလည်း 'သမီးလေးကြီးလာလျှင်' ဟူသော အတွေးတို့ဖြစ်လာတိုင်း ဝန်ကတော်ကြီး၏ စိတ်အာရုံတွင် မောင်ဖေငယ်၏ ရုပ်သွင်သာ ပေါ်လာခဲ့သည်။ သူသည် သည်သားနှင့် သည်သမီးကို အမြဲယှဉ်တွဲလျက်ကြည့်မိသည်။ သားနှင့်သမီး ချစ်ခင်ကြင်နာသူယနေသည်များကိုတွေ့လျှင် အမယ်အို၏နှလုံးသည် ပီတိနှင့်ဆုံတွေ့ရမြဲဖြစ်သည်။ သူသည် ကုန်လွန်ခဲ့ပြီဖြစ်သော ပျော်ရွှင်စရာကာလများဆီသို့ အတွေးရောက်လေသောအခါ 'သြော် ရွှေနန်းရှင်နှယ် သမီးကလေးကို တောက်ယူတော်မမူရင် ကောင်းလေစွ' ဟု ရင်တွင်းမှ မြည်တမ်းမိလေသည်။

ဒိုင်းအတွင်းဝန်မင်းသည် မြို့တိုက်တော်မှ ပြန်လာပြီဖြစ်၏။ ဝန်ကတော်ကြီးကို မြင်ရလေတိုင်း ရင်မှဝေဒနာသည် လိပ်၍လိပ်၍ တက်လာ၏။ သို့သော်သူသည် ယောကျ်ားရင့်မကြီးဖြစ်၏။ အသက်လည်း အတော်ရလာပြီဖြစ်သည်။ ထို့ကြောင့် သူသည် ရင်မှဝေဒနာကို သိဝှက်နိုင်စွမ်းရှိခဲ့လေသည်။ ညချမ်းတွင် အိမ်ဦးခန်းဘုရားဆောင်၌ ပြုမြဲတိုင်း ဘုရားဝတ်ပြု၏။ ဂုဏ်တော်

www.burmeseclassic.com



ပုတီးပတ်ကို အမိဋ္ဌာန်ဖြင့်စိပ်သည်။ ပြီး ... သတ္တဝါဝေနေယျအပေါင်းတို့အား မေတ္တာပို့၍ အမျှဝေသည်။ သည်လို ပြုမြဲဝတ်ပြီးတိုင်း သူ၏စိတ်သန္တာန်မှာ ကြည်လင်အေးချမ်းမြဲဖြစ်၏။ ပေါ့ပါးရွှင်လန်းလာရစမြဲဖြစ်၏။ ယနေ့ ညတွင်မူ သူ၏စိတ်တို့သည် လေးလံလျက်သာရှိတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၄။ မိန်းမချောကလေး မွေးတဲ့ဓါး

နောက်တစ်နေ့တွင် ဖြစ်၏။

မောင်မောင်တုတ်သည် မိုးလင်းလင်းချင်း ပင်ကျရည်ခါးခါးလေးကို တစိမ့်စိမ့်သောက်ရင်း တစ်စုံတစ်ခုကို တွေးနေသည်။ သူ၏ဇနီးများမှာ မောင်မောင်တုတ် ဘာတွေစဉ်းစားနေသည်ကို မသိ။ ဘာဖြစ်နေသလဲဆိုသည်ကိုလည်း မသိကြပေ။ မနေ့က တစ်နေ့လုံးလည်း အရက်ချည်းဖိလို့သာ သောက်နေသည်။ ယနေ့ နံနက်လည်း စောစောစီးစီးသောက်နေပြန်ပြီ။ သီပေါမင်းတရား ရွှေစော်မှောက်သို့လည်း အခစားမဝင်သဖြင့် အံ့ဩနေကြသည်။ သို့သော်ကြာကြာ အံ့ဩမနေကြပေ။ မောင်မောင်တုတ်မှုးလျှင် သူတို့ပျော်ရွှင်ကြရသည်သာ။ ဆုတော်လာဘ်တော်များရကြသည်သာ။ မောင်မောင်တုတ်သဘောကျသူဖြစ်ပါက အနားကပင် မခွာရတော့ပေ။ ထို့ကြောင့် သူ့ခေါ်နီး၊ ငါ့ခေါ်နီးနှင့် စောင့်စားနေကြလေသည်။

မကြာပါချေ။ သီပေါမင်းတရားသည် ရနောင်မင်းသားအား ရွှေတော်သို့ ဝင်ရန်ဆင့်ဆိုလိုက်သည်။

'နောင်တော်ကို မတွေ့ရသည်မှာ ကြာပေပြီ။ နောင်တော်နှင့်လည်း တိုင်ပင်ဆွေးနွေးရန် ကိစ္စများ ရှိသည့်အတွက် အတွင်းတော်သို့ မပျက်မကွက် ဆက်ဆက်လာခဲ့စေလိုကြောင်း ...'

www.burmeseclassic.com



မင်းတရားက သည်လိုအခေါ်တော်လွှတ်လိုက်သည်ကို မောင်မောင်တုတ်၏ စိတ်၌အနည်းငယ်မျှ စနိုးစနောင့်[illegible]ခေါင်းကျယ်ကြီးအတွင်း နတ်သမီး[illegible]ပေးငါးရာနှင့် စည်းစိမ်[illegible]ခံစံမူးနေသဖြင့်လည်း ချွဲသော်တွာပါ တိုင်တန်းစာများ[illegible]စွန်းစာစိစမျှပင် မကြားသိရသေး၍ ဒိန်ဆင်[illegible]ကျရောက်လာတော့မည့် ကြမ္မာဆိုး၏ အရိပ်ကိုလည်း သူမမြင်မိချေ။ ဘုရင်မင်းတရားထံ အခစားမဝင်ဘဲ နေမိသည်ကိုပင် စိတ်တွင်းကအားတုံ့အားနာဖြစ်နေလိုက်သေးသည်။

'အင်း ... ဟုတ်ပေသားကပဲ။ မင်းတရားထံ အခစားမရောက်သည်မှာ ရက်ပင် အတန်ကြာနေပြီကော။ တိုင်ပင်စရာဆိုသည်ကလည်း တစ်ခြားဟုတ်နိုးမထင်။ ကိုယ်တော်နှင့် ခင်ကြီးကိစ္စသာဖြစ်ရပေမှာပဲ'

ကိုယ်လိုရာကိုယ်ဆွဲ၍ တွေးပြီး ပြုံးပြုံးရွှင်ရွှင်နှင့်ပင် ရွှေနန်းတော်သို့ ရောက်လာခဲ့သည်။

အရှင်နှစ်ပါးသည် ပွဲကြည့်ဆောင်အနီးရှိ အဆောင်တွင်ယှဉ်တွဲစံစားနေကြ၏။ မောင်မောင်တုတ်သည် အတွင်းတော်သို့ ရောက်လာလျှင် နန်းမလေ့ထုံးစံအရ လက်အုပ်ချီကာ မင်းနှစ်ပါးအား ဦးညွှတ်အရိုအသေပြုလိုက်သည်။

သို့ပေါ်မင်းတရားသည် လက်စွဲတော်ကျောက်စီဓားကို ဓားအိမ်မှဆွဲချွတ်လိုက်၏။ ပြီး ... သလွန်ပေါ်မှ ဆင်းကာ မောင်မောင်တုတ်၏ လည်ကုပ်ပေါ်တွင် ဓားကိုမိုးထားလိုက်သည်။ မင်းတရား၏ မျက်နှာမှာ ဒေါသကြောင့်ရဲရဲနီနေ၏။ မျက်လုံးတို့မှာ အခိုးအငွေ့များ ထွက်လာမတတ်တောက်ပြောင်နေကြသည်။

အဖြစ်အပျက်တို့သည် မြန်ဆန်လွန်းသဖြင့် မောင်မောင်တုတ်သည် ကြောင်ငေးသွား၏။ နားမလည်နိုင်အောင်လည်းရှိရသည်။

'မောင်တုတ် ... ကိုယ်တော်ကမြှောက်စားလို့ အကဲရောက်တယ်။ မောင်မင်းဟာ လူသူ့စုစည်းပြီး ငါကိုယ်တော်မြတ်ကို သုတ်သင်လို့ ဘုရင်လုပ်မယ်ကြံနေတယ် မဟုတ်လား။ အသက်ချမ်းသာရေးအတွက် မောင်မင်းဘာများလျှောက်တင်ချင်သေးသလဲ။ သက်သေအထောက်အထား အခိုင်အလုံရထားပြီမို့ ငြင်းဖို့တော့မကြံနဲ့။ မောင်မင်းကို ငါကိုယ်တော်မြတ် ကွပ်မျက်ရလိမ့်မယ်'

မင်းတရား၏အသံမှာ တုန်ခါနေသည်။ နဖူးပြင်ဝယ် ချွေးသီးများစို့လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်သည် မောင်မောင်တုတ်၏ မျက်နှာကိုစူးစမ်းသလို စိုက်ကြည့်နေသည်။

'ငါ့အသည်းကို ကျွံခတ်သလို နာကြည်းအောင်လုပ်ခဲ့တဲ့ မောင်တုတ်။ မောင်တော်ဘုရားကို၊ အငယ်အနှောင်းထားဖို့ သွေးဆောင်ခဲ့တယ်။ ခုတော့ ဘာတတ်နိုင်သေးသလဲ...'

သည်စကားများကို စုဖုရားလတ်သည် ရင်ထဲမှာပင် အားရအောင်ပြောနေ၏။ ထို့နောက် ကျေကျေနပ်နပ်ပင် ပြုံးလိုက်သည်။

မင်းတရား၏ မိန့်မြွက်သံကို ကြားရစဉ်မှာ ဝန်ကြီးအချို့ မျက်လုံးပြူးသွားကြ၏။ သည်နေ့ ... ရနောင်မင်းသား၏ နောက်ဆုံးနေ့လေလား။ သည်လိုဆိုလျှင် မောင်တုတ်အား ပေးခဲ့သော မင်းတရား၏ ကတိစကား ပျက်ပယ်င်းပေဘူးလား။ အတွေးတို့တွေ့ပြားကာ စိတ်မကောင်းဖြစ်နေကြသည်။ မောင်မောင်တုတ်အပေါ်တွင် မကျေနပ်သူ မှူးမတ်များကမူ ဝမ်းထဲမှအားရလျက်ရှိသည်။

ရနောင်မင်းသားသည် မင်းတရား၏ လှုပ်ရှားမှုကို တွေ့လိုက်ရသည့်အခါ အံ့အားသင့်သွား၏။ နားမလည်နိုင်အောင်ပင် ဖြစ်ရသည်။ ဓားအိမ်မှ ဓားကို ဆွဲချွတ်လောက်အောင် ဒေါသမာန်ပွားစေသည့် မည်သည့်အမှုမျိုးကို မိမိပြုမိခဲ့ပါသနည်း။ ရုတ်တရက်သော် မည်သို့ပြန်လည်လျှောက်တင်ရမည်ကိုပင် မစဉ်းစားတတ်ပေ။ 'ဒီတစ်သက် အရှင့်လက်နက်နှင့် မသေရတော့' ဟု မိမိကိုယ်မိမိ တစ်ထစ်ချယုံမှတ်ခဲ့မိသည်မှာ မှားလေပြီလား။ မင်းတရားသည် ဓားဖြင့်ကားကျိုစယ်တန်ရာ။ သို့ဆိုလျှင် မည်သူဝင်၍နှောက်ခဲ့လေပြီနည်း။

အဆောင်တော်တစ်ခုလုံး အပ်ကျလျှင် ကြားနိုင်လောက်အောင်ပင် ဘိတ်ဆိတ်နေသည်။ မည်သူမျှ စကားမဆိုကြ။ မည်သူမျှလှုပ်ရှားမှု မပြုကြပါ။

မင်းတရားသည် မောင်မောင်တုတ် နှုတ်ဆိတ်လှသည်ကို သည်းမခံနိုင်ဖြစ်လာသည်။ ဆိတ်ဆိတ်နေဝန့်ခံခြင်းပေလား။ ထို့ကြောင့် တုန်လှိုက်သောအသံဖြင့် ထပ်မံ၍ မိန့်လိုက်ပြန်ပါသည်။

'မဖြေနိုင်တော့ဘူးလား မောင်တုတ်ရဲ့၊ ငါကနောင်တော်အရင်းလို ချစ်လို့ မြှောက်စားထားတာကို ကျေးဇူးပတယ်ပေါ့။ ရှင်ဘုရင်ဖြစ်ချင်လို့လား မောင်တုတ်ရယ်...'

မင်းတရား၏ နောက်ဆုံးစကားမှာ ယူကျုံးမရကြေကွဲသံပါနေ၏။ အသိသာသာ လှုပ်ရှားနေ၏။ မချင့်မရဲလည်း ဖြစ်နေသည်။ သူ့အနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်တုတ်က တစ်စုံတစ်ရာတင်လျှောက်စေလိုသည်။ ငြင်းနိုင်လျှင် ငြင်းရပေမည်ပေါ့။ ယခုမူ မောင်တုတ်သည် တုတ်တုတ်မျှမလှုပ်။ သူ၏တူရှသို့သာ တွေ့ရှဉ်စိုက်ကြည့်နေသည်။ သူ၏အတွေးအာရုံထဲတွင် တရားခံကိုရှာဖွေနေ၏။

သည်တွင် သူငယ်ချင်းမောင်ဖေငယ်၏ သတိပေးစကားသည် သူ၏အကြားအာရုံသို့ပြန်လည်ဝင်ရောက်လာ၏။ 'ခင်ခင်နှင့် ပတ်သက်ပြီး နန်းမတော်ဖုရားက ခင်ဗျားကိုအမျက်တော်ထားနေပါဦးမယ်'

ဟုတ်ပါပြီ၊ သည်ကိစ္စကြောင့် မိဖုရားကြီးသည် မိမိကို အငြိုးကြီးငြိုးနေပေမည်။ မိဖုရား၏ လက်ချက်ပင်ဖြစ်ရပေမည်။ စုဖုရားရှေ့မှာဖြင့် 'မဟုတ်ရပါကြောင်း' မလျှောက်လဲလိုပြီ။ အသနားမခံလိုပြီ။ မောင်တုတ်သည် ယတိပြတ် ဆုံးဖြတ်လိုက်သည်။

'အထူးအထွေ လျှောက်ထားရန် မရှိကြောင်းပါဘုရား။ အရှင်ဘုရား သတ်လိုက ယခုပင်လည်စင်း၍ ပေးဝံ့ကြောင်းပါ...'

သီပေါမင်းတရားသည် မောင်တုတ်ပြန်လည်လျှောက်တင်ချက်ကို ကြားရသောအခါ များစွာဒေါသထွက်မိ၏။ သူ့ကိုဂုဏ်ခံသည်ဟုပင် အတွေးရောက်သွားရသည်။ ထို့ကြောင့် စောစောက မောင်မောင်တုတ်အပေါ် ကြင်နာစိတ်၊ ယုကျုံးမရစိတ်တို့ကို အမြန်ဆုံးဖယ်ရှားပစ်လိုက်၏။ မင်းတရားသည် နောက်ထပ်မေးမြန်းခြင်း မပြုတော့ဘဲ ရနောင်မောင်မောင်တုတ်ကို အကျဉ်းချထားရန် ဆိုင်ရာသို့ လွှဲအပ်လိုက်တော့သည်။

ရနောင် မောင်မောင်တုတ်၏ အိမ်တွင် ရွှေနန်းတော်မှ မင်းချင်းတို့ ခြေချင်းလိမ်နေကြ၏။ အိမ်တွင်း၊ အိမ်ပြင်၊ အိမ်ပေါ်၊ အိမ်အောက်နေရာ အံ့နှံ့ ရှာဖွေကြ၏။ သည်တွင် မောင်မောင်တုတ်၏ အိပ်ခန်းထဲ၌ ရွှေသလွန်ကြီး တစ်ခုကို တွေ့ရသည်။ သလွန်ပုံစံမှာလည်း ဘုရင်များသာ အသုံးပြုခွင့်ရှိသည့် ပုံစံမျိုးဟုဆိုသည်။ သို့ဆိုလျှင် ရွှေသေတ္တာအတွင်း တိုင်းကြားစာများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သံသယဖြစ်ဖွယ်မလိုတော့ပြီ။ သူသည် ထီးနန်းရရှိရေးအတွက် လျှို့ဝှက်ကြံစည်နေသူ၊ ဘုရင်စိတ်ပေါက်နေသူသာဖြစ်မည်။ ဤသို့ကောက်ချက်ချကြသည်။

သီပေါမင်းတရားသည် မောင်မောင်တုတ်အိမ်မှ တွေ့ရှိခဲ့သော သက်သေခံအထောက်အထားများကို တွေ့ရသောအခါ လက်ခံယုံကြည်သွား၏။ ရနောင်မင်းသားကိုလည်းဖိုး၍ မျက်မာန်တော်ရှမိသည်။ သို့တစေ မောင်မောင်တုတ်ကို မည်သို့အပြစ်ပေးရမည်နည်း။ 'ငါ့တစ်သက် ငါ့လက်နက်နဲ့ မသေစေ

www.burmeseclassic.com



ဆိုသော ကတိစကားဖြင့် ဘောမဲ့ပေးထားပြီးသူ မဟုတ်ပါလား။ ထို့ကြောင့် မည်သည့်စီရင်ချက်မျှ ထပ်မံချမှတ်ခြင်းမပြုတော့။ အချုပ်ထဲမှာသာ ထားချင် မိန့်ကြားလိုက်လေသည်။

မောင်မောင်တုတ် အပေါ်တွင် မင်းတရား မျက်မာန်တော်ပိုလေ၊ စုဖုရားလတ်မိဖုရားက သဘောကျလေဖြစ်၏။ သည်အခြေရောက်လာဖို့ မည်မျှကြိုးပမ်းထားရသနည်း။ မိမိသာလျှင် အသိဆုံးဖြစ်သည်။ ရွှေနန်းရှင် မောင်မောင်ဘုရား အမျက်တော်ပြေသွားပါက 'ခဲလေသမျှ သဲရေကျ' ဖြစ် ရပေတော့မည်။ မောင်မောင်တုတ်သည် ခင်ခင်ကြီးကိစ္စတွင် တစ်တရားခံပေ ပဲ။ သည်မျှတော့ ခံပေဦး။ ဤသို့စုဖုရားလတ်က တွေးနေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ ပရိယာယ် ညှတ်ကွင်းထဲက ခင်ခင်ကြီး

ရနောင်မင်းသားကို ဖမ်းဆီးသည့်နေ့ နံနက်တွင်ဖြစ်၏။

မောင်ဖေငယ်သည် အိပ်ရာမှ စောစီးစွာနိုးလာသည်။ နှမငယ်အတွက် မည်သို့စီစဉ်ရမည်ကို စဉ်းစားမရတိုင်း ညဥ့်အတော်နက်သည်အထိ အိပ်မရခဲ့သေး ယခု မနက်အစောကြီးနိုးနေသဖြင့် မောင်မောင်တုတ်ကို တိုင်ပင်ရန် စိတ်ကူးရလာသည်။

သည်စဉ်မှာ ခပ်ဝေးဝေး လမ်းမဘက်ဆီမှ ခုန်းစိုင်းလာသော မြင်းခွာသံများကို ကြားလိုက်ရသည်။ သူနားစွင့်နေဆဲမှာပင် မြင်းခွာသံများသည် ရုတ်တရက် ရပ်သွား၏။ တစ်ဆက်တည်းမှာပင် သူတို့ခြံဝင်းရှေ့မှ ဆူဆူညံညံ လူသံများကို ကြားရပြန်သည်။ အသံလာရာသို့ သူလှမ်းကြည့်လိုက်ရာ မြင် လိုက်ရသော မြင်ကွင်းကြောင့် ထိတ်စနဲလန့်သွား၏။

စစ်ဝတ်စုံများကို ဝတ်စင်ထားသော စစ်သည်၊ စစ်ကြပ်၊ စစ်ဗိုလ်များ သူတို့သည် အိမ်ဝင်းအတွင်း၊ အနှံ့အပြားဖြစ်နေ၏။ ငါးဦးခန့်မှာ အိမ်ပေါ်သို့ ပင် တက်လာနေကြပြီ။

တက်လာကြသူများအနက် အကြီးအကဲဖြစ်သူသည် သင်္ချိုင်းတစ်ချက် ရိုက်ဟန်ပြုပြီးနောက် လွှတ်တော်ကြီးမှ ဖမ်းဆီးရန် အမိန့်ကိုဖတ်ကြားသည်၊

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေသော ညှော်ခန်းထဲဝယ် သူ၏အသံသည် ကျယ်လောင်လွန်းလှပေသည်။

ဖတ်ကြားပြီးလျှင် ပြီးချင်း အခြားစစ်မှုထမ်းများသည် အိမ်၏အတွင်းခန်းများဆီသို့ ဝင်ရောက်သွားကြ၏။ ဖတ်ကြားသူကိုယ်တိုင်သည် မောင်ဖေငယ်အနီးသို့ တိုးလာ၏။ သူသည် မောင်ဖေငယ်နှင့် မျက်နှာချင်းဆိုင်သို့ ရောက်သောအခါ ရပ်လိုက်သည်။ ပြီး ဝတ္တရားအတိုင်း ကတ္တီပါနှောင်ကြိုးဖြင့် မောင်ဖေငယ်ကို တုပ်နှောင်လိုက်တော့သည်။

မောင်ဖေငယ်သည် ငလျှင်ချက်မိသူကဲ့သို့ ကြက်သေသေကာ ထိုသူပြုသမျှ အလိုက်သင့်ငြိမ်ခံနေ၏။ နှုတ်ကမူ စကားတစ်ခွန်းမျှ မဆိုမိ။ သို့သော် ရင်တွင်း၌မူ မေးခွန်းတွေ အများကြီးမေးနေသည်။ ခေါင်းထဲတွင်လည်း အတွေးတို့ ယောင်ယက်ခတ်နေသဖြင့် ဦးနှောက်ကြောတို့ပင် ကိုက်ခဲနာကျင်လာသည်။

သည်စဉ်မှာပင် ညှော်ခန်းဆီသို့ ဦးတည်လာနေသော ခြေသံများကို ကြားရသည်။ မောင်ဖေငယ်သည် အိပ်မက်မှ နိုးထသူပမာ အသံလာရာဆီသို့ ရုတ်ခနဲလှမ်းကြည့်မိ၏။ သူ့မြင်ကွင်းသို့ ဝင်လာသည်ကား ဒိုင်းဝန်လင်မယားအသွင်။

ဒိုင်းအတွင်းဝန် မင်းသည် လက်ထဲတွင် စိပ်ပုတီးတန်းလန်းနှင့် ကသီကရိုလိုက်ပါလာ၏။ ဝန်ကတော်ကြီးမှာမူ စစ်သည်တစ်ဦး၏ နောက်တွင် အရှုတ်တိုက်၍ပါလာသည်။ မောင်ဖေငယ်သည် မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်လုံးများ ပြာဝေသွား၏။ မမြင်ရက်နိုင်သဖြင့် အံကိုတင်းတင်းကြိတ်ကာ မျက်လုံးကိုသာ တအားမှိတ်လိုက်မိသည်။

သို့သော် ကြေကွဲဖွယ်ရာ သည်မြင်ကွင်းသည် သူ၏အမြင်အာရုံမှ ပျောက်မသွားပေ။ ဒိုင်းဝန်ကတော်ကြီး၏ တောင်းပန်သံ၊ စစ်မှုထမ်းတို့၏ ကြိမ်းမောင်းသံများ နားဝမှာ လျှံ၍ကျလာ၏။

'ဘယ်အပြစ်၊ ဘယ်အမှုကြောင့်ပါလဲ မောင်တို့ရယ်'

ဒိုင်းအတွင်းဝန်မင်းသည် တောင်းပန်တိုးလျှိုးကာမေးပါသော်လည်း အဖြေကိုမူ မရခဲ့။ မချေမငံမာန်မဲကြိမ်းမောင်းခြင်းကိုသာ ခံလိုက်ရသည်။

စစ်မှုထမ်းများသည် အိမ်ပေါ်အိမ်အောက် မွှေနှောက်ရှာဖွေကြသည်။ တွေ့သွားကြပေပြီ။ အိမ်ပေါ်ထပ်ခန်းမကြီးထဲတွင် မိဖုရားကြီးများ၏ အစီအစဉ်အဆောင်အယောင်များဖြစ်သော ရွှေသင်ဖြူး၊ ငွေသင်ဖြူး၊ ရွှေစလွယ်

www.burmeseclassic.com



ငွေဖလားစသည့် အသုံးအဆောင်များ၊ အိမ်အောက်၌ ရိုင်ဖယ်သေနတ်များနှင့် ကျည်ဆန်အများအပြား။ သည်လက်နက်များကို မြေတွင်မြှုပ်ထားသည်။

သို့သော် ထူးဆန်းသည်ကား ဖို့ထားသော မြေစာများသည် အသစ်စက်စက်ဖြစ်နေခြင်းပင်။ တွေ့ရှိသမျှ ပစ္စည်းအားလုံးကို စာရင်းရေးမှတ်ကြပြီး သက်သေအဖြစ် တင်ပြရန် သိမ်းယူသွားကြသည်။

'တစ်နွယ်ငင် တစ်စင်ပါ' ဆိုသည့်အလား ဒိုင်းအတွင်းဝန်လင်မယား၊ မောင်ဖေငယ်၊ မောင်မောင်တုတ်တို့နှင့် အနီးကပ်ဆုံးသော ဆွေမျိုးအပေါင်းအသင်းများသည်လည်း၊ ဆက်တိုက်ပင် ဖမ်းဆီးခြင်းခံလိုက်ရလေသည်။

မောင်မောင်တုတ်ကို ဖမ်းဆီးပြီးနောက်တစ်နေ့တွင်ဖြစ်၏။

ထိုနေ့က သီပေါမင်းတရား၏ မျက်နှာမှာ ကြည်ကြည်လင်လင် မရှိလှပေ။ သူ့စိတ်ထဲတွင် ရနောင်မင်းသားအကြောင်းကိုသာ တွေးနေ၏။ မင်းသားအပေါ်တွင် ထားခဲ့သော မေတ္တာ၊ စေတနာ၊ ခင်မင်ရင်းနှီးမှုတို့ကား ယခင်အတိုင်းပုံမှန်ပြန်ဖြစ်နေပြီ။

နောင်တော်အား အကျဉ်းထားရသည့်အတွက်မှ စိတ်မကောင်းဖြစ်နေ၏။ ထို့ကြောင့် စုဖုရားလတ် မိဖုရားကို စကားမဆိုမိ။ မိဖုရားကြီးနှင့်အတူယှဉ်၍ စံနေသော်လည်း သူ့စိတ်အစဉ်မှာ ခန္ဓာကိုယ်နှင့် ကင်းကွာနေဘိသို့ရှိသည်။ သူ့မျက်လုံးများသည် အရှေ့ဘက်ရှိ ဝေးလွန်းလှသော တောင်တန်းများပေါ်ရှိ ခရမ်းရောင်မိုးသားတိမ်ရိပ်များဆီသို့သာ ရောက်နေသည်။

စုဖုရားလတ်သည် 'မောင်မောင်ဘုရား' ဟုခေါ်ကြည့်မိသေးသည်။ သို့သော် သီပေါမင်းတရားထံမှ ပြန်လည်ထူးသံကား ထွက်မလာချေ။ စုဖုရားသည် မောင်တော်၏ အခြေအနေကို မမှိတ်မသုန်အကဲခတ်လျက်ရှိ၏။ တစ်စုံတစ်ရာကို တင်လျှောက်ရန် အားယူလျက်ရှိသည်။ သူသည် အသံကို အချိုသာဆုံးထားလျက် မေးလျှောက်လိုက်၏။

'ဘာတွေများ တွေးနေပါသလဲ မောင်မောင်ဘုရား'

သီပေါမင်းတရားသည် အဝေးသို့ပို့ထားသောအမြင်အာရုံကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး မိဖုရားကြီးကို ကြည့်လိုက်၏။ သူသည် အဝေးတောင်တန်းဘက်သို့ ညွှန်ပြလျက် တိုးတိတ်ညင်သာသောအသံဖြင့်ပြောနေသည်။

'ကြည့်စမ်း စုစု ဟိုတောင်တန်းတွေကိုကြည့်ရတာ ဘယ်လောက်အေးချမ်းမလဲ မောင်တော်တို့ဆီမှာတော့ သိပ်ပူလောင်နေတာ...'

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးသည် မောင်တော်ညွှန်ပြရာသို့ မျှော်ကြည့်ပြီး ပြန်ပြော၏။

'ဟုတ်ပါတယ် မောင်ဘုရား အဝေးကကြည့်ရင်တော့ ဒီတောင်တန်းတွေဟာ သိပ်လှတယ်၊ သိပ်အေးချမ်းတယ်လို့ ထင်ရပါတယ်။ ဒါပေမယ့် အနီးကို ရောက်သွားတဲ့အခါကျတော့ ထင်သလိုလှချင်မှလှမယ်၊ အေးချမ်းချင်မှလဲ အေးချမ်းမယ်၊ အန္တရာယ်ပြွမ်းနေတဲ့ တောင်ကြီးဖြစ်ချင်ဖြစ်နေမှာပါမောင်တော်'

ဘုရင်သီပေါသည် စုဖုရားလတ်၏ စကားကို စောဒကမတက်ဘဲ ဆက်လက်၍သာဆိုပြန်၏။

'အဲဒီ တောင်တန်းတွေရဲ့ နောက်ဘက်မှာ မောင်တော်စားရတဲ့ မြို့ကလေးရှိတယ်။ အဲဒီမြို့ကလေးရဲ့အမည်ကိုယူပြီး မောင်မောင့်အမည်ကို မှည့်ထားတာပေါ့။ အမည်က 'သီပေါ' တဲ့လေ။ ဒါပေမယ့် အဲဒီမြို့ကို မောင်မောင်တစ်ခါမှ မရောက်ဖူးပါဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မောင်မောင်တို့ အဲဒီမြို့ကလေးကို အလည်သွားကြရအောင် စုစုရယ်...'

'စိတ်အေးလက်အေး ရှိတဲ့အခါ သွားကြတာပေါ့ မောင်မောင်၊ တိုင်းပြည် အေးချမ်းသာယာပြီး လျှို့ဝှက်ကြံစည်မှုတွေ ကင်းရှင်းပပျောက်သွားတဲ့အခါမှာ သွားကြတာပေါ့နော်...'

သီပေါ်မင်းတရား၏ မျက်နှာသည် ပြုံးယောင်သန်းလာပြီ အားတက် သရောပြောလိုက်သည်။

'စုစုရယ်၊ မောင်ဘုရားရယ်၊ နောင်တော်ရနောင်မင်းသားရယ် သွားကြမယ်။ အဲဒီတော့ စုစုလည်း သူနဲ့တစ်ဖန်ပြန်ပြီး ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ဖြစ် သွားမှာပါ။ မောင်မောင်တို့ တစ်စုတစ်ဝေးကြီး အလည်သွားကြမယ်...'

စုဖုရားလတ်သည် ရနောင်မင်းသားဟူသောအမည်ကို ကြားလိုက်ရသည်နှင့် ဆတ်ခနဲဖြစ်သွား၏။ စောစောက ကြည်ကြည်သာသာဖြစ်နေသော မျက်နှာသည်လည်း အုံ့မှိုင်းသွားခဲ့သည်။ မျက်လုံးများမှာ အရောင်တလက်လက် တောက်လာ၏။ သူသည် မင်းတရားကိုစိုက်ကြည့်ပြီး ခပ်ဆတ်ဆတ်မင် ဆျှာက်လိုက်သည်။

'ရနောင်မင်းသားနဲ့အတူ မောင်မောင်ဘယ်တော့မှ သွားရတော့မှာ မဟုတ်ဘူး။ သူ့ကိုလည်း မောင်မောင်ဘယ်တော့မှ မတွေ့နိုင်တော့ဘူး သူ မရှိ တော့ဘူး၊ သေပြီ...'

'ဘာပြောတယ်စုစု...'

www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းတရားသည် စုဖုရားလတ်၏ ပခုံးကိုခပ်တင်းတင်းဆုပ်ကိုင်ရင်း ထိတ်လန့်တကြားပြန်မေး၏။

'သူမရှိတော့ဘူး၊ သေပြီလို့ပြောတာ၊ ရနောင်မင်းသားဟာ မနေ့ညကပဲ အချုပ်ထဲမှာ သူ့ကိုယ်သူ သတ်သေသွားပြီ။ မသေခင် နေဝင်ဖျိုးဖျအချိန်မှာ ရွှေလှံမြို့ဝန်က သူ့အခန်းကို စစ်ဆေးသေးသတဲ့။ နောက်တစ်ပတ်ကြော့ပြီး ပြန်ကြည့်တော့ လည်ပင်းမှာ စူးချွန်တဲ့လက်နက်နဲ့ ထိုးထားတဲ့ဒဏ်ရာနဲ့သေနေတယ်၊ သွေးလူးနေတဲ့ လက်ထဲမှာလည်း သံချေးတက်နေတဲ့ ကတ်ကြေးဟောင်းတစ်ခု ကိုင်ထားသတဲ့...'

သည်တစ်ကြိမ်တွင်မူ သီပေါမင်းတရားသည် စုဖုရားလတ် မိဖုရားကို သံသယမျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။ သည်ဇာတ်လမ်းများကို စုဖုရားကိုယ်တိုင် ကောင်းစွာသိနေပြီကော။ မင်းတရား၏ မျက်လုံးအိမ်အတွင်းဝယ် မျက်ရည်ကြည်တို့ သီသီဝဲလာ၏။

'ဩော် ... နောင်တော် ... နောင်တော် သူ့ကိုယ်သူ သတ်သေတာမှ ဟုတ်ရဲ့လား စုစုရယ်...'

သည်သံသယ မေးခွန်းသည် မင်းတရား၏ နှုတ်ဖျားမှ ထွက်ပေါ်မလာ။ ရင်တွင်း၌သာ တဖွဖွမေးနေမိသည်။

စုဖုရားလတ်သည် မင်းတရားကို ပြန်ကြည့်လိုက်ပြီး အောင်နိုင်သူတို့၏ အသံဖြင့် ပြောလိုက်သည်။

'သူ သေသွားတာ စုစုတော့ သိပ်ဝမ်းသာတာပဲ...'

မိဖုရားကြီး စုဖုရားလတ်၏ စကားကိုကြားရသောအခါ မင်းတရား၏ ရင်တွင်းမှ ပုစ္ဆာသည် အဖြေရလာပြီဖြစ်၏။ မင်းတရားသည် ကောင်းစွာ သဘောပေါက်သွားပေပြီ။ သူသည် စုဖုရားလတ်၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ စက်ဆုပ်ခြင်း စသည် ... စသည်တို့ တစ်ပြိုင်တည်းဖြစ်ပေါ်လာ၏။

မင်းတရားကြီးသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ထိုင်ရာမှထလိုက်သည်။ ပြီး ...နွေရာသီ စံနန်းတော်မှဆင်းတော့ နန်းတော်ဘက်သို့ တဇ်လှမ်းချင်း လျှောက်သွား၏။ သူ့အဆောင်သို့ရောက်လျှင် တံခါးကို ပိတ်လိုက်၏။ သူသည် သီးခြားကမ္ဘာလေးထဲတွင် တစ်ယောက်တည်း အတွေးယိချဲ့နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးသည် နွေရာသီစံနန်းတော်မှာပင် ထိုင်နေဆဲရှိသေးသည်။ ပြောစရာရှိသည်များကို ပြောလိုက်၍ သူ့ရင်ထဲမှာပေါ့သွား၏။ သူသည် အပြေးပြိုင်ရာတွင် အနိုင်ရသူကဲ့သို့ မောလည်း မောနေသည်။ ဝမ်းလည်းသာနေသည်။ မကြာမီ စုဖုရားလတ်သည် နေရာမှ ထလိုက်၏။ နန်းတော်၏မြောက်ဘက်သို့ ထွက်လာပြီး ရွှေနန်းပြာသာဒ်တော်အနီးရှိ သူ၏မယ်တော်ဆင်ဖြူမရှင်အဆောင်သို့ ထွက်သွားသည်။

စုဖုရားလတ်သည် ယခုအခါတွင် ရှင်လန်းချမ်းမြေ့စွာ နေနိုင်ပြီဖြစ်၏။ ထီးနန်းလုပ်ကြံမှုကြီးဟု အမည်တပ်ထားသည့် ကိစ္စတစ်ရပ်ကို ရေသောက်မြစ်က ဖြတ်တောက်ပြီးပြီ။ မောင်မောင်တုတ်၊ ဒိုင်းအတွင်းဝန်နှင့် ဝန်ကတော်မောင်ဖေငယ်စသည်တို့ကို ရွှေလွှတ်တော် ရာဇသတ်ဖြတ်ထုံးအတိုင်း ဆောင်ရွက်ပြီးပေပြီ။ အပေါင်းပါများ၊ နောက်လိုက်များကိုလည်း အဝေးသို့ ပို့တန်သရွေ့ပို့ခဲ့၏။ ရာထူးစည်းစိမ်ရုပ်သိမ်းသင့်သူကိုလည်း ရုပ်သိမ်းပြီးချေပြီ။

သို့တစေ ခင်ခင်ကြီးကိုကား ချန်ထားသေး၏။ ချက်ချင်းသုတ်သင်ပစ်ရန် မစဉ်းစားသေးပေ။ သူ၏မျက်စိအောက်မှာပင် ထားဆဲဖြစ်၏။

ခင်ခင်ကြီးမှာ သီပေါဘုရင်နှင့် နှစ်ကိုယ်ကြားတွေ့ခွင့်မရသဖြင့်လည်း စိတ်ဆင်းရဲရ၏။ ပို၍စိတ်မချမ်းမသာဖြစ်ရသည်မှာ မိဖုရားကြီး၏ 'ပညာရှိ ညှဉ်းဆဲနည်း' ကြောင့် ပင်ဖြစ်၏။ ခင်ခင်ကြီးကို ပရိယာယ်ဆင်၍ ညှဉ်းဆဲပုံ ညှဉ်းဆဲနည်းတွေမှာ...'

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၆။ ကံဆိုးမသွားရာ ရွာလေသောမိုး

တန်ခူးလရာသီ တာသင်္ကြန်ပွဲတော်ရက်ကဖြစ်၏။

နေပြည်တော်တစ်ဝန်းလုံး မြန်မာ့ထုံးတမ်းစဉ်လာအရ အလှူဒါနပြုသူ မြူ၊ သီတင်းသီလစောင့်ထိန်း၊ ရေပက်ကစားသူ ကစားဖြင့် အထူးစည်ကား လျက်ရှိသည်။

အရှင်နန်းမတော် ဘုရား၏အဆောင်တွင်လည်း အပျိုတော်ကြီး၊ အပျို တော်ငယ်၊ အပျိုတော်ရွယ်၊ အပျိုတော်လတ်တို့မှာ အချင်းချင်းရွှဲရွှဲစိုအောင် ရေလောင်းပြီး ကစားကြသည်။

စုဖုရားလတ် မိဖုရားကြီးသည် လက်သုံးတော်ဖြစ်သော အပျိုတော်ဆယ့် ငါးဦးကိုခေါ်လိုက်၏။ နောက် ... ခင်ခင်ကြီးကို ရှေ့တော်သို့ခေါ်လာရန် အမိန့်ပေးသည်။ စုဖုရားသည် ခင်ခင်ကြီးကိုလည်း ပျော်ပျော်ပါးပါး ကစား ရန်တိုက်တွန်း၏။ ခင်ခင်ကြီးမှာ ပျော်နိုင်မည် မဟုတ်သဖြင့် မကစားလိုပြီ။ သို့သော် သူသည်စုဖုရားလတ်ကို ဖီဆန်ဝံ့သူမဟုတ်။ ထို့ကြောင့် အပျိုတော် များနှင့် ဝင်ကစားရတော့သည်။

အပျိုတော်များသည် ငွေဖလားနှင့် ရီးရီးသားသား ရေပက်ကစားကြ သည်မဟုတ်ပေ။ ခင်ခင်ကြီး၏ ဦးခေါင်း၊ မျက်နှာ၊ ကိုယ်ခန္ဓာ အနှံ့ရေဖလား နှင့် ခိုက်မိအောင် ကြမ်းကြမ်းတမ်းတမ်း ကစားကြသည်။ ငွေဖလားထဲ

www.burmeseclassic.com

www.burmeseclassic.com



ရေကိုလက်ခုပ်နှင့်ခပ်၍ မျက်နှာကိုမှရွေးပြီး ပက်သူကပက်လိုက်သေးသည်။ သည်လို ပက်သည့်အခါ ခင်ခင်ကြီးမျက်နှာပေါ်သို့ ရေတို့သာ ကျလာသည် မဟုတ်၊ လက်ဝါးပြင်တို့သည် ခင်ခင်ကြီး၏ ပါးမို့မို့ကလေးကို နှုတ်ဆက်၍ ပင်သွားကြသည်။ သူတစ်ယောက်တည်းကိုသာမဲပြီး ရေကစားကြသည်မို့ ခင်ကြီးခမျာ ရေမွှန်းလာတော့သည်။

ဦးခေါင်းကို ငုံ့ထားပြန်တော့လည်း ကျောပြင်ကို အားနှင့်ဆောင့်၍ဆောင့် ၍ ပက်ကြပြန်သည်။ ကြာသော် ပိုးသားဖျင်အင်္ကျီမှာလည်း မခံနိုင်ပြီ၊ အစိတ်စိတ် စုတ်ပြဲသွားရ၏။ သည်မျှပင်မက အချင်းချင်းရေပက်ကစားကြ သည့် အပျိုတော်ကလေးများကလည်း ညှဉ်းဆဲလိုက်ကြသေးသည်။ သူတို့သည် တစ်ဦးကိုတစ်ဦး ရေလိုက်ပက်ရင်း ခင်ခင်ကြီးကို ကွေ့ပတ်ကာရှောင်ကြတိမ်း ကြသည်။ သည်လိုရှောင်ရင်းတိမ်းရင်းပင် သူ့ကိုဝင်၍ဝင်၍ တိုက်ကြပြန်၏။ ခင်ခင်ကြီးမှာ ရေကမွှန်း၊ ရေစိုထဘီကလည်းလှမ်းလိုက်တိုင်း တုပ်သွားသဖြင့် မရှောင်သာ မတိမ်းသာမကြာခဏယိုင်လဲ၍ကျရတော့သည်။

စုဖုရားလတ်၏ အပျိုတော်တွေမှာ သည်မျှနှင့် အားမရသေး။ လဲပြို သွားသော ခင်ခင်ကြီးကို ထူမ,ပေးသလိုနှင့် မျက်နှာကိုအိုးမဲသုတ်လိုက်ကြ သေး၏။ အိုးမဲတွေကြောင်ကြောင်ကျားကျားနှင့် တုန်တုန်ယင်ယင်ဖြစ်နေသော ခင်ခင်ကြီးကို ကြည့်ကာ အပျိုတော်တစ်သိုက် ဝါးခနဲပွဲကျသွားပြန်သည်။

သည်လို လှောင်ပြောင်ရယ်မောကြသည့်အထဲတွင် မပါဝင်သူတစ်ဦး တော့ရှိ၏။ သူကား ခင်ခင်ကြီးနှင့်သက်တူရွယ်တူ အပျိုတော်ကလေး 'မြနှစ်' ခေါ်တည်း။

မြနှစ်သည် ခင်ခင်ကြီးရွှေနန်းတော်သို့ ရောက်လာကတည်းကပင် ခင်မင်ခဲ့၏။ ခင်ခင်ကြီး၏ ရိုးသားမှု၊ စိတ်ကောင်းရှိမှု၊ ပွင့်လင်းမှု၊ ဖော်ရွေမှု တို့ကြောင့် သူနှင့်ခင်ခင်ကြီးတို့သည် တစ်တွဲတွဲဖြစ်လာကြသည်။ ထို့ကြောင့် လည်း သူသည်ခင်ခင်ကြီး၏ဘဝတစ်စိတ်တစ်စေဒသကို သိထားသူကလေးဖြစ် ၏။

သည်နေ့ ရေသဘင်ပွဲမှာ သာမန်လုပ်ရိုးလုပ်စဉ် ရေသဘင်ပွဲမျိုးမဟုတ် ။ ခင်ခင်ကြီးအတွက် အထူးရေသဘင်ပွဲလေးဖြစ်ကြောင်း မြနှစ်သိထား၏။ သည်အကြောင်းကို စုဖုရားလတ်၏ အလိုတော်ရိ အပျိုတော်ကြီးများ အချင်း ချင်း ခေါင်းချင်းဆိုင်တိုင်ပင်နေကြစဉ်က တစ်စွန်းတစ်စကြားလိုက်ရခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည်ဘာမျှ မသိရှာသော ခင်ခင်ကြီးကို ငေးငေးလေးကြည့်ပြီး အလွန်သနားနေသည်။ ခင်ခင်ကြီးနှင့်ပတ်သက်၍ အတော်ပင်မခံချင်စိတ်ဖြစ်မိ၏။ သို့သော် သူကဲ့သို့သော အညတရ အပျိုတော်လေးအဖို့ ဘာများတတ်နိုင်ပါမလဲ။

စုဖုရားလတ်သည် ရေကစားနေကြသည်ကိုကြည့်နေရာမှ အားရကျေနပ်သွားဟန်တူ၏။ ခင်ကြီးကို သနားသယောင်ဝင်ရောက်ဟန်တားလိုက်သည်။

'အမိတို့ကလဲ ရေကစားတာ ကြမ်းလှချည်လား ... ခင်ခင်ကြီးခမျာ ရေမွန်းနေရှာပြီ။ ရှင်ဘုရင့်မိဖုရားလုပ်မယ့် မိန်းကလေးပဲ၊ အမိတို့လို ဘယ်မှာ ကြမ်းကြမ်းတမ်းတမ်း ကစားနိုင်ပါ့မလဲကွယ်တို့။ ကဲ ... ကဲ တော်လောက်ကြရောပေါ့ ... '

အပျိုတော်များသည် မရပ်နားသေးဘဲ ဆက်လက်ကစားနေပြန်သဖြင့် စုဖုရားလတ်က မျက်ရိပ်ပြမှသာ ရေကစားပွဲကို ရပ်လိုက်ကြလေသည်။

ခင်ခင်ကြီး၏ ဝဋ်ဒုက္ခသည် ထိုမျှနှင့် မရပ်တံ့သေးချေ။ ရေကစားကြသည့်ညတွင် ဓာတ်ပွဲကပြလျက်ရှိရာ စုဖုရားလတ်သည် သူဆင်မြန်းထားသော လက်ဝတ်ရတနာများကို ဝတ်စေလျက် မင်းမိဖုရားနှစ်ပါးထံ အခစားဝင်စေပြန်သည်။

သီပေါမင်းတရားသည် တစ်မျက်နှာလုံး ရောင်ကိုင်းနေသော ခင်ခင်ကြီးကို မကြာခဏတစေ့တစောင်းလှမ်း၍ကြည့်၏။ သို့သော် ခင်ခင်ကြီးနှင့်ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မမေးတော့။ ခင်ခင်ကြီးကို ကာကွယ်မှုပေးရန်လည်း မကြိုးပမ်းတော့ချေ။

သည်စဉ်က မင်းတရား၏ သဘောထားမှာ ခင်ခင်ကြီးအား စိမ်းကား၍ မဟုတ်ပါ။ သူသည် မိဖုရားကြီးကို မလွန်ဆန်လိုသဖြင့် ကိုယ်ရှိန်သတ်နေရခြင်းဖြစ်၏။ ရနောင်မင်းသား မရှိတော့သည့်နောက်တွင် သီပေါမင်းတရားသည် စုဖုရားလတ်၏ ဩဇာကို လုံးဝမပယ်ရှားဝံ့တော့ပေ။

စုဖုရားလတ်သည် ခင်ခင်ကြီးကိုသတိပေးထားသည်။ မင်းတရားထံတွင် အသနားမခံရ။ တစ်စုံတစ်ရာ အသနားခံခဲ့လျှင် စုဖုရားက လက်ပိုက်ကြည့်နေမည်မဟုတ်ဟု ခြိမ်းခြောက်ထားလေ၏။

ထို့ကြောင့် ခင်ခင်ကြီးသည် မင်းတရားနှင့် နှစ်ဦးချင်းတွေ့ဆုံရသည့်တိုင် မိမိနှင့်ပတ်သက်သမျှ မလျှောက်တင်ဝံ့ပေ။ ခင်ခင်ကြီးအပေါ်တွင်လည်း စုဖုရားလတ်၏ လူယုံအပျိုတော်တစ်ဦး အမြဲတမ်းစောင့်ကြပ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သီပေါ မင်းတရားနှင့် ခင်ခင်ကြီးတို့ ဆက်ဆံရေးမှာ အခြေမလှဖြစ်ခဲ့ရသည်။ ခင်ခင်ကြီးတစ်ယောက်ကို ကယ်နိုင်မည့်ရွှေနန်းရှင်က လျစ်လျူရှုပြီထင့်။

ဪ ... ကံဆိုးမ သွားလေရာမှာ ကိုရွှေမိုးက သည်းသည်းထန်ထန်ရွာခဲ့ပြန်ပါပကော။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၇။ ကာယတော်မှုပါဦး ရွှေနန်းရှင်

ယခုအခါတွင် အပျိုတော်လောကၕ ခင်ခင်ကြီးနှင့် ပတ်သက်သည့် သတင်းများသာ ရေပန်းစားနေ၏။ အလှပြင်ရင်း၊ ထမင်းစားရင်း၊ အဝတ်လျှော်ရင်း၊ ရေချိုးရင်း တီးတိုး တီးတိုးပြောနေကြ၏။

'ခင်ခင်ကြီး မိဘနှစ်ပါးနဲ့ ကိုဖေငယ်တို့ကို အကျဉ်းချထားလိုက်ပြီတဲ့၊ ရနောင်မင်းသားလည်း သူ့ကိုယ်သူသတ်သေသွားပြီဆိုပဲ...'

'ခင်ကြီးလည်း တစ်နေ့နေ့တော့ ဒီလမ်းလိုက်ရမှာပဲ၊ အဲ ... ဘယ်တစ်နေ့လဲသာ မသိတာ...'

သည်လိုလည်း ထင်မြင်ချက်ပေးနေကြသည်။ အပျိုတော်များသည် အခါတိုင်းနှင့်မတူ။ ခင်ခင်ကြီးကို တွေ့သည့်အခါတွင် တစ်ခုခုကို ပြောပြချင်လျက်နဲ့ မပြောနိုင်ဘဲရှိနေသလို သူတို့အမူအရာများတွင် ပေါ်လွင်နေသည်။

အပျိုတော်လေး မြနှစ်သည် ခင်ခင်ကြီးကို သိပ်သနားနေ၏။ ခင်ခင်ကြီးအတွက် သူကဘာလုပ်ပေးနိုင်မလဲဆိုတာ အမြဲစဉ်းစားနေသည်။ ယခုလို တီးတိုးသတင်းတွေကြားရသည့်အခါ သူသည် ခင်ခင်ကြီးကို ပြောပြချင်၏။ သူသည် အလုပ်လုပ်နေရင်း သည်ကိစ္စၕ မိမိပါဝင်ဖွက်ဖက်သင့်မသင့်၊ တော်မတော် အထပ်ထပ် စဉ်းစား၏။ သူ့တစ်ပါး၏ ပုဂ္ဂိုလ်ရေးတွင် ပါဝင်ဖွက်

www.burmeseclassic.com



ခက်၍ မိမိအတွက် ဘာအကျိုးရှိပါ့မလဲ၊ ခင်ကြီးကကော ဘာများတတ်နိုင်မှာလဲ၊ စိတ်ညစ်ရုံအပြင် မပိုပြီ။ သည်လိုလည်း တစ်ခါတစ်ခါ တွေးမိ၏။ သို့ရာတွင် မိဘများအကြောင်း ခင်ကြီးသိထားလျှင် ရွှေနန်းရှင်ထံ တစ်နည်းနည်းဖြင့် အသနားခံနိုင်ပေမည်။ အနည်းဆုံး သူ့ကိုယ်သူ ကာကွယ်နိုင်ကောင်း ကာကွယ်နိုင်ပေမည်။ သည်လိုတွေးမိသဖြင့် ခင်ခင်ကြီးအား တစ်နည်းနည်းဖြင့် ပြောပြမည်ဟု ဆုံးဖြတ်လိုက်တော့သည်။

မြနှစ်သည် စောစောစီးစီးပင် အိပ်ရာဝင်ခဲ့၏။ သူ့မျက်လုံးများ မှိတ်ထားသော်လည်း အိပ်မပျော်သေးပေ။ အတန်ကြာလျှင် တစ်ခန်းလုံး တိတ်ဆိတ်သွားတော့၏။ အပျိုတော်တစ်ချို့၏ ဟောက်သံသဲ့သဲ့ကိုပင် ကြားနေရသည်။

သူသည် ခေါင်းကို အသာထောင်၍ တစ်ခန်းလုံးကို စေ့ကြည့်လိုက်သည်။ အားလုံးအိပ်ပျော်ကုန်ပြီဟု သေချာသွားသောအခါ အိပ်ရာမှ အသာအယာထလိုက်၏။ ပြီးတော့ ခြေကိုဖော့နင်းကာ အခန်းပြင်သို့ ထွက်ခဲ့သည်။ သူသည် အပြင်သို့ရောက်သောအခါ စကြံဝဲယာကို စောင်းငဲ့ကြည့်ပြီးနောက် မှောင်ရိပ်ခိုကာ ဝဲဘက်သို့ထွက်ခဲ့သည်။

သည်အချိန်တွင် ခင်ခင်ကြီး ဘယ်နေရာမှာရှိသည်။ ဘာလုပ်နေသည်ကို မြနှစ်လေ့လာထားပြီးဖြစ်၏။

'ခင်ကြီး...'

မြနှစ်က တိုးတိုးလေး ခေါ်လိုက်သည်။ သူ့အသံမှာ နှစ်ကိုယ်ကြားနိုင်ရုံမျှသာ။ သို့သော် ပြတင်းပေါက် ပေါင်ပေါ်တွင် မေးတင်ကာ ပြင်ပသာကကို ငေးနေသော ခင်ကြီးအဖို့ မိုးချုန်းသံတမျှ ကျယ်လောင်သွား၏။ သူသည် အသံလာရာကျောဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

မြနှစ်က နှုတ်ခမ်းပေါ်တွင် လက်ညှိုးကို ကန့်လန့်ဖြတ်တင်ပြပြီး အနားသို့ တိုးကပ်သွားသည်။

'မြနှစ်ပါ ခင်ကြီးရဲ့ ခင်ကြီးကို ပြောပြစရာရှိလို့လာခဲ့တာ...'

သူသည် စကားကိုရှေ့မဆက်သေးဘဲ ခဏရပ်ထားလိုက်၏။ ခင်ခင်ကြီး၏ လက်ကိုအားပေးဟန် ခပ်တင်းတင်းဆုပ်ကိုင်ပြီးမှ ဆက်ပြောသည်။

'ခင်ကြီး စိတ်ကောင်းကောင်းထားနော်။ ခင်ကြီးတို့အဖေနဲ့ အမေတို့ရော အစ်ကိုဖေငယ်ကိုရော အကျဉ်းချထားကြတယ်တဲ့။ ရနောင်မင်းသားကြီးတော့ အကျဉ်းထောင်ထဲမှာပဲ သူ့ကိုယ်သူ သတ်သေသွားပြီ...'

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးသည် မြနှစ်၏ ပခုံးပေါ်တွင် သူ့မျက်နှာကိုမှောက်ပြီးကျိတ်၍ ကျိတ်၍ ငိုရှိုက်နေတော့သည်။

မြနှစ်သည် ခင်ကြီးငိုသဖြင့် သူပါငိုချင်လာသည်။ သူ့ရင်ထဲ၌ ဆို့ကျပ်လာသဖြင့် ဘာမှမပြောနိုင်၊ မပြောတတ်။ ပြောစရာလည်း မရှိပေ။ ခဏအကြာ ခင်ခင်ကြီးအငိုရပ်သွားသည်။

'ခင်ကြီးဘဝတစ်ခုလုံးဟာ အိမ်မက်ဆိုးကြီးလိုပါပဲ။ ဒီမှာနေရတာကရာဇဝတ်သင့်နေတဲ့ လူတစ်ယောက်နဲ့ ဘာခြားလို့လဲ၊ ခင်ကြီးဟာ ရှင်လျက်နဲ့သေနေရတဲ့သူပါ။ ခုဆို ... ခင်ကြီးမှာ အားကိုးစရာရယ်လို့ ဘယ်သူမှ မရှိပါလားမြနှစ်ရယ်'

'ဒီလောက်တောင်လဲ အားမငယ်ပါနဲ့ ခင်ကြီးရယ်။ ရွှေနန်းရှင် တစ်ယောက်လုံးရှိသေးတာပဲ မဟုတ်လား'

မြနှစ်သည် စိတ်မကောင်းဖြစ်သွား၏။ ပြောမယ့်သာပြောရသည်။ အားဖြင့်မရှိလှ။ ရွှေနန်းရှင်အနေဖြင့် ကယ်တင်နိုင်ပါ့မလား။ ခင်ခင်ကြီး အားကိုးနိုင်ပါ့မလား။ မင်းတရားသည် စုဖုရားလတ် မိဖုရားကြီးကို လွန်ဆန်ဝံ့ပါ့မလား။ သူ့စိတ်ထဲ၌ သံသယတွေဝင်လာ၏။ သို့သော် သည်လိုမှမပြောလျှင်လည်း သူ့မှာတစ်ခြား ပြောစရာမရှိပြီ။

မြနှစ်သည် သူပြောလိုသော သတင်းပြောတတ်သမျှသော နှစ်သိမ့်စကားတို့ကိုပြောပြီးပြီ။ ထို့ကြောင့် ခင်ကြီးကို နှုတ်ဆက်ကာ သူ့အခန်းသို့ ပြန်ခဲ့သည်။ ခင်ခင်ကြီးသည် မြနှစ်ပျောက်ကွယ်သွားသည်အထိ အငေးသားကြည့်နေမိ၏။

နောက်ခဏတွင် သူသည်ခေါင်းအုံးထက် မျက်နှာမှောက်ကာ ကလေးပမာချုံးပွဲချ ငိုကြွေးလိုက်လေသည်။

နောင်တွင် ခင်ခင်ကြီးမှာ ရွှေနန်းတော်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၈။ နေရစ်တော့ နမ်ငယ်ဒိုင်းခင်ခင်

ဧရာဝတီမြစ်ပြင်သည် ကျယ်ကျယ်ပြန့်ပြန့် ရှိပါဘိသည်။ ရေသည် တသွင်သွင်စီးလျက်ရှိ၏။ မြူခိုးများယှက်နေသည့် နှစ်ဘက်သော မြစ်ကမ်း တစ်လျှောက်ဝယ် မှိုင်းညို့အုပ်ဆိုင်းသော တောင်တန်းများ ခြံရံကာဆီးထား၏။ မတ်စောက်မြင့်မားသော ကမ်းပါးစောက်အောက်တွင် သဲသောင်ပြင်ဖြူ လွှလွှတို့ဖြင့် လှပသော ရှုမျှော်ခင်းကို ဖန်တီးလျက်ရှိပေသည်။

ခပ်လှမ်းလှမ်းရှိ မြင့်မားသော တောင်တန်းများပေါ်ဝယ် တရွေ့ရွေ့ သွားနေသော မိုးရိပ်မိုးသားတို့သည် မြစ်ရေ၏ ရေအလျဉ်တွင် အရိပ်လာ၍ ထင်ကြသည်။

ထိုအရိပ်များနှင့်အတူ မြစ်ရေ၏ ရေပြင်တဖွေးဖွေးဝယ် အထက်သို့ တလှုပ်လှုပ်နှင့် ရွေ့လျားနေသော သင်္ဘောဖြာန်သုံးခုကို တွေ့နိုင်၏။ ထိုသင်္ဘောဖြာန် များမှာ တစ်ခုနှင့်တစ်ခု သိပ်မကွာဘဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရွေ့လျား နေကြသည်။

သေချာစွာ ကြည့်မည်ဆိုပါက ဧရာဝတီမြစ်ကို ဆန်တက်နေကြသော အညာလှေကြီးသုံးစင်းဖြစ်ကြောင်း တွေ့ရမည်ဖြစ်၏။ လေအရှိန်ကြောင့် ကြီးစွာသော ရွက်ကြီးများမှာ တင်းမာဖောင်းကော့လျက်ရှိသည်။

www.burmeseclassic.com



လှေပဲ့ပိုင်းတွင် ပဲ့နင်းကြီးများက [illegible]နေပြီး ရေကြောင်းလေကြောင်းသင့်ရာသို့ ပဲ့ကိုင်[illegible]၏။ ထိုဝါးသမားများမှာမူ လေအားကောင်းသဖြင့် [illegible]ကာ လိုက်ပါလာကြလေ[illegible]

လှေကြီး၏ [illegible]ဦးတစ်ဖက်တစ်ချက်တွင် မင်းမှုထမ်းလုလင်များသည် [illegible]များကိုထမ်းကာ စောင့်ကြပ်နေကြ၏။ လှေဝမ်းအတွင်း၌မူ ဝါးဖြင့်ခြစ်ကာ အပေါ်မှ ဝါးကပ်ဖိထားသော ယာယီအချုပ်ခန်းငယ်များရှိ၏။ အချုပ်ခန်းငယ်များထဲတွင် မိုးကောင်းမြို့သို့ အကျဉ်းချုပ်ဖြင့် အပို့ခံရသော ရာဇဝတ်အကျဉ်းသားများ ပါလာသည်။ သည်အကျဉ်းသားများထဲတွင် စီးတော်မြင်းဝန် ရွှေတိုက်စိုးတောင်သမန်လယ်စား မောင်ဖေငယ်လည်းပါဝင်ခဲ့၏။

လေထုမှာ ပို၍ပို၍ သိပ်သည်းလာပြီး ခပ်ထန်ထန်တိုက်ခတ်လာပြန်၏။ ပိုင်းစက်စက်ပြည့်နေသော ငွေလဝန်းသည် အရှေ့ဘက်ကောင်းကင်၌ ခရီးဝက်လောက်ပင် ရောက်နေလေပြီ။ ငွေလဝန်းသည် လေနောက်တွင်လွင့်ပါနေသော မိုးသားတို့နှင့် အပြေးပြိုင်နေသည်သို့ ရှိတော့သည်။ မကြာမီလေသည်ပို၍ ပြင်းထန်လာပြီး လှေကြီးများကို တွန်းထိုးဖယ်ရှားကာ ဖြတ်သန်းတိုက်ခတ်သွား၏။ မြစ်ရေ၏ ရေမျက်နှာပြင်ကိုလည်း နှင်တံဖြင့်ရိုက်သွားသကဲ့သို့ အလိပ်လိပ်ထပြီး ကျန်ရစ်စေခဲ့သည်။

ရေစီးသန်သန်တွင် လှိုင်းလုံးလေလုံးများနှင့် တဝေါဝေါမြည်သံတို့မှာ ကြောက်မက်ဖွယ်ရာ ကောင်းပါဘိတော့သည်။ သို့သော် အညာဆန်လှေကြီး တစ်စင်း၏ ဝမ်းထဲတွင် ညှိုးငယ်ကျဉ်းကျပ်စွာ ရာဇဝတ်အကျဉ်းသားအဖြစ် လိုက်ပါလာသော မောင်ဖေငယ်မှာ ကြောက်ဖို့ဝေးစွ တစ်ချက်ကလေးမှပင် စိုးရွံ့စိတ်ပေါ်မလာပေ။

သူနှင့် တစ်ခရီးတည်းသွားရသော ရာဇဝတ်သားများထဲတွင် ခင်မင်ကျွမ်းဝင်ခဲ့ဖူးသူဟူ၍ တစ်ယောက်တစ်လေမျှပင်မပါ။ နိုင်ငံတော်တစ်လွှား မိုးဆိုးလုယက်သတ်မှုကျူးလွန်ခဲ့ကြသော ရာဇဝတ်အကျဉ်းသားများသာ ပါဝင်သည်။ ထို့ကြောင့် မောင်ဖေငယ်မှာ စကားစမြည်ပြောဆိုရန်ပင် အဖော်မရှိချေ။ သို့ဖြင့် ပုဆိုးကိုတင်းတင်းခြုံကာ ဒူးပေါ်တွင် မေးတင်ရင်း အတွေးကွန်ရက်ကို ဖြန့်လျက်နစ်မျောလွင့်ပါနေမိသည်။

မောင်ဖေငယ်၏ အတွေးအာရုံဝယ် မီဘနှစ်ပါးကဲ့သို့ ချစ်ခင်ဖွယ်တာရှိသော ဒိုင်းအတွင်းဝန်မင်းနှင့် ဝန်ကတော်ကြီး၊ နှမငယ်ခင်ခင်ကြီး၊ သူငယ်ချင်း မောင်မောင်တုတ်တို့သာ တဝဲလည်လည်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းအတွင်းဝန်မင်းနှင့် ဝန်ကတော်ကြီးတို့မှာ မိမိတို့နှင့် အတူတကွ ဖမ်းဆီးခြင်း ခံလိုက်ရပြီးနောက် အကျဉ်းထောင်သို့အရောက်တွင် တကွဲတပြားစီ ဖြစ်ခဲ့ရသည်။ အသက်နှင့် ကိုယ်မှမြဲကြသေးရဲ့လား။ စိတ်ရင်းကောင်းလှသော သည်အဘိုးအို၊ အမယ်အိုတို့တွင် ဘယ်လိုအပြစ်မျိုးမှမရှိကြသည်ကို သူသာ အသိဆုံးဖြစ်၏။ ဒိုင်းဝန်မင်းမှာ အသက်ကလည်း ကြီးရှာပြီ။ ဝန်ကတော်ကြီးမှာလည်း ပင်ကိုယ်ကပင် ကောင်းစွာကျန်းမာရှာသည်မဟုတ်။ အိုကြီးအိုမဖြစ်ကာမှ ခုလို အကျဉ်းခံနေရလျှင် မည်မျှစိတ်ဆင်းရဲနေကြမည်မသိ။ အခြေအနေ အရပ်ရပ်ကို သိလိုလှသဖြင့် စုံစမ်းမေးမြန်းရအံ့သူကို စောင့်စားမျှော်ကိုးမိသည်။ သို့သော် အရိပ်အယောင်မျှပင် မမြင်ရ။ အညာဆန်လှေကြီး အတွင်းသို့ ဆင်းခဲ့ရသည့်တိုင် သတင်းအစအနကိုမျှပင် မရခဲ့ချေ။

မိမိမှာ သူငယ်ချင်း မောင်မောင်တုတ်ထံ သွားအံ့ဆဲဆဲတွင် အဖမ်းခံလိုက်ရသည်။ မောင်တုတ် အခြေအနေမည်သို့ရှိသည်ကိုလည်း မသိခဲ့ရ။ မင်းပြစ်မင်းဒဏ်မှ လွတ်ပါလေစ။ မသန်စွမ်းချည့်နဲ့နေသော ဒိုင်းဝန်ကတော်ကြီးလို မိန်းမသားကိုပင် ဖမ်းဆီးခဲ့ပြီမို့ မောင်မောင်တုတ်လည်း လွတ်အံ့မထင်။

အားလုံးပင် သီပေါရွှေနန်းရှင် အလိုကျ စေခိုင်းသမျှဆောင်ရွက်ခဲ့သူများသာဖြစ်၏။ သို့ဖြစ်၍ အမျက်တော်ထားခြင်းထားလျှင် စုဖုရားလတ် မိဖုရားကြီးကသာ ထားရန်ရှိသည်။ ခုလို ဘုမသိဘမသိ အဖမ်းအဆီး ခံရခြင်းမှာ အကြောင်း မည်သို့ရှိသနည်း။

မောင်ဖေငယ်သည် သီပေါမင်းတရား၏ ကတိစကားကို အကြွင်းမဲ့ယုံကြည်၏။ ထို့ကြောင့်လည်း ခင်ခင်ကြီးကိစ္စတွင် စိတ်ချလက်ချရှိခဲ့သည်။ ခင်ခင်ကြီးအမြင့်သို့ရောက်လျှင် သူသာလျှင် အပျော်ဆုံးဖြစ်လိမ့်မည်ဟုလည်း ယုံမှတ်ခဲ့၏။

ရွှေနန်းရှင်ဘုရားသည် ခင်ခင်ကြီးကို များစွာစုံမက်မြတ်နိုးတော်မူသည်။ မိဖုရားကြီးက မကြည်ဖြူစေကာမူ ကောက်ယူတော်မူထားပြီးပေပြီ။ သည်အခြေကျကာမှ ခင်ခင်ကြီးအား မထင်မရှားထားလိမ့်မည် မဟုတ်ဟု သူယုံကြည်သည်။ ထို့ကြောင့်လည်း 'ခင်ခင်ကြီးကို ရွှေနန်းတော်အရောက်ပြန်ပို့' ဟု စုဖုရားလတ် မိန့်စဉ်က သူပင်အားကြိုးမာန်တက် ဆောင်ရွက်ပေးသည်။ သည်ဆောင်ရွက်ချက်၏ အကျိုးတရားသည် ခင်ခင်ကြီးနှင့်တကွ ဆက်သွယ်သူ မှန်သမျှတို့၏ ဘဝအခြေအနေကို ပြောင်းလဲစေမည့် ဆောင်ရွက်ချက်ဟူ၍ကား မောင်ဖေငယ် အတွေးမရောက်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် စုဖုရားလတ်သည် အောင်ပွဲရစစ်သူကြီးဖြစ်၏။ မောင်ဖေငယ်သည် နှမဖြစ်သူ ခင်ခင်ကြီးကိုတွေ့ရန် ကြိုးစား၏။ စကားပြောခွင့်ရရန် အခွင့်အလမ်းရှာခဲ့၏။ မရ။ နှမငယ်သည် စုဖုရားလတ်၏ မျက်စိအောက်တွင် အကျယ်ချုပ်နှင့် ဘာမျှမခြား၊ အပျိုတော်တစ်ဦးဦးက အမြဲထက်ကြပ်မကွာ စောင့်ကြည့်နေလိုက်သေးသည်။

ခင်ခင်ကြီး၏ မျက်နှာမှာ ခါတိုင်းလို ရွှင်ရွှင်ပျပျမရှိ။ ညှိုးညှိုးငယ်ငယ်သာ ရှိသည်။ လှုပ်ရှားဟန်တွင်လည်း ဖျတ်လတ်သွက်လက်မှု မရှိတော့။ လေးလေးလံလံ ထိုင်းထိုင်းမှိုင်းမှိုင်းရှိလှသည်။ သည်အခါ မောင်ဖေငယ်၏ စိတ်မှာ စနိုးစနောင့်ဖြစ်ရပြန်သည်။ ခင်ခင်ကြီးကို ပို၍တွေ့ချင်လာသည်။

နှမငယ်နှင့် ပတ်သက်သော မိဖုရားကြီး၏ သဘောထား၊ ခင်ကြီးအတွက် ထားခဲ့သော မင်းတရား၏ ကတိစကားအခြေအနေစသည်တို့ကို သိချင်၍ဖြစ်သည်။ ထို့ကြောင့် မောင်ဖေငယ်သည် အခွင့်အရေးကို အမြဲတမ်းရှာနေ၏။ သို့သော် လကွယ်ညမှာ မဟူရာကျောက်တုံးကို ရှာရသလို အချည်းနှီးသာလျှင်တည်း။

ရွက်ကုန်ဖွင့်၍ ဆန်တက်လာသော အညာဆန်လှေကြီးများသည် မိုးကောင်းမြို့နှင့် တရွေ့ရွေ့နီးလာ၏။

နောက်တစ်နေ့ဆိုလျှင် မိုးကောင်းမြို့သို့ ရောက်ကြပေတော့မည်။ အေးမြသော လေသည်မောင်ဖေငယ်၏ မျက်နှာကိုတွန်းထိုး ဖယ်ရှားကာ ဖြတ်သန်းတိုက်ခတ်သွားသည်။

သူသည် အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်လာသည်။ ရာဇဝတ်အကျဉ်းသားအဖြစ် လိုက်ပါလာရ၍ သူ့တွင်နွေးထွေးအောင် ခြုံစရာဘာမျှမပါ။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်သာဖြစ်၏။ ထို့ကြောင့် သူသည် ဝတ်ထားသော ပုဆိုးခြုံထဲတွင်သာ ကွေး၍လိုက်ပါလာခဲ့ရရှာသည်။

တစ်ကိုယ်တည်း တွေးပြီး လိုက်ပါလာရင်းဖြင့် သူ့စိတ်အစဉ်မှာ တွေးတောပေါ်ထင်လာသည်က နေပြည်တော်တွင် ကျန်ခဲ့ရှာသော ကံဆိုးမလေး ဒိုင်းခင်ခင်၏ မျက်နှာကလေးပါ။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၉။ မိုးကောင်းအကျဉ်းသား မောင်ဖေငယ်

သူတို့သည် နောက်တစ်နေ့ အရုဏ်တက်လောက်တွင် မိုးကောင်းဆိပ်ကမ်းသို့ ကပ်မိကြ၏။ ပဲ့နင်းကြီးမှအစ ရာဇဝတ်သားများအဆုံး အားလုံးသော လှေစီးခရီးသည်များမှာ ခရီးပန်းလှသဖြင့် နွမ်းနယ်နေကြပြီ။

အညာဆန်လှေများ ဆိုက်ကပ်လာပြီဆိုသည်နှင့် မိုးကောင်းဝန်မင်းသည် နောက်ပါ အမှုထမ်းတပည့်များနှင့် လှေဆိပ်သို့ ဆင်းလာ၏။ လှေပေါ်တွင် ပါလာသော ရိက္ခာများ၊ ခဲယမ်းမီးကျောက်များ စသည်တို့ကို စာရင်းအင်းနှင့် တကွ လက်ခံယူရန်ဖြစ်သည်။

မိုးကောင်းမြို့သည် နေပြည်တော်နှင့် အလှမ်းဝေးသဖြင့်လည်း သည်လို အညာဆန်လှေကြီးတွေ ရောက်လာမှသာ နေပြည်တော်အရပ်ရပ် သတင်းထူး၊ သတင်းဆန်းများကို ကြားကြရ၏။ ထို့ကြောင့်ပင် မြို့ဝန်မင်းနှင့်တကွ မြို့သူမြို့သားများသည် အညာဆန်လှေကြီးတွေ အလာကိုသာ မျှော်နေတတ်ကြသည်။

လှေသူကြီးနှင့်တကွ မင်းမှုထမ်းများသည် ကြားသိခဲ့ရသမျှသော သတင်းများကို သူ့ထက်ငါဦးအောင်ပြောပြကြ၏။

'ဝမ်းနည်းစရာ သတင်းတစ်ရပ်ကို ပြောပြရဦးမယ်၊ ရွှေနန်းရှင် သီပေါမင်းတရားရဲ့ မယ်တော်လောင်းရှည် မိဖုရားကြီးလည်း ကွယ်လွန်သွားတော်မူပြီ

www.burmeseclassic.com



နတ်ပြည်စံလွန်တော်မူရှာတယ်။ ဖြစ်ရပုံကတော့ သည်လိုပါ ဝန်းမင်းရဲ့၊ စုဖုရားလတ်ဟာ လောင်းရှည်မိဖုရားကြီးကို အပါးတော်မှာရှိသူတစ်ဦးနဲ့ သက်ဘမကောင်းဖြစ်နေသတဲ့။ ဒီကိစ္စကို အမျိုးမျိုးအကွက်ဆင်ထားလေတော့ မင်းတရားကြီးဟာ ယုံကြည်သွားတယ်။ ဒီလူကို သေဒဏ်ပေးပြီး သူ့မယ်တော်အဆောင်ကိုလည်း မသွားဘဲနေလိုက်တယ်။ လောင်းရှည်မိဖုရားကြီးခမျာ အသက်ကလည်း ကြီးလာ၊ ရှက်လည်းရှက်တော့ အလွန်စိတ်ဆင်းရဲနေရှာတယ်။ မကြာခင်မှာပဲ သူ့လက်ဝါးပြင်ပေါ် အနာပေါက်လာတယ်။ ဒီအနာကို ဘယ်ဆေးမှအထည့်မခံဘဲ ပစ်ထားလိုက်တယ်။ အပြင်လူဆိုလို့ ဘယ်သူ့မှလည်း အတွေ့မခံဘူး။ ကျွန်ယုံ အပျိုတော်တစ်ဦးတည်းနှင့် နေလာခဲ့ရာက နတ်ပြည်စံလွန်သွားတာပါပဲ'

သည်သတင်းကို ကြားရသည့်အခါ အားလုံးပင် လောင်းရှည်မိဖုရားကြီးအပေါ် သနားပြီး စုတ်တသပ်သပ်နှင့် ဖြစ်နေကြသည်။

စောစောက စစ်မှုထမ်းကပင် ဆက်လက်၍ ပြောပြန်သည်။

'အခုတစ်လော နေပြည်တော်တစ်ဝန်းလုံးမှာ သူ့ထက်ငါပြောနေကြတဲ့ သတင်းထူးတစ်ရပ်ကတော့ ရနောင်မင်းသား မောင်မောင်တုတ်နဲ့ အပေါင်းပါတစ်စုကို ဖမ်းဆီးလိုက်တဲ့ သတင်းပဲဝန်းမင်း'

သည်သတင်းကို ကြားလိုက်ရသည့်အခါမှိုးကောင်းမြို့ဝန်၏ နှုတ်မှ 'ဟင်' ဟု အလန့်တကြားပင် ရေရွတ်မိ၏။ သူသည် မအံ့ဩဘဲမနေနိုင်။ ရွှေနန်းတော်တစ်ရပ်လုံး၌ မောင်မောင်တုတ်မပါလျှင် မပြီးသလောက်ပင် ဩဇာအာဏာကြီးထွားနေသူ မဟုတ်ပါလား။ မင်းမိဖုရားနှစ်ပါးနှင့်တကွ ဆင်ဖြူမရှင် မိဖုရားကြီးပါမကျန် မောင်မောင်တုတ်ကို အရေးပေး မြှောက်စားခဲ့ကြသည်။ ဤမျှ တန်ခိုးအာဏာအရှိန်အဝါကြီးသူတစ်ယောက် အဖမ်းခံရလေပြီဆိုလျှင် ပြစ်မှုမှာ တော်ရုံတန်ရုံ ပြစ်မှုဖြင့် မဟုတ်တန်ရာ။ ထို့ကြောင့် စုံစမ်းလိုက်သည်။

'ဘယ်လိုပြစ်မှုကြောင့်ပါလိမ့်'

'ပြစ်မှုကတော့ ထီးနန်းလုပ်ကြံမှုတဲ့။ မင်းသားအိမ်မှာ သွားရှာတော့ အထောက်အထားတွေတွေ့လို့ သိမ်းဆည်းခဲ့တယ်။ ဒီသတင်းကြောင့် ရွှေနန်းတော်ကြီးနဲ့ လွှတ်တော်တစ်ရပ်လုံးမှာရှိတဲ့ မင်းခစားတွေ ဇနီလျှပ်ချောက်ချားနေပါတယ်။ မင်းသားကို ခင်မင်ကြသူတွေက စိတ်မချမ်းသာဖြစ်နေကြ မယ့် သူ့ကိုမနာလိုသူတွေ၊ မင်းသားရဲ့ လက်အောက်ငယ်သားများ ဖိနှိပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ချယ်မှု၊ မတရားနှိပ်စက်မှုတွေကို ခံခဲ့ကြဖူးသူတွေကတော့ မသိမသာ ... သွားရာလမ်းပေပဲဆိုပြီး ကျေနပ်နေကြလေရဲ့'

မိုးကောင်းဝန်မင်းသည် ရနောင်မင်းသား၏ ထိုးနှန်းလုပ်ကြံမှုသတင်းကို ကြားလိုက်ရသောအခါ အထူးပင်ထိတ်လန့်သွားတော့၏။ အသေးစိတ်သိလို၍ ထပ်မံမေးမြန်းပါသော်လည်း ထို့ထက်ပို၍ မသိရပေ။

သို့ဖြင့် မိုးကောင်းဝန်မင်းက စဉ်းစားမိသည်။ မိုးကောင်းအကျဉ်းထောင်တွင် ထားရမည့် အကျဉ်းသားများထဲတွင် နိုင်ငံတော်ပုန်ကန်မှုနှင့်ပတ်သက်နေသည့် အကျဉ်းသားများပါလေမလား၊ ဒါမှမဟုတ် သူ့အသိအကျွမ်းထဲက တစ်ဦးတစ်ယောက်များပါလေမလား။

သူသည် လက်အောက်အမှုထမ်းတစ်ဦးအား အကျဉ်းသားများ စာရင်းကို ယူခဲ့ရန် စေခိုင်းလိုက်၏။ မိုးကောင်းထောင်မှူးသည် မြို့ဝန်မင်း၏ စေခိုင်းချက်အရ အကျဉ်းသားများ၏ ငယ်မည်စာရင်းများကို ဖြည်းဖြည်းချင်း ဖတ်ပြနေသည်။ ဝန်မင်းသည် သိကျွမ်းသူဟုတ်မဟုတ် စဉ်းစားရင်း နားထောင်နေရာမှ 'ငဖေငယ်' ဟူသော အမည်ကို ကြားလိုက်ရသောအခါ ဆတ်ခနဲဖြစ်သွား၏။

'ငဖေငယ်...'

သည်အမည်မှာ သူနှင့်ကျွမ်းရုံမျှမက သူ့ကျေးစူးရှင်၏ အမည်ပင်ဖြစ်သည်။ သူမိုးကောင်းမြို့ဝန်ရာထူးကို ရခဲ့သည်မှာပင် ကိုဖေငယ်၏ ကျေးဇူးကြောင့်ဖြစ်၏။ အကျဉ်းသားငဖေငယ်မှာ ကျေးဇူးရှင်သာဖြစ်ခဲ့သော် အဘယ်မှာလျှင် 'မျက်နှာလွှဲခဲပစ်' လုပ်နိုင်ပါမည်နည်း။

မိုးကောင်းမြို့ဝန်မင်းသည် "ငဖေငယ်' ဆိုသူအားခေါ်ခဲ့ရန် အမိန့်ပေးပြီးနောက် ရင်တမမနှင့် စောင့်မျှော်နေသည်။ အကျဉ်းသားကိုမျှော်ရင်း 'သည်ငဖေငယ်ဆိုတာ ငါ့ကျေးဇူးရှင် မဖြစ်ပါစေနဲ့ အမည်တူတစ်ခြားတစ်ယောက်သာ ဖြစ်ပါစေ' သည်သို့ ဆုတောင်းနေမိ၏။ သို့သော် မြို့ဝန်မင်း၏ ဆုတောင်းကား မပြည့်ခဲ့ရှာချေ။

အဝတ်အစား ညစ်ထေးထေး၊ သျှောင်တစောင်း ကပိုကရိုထုံးလျက် အသားမည်းကြီးတဲလျက်သား သူ့ရှေ့ရောက်လာသူကား ရွှေတိုက်စိုးတော်သခင်ငယ်စား စာဆိုတော် မောင်ဖေငယ်အမည်ခံ သူ၏ ကျေးဇူးရှင်ပင်ဖြစ်နေသောကြောင့်တည်း။

မြို့ဝန်မင်းသည် မောင်ဖေငယ်၏ အဖြစ်ကိုမြင်ရသောအခါ မျှားမျှ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်သွားၿပီ။ ဦးကျူးမရှိလှသဖြင့် ပတ်ဝန်းကျင်ကိုပင် အမှတ်မထားမိ၊ မောင်ဖေငယ်ကို တအားဖက်ကာ သည်းလိုညည်းတွားလိုက်မိသည်။

'ဖြစ်ရလေ အစ်ကိုကြီးရယ်'

မောင်ဖေငယ်သည် မိုးကောင်းမြို့ဝန်ကို မြင်လိုက်ရစဉ် ခဏထိတ်ခနဲ ဝမ်းသာသွားသည်။ သို့သော် တာရှည်ဝမ်းမသာနိုင်ပေ။ မိမိမှာ အကျဉ်းသား တစ်ယောက်ဖြစ်၏။ အကျဉ်းသားမှ သာမညအကျဉ်းသားမဟုတ်ပြီ။ မိုးကောင်းသို့ အပို့ခံရသည့် ရာဇဝတ်အကျဉ်းသား သာတည်း။ သည်မြို့ကား အဝင်ခြေရာသာရှိ၍ အထွက်ခြေရာမရှိသော သေမင်းခံတွင်းပေါက်ကြီးသာ တကား။

မိမိလို အပြစ်ကြီးသူ ရာဇဝတ်အကျဉ်းသားတစ်ယောက်အတွက်နှင့် တစ်ပါးသူတွင် အပြစ်ရောက်ရမည်ကို မောင်ဖေငယ် မလိုလားချေ။ ထို့ကြောင့် သူသည် မြို့ဝန်မင်းအား ရင်းနှီးဟန်မပြ။ မြို့ဝန်မင်းသာ အားကိုးရန်ရှိပါကြောင်း နှုတ်တုံ့မဆိုပြီ။

သို့စေကာမူ မိမိမှာ မည်သို့သော ပြစ်မှုဖြင့် ရာဇဝတ်အကျဉ်းသား ဖြစ်လာရကြောင်းကိုကား တိတိပပသိလိုလှကြောင်း ပြောလိုက်မိသေးသည်။

မိုးကောင်းဝန်မင်းသည် သူ့လက်အောက်တွင် အမှုထမ်းနေသော ဝန်စာရေးကြီးကို ခေါ်လိုက်၏။ မင်းမှုထမ်းများလက်တွင် ပါလာသည့် ရွှေမြို့တော်မှ အမိန့်စာချွန်တော်ကို တိုးတိတ်ညင်သာစွာ ဖတ်ပြ၏။ မောင်ဖေငယ်၏ ပြစ်မှုနှင့် ပတ်သက်၍မူ ဤသို့ပါရှိသည်။

'ငတုတ်၏ ထီးနန်းလုပ်ကြံမှု အောင်မြင်ရေးအတွက် ငဖေငယ်သည် ရွှေတိုက်တော်မှ ဘဏ္ဍာတော်များကို ခိုးယူထုတ်ပေးခဲ့သည်။ ယင်းကြံရာပါ ငဖေငယ်ကို မိုးကောင်းအကျဉ်းထောင်တွင် ချထားရမည်။ နောင်အခါ အကျဉ်းမှထုတ်၍ သုတ်သင်ကွပ်မျက်ရန်ဖြစ်သည်။ မိုးကောင်းထောင်မှူးသည် ငဖေငယ်အား သုတ်သင်ပြီးပါက နေပြည်တော်သို့ အကြောင်းကြားရမည်'

မောင်ဖေငယ်မှာ သည်စွပ်စွဲချက်ကို ကြားရသောအခါ များစွာထိတ်လန့်တုန်လှုပ်သွား၏။ သည်မျှကြီးလေးသော ပြစ်မှုမျိုးကို ကာယကံမြောက် ကျူးလွန်ရန် မဆိုထားဘိ၊ စိတ်ကူးနှင့်ပင် မကြံစည်ခဲ့ဖူးသဖြင့်လည်း အံ့အားသင့်ကာ ချောက်ချားသလို ဖြစ်သွားမိသည်။ မောင်ဖေငယ်၏ စိတ်မှာ မချိုးမသန့်ဖြစ်လာ၏။ သံသယများ မယုံသင်္ကာစိတ်များ လွှမ်းမိုးလာသည်။ သည်စွပ်စွဲချက်မှာ ခင်ခင်ကြီးကိစ္စနှင့် ပတ်သက်၍ နန်းမတော်စုဖုရားလတ်၏ လှည့်ကွက်သာလျှင် ဖြစ်ရပေမည်။'

www.burmeseclassic.com

www.burmeseclassic.com



'သို့ဆိုလျှင် အပြစ်ပေါ့လျော့စေရန် အယူခံသော်လည်း အရှည်နိုးသာ ဖြစ်ချေမည်။ သူ့အတွက်ကား ရှိစေတော့။ သူ့အသက်ကို စတေးရစေကာမူ နှမငယ် ခင်ခင်ကြီး ချမ်းချမ်းသာသာ နေရပြီဆိုလျှင် ကြိုးပမ်းခဲ့ရကျိုးနပ်ပေပြီ။ တစ်ဘက်မှာ သူ့အသက်ဆုံးရှုံးရပေမယ့် နှမငယ်ဘဝကိုမျိုးထောင်ရှင်ရလျှင်မူ သူကျေနပ်ဝမ်းမြောက်ရဖွယ်မည်။'

သည်သို့ စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် မောင်ဖေငယ်၏ ရင်မှာပေါ့ပါးသွားသည်။ ထို့ကြောင့် သူသည်မိုးကောင်းမြို့ဝန်ထံတွင် အကူအညီတောင်းကြည့်သည်။

'အစ်ကိုကြီးအတွက်ဖြင့် ရှိပါစေညီမောင်၊ သည်မှုခွဲချက်ကြီးနေမှတော့ အစ်ကိုအပေါ် သက်ညှာမှုဖြင့်ရလိမ့်မယ် မထင်ပေဘူး။ ညီမောင့်အဖို့ မခဲယဉ်းဘူးဆိုရင်တော့ ဒိုင်းအတွင်းဝန် ဦးဘိုးကြီးရဲ့ သမီးလေးခင်ခင်ကြီးအကြောင်းသိချင်လှတယ်။ သည်မိန်းကလေးအကြောင်း သတင်းကောင်းကြားရရင်ဖြင့် အစ်ကိုကြီး ကြိုးပမ်းရကျိုးနပ်ပါပြီ။ ဒါမှလည်း အစ်ကိုအသေဖြောင့်မှာပါညီရဲ့'

မိုးကောင်းမြို့ဝန်သည် ကျေးဇူးရှင် မောင်ဖေငယ်၏ တောင်းဆိုချက်ကို မေ့မနေဆောင်ရွက်ပေးပါမည်ဟု အာမခံလိုက်သည်။ ရွှေမြို့တော်မှ အမိန့်တော်တွင်လည်း မောင်ဖေငယ်အား နောင်တွင်ကွပ်မျက်ရန်ဟုသာပါ၏။ မည်သည့်နေ့ရက်တွင် ကွပ်မျက်ရမည်ဟု အတိအလင်းမပါပေ။ ထို့ကြောင့် မြို့ဝန်မင်းသည် ကွပ်မျက်ရန် ရက်ကိုအကန့်အသတ်မရှိရွှေ့ဆိုင်းထားလိုက်သည်။

မိုးကောင်းအကျဉ်းထောင်သို့ ရောက်လာသော အကျဉ်းသားမှန်သမျှသေမီ ဆင်းရဲကြီးစွာရရန် ညှဉ်းပန်းရမြဲဖြစ်၏။ သို့တစေ မောင်ဖေငယ်ကိုမူ ခင်အားပြည့်ဝစေမည့် အစားများ စားသောက်စေခြင်း၊ သန့်ရှင်းသောအိပ်ရာအိပ်ခင်းများပေးခြင်းဖြင့် ကောင်းစွာပြုစုစောင့်ရှောက်ထား၏။ သူ့ကျေးဇူးရှင်၏ အသက်ကို မကယ်နိုင်စေကာမူ မသေမီစပ်ကြား သည်နည်းဖြင့်သာ ကျေးဇူးတုံ့ပြန်နိုင်တော့မည် မဟုတ်ပါလား။ သို့ဖြင့် မောင်ဖေငယ်မှာ မိုးကောင်းအကျဉ်းထောင်ထဲတွင် သက်သာစွာ နေခဲ့ရလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၀။ မိုးကောင်းမြို့ရောက် သတင်းဆိုးများ

ညသည်အမှောင်ဖြင့် လွှမ်းခြုံလာပြီဖြစ်၏။ ကောင်းကင်၌ တိမ်ပါးပါး အချို့သည် လေနှင့်အတူ ရွက်လွင့်သွားနေသည်။ ကြယ်ရောင်လက်လက် ကလေးများကို ကောင်းကင်အနှံ့ ဟိုတစ်ကွက် သည်တစ်ကွက်မြင်နိုင်သည်။ စင်စစ်ကြယ်ရောင်တို့သည် ဝင်းလက်တောက်ပသည်ဟု မဆိုသာ။ မိုးကောင်း အကျဉ်းထောင် ပတ်ဝန်းကျင်တွင် သစ်ရိပ်များကလည်း အုပ်ဆိုင်းနေသဖြင့် အလင်းရောင်မှာ အားနည်းလှသည်။

အကျဉ်းထောင်ကြီးအတွင်းမှာ ရာဇဝတ်အကျဉ်းသားအဖြစ် ရောက် ရှိနေသော မောင်ဖေငယ်သည် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်၏။ ပတ်ဝန်းကျင်သည် မှောင်အတိဖြင့် တိတ်ဆိတ်နေသည်။ သို့သော် မိုးကောင်း မြို့ကို ဦးခိုက်ကာ ဆက်လက်စီးဆင်းနေသော မိုးကောင်းချောင်းရေအလျဉ်၏ တသွင်သွင်စီးသံ ခပ်ဝေးဝေးမှကြားနေရသည်။ ထိုရေအလျဉ်၌ သူ၏ စိတ် အာရုံသည် နေပြည်တော်သို့ မျောပါသွားသည်။

ထိုအခါ နေပြည်တော်တွင် ကျန်ရစ်သော နှမငယ်ခင်ခင်ကြီးနှင့် ပတ်သက်သော အတွေးစကို ဆွဲငင်မိပြန်၏။ ထိုအတွေးမှ သွယ်တန်းလာ မည်ကို သူ မလိုလားပေ။ အထူးသဖြင့် နှမငယ်ခင်ခင်ကြီး၏ အကျပ်အတည်း

www.burmeseclassic.com

www.burmeseclassic.com



ဘဝနှင့် ပတ်သက်၍ သူ မတွေးလိုဆုံးဖြစ်သည်။ ခင်ခင်ကြီးသည် သူ့အသက်၊ သူ့အသည်းနှလုံး၊ သူ အတွယ်တာဆုံး မိန်းကလေးဖြစ်သည်။ ထို့ကြောင့် ခင်ခင်ကြီးတစ်ယောက် မလျော်မကန် စိတ်မချမ်းမြေ့ဖွယ်ရာအဖြစ်ဆိုးနှင့် ကြုံတွေ့နေရမည်ကို မလိုလားပေ။ အတွေးစသည် ဝင်လာပြီဆိုသည်နှင့် မုန်တိုင်းထန်လာတော့သည်။ စိတ်အာရုံတွင် အဆီးအတားမရှိ ဝင်မွှေသလသောအခါ ရင်မှာ လှုပ်ခတ်လာရပြန်သည်။

နန်းမတော် စုဖုရားလတ်၏ ဘားမည်မျှထက်သည်ကို ယခု သူကိုယ်တိုက်က ကြုံတွေ့နေရပြီ။ နှမငယ်အနေဖြင့် မည်သို့ ရင်ဆိုင်နေရသည်ကို သူ သိလိုလှ၏။

"ရွှေနန်းရှင်သည် ခင်ခင်ကြီးကို နန်းရမိဖုရားအဖြစ် မြှောက်စားပြီးဆပြီ။ ခင်ခင်ကြီးသည် စိတ်ချမ်းသာစွာ စံစားနေရပြီ" သည်သတင်းကို သူ့အသေခင်အတွင်း ကြားလိုလှ၏။ သည်ဆန္ဒသည် မောင်ဖေငယ်၏ ရင်၌ဖြစ်သော အပြင်းပြဆုံး ဆန္ဒသာတည်း။

မောင်ဖေငယ်သည် သူကိုယ်တိုင်အတွက်မူ စိုးစဉ်းမျှ မပူပန်။ သူ့ထံသို့ ကောင်းဝန်မင်းရောက်လာပြီး အားပေးစကားဆိုလေတိုင်း သူသည် ခင်ခင်ကြီးအကြောင်းသာမေး၏။ သီပေါမင်းတရားသည် ခင်ခင်ကြီးကို မည်မျှချစ်ခင်ကြောင်း ပြောပြ၏။ ခင်ခင်ကြီးကို မိဖုရားဖြစ်စေလိုသော ဆန္ဒဖြင့် သူမည်မျှကြိုးပမ်းထားရကြောင်း တင်ပြ၏။ ခင်ကြီးအပေါ်တွင် ထားရှိသော သူ့စေတနာကိုလည်း လှစ်ပြ၏။

မိမိအရေးထက် ခင်ခင်ကြီးအရေးကိုသာ ပဓာနထားနေသော မောင်ဖေငယ်ကို မြို့ဝန်မင်းသည် အပြစ်မတင်ရက်တော့ပေ။ "ဪ-သူ့ခများ သည်မျှ ချစ်ရှာပေတယ်" သည်လို နားလည်ကာ ခွင့်လွှတ်ခဲ့ရသည်။ မောင်ဖေငယ်ကိုလည်း များစွာ သနားမိတော့သည်။ ထို့ကြောင့်လည်း မြို့ဝန်မင်းသည် မောင်ဖေငယ်စိတ်အေးချမ်းသာ ရှိစေရန် နှစ်သိမ့်အားပေးခဲ့၏။ "နေပြည်တော်ရှိ ဆွေမျိုးအရင်းအချာထံ စာဖြင့် မှာကြားထားကြောင်းနှင့် မကြာမီ သတင်းရရှိတော့မည်ဖြစ်ကြောင်း---"

မှန်ပါသည်။ မြို့ဝန်မင်းသည် မဆွကပင် နေပြည်တော်ရှိ စိတ်ချရသော ဆွေမျိုးတစ်ဦးထံ အကြောင်းစုံစာရေးမှာထားပြီးဖြစ်၏။ ဒိုင်းအတွင်းဝန် လင်မယား၊ ခင်ခင်ကြီး၊ ရနောင်မောင်မောင်တုတ် စသူတို့နှင့် ပတ်သက်၍ အတွင်းကျကျ စုံစမ်းပေးပါရန်ဖြစ်သည်။ ယခုဆိုလျှင် ရက်သတ္တနှစ်ပတ်ခန့်ရှိပြီဖြစ်၍ နေပြည်တော်မှ သတင်းရောက်လာနိုးငြား

www.burmeseclassic.com



ရက်များမကြာမီမှာပင် မိုးကောင်းမြို့ ကမ်းခြေသို့ စက်လှေကြီးတစ်စင်း ဆိုက်လပ်လာ၏။ ထိုလှေကြီးနှင့်အတူ မြို့ဝန်မင်းအတွက် ရွှေမြို့တော်မှ ပါးလိုက်သော စာရှည်ကြီးတစ်စောင်လည်း ပါလာသည်။

ထို့ပြင် ရွှေမြို့တော်မှ စာတတ်လှေစီး မောင်ဘိုးလုံးနှင့် ဗန်းမော်ဝန်ထောက် ဦးဘိုးလှထံမှ မင်းမှုထမ်း အရာရှိတစ်ဦးသည်လည်း အထူးတာဝန်ဖြင့် လိုက်ပါလာ၏။ သူတို့သည် မိုးကောင်းမြို့ဝန်မင်း အိမ်မှာပင် တည်းခိုကြသည်။

မိုးကောင်းမြို့ဝန်မင်းသည် နေပြည်တော်မှ ပါးလိုက်သော စာလွှာကို အမြန်ပင် ဖတ်ကြည့်လိုက်သည်။ စာတွင်ပါရှိသည့် အကြောင်းအရာတို့ ကား--

ဒိုင်းအတွင်းဝန်မင်းနှင့် ဝန်ကတော်ကြီးတို့မှာ လူ့ရွာမှ တစ်ခန်းရပ် ၍ စာတ်သိမ်းသွားကြရှာပါပြီ။ တစ်နွယ်ငင်တစ်စင်ပါဆိုသကဲ့သို့ ခန်းပတ် မင်းကြီးမှာလည်း သားဒိုင်းအတွင်းဝန် လင်မယားနှင့် ခင်ခင်ကြီးတို့ အရေး အတွက် ယခုအခါ ရာထူးချထားခြင်း ခံနေရပါသည်။

ရနောင်မင်းသား မောင်မောင်တုတ်မှာ ဖမ်းဆီး၍ထောင်သွင်း အကျဉ်း ချထားစဉ်ပင် ထောင်အတွင်း၌ သေဆုံးနေသည်။ သေဆုံးနေပုံမှာလည်း များစွာ ထူးဆန်းလှ၏။ ထောင်တွင်းရှိ ရာဇဝတ်ကောင်တို့၏ လုံခြုံရေးကို တစ်စိတ်တစ်ဒေသ တာဝန်ယူရသော ရွှေလုံမြို့ဝန်မင်းသည် ထိုနေ့က နေဝင် ဖျိုးဖျအချိန်လောက်တွင် လုံကိုကိုင်စွဲကာ နောက်လိုက်နောက်ပါများနှင့် ထောင် တွင်းသို့ တာဝန်အရ ရောက်လာသည်။ သည်စဉ်က မောင်မောင်တုတ်သည် အကျဉ်းခန်းအတွင်း ခင်းထားသော ကောက်ရိုးပုံပေါ်တွင် လဲလျောင်းရင်း တစ်စုံတစ်ရာကို တွေးတောနေဟန်ရှိသည်။

ရွှေလုံမြို့ဝန်၏ နောက်လိုက်များသည် မောင်မောင်တုတ် မခံချိမခံ သာ ဖြစ်အောင် ကလိကြသည်။

“စည်းစိမ်ကြီးမနေနဲ့ မင်းသား၊ ခင်ဗျားမယားတွေ လင်ယူကုန်ပြီ”

သည် အသံများနှင့်အတူ အကျဉ်းခန်းတံခါးသည် ရုတ်တရက် ပွင့် လာသည်။ ရွှေလုံမြို့ဝန်နှင့် ဘက်တော်သားများ ဝင်လာကြသည်။ မောင် မောင်တုတ်သည် မြို့ဝန်၏ မျက်နှာကိုမကြည့်။ တစ်ဖက်သို့ လှည့်လိုက် သည်။ ရွှေလုံမြို့ဝန်သည် မောင်တုတ်၏ မျက်နှာကို ပြုံးဖြင့် ထိုးကော်ကာ မဲ့မဲ့ရွဲ့ရွဲ့ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်…မင်းလားကွ ရှင်ဘုရင်ကို နန်းချမယ့်လူ…"

မောင်တုတ်သည် ရွှေလှံမြို့ဝန်နှင့် ဘက်တော်သားများ၏ စကားကို သည်းမခံနိုင်။ လဲလျောင်းရာမှ ငေါက်ခနဲ ထ,ထိုင်လိုက်သည်။

"အောင်မာ…ခြေ့ရယ်…သတ္တိရှိရင် ဓားချင်းပြိုင်ခုတ်ပါလား ထွီ…"

သည်လို မောင်မောင်တုတ် ပြောလိုက်သည်နှင့် မြို့ဝန်သည် သူ့ လူများကို တစ်ချက်ကြည့်လိုက်၏။ မြို့ဝန်၏ နောက်ပါများသည် မောင်တုတ်၏ ချောင်ကိုဆွဲပြီး နောက်သို့ခပ်မော့မော့ဖြစ်အောင် ပြုကြသည်။ မြို့ဝန်သည် မောင်တုတ်၏ ပါးကို ဘယ်ပြန်ညာပြန် ရိုက်လေတော့၏။ ပြီး… သူ့ လူများကို အမိန့်ပေးသည်။

"ဟိုဘက်ခန်းတွေကို လိုက်ကြည့်ရဦးမယ်။ သွားနှင့်ကြ၊ ငါလိုက်ခဲ့မယ်…"

သူ့လူများသည် တစ်ဘက်ခန်းသို့ ကူးသွားကြ၏။ သည်တွင် ရွှေလှံမြို့ဝန်သည် မောင်တုတ်ဘက်သို့ ခြသေ့လည်ပြန်ကြည့်၏။ သူ့လက်ထဲမှ အသွားမြမြ လှံကို တစ်ချက်ကြည့်လိုက်ပြီး လျှပ်ပြက်သကဲ့သို့ လျင်မြန်စွာ မောင်တုတ်၏ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်သည်။

ရွှေလှံမြို့ဝန်သည် အခြားတစ်ဘက်ခန်းသို့ သွားရောက်စစ်ဆေးနေ၏။ အားလုံးစစ်ဆေးပြီးနောက် မောင်တုတ်အား စိတ်မချသေးဟန် နောက်တစ်ကြိမ်စစ်ဆေးရန် ရွှေလှံမြို့ဝန်က ပြော၏။ သူ့တပည့်များသည် ရှေ့မှ သွားနှင့်ကာ မောင်တုတ်၏ အကျဉ်းခန်းတံခါးကို ဖွင့်လိုက်ကြသည်။ အားလုံး၏ နှုတ်ခမ်းမှ "ဟင်…"ဟု တစ်ပြိုင်တည်း ထွက်သွား၏။

လည်ပင်းတွင် ချွန်သော လက်နက်ဖြင့် ထိုးထားသော ဒဏ်ရာ၊ ညာလက်ထဲတွင် သွေးများလူးနေသော သံချေးတက် ကတ်ကြေးဟောင်းတစ်ခု ကိုင်လျက် အသက်ပျောက်နေပြီဖြစ်သော မောင်တုတ်ကို ရေနံဆီမီးရောင်ဖြင့် တွေ့မြင်လိုက်ရသောကြောင်တည်း။

"ဟာ… ဒီ လက်နက် ဘယ်ကရလဲ၊ ဒီလို သတ်သေကြမှာစိုးလို့ ထောင်ထဲကို အပ်ကလေးတစ်ချောင်းတောင် သွင်းရတာ မဟုတ်ဘူး"

ရွှေလှံမြို့ဝန်က အံ့ဩဟန်ဖြင့် ဆိုသည်။

"ဒီ သံချေးတက် ကတ်ကြေးကြီး ထရုံကြားမှာရှိတာ ဝင်းဝင်းတောက် အမြင်မိသားပဲ"

နောက်လိုက်တစ်ယောက်က သူ့အသိကိုတင်ပြ၏။ ထောင်…

www.burmeseclassic.com



အတွင်းတော်သို့ အစီရင်ခံရန် တွေ့သမျှ မြင်သမျှကို ရေးမှတ်ရတော့သည်။

ရွှေလုံမြို့ဝန်လည်း သူ့လုံကို ယာလက်ဖြင့် ဟန်ပါပါကိုင်၍ တပည့်များနှင့် အတူ ထောင်တွင်းမှ ထွက်လာသည်။ သူသည် လုံဖျားကို စူးစိုက်ကြည့်၍ လက်ဖြင့် တစ်ချက် ပွတ်သပ်လိုက်သည်။

ဒိုင်းခင်ခင်ကိုလည်း ကွပ်မျက်ရန် အမိန့်ချထားပြီးဖြစ်၏။ အကျဉ်းထောင်ထဲမှ ပျောက်ချင်းမလှ ပျောက်သွားပုံကိုထောက်၍ ယခုအခါတွင် ကွပ်မျက်ပြီးကောင်း ဖြစ်ပေမည်။"

မိုးကောင်းမြို့ဝန်မင်းသည် စာရှည်ကြီးကိုဖတ်ပြီးသည့်အခါ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ သိရသည့်သတင်းများမှာ ဝမ်းနည်းကြေကွဲဖွယ်ရာ အတိ ဖြစ်နေပြီ။ သတင်းမှန်အတိုင်းသာ ဖောက်သည်ချရပါမူ မောင်ဖေငယ်မှာ အသေဖြောင့်ရာမည် မဟုတ်။ ထို့ကြောင့် သည်ကိစ္စမည်သို့ ရှင်းရမည်ကို မြို့ဝန်မင်းသည် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သည်။

ကြေကွဲဖွယ်ရာ သတင်းများကို ဖုံးဖိထားပြီး မောင်ဖေငယ် စိတ်ချမ်းသာစေမည့် သတင်းများကိုသာ အစားထိုးပြောကြားတော့မည်...ဟု။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ အမြင့်မှာ စံပြီလား နမငယ်

မြို့ဝန်မင်းသည် သည်သို့ ဆုံးဖြတ်ချက်ချပြီးသည်နှင့် စိတ်ပေါ့ပါးသွားဟန်ရှိသည်။ သက်ပြင်းကို အသာချလိုက်သည်။ သို့သော် စိတ်ပေါ့ပါးဟန်တို့ တာရှည်မခံပေ။ နေပြည်တော်မှ လိုက်ပါလာသော ကိုဘိုးလုံးနှင့် ဇန်းမော်မြို့မှ ရောက်လာသော မင်းမှုထမ်းတို့သည် လာရင်းကိစ္စကို တင်ပြကြတော့သည်။

"လာရင်း ကိစ္စကတော့ ရာဇဝတ်သား ငဖေငယ်ကိစ္စပါပဲ ဝန်မင်း"

"ဒိုင်းအတွင်းဝန်အိမ်မှာ သက်သေခံအထောက်အထားတွေ သွားသိမ်းစဉ်က မိဖုရားကြီး စုဖုရားလတ်ရဲ့ လူယုံတော်သံတော်ဆင့် မောင်စံပုံပါသွားတယ်။ သက်သေခံအထောက်အထားတွေကို စာရင်းလုပ်ရာမှာ ခင်ခင်ကြီးရဲ့ သေတ္တာထဲက စာလက်ခံတစ်စောင်တွေ့တယ်။ ဒီစာလက်ခံဟာ ခင်ခင်ကြီးက သီပေါမင်းတာရားထံ ပေးတဲ့စာပေပဲ။ ဒီစာကို မောင့်စံပုံက စုဖုရားလတ်ကို ဆက်လိုက်တယ်"

"စုဖုရားလတ်က ဒီစာ ဘယ်သူရေးပေးတုံးလို့ မေးတယ်။ မောင်စံပုံက တောင်သမန်လယ်စား မောင်ဖေငယ်ရေးတဲ့စာနဲ့တူတယ်လို့ ပြန်လျှောက်တယ်။ ဒီတော့ မိဖုရားကြီးက..."

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဖေငယ် [illegible] သလား--" လို့ မိန့်သတဲ့။

"ဒီလို မိန့်တာဟာ သတ်ရှေ့လို့ [illegible] မဟုတ်လား ဝန်မင်းရဲ့"

"မိုးကောင်း ထောင်မှူးဆီကလည်း ရာဇဝတ်အကျဉ်းသားတွေထဲက ငဖေငယ်ကို ကွပ်မျက်သုတ်သင်ပြီးကြောင်း ခုထိအစီရင်ခံစာ မရောက်သေးဘူး။ ဒါကြောင့် နေပြည်တော်က ဗန်းမော်ဝန်ထောက် ဦးဘိုးလှဆီ အကျွန့်ကို အမိန့်စာအပို့လွှတ်လိုက်တယ်။ အမိန့်စာအရ ဗန်းမော်ဝန်ထောက်က တာဝန်ခံသွားရောက်ခေါ်ယူပြီး ဗန်းမော်စစ်တပ်မှာ ငဖေငယ်ကို ကွပ်မျက်သုတ်သင်ရမယ်လို့ ဆိုထားပါတယ်။ ဒီအတွက် ရာဇဝတ် အကျဉ်းသားကို ခေါ်ယူဖို့ ရောက်လာရခြင်း ဖြစ်ပါတယ်..."

စာတ်လျှော်စီး မောင်ဘိုးလုံးက လာရခြင်းအကြောင်းရင်းကို ရှည်ရှည်ဝေးဝေးပင် ပြောပြလိုက်သည်။

ထိုစကားကို ကြားရလေသောအခါ မိုးကောင်းမြို့ဝန်မင်း၏ စိတ်သည် ချောက်ချားရလေသည်။ ကျေးဇူးရှင်မောင်ဖေငယ်၏ အသက်ရှင်ရေးသည် မျှော်လင့်ချက်မရှိတော့ပြီ။ မိမိရည်ရွယ်ချက်မှာလည်း ပြိုပျက်သွားရသည်။ ပြိုပျက်ရုံမက နေပြည်တော်မှ အမိန့်သည် မိမိသို့ပင် ကူးစက်လာဦးမည်လား။ မိမိပါ ရာဇဝတ်သားဖြစ်ရတော့မည်လား။ သည်သို့ တွေးမိကာ တုန်လှုပ်ခြင်းလည်း ဖြစ်သွားမိသည်။ ရုတ်တရက်မှ ပြန်လည်ချေပခြင်းပင် မပြုနိုင်ခဲ့ပေ။ သို့သော် စိုးရွံ့ထိတ်လန့်ဟန် မပြဘဲ တည်တည်ငြိမ်ငြိမ်ပင် စကားဆို၏။

"ရာဇဝတ်ကောင်ကို ဘယ်နေ့ဘယ်ရက်မှာ သုတ်သင်ရမယ်လို့ အတိအကျပါမလာဘူး မောင်တို့ရဲ့။ ဒါကြောင့် နေပြည်တော်က နောက်ထပ် အမိန့်တော်များ ရောက်လိုရောက်ငြား စောင့်နေကြတာနဲ့ ကြန့်ကြာသွားရတာ။ ခုတော့ အမှာတော် ရှိလာပြီမို့ ကျုပ်ကိုယ်တိုင် မောင်တို့နဲ့အတူ လိုက်ပြီး ရာဇဝတ်သားကို ဗန်းမော်ဝန်ထောက်မင်းထံ အပ်ပါ့မယ်..."

မိုးကောင်းမြို့ဝန်သည် သူ့အပေါ် သံသယမဝင်စိမ့်သောငှာ ဤသို့ပင် ကျိုးကြောင်းတွက်ဆ၍ ပြောပြ၏။ ရင်းရင်းနှီးနှီး စကားဆို၏။ ဧည့်သည်တော်များအတွက် စားကောင်းသောက်ဖွယ်များကို ပြင်ဆင်စေလျက် အလျှံပယ်ကျွေးမွေးပြုစုစေ၏။

မင်းမှုထမ်း ဧည့်သည့်တော်များသည် မြို့ဝန်မင်း တည်ခင်းကျွေ

www.burmeseclassic.com

www.burmeseclassic.com



သော စားသောက်ဖွယ်ရာများကို မြိန်ရှက်စွာ စားသောက်နေကြပြီ။ ထိုစဉ် မြို့ဝန်မင်းသည် မောင်ဖေငယ်ရှိရာသို့ အမှတ်မထင် ထွက်လာခဲ့သည်။

မောင်ဖေငယ်သည် သူ၏ အခန်းကျဉ်းထဲရှိ အိပ်ရာပေါ်တွင် လဲလျောင်းနေသည်။ အမိုးဆီသို့ ငေးကာ တစ်စုံတစ်ရာ တွေးနေဟန်ရှိသည်။ မိုးကောင်းမြို့ဝန်ကို မြင်သောအခါ လဲလျောင်းရာမှ ရုတ်ခနဲ ထထိုင်လိုက်သည်။ သူသည် မြို့ဝန်မင်း၏လက်ကို တင်းတင်းဆုပ်ကိုင်လျက် နေပြည်တော်မှ သတင်းများကို စိတ်အားထက်သန်စွာ မေးနေတော့သည်။

မြို့ဝန်မင်းသည် မောင်ဖေငယ့်အဖြစ်ကို မြင်ရသောအခါ စိတ်မကောင်းဖြစ်မိသည်။ ရင်တွင်း၌ လှိုက်မောလာသည်။ သို့သော် မျက်နှာ သွင်ပြင်၌ စိတ်လှုပ်ရှားဟန်ကို မပြဘဲပြုံး၍ဆို၏။

"စိတ်အေးချမ်းသာ ရှိပေတော့ အစ်ကိုကြီးရေ...နေပြည်တော်က သတင်းအရတော့ ဝမ်းသာစရာပေပဲ။ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ပွဲလမ်းသဘင်တွေကလည်း ခြိမ့်ခြိမ့်သဲလို့တဲ့။ ရွှေနန်းရှင်ဘုရားနဲ့ အရှင်နန်းမတော် မိဖုရားခေါင်ကြီးတို့ ထွက်စံတဲ့အခါမှာလည်း အင်မတန်ချောမွေ့လှပတဲ့ နုနုငယ်ငယ် မိဖုရားလေးတစ်ပါးအတူ ထွက်စံလေ့ရှိတယ်လို့ သတင်းရခဲ့တယ်။ သည် မိဖုရားငယ်ကဖြင့် အစ်ကိုရဲ့ နှမငယ်ခင်ခင်ကြီးသာ မုချဖြစ်ရပေမယ် အစ်ကိုရေ..."

သည်သတင်းကို ကြားရသည့်အခါ မောင်ဖေငယ်၏ ဟန်ပန်မှာ သွက်လက်လာ၏။ ဝမ်းသာကြည်နူးလွန်းသဖြင့် သူ့မျက်ဝန်းအစုံဝယ် မျက်ရည်ကြည်တို့ပင် သီသီစို့လာကြသည်။ ခပ်မှောင်မှောင်ဖြစ်နေသော အကျဉ်းခန်းထဲမှာပင် မောင်ဖေငယ်၏ ပြုံးယောင်ယောင်မျက်နှာကို မပီဝိုးတဝါး မြင်နေရသည်။

"ဟုတ်တယ် ချောမွေ့လှပပြီး နုနုငယ်ငယ် မိဖုရားဆိုတော့ အစ်ကို့ နှမ ခင်ခင်ကြီးပဲ ဖြစ်ရမယ်။ ဝမ်းသားလိုက်တာ ငါ့ညီရာ၊ အစ်ကို့မှာ ဒီအတွက်ပဲ ပူပန်နေရတယ်။ နှမငယ်အတွက် အစ်ကို့မေတ္တာနဲ့ စေတနာကို သက်သေပြနိုင်ပြီမို့ အစ်ကို ကျေနပ်ပြီ။ ရွှေနန်းရှင်ရဲ့ အလိုတော်ကို ကျေကျေပွန်ပွန် ထမ်းရွက်ခဲ့ရတဲ့အတွက်လည်း အစ်ကို ဝမ်းသားတယ် ခုနေမှာတော့ အစ်ကို သေရမှာလည်း ဝန်မလေးတော့ဘူး ညီမောင်ရေ..."

သည်ခဏမှာ မောင်ဖေငယ်သည် သူ့အရေးကိုပင် သူမေ့လျော့နေဟန်ရှိ၏။ ငေးမောတွေတောခြင်းတို့သည် သူ့အပေါ်မှ လွင့်စဉ်ကုန်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်သည် သွက်လက်နေ၏။ သူ့အသံမှာ ဝမ်းသာလှိုင်းတို့ဖြင့် တုန်ခါ ရှိုက်ဖိုနေသည်။ ကစားစရာရသော ကလေးနှယ် မြူးကြွနေလေသည်။

မြို့ဝန်မင်းမှာမူ မောင်ဖေငယ်ကိုကြည့်၍ ဝမ်းမသာနိုင်ပေ။ "အဖြစ်မှန်ကို မသိရှာပြီကော…"သည်သို့ ရင်တွင်းမှ မြည်တမ်းမိ၏။ မိမိဏှာခြေ ပျက်ပါက အဖြစ်မှန်တွေ ပေါ်ကုန်မည်ကို စိုးရိမ်လာသည်။ စိုးရိမ်စိတ်ကြောင့် မောင်ဖေငယ် အနားမှာ အမြန်ခွာလို၏၊ သို့သော်…

မပြောမဖြစ်သည့် ကိစ္စတစ်ရပ်ကျန်နေပါသေးသည်။ သည်ကိစ္စကို ပြောပြရန် ဝန်မင်းမှာ များစွာပင်ပန်းနေသည်။ ပြောရမည့်စကားများ သူ့နှုတ်မှ မထွက်ရက်။ မောင်ဖေငယ်၏ ကြည်နူးဝမ်းသာဟန်ကို မဖျက်ဆီးလို။ သို့သော် ဆန္ဒသည် ဆန္ဒသာလျှင်ဖြစ်သည်။

မိုးကောင်းဝန်မင်းသည် မောင်ဖေငယ်၏ မျက်နှာကို အကဲခတ်ရင်း အရေးမကြီးဟန်ဖြင့် စကားစလာသည်။

"ဒါထက် ပြောရဦးမယ် အစ်ကိုကြီးရေ၊ စောစောက ဆိုက်ရောက်လာတဲ့ လှေကြီးမှာ နေပြည်တော်က မောင်ဘိုးလုံးနဲ့ ဗန်းမော်က မင်းမှုထမ်းများ ပါလာကြတယ်။ အကြောင်းကတော့ နေပြည်တော် အမိန့်အရ နက်ဖြန်ကာ အစ်ကို့ကို ဗန်းမော်ထောင်ပြောင်းပေးဖို့ ကိစ္စပါပဲ"

သူသည် ပြောရင်း မောင်ဖေငယ်၏ မျက်နှာကို စူးစမ်းကြည့်လိုက်သည်။ ပြီးမှ စကားဆက်ပြန်သည်။

"အစ်ကို့ ကျေးဇူးတွေ တစ်ခုကြီး မဆပ်ရသေးတဲ့အတွက်တော့ဖြင့် ညီမောင် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဗန်းမော်ထောင်က နေပြည်တော်နဲ့လည်း ပိုနီးတယ်။ ကြေးနန်းလည်း ဆက်သွယ်လို့ရနေပြီဆိုတော့ အစ်ကို့အတွက်တော့ အစ်ကို အားမငယ်ပါနဲ့၊ ညီမောင်လည်း အစ်ကိုနဲ့အတူ ဗန်းမော်ကို လိုက်ခဲ့ပါ့မယ်…"

"စိတ်မကောင်း ဖြစ်မနေပါနဲ့ ညီမောင်ရာ…၊ အစ်ကို့ကျေးဇူးကို ပြန်ဆပ်ရကောင်းစေရယ်လို့ တစ်ခါမှ မတွေးမိပါဘူး။ ညီမောင်ရဲ့ စေတနာကို အကြွင်းမဲ့ ယုံကြည်ပြီးသားပဲ။ ဘယ်မှာ နေရ နေရ၊ အစ်ကို့အတွက်ဖြင့် ပိုကောင်းမှာပါ။ ဗန်းမော်ပြောင်းရတဲ့အတွက် မထူးလှပါဘူး။ နိုမင်ယံ ခင်ခင်ကြီး ကောင်းစားနေပြီဆိုတာ ကြားရတာကိုပဲ ကျေနပ်ပါပြီ"

တောင်သမန်လယ်စား မောင်ဖေငယ်သည် တကယ်ပင် ဝမ်းသာကျေနပ်နေလေတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၂၂။ ကြင်နမ်းပျော် အို ရွှလှည့်လေး

မြစ်ရော၏ နှစ်ဖက်သော ကမ်းတစ်လျှောက်သည် သာယာလှပါဘိသည်။ ကမ်းခြေတွင် သာယာစိမ်းစိုသော သဘာဝသစ်ပင်ပျိုများရှိ၏။ လျှိုမြောင်ခင်တန်းလည်းရှိ၏။ ပန်းမျိုးစုံ လွှမ်းနေသော မြေပြန့်တွေလည်း ရှိ၏။ သဲသောင်ပြင် ဖြူလွလွနှင့် လှပသော ရှုမျှော်ခင်းများလည်း ရှိတတ်၏။

မြစ်ရောသည် သံလွင်ကဲ့သို့မဟုတ်။ ရေစီးညင်သာ၏။ ထို့ကြောင့် ဥတုမရွေး၊ ရာသီမရွေး၊ ရေစုန်ရေဆန် ခရီးသွားနိုင်သည်။

မောင်ဖေငယ်ကို သယ်ဆောင်လာသော လှေကြီးမှာ ရေစီးတွင် မျှောလာခဲ့သဖြင့် ခရီးတွင်လှသည်။ မိုးကောင်းမှ ဇန်မော်သို့ စုန်ဆင်းလာသော ခရီးတစ်လျှောက် မောင်ဖေငယ်၏ စိတ်သည် ပေါ့ပါးနေသည်။ နှမငယ် ကောင်းစားနေပြီဟူသော သတင်းသည် သူ့စိတ်ကို ကြည်လင်ချမ်းမြေ့စေဟန် တူသည်။ သူ့ကိုကြည့်ရသည်မှာ အပျော်ခရီးထွက်လာသူနှယ် ကျေနပ်နှစ်သက်ဟန်ကိုသာ မြင်နေရသည်။

မိုးကောင်းမြို့ဝန်ကိုယ်တိုင် လိုက်ပါပို့ဆောင်သော လှေကြီးသည် ဇန်းမော်မြို့သို့ ဆိုက်ရောက်သောအခါ ဇန်းမော်ဝန်ထောက်မင်းသည် လှေဆိပ်သို့ ဆင်းလာ၍ ဆီးကြို၏။ မိုးကောင်းမြို့ဝန်ကို နှုတ်ဆက်စကားဆိုပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



သူ ချုပ်ချယ်သော နယ်ပယ်ဒေသအကြောင်းကိုလည်း ပြောပြနေသည်။

"ဗန်းမော်မှာ တောတောင်စိမ့်စမ်းတွေများလို့ ရာသီဥတုကတော့ လွန်ကဲအောင် အေးတာယ်ဗျ။ ဒါကြောင့်လည်း ဒီကလူတွေမှာ ဖွမ်းထည်၊ ချည်ထည် ထူထူထဲထဲနဲ့ အမြဲထွေးနေရတယ်။ လူမျိုးတွေအနေနဲ့က မြန်မာ၊ မိုင်းသား၊ လီရှော၊ ရှမ်း၊ တရုတ် စုံလို့ပါပဲ။ နယ်ခြားဒေသနဲ့ နီးစပ်တော့ ကူးသန်းသွားလာရောင်းဝယ်ဖောက်ကားပြီး အသက်မွေးဝမ်းကျောင်းတဲ့ လူတွေက များပါတယ်။ နေထွက်ကနေဝင် သွားလာလှုပ်ရှားနေတဲ့ ဝန်တင်လားတွေရဲ့ ချူသံခလောက်သံတွေဟာ ဒီမြို့ရဲ့ သင်္ကေတပါပဲခင်ဗျ..."

မိုးကောင်းမြို့ဝန်သည် မောင်ဖေငယ်ကိစ္စကို ခရီးရောက်မဆိုက် မဆို လှာသေး။ ဤသို့လျှင် အာလာပသလ္လာပ စကားဆိုပြီး ဗန်းမော်ခံတပ်ကြီးမှာ နေပြည်တော်နှင့်လည်း ကြေးနန်းများ ဆက်သွယ်ထားသဖြင့် နေ့ချင်းပင် အရေးကြီးသော သတင်းများကို ရရှိပေးပို့နိုင်ခဲ့ကြောင်း၊ ယခု မောင်ဖေငယ်ကို အခေါ်လွှတ်ရခြင်းမှာလည်း၊ ဗန်းမော်စစ်တပ်တွင် ကွပ်မျက်သုတ်သင်ရန် အမိန့်တော်ရောက်လာ၍ ဖြစ်ကြောင်းကို သိစေသည်။

သေမိန့်ကို ကြားရစေကာမူ မောင်ဖေငယ်သည် မတုန်လှုပ်တော့ပေ။ သူ့အဖို့ ဆောင်ရွက်ဖွယ်ကိစ္စမှန်သမျှ ပြီးပြည့်စုံခဲ့ပေပြီ။ သည်အခြေတွင် အသက်ရှင်နေ၍လည်း သူ့အဖို့ အကြောင်းထူးတော့မည် မဟုတ်ပေ။

မိုးကောင်းမြို့ဝန်သည် မောင်ဖေငယ်အား နှစ်သိမ့်စကားများ ပြောကြား လို၏။ သို့သော် ထိုစကားများသည် နှုတ်မှ ထွက်မလာ။ နှုတ်ခမ်းသားတို့ သည်သာ တလှုပ်လှုပ်တရွရွဖြစ်နေ၏။ မောင်ဖေငယ်သည် မိုးကောင်းမြို့ဝန် ၏ လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။ ဤသည်ပင် မြို့ဝန်မင်း၏ နှလုံး သား၌ ခံစားနေရသော ဝေဒနာကို သူနားလည်သည်ဖြစ်ကြောင်း သိစေ လိုက်ခြင်းပင်တည်း။

မောင်ဖေငယ်သည် ဗန်းမော်ဝန်ထောက်မင်းထံမှမူ အခွင့်အရေးတစ် ရပ်ကို တောင်းဆိုခဲ့၏။

"ပုရပိုက်တစ်လွှာနှင့် ကဲ့ကူဆံတစ်ချောင်း လောလောဆယ် ရှာပေးပါ" နှင့် သူ သေခါနီးတွင် မိုးကောင်းမြို့ဝန်ကို သူ့အပါးမှာ ရှိစေချင်ကြောင်း"

ဗန်းမော်ဝန်ထောက်မင်းလည်း ရာဇဝတ်အကျဉ်းသားအား နောက်ဆုံး အခွင့်အရေးအနေဖြင့် တောင်းဆိုချက်များကို ပေးလိုက်လေသည်။

မောင်ဖေငယ်သည် အခန်းကျဉ်းကလေးထဲတွင် လဲလျောင်းရင်း သူ၏

www.burmeseclassic.com

www.burmeseclassic.com



နေဝင်ချိန်ကို စောင့်စားနေသည်။ သူသည် ပက်လက်အနေအထားဖြင့် နေ့ပေါ်တွင် လက်တင်ကာ အမိုးဆီသို့ အစွေးကွန်ရက်ကို ဖြန့်ကြက်နေမိသည်။

သေရမှာ ဝန်မလေးဟု မည်မျှပင် ဆိုခဲ့စေကာမူ သူ့နားထဲတွင် ဒိုညည်းသံကို ကြားယောင်နေမိသည်။ သည်အသံမှာ သူ့နှလုံးသား၏ အနက်ရှိုင်းဆုံးသော နေရာမှ ပဲ့တင်ရိုက်၍ ထွက်ပေါ်လာ၏။ ပထမ သဲ့သဲ့ကလေး ထွက်ပေါ်လာသည်။ နောက် တဖြည်းဖြည်း ကျယ်လောင်လာပြီး နှလုံးသားမှာလည်း တုန်ခါချက်ဖြင့် စစ်စစ်မြည်အောင် နာကျင်လာရသည်။

တစ်လုံးတစ်စည်းတည်း ရှိခဲ့သော သူ့ဘဝ၊ သူ့အိမ်၊ သူ့ပတ်ဝန်းကျင်၊ သူ့ကို သားရင်းတမျှ ချစ်ခဲ့ကြသော ဒိုင်းဝန်လင်မယား၊ သူ့နှမငယ် ခင်ခင်ကြီး...အားလုံးတို့သည် သူ၏အာရုံထဲ၌ အစိတ်စိတ်အမြွာမြွာ ဖြစ်သွားကြသည်။ ယခုအခါတွင် သည်အရာအားလုံး တစ်ခုနှင့်တစ်ခု ဘယ်လိုမှ ဆက်စပ်ပေါင်းစည်း၍ မရတော့ပါလား။ လွန်လေပြီးသောအခါက ကြုံတွေ့ခဲ့ဖူးသော စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်တို့သည် ယခု ခံစားနေရသော ဖြစ်ရပ်နှင့်စာလျှင် အသေးအဖွဲလေးများသာလျှင် ဖြစ်တော့သည်။

သူသည် သက်ပြင်းကိုချ၍ လှဲနေမှ ထ,ထိုင်လိုက်သည်။ ပုရပိုက်ပေါ်တွင် တစ်စုံတစ်ခုကိုရေးရန် ကံ့ကူဆံကိုကိုင်ပြီး ခဏတွေးနေ၏။ ပြီး တစ်ကြောင်းနှစ်ကြောင်းရေးလိုက်၏။ မျက်မှောင်ကိုကုတ်၍ ခေတ္တရပ်နေပြီးနောက် ဆက်သက် ရေးသားနေတော့သည်။

နေရွယ်ကျိုးခဲ့ပြီဖြစ်၏။ အနောက်ဘက်မှ ရောင်ပြန်ဟပ်နေသော နေခြည်တန်းသည် ကုန်းမြင့်ပေါ်ရှိ ဇန်းမော်ခံတပ်ကြီးကို မီးမောင်းထိုးပြထားဘိသို့ ရှိသည်။ ခံတပ်ကြီး၏ ပတ်လည်တွင် လက်နက်တိုက်များ၊ စစ်မှုထမ်းတို့၏ အိမ်များ သူ့အကွက်နှင့်သူ တည်ရှိနေကြသည်။

ယင်း ခံတပ်ကြီး၏ မြောက်ဘက် ခင်တန်းအဆွယ်လေးပေါ်တွင် ဘား ရာဇဝတ်သားများကို ကွပ်မျက်သုတ်သင်ရန် နေရာရှိ၏။ ယနေ့ နေဝင်မီ ကွပ်မျက်ခံရမည့် ရာဇဝတ်အကျဉ်းသားမှာ ဘုရင့်စာဆိုတော် တောင်သမန်လယ်စား မောင်ဖေငယ်ပင် ဖြစ်သည်။

ထောင်မှူးနှင့် လက်မရွံ့အာဏာသားတို့သည် မောင်ဖေငယ်ကို ဆွဲခေါ်လာကြ၏။ မောင်ဖေငယ်၏ ပြင်ပသွင်ပြင်တွင် ထူးထူးခြားခြား စိတ်သုပ်ရှားဟန် မတွေ့ရပေ။ ပကတိတည်ငြိမ်သော အသွင်ဖြင့် မိုးကောင်းမြို့နန်းမင်းကိုကြည့်လိုက်သည်။ ထို့နောက် စောစောက ရေးသားသော ပုရပိုက်လွှာ

www.burmeseclassic.com

www.burmeseclassic.com



ကို ကမ်းပေး၏။ နေပြည်တော်ရှိ ခင်ခင်ကြီးလက်သို့ အရောက်ပို့ပေးရန် အထပ်ထပ်မှာကြားရှာသည်။

သေရည်နံ့ထောင်းထောင်းထနေသော အာဏာသားတို့သည် လက်တွင်းမှ ဓားကိုဆကာ ဆကာဖြင့် စောင့်နေကြသည်။ သူသတ်ကုန်းဝန်းကျင် တစ်ပိုက် အလင်းရောင်မှာလည်း မှိန်လာသည်။

အာဏာသားတစ်ဦးသည် ကွမ်းတံတွေးကို ပျစ်ခနဲထွေးလိုက်ပြီးနောက် သူ့လူများကို ကြည့်လိုက်၏။

အချိန်ကျပေပြီ။

အာဏာသားတို့သည် မောင်ဖေငယ်အား ခပ်ကြမ်းကြမ်းဆွဲလျက် သူသတ်စင်ပေါ် တင်ထားလိုက်ကြသည်။ မောင်ဖေငယ် မျက်လုံးအစုံကို မှိတ်လိုက်သည့် အချိန်တွင် တောင်စွယ်၌နေသည် လုံးလုံးကွယ်ခဲ့လေပြီ။

မိုးကောင်းဝန်မင်းသည် မကြည့်ရက်နိုင်ပေ။ ထို့ကြောင့် မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်၏။ မျက်လုံးအစုံဖြင့် မမြင်ရစေကာမူ စိတ်အာရုံထဲ၌ကား သည်မြင်ကွင်းသည် တစ်ရစ်ဝဲဝဲ ရှိနေပြန်သည်။ သူသည် လေးလံလှသော ခြေလှမ်းများဖြင့် ခံတပ်ကြီးဆီသို့ ပြန်လာသည်။

စစ်မှုထမ်းများ၏ တန်းလျားဘက်ဆီမှ မည်သူကဆိုသည် မသိ၊ တောင်သမန်လှိုင်းကြက်ခွပ်သံ ကြိုးတေးသံသည် ဆွဲဆွဲငင်ငင်ပေါ်လာသည်။

“မင်းလွင် မင်းလွင်မှိုင်းအုံ၊ လေပြေလေညှင်းလှုံ့ပါလို့လေး။ ကဆုန်နယုန်ချိန်ခါ၊ ပြည်ကြီးတောင်လက်ယာ၊ သောင်းယူဇနာ ကျယ်ဝန်း၊ တောင်လက်ယာ၊ သောင်းယူဇာကျယ်ဝန်း၊ တောင်သမန်တည့်အင်း...”

မရှိတော့ပြီ...၊ တောင်သမန်အင်းကြီးနှင့် လယ်တွေကို အပိုင်စားရသော တောင်သမန်လယ်စားမောင်ဖေငယ်ကား လောကတွင် မရှိတော့ပြီ။

မိုးကောင်းမြို့ဝန်၏ မျက်လုံးများသည် လက်ထဲတွင် ကိုင်ထားသော ပုရပိုက်လွှာဆီသို့ ရောက်လာသည်။ ပြီး... ကညင်ဆီမီးတိုင်၏ အလင်းရောင်ဖြင့် ပုရပိုက်လွှာကို ဖတ်ကြည့်လိုက်သည်။

“ချစ်ရသူ ခင်ခင်ငဲ့၊ ဘဝင်မြင့်သက်ညှာ၊

ဆင်မသင့် ခက်ပါပြီ၊ သက်သာရာ မရ။

သည်ကိုယ်ဖြင့် တိမ်းခဲ့ချော်ပြီ၊ စိမ်းနဲ့မော် ဘုန်းခင်လှသ၊

ကလာပ်စု ရုပ်ကြွင်းကိုယ်၊ ပြုတ်ယွင်းယို ကာယ၊

ဖုတ်သင်္ဂြိုဟ် ချာပန၊ ပြာကျမှ ပြန်ပါ။ ။

www.burmeseclassic.com

www.burmeseclassic.com

ဝဇီရာ စိန်သံလျင်းငယ်နှင့်၊ တံရိုန်ချင်း လှမ်းချင့်လို့မှာ၊
ဝတီဆင်းနန်းကိန္နရာလို၊ လျှမ်းထိန်ဝါဝေဝင်းနှင့်၊
ရွှေပယင်း ငွေလက်တော်၊ ဘုန်းကိုင်ခဲ့နော်၊
အသုဘာ ကမ္ဘာ့ဌာန်းတော်ကို ကြွင့်နန်းပျော် အို--
ရှုလှည့်လေး--"

မိုးကောင်းမြို့ဝန်၏ ရင်မှာဆို့သွားသည်။ တင်းဆည်ထားလျက်မှ မျက်ရည်များ ဝဲလာ၏။

မောင်ဖေငယ်သည် သူ ချစ်သော နှမငယ် ခင်ခင်ကြီးမှာ မိဖုရား အဖြစ် ရွှေနန်းတော်တွင် ပျော်နေလေပြီဟု ယုံကြည်သွားပေပြီ။ ထို့ကြောင့်ပင် သူ့ ရုပ်အလောင်းကို ခင်ခင်ကြီး ကိုယ်တိုင် လာရောက် သဂြိုဟ်ရန် စာဖြင့် မှာကြားခဲ့ရှာသည်။ သူ့ဆန္ဒအတိုင်း သည်မှာတမ်းကို ဆောင်ယူပို့ ပေးရန်မှာလည်း ခင်ခင်ကြီး၏ သတင်းသည်ပင် စုံးစုံးမြုပ်နေပြန်သည်။

မည်သို့ ဆိုစေ၊ သည်စာလွှာကို ဓာတ်လှေစီးမောင်ဘိုးလုံးလက်မှာ အပ်လိုက်မည်။ ခင်ခင်ကြီး မရှိတော့ပါက သည်စာကို အဝေးရောက်မင်း၏ လက်မှာ အပ်စေမည်။

မြို့ဝန်မင်း သည်ဆုံးဖြတ်ချက်ကို ချလိုက်သည့် အချိန်ကား သက်ကြီးခေါင်းချ ကြက်တွန်ချိန်ပင် တိုင်နေပြီတည်း။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## ၂၃။ မြင်းဇောင်းတွင်းမှ မိဖုရားလောင်း

ရွှေနန်းတော် လောကမှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသော မိဖုရားလောင်းကလေး ခင်ခင်ကြီးသည် အိမ်ကြီးတစ်အိမ်၏ မြင်းဇောင်းတစ်ဘက်ရှိ အခန်းကျဉ်းကလေးထဲတွင် ဆင်းရဲငြိုငြင်စွာ နေခဲ့ရရှာသည်။

အားအင်ကုန်ခန်း၍ နွမ်းနယ်ပျော့ခွေနေပြီဖြစ်သော်လည်း ကျွဲနွား ပမာ လက်ပြန်ကြိုးတုတ်ထားဆဲ ဖြစ်၏။ ကြိုးတစ်စကိုပင် နံရံ၌ ချည်နှောင်ထားလိုက်သေးသည်။ တံခါးကိုလည်း အပြင်မှ နိုင်နိုင်ပိတ်ထားသည်။ အစားအစာမှာလည်း အင်တုံပုံနှင့် ထည့်လာသည့် ဆန်ပြုတ်ရည်ကျဲကျဲ။

ယနေ့အထိပင် မည်သူ့အိမ်ဝိုင်းထဲတွင် ရောက်နေသည်၊ အဘယ်အတွက်ခုလို လာထားသည်ကို မသိရသေးပေ။ အကျဉ်းထောင်ကြီးမှ ထုတ်ယူလာစဉ်ကမူ အသက်ချမ်းသာပေးရန် ဖြစ်လိမ့်မည်ဟု အထင်ရောက်ခဲ့သည်။ သို့ စဉ်းစားမိသည့်အခါ ဦးစွာ သီပေါမင်းတရားကို သွားသတိရသည်။

သို့ရာတွင် ဤမျှ ကျဉ်းမြောင်းကျပ်တည်း၍ နံစော်နေသော အခန်းကျဉ်းထဲတွင် မသေရုံတမယ် ဆန်ပြုတ်ရည်ကျဲကျဲကို ကျွေးကာ ရက်ပေါင်းများစွာ ပိတ်လှောင်ထားသဖြင့် ရွှေနန်းရှင်သီပေါမင်း၏ အစီအစဉ် မဖြစ်

www.burmeseclassic.com



နိုင်ကြောင်း နားလည်လာသည်။ နားလည်မိသည့်ခဏ၌ သူသည် မျှော်လင့်ချက်တို့ကို စွန့်လွှတ်လိုက်ပြန်သည်။

နံရံကိုမှီကာ မျက်လုံးများ မှေးမှိတ်၍ အတွေးသံသရာဝယ် လွင့်မျောနေသော ခင်ခင်ကြီးသည် အပြင်ဘက်မှအသံကြောင့် ဆတ်ခနဲ ခေါင်းထောင်လိုက်မိသည်။ အသံသည် တိတ်မသွား၊ နောက်တစ်ကြိမ် ထပ်မံကြားရပြန်သည်။ သည်တစ်ခါ ကြားလိုက်ရသည်က ပီပြင်သည်။ အသံမှာ အောင်မြင်ပြတ်သားသည်။ တစ်ဖက်သား ကြားရသူကို ကြောက်အားဝင်စေသည်။ သည်သင်္ကေတများသည် တိုင်တားမင်းကြီး၏ အသံဖြစ်ကြောင်း ခင်ခင်ကြီး သိလိုက်၏။

တိုင်တားမင်းကြီးသည် ထမင်းပို့ မိန်းမကြမ်းကြီးကို မိမိအကြောင်း မေးမြန်းနေခြင်းပင်ဖြစ်သည်။ တိုင်တားဘိုးဘိုးသည် ဘာကြောင့် သည်နေရာကို လိုက်လာရသလဲ။ သည်အိမ်ပိုင်းမှာ တိုင်တားဘိုးဘိုး၏ အိမ်ပိုင်းလား။ ခင်ခင်ကြီး၏ရင်မှ သည်မေးခွန်းများကို မေးမိသည်။ သည်ပုစ္ဆာများကို ထုတ်မိသည်။

သည်စဉ်ခိုက်ဝယ် အခန်းကျဉ်းငယ်၏ တံခါးဝတွင် တိုင်တားမင်းကြီး၏ ရုပ်သွင်သည် ပေါ်လာ၏။ ခင်မင်၍ ကြောက်ရွံ့ရိုသေခဲ့ရသော ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရသောအခါ ခင်ခင်ကြီးသည် ဝမ်းနည်းဝမ်းသာ ဖြစ်သွားသည်။ ခုတစ်လော ရွှေနန်းတော်အတွင်း တန်ခိုးအရှိန်အဝါတက်နေသော ပုဂ္ဂိုလ်ဖြစ်သောကြောင့်လည်း အားကိုးစိတ်များပေါ်လာမိသည်။ ခင်ခင်ကြီးသည် တိုင်တားမင်းကြီး၏ ခြေအစုံကို ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။ နှုတ်ကမူ တစ်စုံတစ်ရာ မပြောနိုင်ချေ။

တိုင်တားမင်းကြီးသည်ပင် အတန်ငယ်ကြာအောင် တစ်ခွန်း တစ်ပါဒမျှ မပြောနိုင်ရှိ၏။ ထို့နောက်မှ ခင်ခင်ကြီး၏ ခေါင်းကို လက်ဖြင့်ကိုင်ကာ ညင်ညင်သာသာ ခေါ်လိုက်၏။

"ခင်ကြီး..."

ခင်ခင်ကြီးသည် တိုင်တားမင်းကြီး၏ အသံကိုကြားလိုက်ရ၏။ သို့တိုင်အောင် မင်းကြီးသို့ကား သူသည် စကားမပြန်နိုင်သေး။ မင်းကြီး၏ မျက်နှာကို ငေးစိုက်ကာ ငေးလာနေမိ၏။ သူ့အတွက် မျှော်လင့်ချက် တစ်စုံတစ်ရာ ရှိသေးရဲ့လား ရှာဖွေနေမိသည်။

တိုင်တားမင်းကြီး၏ မျက်နှာထားမှာ အုံ့မှိုင်းနေ၏။ ရုးရှုပြောင်လက်

www.burmeseclassic.com



သော မျက်လုံးအစုံတွင် စိတ်၏ ပြတ်သားခက်ထန်မှုရောင်ပြန်များ ဟပ်နေသည်။ မင်းကြီးထံမှ ထပ်ဆင့်ခေါ်သံနှင့်အတူ မေးခွန်းတစ်ရပ် မေးလာသည်။

"ခင်ကြီး ဘိုးဘိုးမေးတာကို မကွယ်မထောက် ဖြေနိုင်မလား..."

ခင်ခင်ကြီးသည် မျက်လုံးအိမ်မှ မျက်ရည်များကို လက်ဖမိုးနှင့် ပွတ်၍ သုတ်ပြီးနောက် ခေါင်းကို အသာညိတ်ပြလိုက်သည်။

"အချုပ်ထောင် အစောင့်အရှောက်တွေရဲ့ အစီရင်ခံချက်အရ ခင်ကြီးမှာ မပေါ့မပါးဖြစ်နေဟန် လက္ခဏာရှိတယ်လို့ သိရတယ်။ ဒါ အမှန်ပဲလား"

ခင်ခင်ကြီးသည် တိုင်တားမင်းကြီး၏ အမေးကို ကြားလိုက်ရသောအခါ ဦးခေါင်းရှစ်စိတ်ကွဲဘိသို့ ရှိတော့သည်။ သူကိုယ်တိုင်ပင် မကြာမတင်ကမှ သိရသော ကိစ္စ၊ ရွှေနန်းရှင်ကိုပင် ပြောရန် အချိန်မရလိုက်သော ကိစ္စ၊ သည်ကိစ္စကို ထောင်အမှုထမ်းများ သိရှိသွားကြပေပြီ။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရွှေနန်းတော်ကြီး တစ်ခုလုံး သိသွားပေတော့မည်။ သည်အခါ သူ့ကို ကဲ့ရဲ့ပြစ်တင်ကြပေရှာမည်။ လက်ငင်းခံစားနေရသော အခြေအနေက လွှမ်းမိုးနေသဖြင့် အတွေးအာရုံထဲမှ ပျောက်ကွယ်နေခဲ့သော သည်ကိစ္စသည် ယခုမှ ဘွားခနဲပေါ်လာ၏။

သူ၏ ရင်ဝယ် ရွှေနန်းရှင် သီပေါ၏ ရင်သွေးတော်လေးအတွက် သောကတို့သည် လှိုင်းများပမာ လိပ်၍လိပ်၍ တက်လာသည်။ အလွန်အမင်းလည်း ရှက်လှ၏။ ခေါင်းပင်မဖော်ဝံ့ရှာပေ။ ထို့ကြောင့် သူသည် တိုင်တားမင်းကြီး၏ အမေးကို ခေါင်းညိတ်ခြင်းဖြင့်သာ အဖြေပေးလိုက်နိုင်သည်။

တိုင်တားမင်းကြီးသည် သက်ပြင်းတစ်ချက်ကို လေးကန်စွာ ချပြီးနောက် ကရုဏာစကားကို ဆိုလာသည်။

"ခင်ကြီး...ခင်ကြီး အမိုက်မလေး ကိုယ့်ဒုက္ခကိုယ်ရှာဆိုသလို ဖြစ်နေပြီကွယ်။ ဒီအတွက်ပဲ ခင်ကြီးကို ဘိုးဘိုး ခေါ်ထားခဲ့ရတယ်..."

ခင်ခင်ကြီးသည် မျှော်လင့်ခြင်းကြီးစွာဖြင့် မင်းကြီးကို မော့ကြည့်၍ ပြီး သိလိုရင်းကိုသာ အမောတကော မေးမိသည်။

"ဘိုးဘိုး ဘုရား၊ ရွှေနန်းရှင်ရဲ့ ရင်သွေးတော်လေးကို ဖွားမြင်ရမှာမို့ ခင်ကြီးကို သေဒဏ်က လွတ်ငြိမ်းခွင့် ပေးတော့မယ်လား ဘုရား..."

ခက်ထန်ပြတ်သားသူ ဖြစ်လင့်ကစား ဝန်အိုကြီးသည် ခင်ခင်ကြီး၏ အဖြစ်ကိုကြည့်ကာ အမှန်ကို မပြောရက်နိုင်အောင် ဖြစ်ရသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ပြီ။ မင်းကြီးသည် ချောင်းတစ်ချက် ဟန့်ပြီး ဖြည်းဖြည်းချင်း ပြောပြလိုက်သည်။

"ဒီလိုရှိတယ် ခင်ကြီးရဲ့။ ရွှေနန်းအစဉ်အဆက် ထုံးတမ်းစဉ်လာအရ ဘုရင်မင်းမြတ်တို့ရဲ့ သွေးဖြစ်တဲ့ သန္ဓေသားကို စီရင်သတ်ဖြတ်မိရင် ဒီဘုရင်ရဲ့ မင်းဆက်ဟာ ပြတ်သွားတယ်။ မသတ်ကောင်းဘူးလို့ အဆိုရှိတယ်။ ဒါကြောင့်ပဲ ခင်ကြီးကို သတ်မယ့်ဆဲဆံမှာ ဘိုးဘိုးက ခဏဝှက်ထားတာ၊ စီရင်ကွပ်မျက်ဖို့ အမိန့်တော်ချထားပြီးဖြစ်တဲ့အတွက် အသက်ချမ်းသာပေးဖို့ဆိုတာ ဘိုးဘိုးအနေနဲ့ ဘာမှ မတတ်နိုင်တော့ပါ သမီးရယ်...."

ခင်ခင်ကြီးသည် တိုင်တားဘိုးဘိုး၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ ထိုအခါ ညှိုးနွမ်းပြီး စိတ်မကောင်းဟန် လက္ခဏာများသည် ဘိုးဘိုး၏မျက်နှာပေါ်၌ ဝိုးတဝါး မြင်သာနေသည်။

"ဩော် ရွှေနန်းရှင်ဘုရား... ရွှေနန်းရှင်ဘုရား ခင်ကြီးကို မြတ်နိုးလွန်းလို့ ပိုင်တော်မူချင်လှပါပြီ။ ငြင်းလို့ဖြင့်မနေပါနဲ့။ ခင်ကြီးကို အဆောင်ရမိဖုရားတစ်ပါးဖြစ်ရပါစေမယ်...ဆိုတုန်းက ခင်ကြီး အတန်တန်တောင်းပန်ခဲ့ပါတယ်။ မတန်မရာ နေနွယ်ညွန့်ကို မချစ်ဝံ့ပါ။ နန်းမတော်ဖုရား ရွှေနားတော်ကြားမှုဖြင့် ဓားနဲ့သတ်နေပါ့မယ်၊ ခင်ကြီး မသေပါရစေနဲ့၊ ခြေတော်ကို ဦးခိုက်ပါတယ်။ အမိုက်မကို ချမ်းသာပေးပါ...ဆိုတုန်းကတော့ ရွှေနန်းရှင်ဘုရားက ဆိုလေတယ်။ သည်အရေးတွေးလို့ဖြင့် မပူပါနဲ့ ခင်ကြီးရယ်၊ စုစုထ ကိုယ်တော်ကို အလိုလိုက်ခဲ့တာမို့ ဒီလိုကြုံရခြင်းပါ။ အို...ကုန်ကုန်ပြောမယ်၊ ဖုရားက ခင့်အပေါ်မှာ အမျက်တော်ပွားရင်တောင် ကိုယ်တော်အသက်နဲ့လဲပြီး ကာကွယ်ပေးမယ်လို့ ပြောခဲ့ပါသေးတယ်။ တကယ်လို့များ ကာကွယ်ပေးခဲ့ဘူးဆိုရင် ထီးနန်းဆုံးပါရစေ၊ အသက်ငယ်ငယ်နဲ့ သေဆုံးရပါစေလို့ သစ္စာပြုခဲ့သေးတယ်။ ဒီစကားကို ဆိုတုန်းက ရနောင်ကိုကိုကြီးနဲ့ အစ်ကိုကြီး ကိုအေးငယ်တို့တောင်အနားမှာ ရှိပါသေးတယ် ဘိုးဘိုးရယ်..."

သည်စကားများသည် ခင်ခင်ကြီး၏ နှုတ်ဖျားမှထွက်လာခြင်းမဟုတ်။ သူမ၏ ရင်တွင်းမှ တုန်လှိုက်စွာ ပြောနေသောအသည်းစကားများပင် ဖြစ်၏။ သူမသည် စကား ပြောရန်ပင်ခွန်အားမရှိတော့။ မျှော်လင့်ချက်များသည် အပြီးအပိုင် ကုန်ဆုံးနေချေပြီ။ သူသည် လွန်ခဲ့သော ရက်များက ဖြစ်အပျက်အားလုံးကို အိပ်မက်တစ်ခုအဖြစ် မှတ်ယူ၍ရက မှတ်ယူလိုက်ချင်သည်။ သူမ ဘဝခရီးမှာ တကယ်ပင် အိပ်မက်နှယ် ဆန်းကြယ်သည်ဟု သူ ယူဆခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပါသော်လည်း ထိုဖြစ်ရပ်များသည် အိပ်မက်များကားမဟုတ်။ သူသည် ဆိုးဝါးသော အနံ့အသက်များ လှိုင်နေသည့် အခန်းကျဉ်းကလေးထဲတွင် ရောက်နေရသည်မှာ မျက်ဝါးထင်ထင် မဟုတ်ပါလား။

ခင်ခင်ကြီးသည် အဝေးသို့ ပို့လွှတ်ထားသော အာရုံကို ပြန်လည်သိမ်းဆည်းပြီး တိုင်တားမင်းကြီးရှိရာသို့ အာရုံကို မူလိုက်သည်။ ထို့နောက် အံကို တင်းတင်းကြိတ်လျက် မချိတင်ကဲ ဆိုလေသည်။

"ခင်ကြီးအတွက်တော့ဖြင့် ရှိပါစေတော့ ဘိုးဘိုးဘုရား....၊ ခင်ကြီးရဲ့ ကျေးဇူးရှင် မိဘများဖြစ်တဲ့ ဘဘဘုရားနဲ့ မေမေဘုရားတို့အတွက် ခင်ကြီးပူလှတယ်။ ဒီနေ့အထိ ဘယ်အခြေအနေ ရောက်တယ်ဆိုတာ မသိရပါဘူး။ မိဘများနဲ့ အစ်ကိုကြီး ကိုဖေငယ်တို့ လူ့လောကမှာ ရှိမှ ရှိကြသေးရဲ့လား ဘိုးဘိုးရယ်...."

တိုင်တားမင်းကြီးသည် အတန်ငယ်ကြာအောင် စဉ်းစားတွေးတောနေပြီးမှ တည်တည်ငြိမ်ငြိမ်ပင် ဆုံးမဩဝါဒစကားကို ဆိုသည်။

"ခင်ကြီး....ချစ်ခင်စွဲလမ်းခြင်းမှ စိတ်ကို တားမြစ်စောင့်ရှောက်ခြင်းဟာ အလွန်ပဲ ကောင်းမြတ်တယ်။ ညှိုးဆဲလေသောစိတ် မဖြစ်အောင် တားမြစ်စောင့်ရှောက်လေလေ၊ ဆင်းရဲကင်းငြိမ်းလေလေပေါ့။ ဘယ်သူမဆို တစ်နေ့ကျရင် သေရမှာပဲ သမီး...."

တိုင်တားမင်းကြီးသည် အားယူကာ ဤသို့ခပ်တိုတိုဆုံးမပြီးနောက် ခင်ခင်ကြီးကို ကျောခိုင်းလျက် ထွက်သွားလေတော့သည်။ ခင်ကြီးသည် တိုင်တားဘိုးဘိုး တံခါးဝကိုလွန်၍ အခန်းကျဉ်းငယ်၏ တံခါးပြန်လည်ပိတ်သွားသည်အထိ ရီဝေစွာ ကြည့်နေခဲ့သည်။ မင်းကြီး၏ အဖြေကိုကြားရသောအခါ မိဘများနှင့် အစ်ကိုကြီးအတွက် သူ့ရင်မှာ သိပ္ပက်သိမ်းဆည်းခဲ့ရသော စိတ်ဝေဒနာ အလျှဉ်သည်မီးတောင်ပေါ်မှ ကျလာသောချော်ရည်အလျှဉ်ကဲ့သို့ တအိအိနှင့် ပူပြင်းလှသည်ဟု သူ့စိတ်က ထင်မှတ်ခဲ့ရသည်။

သူ့ရင်ထဲမှာ ဆို့နင့်နေ၏။ ခြောက်အိပ်မက် တစ်ခုကို မြင်မက်နေသည်ဟု ထင်မိသည်။ အကယ်စင်စစ် အိပ်ပျော်ခြင်းသို့မရောက်ရသေးသည်ကို သူသိပြီ။ မိမှပင် သူ့ရင်ဆိုင်နေရသော အဖြစ်သည် အိပ်မက်မဟုတ်ကြောင်း ခြားလည်းသဘော ပေါက်သွားသည်။ သူ့အလှည့်ကို စဉ်းစားလိုက်သောအခါ ခင်ခင်ကြီးသည် အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားပြန်သည်။

အဆင်မပြေသူ၏ ကံကြမ္မာကိုလည်း စိတ်နာသည်။ သို့သော် သူ

www.burmeseclassic.com



အလှည့်သည် လောလောဆယ်တွင် မရောက်လာနိုင်သေး။ "ရွှေနှင်းရှင်း ရင်သွေးငယ်ကို ဖွားမြင်ပြီးကာမှ"ဟု စောစောကပင် ဘိုးဘိုးပြောသွားခဲ့ပြီ။ သည်အတွက် အချိန်အတန်ကလေး လိုသေးသည်။ သည်အတွင်း အရာရာတို့သည် ပြောင်းလဲနိုင်ကြသည် မဟုတ်ပါလား။ မည်သို့ဆိုစေ ချက်ချင်း မသေနိုင်သေးဟူသော အသိကပင် လောလောဆယ်အားဖြင့် ခင်ခင်ကြီးအတွက် စိတ်သက်သာဖွယ်ဖြစ်သည်။

စိတ်သက်သာရာ ရသွားသည့်အခါ ကောက်ရိုးခြောက်များပေါ်တွင် လှဲရင်း ဘဝအစကို ပြန်လည် တွေးနေမိသည်။ သို့သော် ကြာရှည် အတွေးနယ်မချဲ့နိုင်။ မျက်လုံးများစင်းလာကာ မကြာမီ အိပ်ပျော်သွားတော့သည်။

* * * *

www.burmeseclassic.com

## ၂၄။ သေနတ်နှစ်ရာနှင့် ပတ္တမြားတွင်း

စုဖုရားလတ်သည် သီပေါဘုရင်ကို အရိပ်တကြည့်ကြည့်နှင့် ရှိ၏။

တစ်နေ့ညနေတွင်ဖြစ်သည်။ စုဖုရားလတ်သည် မှီအုံးများပေါ်တွင် တံတောင်ထောက်လျက် သူ့မောင်တော်၏ မျက်နှာတော်ကိုမော်၍ ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။ သီပေါမင်း၏ မျက်လုံးများသည် သူ့ကိုမကြည့်။ အနီးတွင် ခစားနေကြသော အပျိုတော်များရှိရာတွင် ဝဲနေသည်ကို တွေ့ရသည်။ တစ်နေရာသို့ ရောက်သောအခါ မောင်တော်၏ မျက်လုံးအစုံသည် တန့်သွား၏။ သည်နေရာကို စုဖုရားလတ်သည် စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။ တွေ့ပါပြီ။ အပျိုတော် နုနုထွတ်ထွတ်ကလေးတစ်ယောက်။ အသားကလေးမှာ ဝင်းဝါနေ၏။

စုဖုရားလတ်သည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပြုံးသည်ဆိုရုံ ပြုံးလိုက်၏။ ပြီး....မှီအုံးပေါ်တွင် ထောက်ထားသော လက်နှစ်ဖက်ကို အသာမ၍ ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။

"မောင်ဘုရား....စုစုတို့ ပုံနှားထောင်ကြရအောင်...."

တစ်ဆက်တည်းပင် မမွေးထူကို လက်ညှိုးညွှန်လျက် ခိုင်းလိုက်၏။

"မဖုံ....ပုံတစ်ပုံလောက် ပြောပြစမ်းပါဦး...."

www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်သည် ဤနည်းဖြင့် သီပေါမင်းအာရုံကို ပြောင်းပစ်နိုင်ခဲ့သည်။

မမွေးထွေးသည် နဖူးပေါ်တွင် လက်ယှက်တင်လျက် ပုံတစ်ပုံပြောပြ၏။ သူ့ပုံမှာ "ကတိပေးလွှန်သော မောင်ပန်းနှင့် ချစ်သူမိမိတ်" တို့၏ ပုံဖြစ်သည်။ ပုံပြင်ထဲတွင် ချစ်သူနှစ်ဦးစလုံး သေဆုံးသွားကြောင်း ပါဝင်သည်။ စုဖုရားလတ်မှာ သည်လိုအမင်္ဂလာပုံပြင်မျိုးကို မနှစ်မြို့က်။ မျက်နှာတော် ညှိုသွားပြီး၊ စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်သည်။

"ဒီလို လူသေတဲ့ ပုံပြင်တွေ စုဖုရားလတ် မကြိုက်ပါဘူး။ ရှင်ဘုရင်တွေ၊ မိဖုရားတွေ အောင်မြင်တော်မူတဲ့ ပုံပြင်မျိုးတွေသာ နားဆင်ချင်တာ...."

သည်တွင် စောစောက သီပေါမင်း စိုက်ကြည့်နေသော အပျိုတော် ချောချောကလေးသည် မျက်နှာရလိုရငြား ပုံတစ်ပုံ တင်လျှောက်လိုက်သည်။ သူ့ပုံပြင်ကား ဤသို့တည်း။

"တစ်ခါတုန်းက ဘုရင်မင်းမြတ်တစ်ပါး ရှိပါတယ်။ ဘုရင်ကြီး ဟာ အခါခါ ကျောယားတတ်လို့ အပျိုတော်တစ်ပါးကိုခေါ်ပြီး ကုတ်နိုင်းလေ့ရှိတယ်။ ယားတဲ့နေရာကို ဘုရင်ကြီးက ပြမပေးပေမယ့် အပျိုတော်က သိနေသတဲ့။ ဒီတော့ ဘုရင်ကြီးက သူ ပြမပေးဘဲ ဘယ်နှယ်လုပ်ပြီး သိနေသလဲလို့ မေးတယ်။ အပျိုတော်က....အရှင်ဘုရားရဲ့ အသားတော်ဟာ နူးညံ့တော်မူတဲ့အတွက် ယားတဲ့နေရာဟာ နီရောင်သန်းနေပါတယ် ဘုရား။ ဒါကြောင့် ဘုရား ကျွန်မ သိနေတာပါ....လို့ တင်လျှောက်တယ်။ ဒီတော့ ဘုရင်ကြီးက.... ဒီအပျိုတော်ဟာ ဆင်ခြင်ဉာဏ်ရှိပါပေတယ်ဆိုပြီး မိဖုရားအရာ မြှောက်လိုက်တယ်။ မိဖုရား ကြီးတော့ မဟုတ်ပါဘူး။ မိဖုရားငယ်အဖြစ် မြှောက်တာပါ။ ဒါပေမယ့် ဘုရင်ကြီး ရွှေစကြာဖြန့်တော်မူတိုင်း သူနဲ့အတူ ပါသွားလေ့ရှိပါတယ် ဘုရား...."

သည်လို တင်လျှောက်လိုက်သည်ဆိုလျှင်ပင် ပုံပြင်ကို နားထောင်နေသော စုဖုရားလတ်၏ မျက်နှာသည် ဒေါသရောင်လွှမ်းလာ၏။ မျက်လုံးများမှာလည်း မီးဝင်းဝင်းတောက်လာသည်။ ရွှေရင်တော်မှာ နိမ့်တုံမြင့်တုံနှင့် ခိုက်တဲ့သို့ ဖြစ်လာ၏။

စုဖုရားလတ်သည် သီပေါမင်း၏ လက်ကိုခပ်ကြမ်းကြမ်း ဆွဲလှုပ်ရင်း နှုတ်ခမ်းစူကာ ပြောလေသည်။

"ဒါ စုစုအကြောင်း ပြောတဲ့ပုံပြင်ပေါ့"

www.burmeseclassic.com



သည့်အခြေအနေကို အပျိုတော် မတ်တီက ဝင်ရောက်ထိန်းပေးလိုက်၏။

"အရှင် နန်းမတော်ဖုရား....ဘုရင်မင်းမြတ်တွေအကြောင်းကို ဘုရားကျွန်မတို့က ဘယ်လိုသိနိုင်ပါ့မလဲ၊ ဘုရင်မင်းမြတ်အကြောင်းကို မိဖုရားကြီးတွေသာ သိတော်မူမှာပါ...."

မတ်တီ၏ လျှောက်တင်ချက်ကို စုဖုရားလတ် ကျေနပ်သွား၏။ မတ်တီသည် သူချစ်သော အပျိုတော်မဟုတ်လား။ သူ စိတ်ဆိုးအောင် ဘယ်တော့မှ မလျှောက်တင်ကြောင်း သူသိသည်။ စုဖုရားလတ်၏ မျက်နှာပေါ်မှ ဒေါသရိပ်တို့ ပြေလျော့သွားပြီး ပြုံးပြုံးရယ်ရယ်နှင့် စကားဆိုလာသည်။

"ဘုရင်ကောင်း ဘုရင်မြတ်တွေအကြောင်းကို ညည်းတို့လဲ သိထားဖို့ကောင်းတာပေါ့ မတ်တီ။ စုဖုရားတို့ကတော့ အပြစ်ပေးရင်လည်း ထုံးတမ်းအရ အပြစ်ပေးရတာပဲ။ ဒီလိုမှ အပြစ်ပေးသင့်သူကို အပြစ်မပေးရင် ဘယ်မှာ လူရိုသေတော့မှာလဲ။ ဒုက္ခပေးနိုင်လောက်အောင် အတက်ရှည်လာရင် ဒီအတက်ကို ဖြတ်ပစ်ရမယ်။ ဆိတ်နိုင်ပေါက်နိုင်တဲ့ အတောင်အလက်တွေ ရှည်လာရင် မပျံနိုင်အောင် ဖြတ်ပေးရမှာပဲ မတ်တီ"

စုဖုရားလတ်သည် အခြားသူများအပေါ်တွင် သုန်သုန်မှုန်မှုန် ရှိတတ်သော်လည်း မတ်တီကိုမူ ဤသို့လျှင် အရေးပေးဆက်ဆံတတ်၏။ သည်လိုမျက်နှာသာပေး ခံရအောင်လည်း မတ်တီက ချဉ်းကပ်တတ်သည်။ သာဓကတစ်ရပ်ကိုပင် ကြည့်ပါ။

ထိုစဉ်က မြန်မာအစိုးရသည် ပြင်သစ်တို့နှင့် အလွမ်းသင့်နေချိန်ဖြစ်သည်။ နန်းတော်တွင် အမှုထမ်းရွက်နေကြသော ပြင်သစ်အမှုထမ်းများ၏ လုပ်ငန်းများကလည်း တစ်စထက်တစ်စ အကောင်အထည်ပေါ်နေ၏။ သည်တွင် မတ်တီသည် ပြင်သစ်တို့၏ ဝါဒကို ချီးမွမ်းခြင်းဖြင့် စုဖုရားလတ်ကို ထောက်ခံခဲ့လေသည်။

သည်လို ပြင်သစ်တို့ကို ချီးမွမ်းလိုက်ခြင်းဖြင့် သူချစ်သူ ပြင်သစ်အင်ဂျင်နီယာ ဘွန်ဗီလိန်ကလည်း သူ့ပေါ်တွင် အချစ်ပိုလာမည်ဟု ယုံကြည်ထားသည်။ မတ်တီသည် ပြင်သစ်တို့ကို ကူညီနိုင်မည့် အခွင့်ကောင်းကို စောင့်လျက်ရှိသည်။

မကြာမီပင် မတ်တီသည် ကင်းဝန်မင်းကြီး၏ စာရေးမောင်ရိုးဆိုသူနှင့် တွေ့ရသည်။ မောင်ရိုးသည် ကင်းဝန်မင်းကြီး ခစား ဝင်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ပါလာတတ်သည်။ သူသည် သာမန် စားရေးမဟုတ်။ ရန်ကုန်တွင် ပညာသင်ကြားခဲ့ပြီး ပြင်သစ်နှင့် အင်္ဂလိပ်စကားများကို သွက်သွက်လက်လက် ပြောနိုင်သော ခေတ်မီစာရေးကလေးဖြစ်၏။

သည် စာရေးကလေး မောင်ရိုး၏ မျက်လုံးသည် မတ်တီ၏ မျက်နှာပေါ်တွင်သာ တစ်ရစ်ဝဲဝဲ ရှိနေသည်။ မတ်တီကို ရွှန်းရွှန်းစားစား ကြည့်တတ်သည်။ သည်အကြည့်ကို တွေ့ရလေသောအခါ မုဆိုးမလေး မတ်တီသည် မောင်ရိုး၏ အတွင်းသဘောကို ကောင်းစွာ နားလည်လိုက်သည်။ သည်အကြည့်မှာ မြတ်နိုးသော အကြည့်၊ ရင်တွင်းမှ ဝေဒနာကို လှစ်ပြသော အကြည့်ပင်။

ပထမတွင် မတ်တီက မြန်မာစာရေးကလေး၏ မေတ္တာကို ဂရုစိုက်ရန် မလိုဟု သဘောထားလိုက်သည်။ သို့သော်...မတ်တီသည် ပြင်သစ်များအတွက် အကူအညီပေးရန် အမြဲတမ်းစောင့်မျှော်နေသူ မဟုတ်ပါလား။ မောင်ရိုးနှင့် ရင်းနှီးကျွမ်းဝင်ခြင်းအားဖြင့် သူသည် ပြင်သစ်တို့အတွက် တစ်ခက်တစ်လမ်းမှ ကူညီနိုင်လိမ့်မည်ဟု တွက်ဆမိသည်။ သို့ တွက်ဆမိသဖြင့် မတ်တီသည် မောင်ရိုးကို စိမ်းစိမ်းကားကားမလုပ်။ ပြတ်ပြတ်တောင်းတောင်း ဆက်ဆံပေ။

သည်အချိန်တွင် ဥရောပတိုက်သို့ မြန်မာသံကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရန် စိုင်းပြင်းနေဆဲဖြစ်၏။ သည်အဖွဲ့မှာ နိုင်ငံရေးကိစ္စအတွက်မဟုတ်။ ကုန်သွယ်ရေးနှင့် သိပ္ပံပညာဆည်းပူးရေးသက်သက်သာ ဖြစ်သည်ဟုဆိုသည်။ နိုင်ငံခြား ဗဟုသုတကြွယ်ဝသော ကင်းဝန်မင်းကြီး၏ အစီအစဉ်အရ ယင်းအဖွဲ့သည် ပြင်သစ်၊ ဂျာမဏီနှင့် အီတလီနိုင်ငံများသို့ သွားကြမည်ဖြစ်သည်။ သည်ကိစ္စအတွက် ကင်းဝန်မင်းကြီး၏ နောက်တော်ပါ မောင်ရိုးသည်လည်း နန်းတော်ထဲသို့ အရောက်အပေါက်များနေတော့သည်။

မတ်တီသည် လိုက်လိုက်လျောလျော ဆက်ဆံလာသည်ကို တွေ့သောအခါ မောင်ရိုးသည် တအားတက်လာ၏။ မျက်လုံးဖြင့် စကားပြောရာမှ တစ်ဆင့် မေတ္တာစာများကို အဆက်မပြတ်ပေးလာသည်။ သည်မေတ္တာစာများတို့ ခါးခါးသီးသီး ငြင်းပယ်လိုက်လို့ မောင်ရိုးက မဖွယ်မရာ ပြုမူလုပ်ကိုင်ချေမည်ဟု မတ်တီက တွေးမိသည်။ ထို့ကြောင့်စာများကို တိုးတိုးတိတ်တိတ်ပင် လက်ခံထားလိုက်သည်။

ထိုအတောအတွင်း မတ်တီသည် ချောင်ကျကျ အိမ်ငယ်ကလေးတစ်ခုတွင် ချစ်သူဘွန်ဗီလိန်နှင့် တွေ့ဆုံနေကျဖြစ်၏။ သူသည် ချစ်သူရင်ခွင်တွင်

www.burmeseclassic.com

www.burmeseclassic.com



မေးစက်ကာ ပူဆွေးသောနှလုံးသား၏ တုံ့ပြန်မှုကို ခံစားရင်း ကျေနပ်နှစ်သိမ့်ခဲ့ရသည့် အကြိမ်ပေါင်းပင် မနည်းတော့ပြီ။

သည်နေ့တွင် ဘွန်ဗီလိန်၏ မျက်နှာမှာ ခါတိုင်းထက်ရွှင်ပျနေ၏။ သူသည် မတ်တီ၏ နုညက်ချောမွတ်သော မေးကလေးကို အသာပင့်ပြီး မျက်လုံးထဲသို့ စိုက်ကြည့်လျက်မဂ်လာသတင်း စကားကိုဆို၏။

"မတ်တီ အချစ်ရေ....ကိုယ့်စီးပွားရေးတော့ အကောင်အထည်ပေါ်တော့မယ်။ ကိုယ့်အတွက် မိုးကုတ်ပတ္တမြား တူးဖော်ခွင့်ကို စီစဉ်ပြီးသွားပြီ၊ လက်မှတ်ထိုးဖို့ပဲ ကျန်တော့တယ်...."

မတ်တီ၏ စိတ်ထဲတွင် လျှပ်တစ်ပြက် တွက်ချက်လိုက်သည်။ "ပတ္တမြားတူးဖော်ခွင့်ရပါက ငွေအမြောက်အမြားရပေမည်။ ငွေများများရလျှင် ဘွန်ဗီလိန်သည် ပါရီရှိ သူ့မိဘများ၏ အကူအညီမလိုတော့။ သည်အခါ သူနှင့် လက်ထပ်ရေးတွင် ဝင်ရောက်ကန့်ကွက်နိုင်လိမ့်မည် မဟုတ်ပေ...."

မတ်တီသည် ချစ်သူ၏ ပါးပြင်ကိုသူ၏ ပါးနုနုကလေးဖြင့် ကပ်ထားရင်း သွေးတိုးစမ်းလိုက်သည်။

"ဝမ်းသာလိုက်တာ အချစ်ရယ်.... အဲဒီစာချုပ်ကိုကော မတ်တီ မကြည့်ရဘူးလားဟင်...."

ဘွန်ဗီလိန်က မပြချင်လှ။ မတ်တီသည် စီးပွားရေးသမားဆန်သည်ဟုပင် ထင်လိုက်သည်။ သို့ရာတွင် မတ်တီက ချွဲနွဲ့ပြီးပူဆာနေသဖြင့် နောက်ဆုံး ပြလိုက်တော့သည်။

ပထမဆုံး မတ်တီမြင်လိုက်ရသည်က "ဘွန်ဗီလိန်အင်း ကုမ္ပဏီ"။ သူ့မျက်လုံးများ အရောင်တလက်လက် တောက်လာ၏။ သူသည် ဆက်၍ ဖတ်သွားသည်။ စာချုပ်ထဲတွင် ပတ္တမြားတူးဖော်ရေးနှင့်ပတ်သက်ပြီး စည်းကမ်းချက်များ ပါရှိသည်။

"မိုးကုတ် ပတ္တမြားတွင်းကို လုပ်ကိုင်ရန် မြန်မာအစိုးရအား တစ်နှစ်လျှင် ကျပ်ငွေသုံးသိန်းပေးဆောင်ရမည်။ ဘွန်ဗီလိန် အင်ကုမ္ပဏီမှ[illegible] အခြားမည်သူမျှ တူးဖော်ခွင့်မရ။ ဘွန်ဗီလိန်နှင့် သူ့အဖွဲ့အတွက် လို[illegible]သော အလုပ်သမား ရရှိရေး၊ ရိက္ခာအလုံအလောက် ရရှိရေးအတွက် [illegible]သဆိုင်ရာ မြို့စားများက ကူညီရမည်။ ပတ္တမြားတူးဖော်ရေး အင်ဂျင်နီယာများသည် မိမိတို့ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် [illegible]နတ်အလက်နှစ်[illegible] ယူဆောင်ခွင့်ရှိသည်။ တူးဖော်ရရှိသော ပတ္တမြားကို ဘုရင်မင်းတရားက

www.burmeseclassic.com



ပထမဦးစွာ ရွေးချယ်ဝယ်ယူခွင့်ရှိရမည်။ နိုင်ငံခြားသို့ တင်ပို့ရောင်းချလိုပါက ရောင်းချနိုင်သည်။ ယင်းအတွက် အနှောက်အယှက် တစ်စုံတစ်ရာ မပေးရ။ အခွန်တော် ပေးဆောင်ခြင်းလည်း မပြုရပေ”

မတ်တီသည် ဖတ်ပြီးသွားသဖြင့် ဘွန်ဗီလီနီက စာချုပ်မိတ္တူကို လိပ်လိုက်သည်။ သူ့စိတ်ထဲတွင် အလွန်ပျော်ရွှင်နေသဖြင့် တေးသွားတစ်ပုဒ်ကိုပင် လေချွန်နေလိုက်သေးသည်။ သူသည် လေချွန်နေရင်း အမှတ်မထင် ပြောလိုက်မိသည်။

“အခုအတိုင်းဆိုရင် ကိုယ် ပြင်သစ်ပြည်ကို ပြန်နိုင်ပြီ....”

မတ်တီ က သူ့ကို ဖျတ်ခနဲကြည့်လိုက်သဖြင့် သူသည် ချက်ချင်းပင် မတ်တီကျေနပ်မည့်စကားကို ဆက်လိုက်သည်။

“ပြန်မယ်ဆိုပေမယ့် မကြာလှပါဘူး။ ဒီက အသွားခရီးက တစ်လ၊ ဟိုမှာ တစ်လလောက်နေပြီး ပြန်လာမှာပါ။ အပြန်ခရီးက တစ်လဆိုတော့ အကြာဆုံး သုံးလပေါ့။ သုံးလထက်တော့ ပိုမကြာပါဘူး။ ကိုယ့်မှာ ကုန်သွယ်ရေးတစ်ခုတည်းမှ မဟုတ်ဘဲ၊ ဒီထက်ပိုပြီး ကျယ်ဝန်းတဲ့ လုပ်ငန်းတွေ ရှိသေးတယ် ဆိုတာလည်း မတ်တီ သိပါတယ်လေ....”

သည်လို လေပြေထိုးလိုက်ပြန်တော့ မတ်တီ ကျေနပ်သွားပြန်သည်။ သူသည် ချစ်သူ၏ရင်ခွင်ကို ခေါင်းနှင့်ဖွဖွကာ စပ်စုလိုက်ပြန်သည်။

“ဒါထက်....ဥရောပတိုက်သွားတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့အကြောင်း ဘာများ ကြားသေးသလဲ ဟင်”

“အခုဆိုရင် ကိုယ်စားလှယ်အဖွဲ့ဟာ ရောမကိုရောက်နေပြီ။ အီတလီနဲ့ စာချုပ်ချုပ်ဖို့ စီစဉ်နေဆဲပေါ့။ ဂျာမဏီနဲ့တောင် ဂျာမန်သံအမတ်ကြီးက တစ်ဆင့် စာချုပ်ဖြစ်မလား မသိဘူး။ ဒါတွေအားလုံးကတော့ ကုန်သွယ်ရေး သက်သက်စာချုပ်တွေပါလေ။ အဲ....ကိုယ်တို့ ပြင်သစ်တွေကျတော့ အားလုံး ယိုလို ရတယ်ဆိုပါတော့။ မီးရထားလမ်းဖောက်လုပ်ရေး၊ ပြင်သစ်အစိုးရရဲ့ ဘုမ္မာကီတစ်ခုက ဦးစီးပြီး မန္တလေးနေပြည်တော်မှာ ဘဏ်တိုက်ဖွင့်လှစ်ရေး၊ စစ်တပ်ကို ကြီးကြပ်ရေး၊ မြန်မာ့စီးပွားရေးကို ထိန်းသိမ်းပေးရေး၊ ဥပမာ အဓိကထွက်ကုန်ဖြစ်တဲ့ လက်ဖက်ခြောက် ရောင်းဝယ်ရေးလုပ်ငန်းကို ဦးစီးသုပ်ကိုင်ဖို့....စသည်ဖြင့်ပေါ့။ အားလုံးလိုလို ရလိုက်တယ် အချစ်ရေ”

မတ်တီမှာ ကြားရသည့် သံတင်းစကားကြောင့် အလွန်ပျော်သွားသည်။ ပြင်သစ် ကောင်းစားလျှင် သူ့ချစ်သူကြီးပွားမည်။ သူ့ချစ်သူကြီးပွားမှ သူ

www.burmeseclassic.com

www.burmeseclassic.com



နှင့်မြန်မြန် လက်ထပ်နိုင်မည် မဟုတ်ပါလား။

မတ်တီသည် စူးစမ်းလိုက်ပြန်သည်။

"ဒီလိုဆိုရင် အင်္ဂလိပ်တွေအနေနဲ့ကော ဘာများရသလဲ"

ဘွန်ဗီလိန်က ရယ်မောလျက် ဝင့်ကြွားစွာပြောလိုက်သည်။

"အင်္ဂလိပ်တွေလား။ သူတို့ အခု ဘေးကိုရောက်သွားပြီ။ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ပါရီမှာတုန်းက ဗြိတိသျှသံရုံးကိုတောင် မသွားကြတော့ဘူးတဲ့။ သူတို့နဲ့ ဘာစာချုပ်မှ မချုပ်ပါဘူး"

မတ်တီသည် အလွန်စပ်စုတတ်သော အမျိုးသမီးပင်။ ပြင်သစ်မြန်မာစာချုပ်၏ ထူးခြားသော အချက်များကို သိလိုနေသေးသည်။ ထို့ကြောင့် ထပ်မေးပြန်၏။ ဘွန်ဗီလိန်မှာ သည်းမျှတော့ဖြင့် မအေးသေး။ သူသည် ရယ်မောလျက်ခေါင်းကို အသာယမ်းပြီး အနမ်းလက်ဆောင်ပေးကာ နှစ်သိမ့်လိုက်သည်။

"ဘာလုပ်ဖို့ ဒါတွေ သိချင်ရတာလဲ မတ်တီရယ်၊ မကြာခင်မှာ မင်းကို ခဏခွဲပြီး ပြန်ရဦးမယ်။ ဒီလောက် အဖိုးတန်တဲ့ အချိန်လေးတွေကို ပျင်းစရာကောင်းတဲ့ စာချုပ်တွေအကြောင်းပြောရင်း မဖြုန်းပစ်ချင်ပါနဲ့ အချစ်ရယ်နော်...။ နောက်ဆိုရင် ပြင်သစ် ကောင်စစ်ဝန်တစ်ယောက်ရောက်လာတော့မယ်။ သူ့ကိုတွေ့ရင် မတ်တီက ကိုယ့်ကိုတောင် မေ့သွားမှာပါကွာ"

မတ်တီသည် ဦးခေါင်းကို ညင်ညင်သာသာ ခါယမ်းနေမိသည်။ ဘယ်လိုလုပ် မေ့နိုင်ပါ့မလဲ။ သူ့ကို မည်မျှချစ်ရသည်ကို ဘွန်ဗီလိန် မသိလေရော့သလား။ သူ့အတွက်ကြောင့်ပင် ခင်ခင်ကြီးဆိုတဲ့ မိန်းကလေးတစ်ယောက် ဒုက္ခရောက်အောင် သူလုပ်ခဲ့ပြီးချေပြီ။ မတ်တီသည် တစ်စုံတစ်ရာ ပြန်လည်ချေပခြင်း မပြုတော့။ သို့သော် သူ မည်မျှချစ်ကြောင်းကို လက်တွေ့ပြသည်။ ထိုနေ့က မတ်တီသည် ဘွန်ဗီလိန်ကို အစွမ်းကုန် ချစ်လိုက်သည်။ သည်တစ်နေ့မှာ မတ်တီအဖို့ နောက်ဆုံးချစ်ရသောနေ့ ဖြစ်သည်ကိုကား သူ ခများ မသိခဲ့ရှာ။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၅။ နန်းရှေ့က အချစ်ဇာတ်လမ်းတစ်ပုဒ်

ဘွန်ဗီလိန် ပြင်သစ်ရောက်ပြီး မကြာခင်မှာပင် စုဖုရားလတ်နှင့် တ်တီတို့အတွက် လက်ဆောင်ပစ္စည်းများရောက်လာ၏။ စုဖုရားလတ်ဖို့ က်ဆောင်မှာ သူ အလွန်နှစ်သက်တတ်သော ကြည့်မှန်ကြီးပင်။ မှန်ပေါင် ာ ဒေါင်းမြီးကွက်ရောင် တောက်ပပြီး ပန်းခက်ပန်းနွယ်များ ဖော်ထားသည်။

မတ်တီအတွက်မူ နောက်ဆုံးပေါ် ဂါဝန်နှင့် ဦးထုပ်တို့ဖြစ်သည်။ တ်တီသည် ချစ်သူ့လက်ဆောင်ကို ရင်ဝယ်ပိုက်လျက် ကြည်နူးနေ၏။ သူ ည် ဂါဝန်ကိုလည်း မဝတ်ရက်၊ ဦးထုပ်ကိုလည်း မဆောင်းရက်။ နှမ်းကြေ ွားမှာ စိုးနေမိသည်။

ရက်တွေကြာခဲ့ပြီ။ ချစ်သူ့ထံမှ နောက်ထပ်စာတစ်စောင် တလေမျှ င် ရောက်မလာတော့။ သည်အခါ မတ်တီရင်မှာ ပူလာရသည်။ မြန်မာ ည်ကို ပြန်မလာတော့ဘူးလား။

သည်သို့လည်း သံသယဝင်လာမိသည်။ သည်အခါ သူ့ရင်၌ ဒနာ စ်ရပ်ကို ခံစားလာရ၏။ သည်လို ခံစားလာသောအခါ မတ်တီ စာနာမိ ည်။ သူ စာနာမိသူကား သူ့ကြောင့် ချစ်သူနှင့် ကွေကွင်းခဲ့ရှာသော င်ကြီးကိုပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့တွင် မတ်တီသည် ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်းတို့ကို အညီအမျှပင် ခံစားနေရသည်။ ဘွန်ဗီလိန် ပြန်ရောက်လာပြီဆိုသော သတင်းကြောင့် ဝမ်းသာရ၏။ သည်သတင်းကို သူသည် အပျိုတော်တစ်ယောက်ထံမှ အမှတ်မထင်ကြားခဲ့၏။ သည်အပျိုတော်ကလည်း သူငယ်တော်လေး တစ်ယောက်ထံမှ သိရခြင်းဖြစ်သည်။ သူငယ်တော်ကလေးက ဘွန်ဗီလိန်ကို ညီလာခံတွင် တွေ့ခဲ့သည်ဟု ဆိုသည်။

သည်သတင်းကို ကြား၍ ဝမ်းသာခဲ့ရသော်လည်း သူ့ချစ်သူက သူ့ ကို အရေးတယူ အကြောင်းမကြားသဖြင့် ရင်တွင်း၌ ခံပြင်းလျက်ရှိသည်။ ယခင် ယခင်အခါများက သူ့အား အေးတိအေးစက် ဆက်ဆံသည်ကို ခွင့်လွှတ်နိုင်ခဲ့သော်လည်း ယခုအခါတွင် သည်းမခံနိုင်လောက်အောင် ခံစားရသည်။ ချစ်သူကိုယုံ၍ သူ့တစ်ကိုယ်လုံးပင် ပုံအပ်ခဲ့ပြီးချေပြီ။ ခုလို စိမ်းစိမ်းကားကား ပစ်ပယ်ထားသဖြင့် ဝမ်းနည်းလာမိသည်။

မတ်တီ၏ စိတ်တို့သည် ကိုယ်မှခွာလျက် ချစ်သူထံသို့သာ ရောက်နေသည်။ စုဖုရားလတ်ထံပါးတွင် ခစားနေရသော်လည်း စိတ်ပါလှသည်မရှိ။ သူ့အလှည့်ပြီးဆုံးသည်နှင့် ကံပျာကသီ အဆောင်သို့ပြန်လာ၏။ သူ့ရင်မှာ လှုပ်ရှားမှုသည် လက်သို့တိုင်ရောက်လာသည်။ မြန်မာအဝတ်အစားကိုချွတ်၊ အနောက်တိုင်း အဝတ်အစားများနှင့် လဲလှယ်နေသော မတ်တီ၏လက်များ မှာ တုန်ယင်နေကြသည်။ သူ့အရိပ်ကို မှန်ထဲတွင်အတန်ကြာ ကြည့်ပြီးနောက် မတ်တီသည် အဆောင်မှထွက်ခဲ့သည်။

ချစ်သူနှင့် တွေ့ဆုံနေကျ အိမ်ကလေး၏ အမိုးကို တွေ့ရသောအခါ သူ့ရင်မှာ ခုန်လာသည်။ တဖြည်းဖြည်းနီးလာ၍ အိမ်ကို ထင်ထင်ရှားရှား မြင်လိုက်ရသည့်အခါ မတ်တီမှာ မျက်စိမျက်နှာ ပျက်သွား၏။ တိတ်ဆိတ်လျက်၊ လှုပ်ရှားမှုကိုမျှ မတွေ့ရ၊ သူသည် အားတင်းပြီး လှေကားထစ်များကို သွက်သွက်လှမ်းတက်လိုက်သည်။

လှေကားထိပ်သို့ရောက်သောအခါ အသံပြုလိုက်၏။ သူ့အသံဆုံးသော အခါ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားပြန်၏။ သူသည် ထရံပေါက်မှ အတွင်းဘက်သို့ ချောင်းကြည့်လိုက်သည်။ အထဲတွင် အိမ် ထောင်ပစ္စည်းဆို၍ ဘာမျှမရှိတော့။ ဖုန်အလိမ်းလိမ်း၊ ပိုးအိမ်များ တွယ်လျက် သာ။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် ခဏရပ်နေမိက်သေးသည်။ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ကြောင်တောင်တောင် ကြည့်လျက် နှုတ်ခမ်းကလေးများ ဖွင့်ဟနေ၏။ သူ့စိတ်နှင့် သူ့ကိုယ်တို့ မကပ်ဘဲ လိပ်ပြာလွင့်သွားပြီလား ထင်မှတ်ရသည်။

သိပ်မကြာလိုက်ပေ။ မတ်တီသည် နှုတ်ခမ်းကိုကိုက်ပြီး လှေကားမှ ချာခနဲလှည့်ဆင်းခဲ့သည်။ သူသည်/ မြေနီလမ်းကလေးမှ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ ဗြိတိသျှသံကိုယ်စားလှယ်ရုံးဟောင်းအနီးသို့ ရောက်သောအခါ ဝဲဘက်ရှိ အိမ်ကြီးဆီသို့လှမ်းမျှော်ကြည့်လိုက်သည်။ အိမ်ရှေ့ ဝရန်တာတွင် အမျိုးသမီးတစ်ဦးပါလား။ လမ်းမဘက်လှည့်ထိုင်ပြီး စာထိုးနေသဖြင့် ညှို့သည်တော့ မဟုတ်တန်ရာ။ သည်အိမ်ရှင်တွင် အိမ်ထောင်ရှိသည်ဟုလည်း သူ မကြားမိ။

မတ်တီသည် ခြေလှမ်းတုံ့ကာ သွားသင့်၊ မသွားသင့် စဉ်းစားနေမိသည်။ သည်စဉ်မှာပင် တံခါးပေါက်မှ အမျိုးသားတစ်ဦးပေါ်လာပြီး အမျိုးသမီး၏ နောက်တွင်အသာရပ်သည်။ အမျိုးသမီး၏ မျက်လုံးအစုံကို နောက်ကျောဘက်မှလှမ်း၍ ပိတ်လိုက်သည်။ အမျိုးသမီးက လန့်သွားဟန်မပြ။ ကျေနပ်ပျော်ရွှင်ဟန် အသံလွင်လွင်ဖြင့် ရယ်လိုက်သည်ကိုပင် သဲ့သဲ့ကြားနေရသည်။

"ဟင် သူ...သူ...သူ...သစ္စာဖောက်ပြီ"

မတ်တီသည် တဒိတ်ဒိတ်ခုန်နေသော ရင်ကိုလက်ဖြင့်အသာဖိကာ နှုတ်မှ ယောင်ယမ်းထွက်သွား၏။ သူ့ချစ်သူ ဘွန်ဗီလိန်သည် အမျိုးသမီးငယ်ကို မျက်လုံးပိတ်ထားရာမှ လမ်းမဘက်သို့ လှမ်းကြည့်မိလျက်သား ဖြစ်သွား၏။ မတ်တီကို သူ တွေ့မြင်သွားလေပြီ။ သူတို့နှစ်ဦး စက္ကန့်အနည်းငယ်မျှ စိုက်ကြည့်နေမိကြသည်။ ဘွန်ဗီလိန်က စတင်လှုပ်ရှားလိုက်၏။ သူသည် အမျိုးသမီးငယ်၏ နားနားသို့ကပ်ကာ တတွတ်တွတ်ပြောပြီး ဖွဲ့ချီ၍ အိမ်ထဲသို့ ဝင်သွားတော့သည်။

မတ်တီ၏ ရင်တစ်ပြင်လုံး မချိမဆံ့ နာကျင်လာ၏။ သူသည် အံကိုတင်းတင်းကြိတ်လျက် ထိုနေရာမှ လှည့်ထွက်ခဲ့သည်။ မကြာပါချေ။ သူ့ချစ်သူသည် အနားရောက်လာ၏။ သာမန် မိတ်ဆွေတစ်ဦးကို နှုတ်ဆက်သလို ခပ်ကျယ်ကျယ် နှုတ်ဆက်၏။ ပြီး မတ်တီ၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် လမ်းအတိုင်း အိမ်နှင့်ဝေးရာတွန်းခေါ်သွား၏။ မတ်တီမှာ ဟပ်ထိုးသဲမတတ် ဒယီးဒယိုင်နှင့် ပါသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူချစ်သူ၏ အပြုအမူကို တွေ့ရသည့်အခါ မတ်တီမှာ နားမလည်နိုင်အောင် ဖြစ်ရသည်။ အမျိုးသမီးနှင့် ဝေးရာကို ဘာကြောင့်ခေါ်ခဲ့သလဲ။ အမျိုးသမီးကကော ဘယ်သူလဲ။ အိမ်ရှင်ရဲ့ ခနီးလား။ အိမ်ရှင့်ခနီးဆိုလျှင် သူချစ်သူသည် တစ်ပါးသူ၏ မယားကို ကြာခိုသူ။ သူ့ကို သစ္စာဖောက်သူပင် မဟုတ်ပါလား။

မတ်တီသည် စဉ်းစားရင်း မျက်ရည်ပေါက်ကြီးများ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြသည်။

စာပေးလိုက်ပါလျက်နှင့် အတင့်ရဲရပါမို့လား။ မတ်တီအနေဖြင့် သိတတ်ဖို့ကောင်းသည်ဟု ဘွန်ဗီလိန်က အပြစ်တင်လိုက်သေးသည်။ ပြစ်တင်စကားကို ကြားရလေသောအခါ မတ်တီသည် အငေးသား ကြည့်နေမိသည်။ ပြောစရာစကားများ သူ့ရင်နှင့်အပြည့်။ သို့သော် ဝမ်းနည်းခြင်း၊ မခံချင်ခြင်း၊ ဒေါသဖြစ်ခြင်းတို့သည် သူ့နှုတ်ကို ဆွံ့အစေခဲ့သည်။

ဘွန်ဗီလိန်က ဆက်ပြော၏။

"မင်းကို ကိုယ့်ခနီးနဲ့ မတွေ့ရဘူးလို့ မဆိုလိုပါဘူး မတ်တီ။ ခုလိုရုတ်တရက်ကြီး မတွေ့စေချင်သေးလို့ပါ"

"ကိုယ့်ခနီးတဲ့"သည်အခေါ်အဝေါ်ကိုပါ ကြားလိုက်ရသောအခါ ဖြောင့်တန်းနေသော ရွှေမြို့တော်၏ လမ်းမကြီးများ၊ အခက်အလက် ဝေဆာအုပ်ဆိုင်းနေသည့် လမ်းဘေး တစ်ဖက်တစ်ချက်မှ သစ်ပင်ကြီးများသည် အိုးထိန်းစက်ပမာ ချာချာလည်သွားတော့သည်။ မတ်တီသည် လဲကျမသွားစေရန် ဘွန်ဗီလိန်၏ လက်ကိုပင် အသားမေ့လျက် ရပ်နေရ၏။ သူ့ရင်ထဲတွင် အေးခနဲ လှပ်ခနဲ ခံစားလာရသည်။

မတ်တီသည် ချက်ချင်း အသိတရားဝင်လာပြီး ဘွန်ဗီလိန်၏ လက်ကို တွန်းပစ်လိုက်သည်။ ပြီး ခေါင်းခါခါ လည်ခါခါဖြင့် သူ့ရှူးပမာ အော်ပြောနေသည်။

"ရှင့်ခနီး....ဟုတ်လား။ မဖြစ်နိုင်တာပဲ။ ရှင် ကျွန်မကို ယူပြီးပြီဆိုတာ မေ့နေပြီလား။ ကျွန်မကို ပြောင်လှောင်နေတာလား ဟင်။ ပြောစမ်းပါဦး...."

"စကားကို အရမ်းမပြောနဲ့ မတ်တီ၊ မင်းကို ကိုယ်ယူပြီးတာလား။ မင်းနဲ့ကိုယ် ရင်းရင်းနှီးနှီး နေခဲ့ကြတာလား။ မင်း ပြန်စဉ်းစားကြည့်စမ်းပါ။ အမှန်ကို မင်းအသိဆုံးပါ မတ်တီရာ။ အခု ကိုယ် လက်ထပ်ပြီးတဲ့ မိန်း

www.burmeseclassic.com



ကလေးဟာ ကိုယ့်ချစ်သူ၊ မြန်မာပြည် မလာခင်ကတည်းက ကိုယ့်ချစ်သူလေ"

မတ်တီသည် သွေးမရှိတော့သော မျက်နှာဖြင့် ဘွန်ဗီလီန်ကို စိမ်းစိမ်းစိုက်ကြည့်နေသည်။ စိတ်နာလိုက်သည်မှာ မပြောနိုင်။ အရှက်ကြီးလည်း ရှက်မိသည်။ ဝမ်းနည်းမှု၊ ပူလောင်မှုများသည် လေးလံနေသော နှလုံးသားကို ဝိုင်းရုံဖိနှိပ်လိုက်သလို ဆို့နင့်နင့်ကြီး ခံစားလာရသည်။ တင်းဆည်ထားလျက်မှ သူ့မျက်လုံးနှင့် ချစ်သူအကြားတွင် ရေလွှာပါးပါးကလေးက ခြားလိုက်ပြန်သည်။ သူ့အမြင်အာရုံတွင် အားလုံးသော အရာတို့သည် မှုန်ဝါးလာ၏။ အဆောင်သို့ အပြန်လမ်းတွင် ပုံကျွေလဲသွားချင်လောက်အောင်ပင် ဖြစ်ရသည်။ နန်းချင်ပြင်သို့ ရောက်သောအခါ ဖိနပ်ကိုချွတ်ပြီးနောက်ဆက်၍ လျှောက်လာ၏။ သူ့အခန်းတွင်းသို့ ဝင်လိုက်သည့်အခါတွင်ကားစားပွဲပေါ်တွင် ဖက်ဖူးရောင် စာအိတ်တစ်လုံးကို တွေ့ရသည်။ ဘွန်ဗီလီန်က ပါးလိုက်သည်ဆိုသော စာအိတ်ပင်။

ထိုနေ့တစ်နေ့လုံး မတ်တီသည် ဘာမျှမစားပေ။ ခေါင်းခဲနေလို့..... ဟု အကြောင်းပြကာ အိပ်ရာပေါ်တွင်သာ ခွေနေခဲ့သည်။ အစိတ်စိတ်အမွှာမွှာ စုတ်နေပြီဖြစ်သော ချစ်သက်လက်ဆောင် ဂါဝန်မှာလည်း အခန်းထောင့်တစ်နေရာတွင် ပုံလျက်သား။ သူ့အခန်းမှာ ချောက်ချားဖွယ်ရာကောင်းလောက်အောင်ပင် တိတ်ဆိတ်နေလေသည်။

အချစ်ကြီးသည်နှင့်အမျှ အမျက်သိုတတ်သော မတ်တီသည် သစ္စာတရားမရှိသူ တစ်ယောက်အတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို တိတိပပ ချလိုက်ပြီးနောက် မျက်လုံးကိုအသာမှိတ်ကာ အိပ်ရန် ကြိုးစားလိုက်တော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၂၆။ လျှို့ဝှက်စာချုပ်နှင့် သည်မိန်းမပျို

ချိန်းသည့်အချိန်ထက် စော၍ညောင်ပင်အိုကြီးအောက်သို့ စာရေးကလေး မောင်ရိုး ရောက်နှင့်နေသည်။ သည် ညောင်ပင်အိုကြီးမှာ ရွှေနန်းတော် အနောက်တံခါးမှ ခပ်လှမ်းလှမ်းတွင်ရှိ၏။ မတ်တီက သည်နေရာတွင် နှစ် ကိုယ်ချင်းတွေ့ဆုံရန်၊ ချိန်းလိုက်သဖြင့် မောင်ရိုး ရောက်လာခြင်းပင်။

“သည်လိုချိန်းတာ ဘယ်သူ့အတွက်လဲ။ သူ့မေတ္တာကို လက်ခံလိုက် လို့လား။ ချစ်သူတို့ တွေ့ဆုံခြင်းမျိုးလား”

ရင်ထဲတွင် ရှုပ်ထွေးနေသော အတွေးများဖြင့် မောင်ရိုးသည် ညောင် မြစ်ပေါ်တွင်ထိုင်လိုက် မတ်တတ်ထပြီး ရွှေနန်းတော်ဘက် မျှော်လိုက်ဖြင့် ဂနာမငြိမ် ဖြစ်နေ၏။ နေ့ခင်းဘက်ဖြစ်၍ လမ်းပေါ်၌ လူသွားလူလာ နည်း လှသည်။ မောင်ရိုးသည် ခုန်နေသောရင်ကို ငြိမ်စေနိုင်မလားဟုတွေးကာ လေတွင် တဖျပ်ဖျပ်ခတ်နေသော ညောင်ရွက်ကလေးများကို မော့ကြည့်လိုက် သည်။

သည်စဉ် နွားလှည်းကလေးတစ်စီးသည် ဖုန်တထောင်းထောင်းထအောင် အသော့နှင်လာသည်ကို တွေ့ရ၏။ ညောင်ပင်အောက်တွင် လှည်းဆိုက်လိုက် သည်နှင့် မောင်ရိုးသည် လှည်းနားသို့ ကပ်သွားသည်။ ပြီး....ညာလက်ထ

www.burmeseclassic.com



ကမ်းပေးလိုက်၏။ မတ်တီသည် မောင်ရိုး၏ လက်ကို အားပြုကာ လှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

မတ်တီသည် မောင်ရိုးကို ပြုံးပြ၏။ ချိုမြသော အပြုံးမှာနှစ်လိုဖွယ်ကောင်းလှပါဘိ။ ကော့ပျံနေသော မျက်တောင်များအကြားမှ မျက်လုံးများကလည်း အရည်လဲ့ကာ တောက်ပနေသည်။

သူတို့သည် ညောင်မြစ်ပေါ်တွင် ထိုင်လိုက်ကြ၏။ မတ်တီက ဘေးတစ်ဖက်တစ်ချက်ကို စောင်းငဲ့ကြည့်ပြီးနောက် စကားစပြော၏။ အနီးအပါးမှ ဖြတ်သွားသူများကြားလျှင် နားမလည်စေရန် အင်္ဂလိပ်လို ပြောနေသည်။

မောင်ရိုးသည် မတ်တီစကားဆုံးအောင် နားထောင်နေရသော်လည်း စိတ်မသက်မသာ တုန်လှုပ်ချောက်ချားစွာဖြင့် နားထောင်နေရသည်။ မတ်တီစကားဆုံးလျှင် ခေါင်းကိုတွင်တွင်ခါယမ်းရင်း ငြင်းပယ်လိုက်သည်။

"မဖြစ်နိုင်ဘူး။ ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

မတ်တီသည် တောက်ပနေသော မျက်လုံးရွဲကြီးများကို တစ်ချက်မှေးလိုက်ပြီးနောက် အပြုံးမပျက်၊ အချိုမပျက်သော စကားဖြင့် ထပ်မံတိုက်တွန်းလိုက်ပြန်သည်။

"စာချုပ် မိတ္တူကလေး ကူးပေးရုံနဲ့ ရှင့်မှာဘယ်လိုမှ အန္တရာယ် မကျရောက်စေဘူးဆိုတာ ကျွန်မ ကျိန်ပြောရဲပါတယ်ရှင်....။ ကျွန်မဟာ ပြင်သစ်တွေနဲ့ ခင်သလိုမြန်မာတွေကိုလည်း ချစ်တာပဲ။ ဒုက္ခရောက်မယ့် အလုပ်မျိုးကို ကျွန်မ လုပ်ပါ့မလားလို့။ ရှင့်အနေနဲ့ ကင်းဝန်မင်းကြီးအိမ်မှာ မြန်မာလို ပြန်ပေးနေရင်း အလွယ်တကူ ကူးပေးနိုင်ပါတယ်။ ရမယ်မဟုတ်လားဟင်"

မတ်တီ၏ အရည်လဲ့နေသော မျက်လုံးရွဲကြီးများသည် မောင်ရိုး၏ အသည်းနှလုံးကို ဝင်ရောက်ပွတ်တိုက်သွားကြသည်။ မတ်တီ၏ ချိုသော၊ ညှိုသော၊ ခရာသော စကားတို့သည် စာရေးကလေး မောင်ရိုး၏ စိတ်ကို အရည်ပျော်သွားစေပြီ။ ချစ်သော သူကို အလိုလိုက်တတ်ကြသူတို့ ဓမ္မတာအတိုင်း မောင်ရိုးက ပီတိသံဖြင့် ဆိုလိုက်သည်။

"ရပါစေ့မယ်ဗျာ....ရပါစေ့မယ်"

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၇။ ခင်ခင်ကြီးကို သေတွင်းသို့ ပို့ခဲ့သူ

မတ်တီသည် ယနေ့ နံနက်အထူးစိတ်လှုပ်ရှားနေ၏။ သည်နေ့မှ မိုးကလည်း သဲသဲမဲမဲ ရွာနေသဖြင့် မိုးကိုပင်အပြစ်တင်နေမိသေးသည်။ စိတ်မရှည်နိုင်တော့သဖြင့် မိုးရွာထဲမှာပင် ရောဝတီဖလုတ်တီလာ သင်္ဘောဆိုက်ကပ်ထားရာသို့ ထွက်လာခဲ့သည်။ သည်သင်္ဘောမှာ မန္တလေးနှင့် မြီတီးချွဲအောက်မြန်မာပြည်အကြား အချိန်မှန်ပြေးဆွဲနေသော သင်္ဘောဖြစ်၏။

သူ လာရောက်ခြင်းမှာ အီတလီကောင်စစ်ဝန် ချီဗေလိုင်းယား အင်ဒရီနိုနှင့် နှစ်ယောက်ချင်းတွေ့ဆုံရန်ဖြစ်သည်။ အင်ဒရီနိုမှာ ရောဝတီ ဖလုတ်တီလာ သင်္ဘောကိုယ်စားလှယ်ဖြစ်သလို ဘုံဘေဘားမားထရိတ်ဒင်း ကော်ပိုရေးရှင်းအတွက်လည်း ကိုယ်စားလှယ်ဖြစ်သည်။

သူသည် မတ်တီကို တွေ့သောအခါ ဝတ်ကျေတန်းကျေပင် နှုတ်ဆက်၏။ မတ်တီမှာ ရွှေနန်းတော်မှအတွင်းလူလည်းဖြစ်၏။ ခုတစ်လော ပြင်သစ်တို့နှင့် အကြောင်းပေါင်း သင့်နေသောကြောင့်လည်း မတ်တီကို သဘောမကျလှပေ။ သူတို့သည် တာတိုက်ဗိုလ်၏ အခန်းကျဉ်းထဲတွင် တွေ့ဆုံမိကြသည်။

www.burmeseclassic.com



မတ်တီသည် လာရင်းကိစ္စကို ချက်ချင်းမပြောသေးဘဲ ဘုံဘောဘားမား ကိစ္စနှင့် အစပျိုးလိုက်သည်။

"ဘုံဘေဘားမားကိစ္စကြောင့် အင်္ဂလိပ်နဲ့မြန်မာစစ်ဖြစ်ကြတော့မှာလား"

အင်ဒရီနီက ပခုံးတစ်ချက်တွန့်ပြီး ပြန်ဖြေ၏။

"ခင်ဗျားကလည်း ဒါတွေ အားလုံး သိနေတာပဲလား။ အင်္ဂလိပ်တွေကတော့ စစ်မဖြစ်ချင်ကြပါဘူး။ ဒီကိစ္စကို စိတ်မဝင်စားလှဘူး။ သူတို့မှာ ဒီထက်အရေးကြီးတဲ့ ကိစ္စတွေ ရှိနေသေးတယ်လေ"

"ဒါပေမယ့် ပြင်သစ်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်မိတ္တူကို သူတို့မြင်ရရင် ဘယ့်နှယ်နေမလဲ။ ဝန်ရှင်တော်မင်းကြီးနဲ့ ဘုရင်ခံချုပ်တို့က စိတ်မဝင်စားဘူးလို့ ရှင် ပြောနိုင်မလား"

အင်ဒရီနီသည် အံ့အားသင့်သွား၏။ မတ်တီအနေဖြင့် ဤမျှ အစွမ်းအစရှိလိမ့်မည်ဟု သူ မထင်မှတ်ခဲ့။ သူသည် မတ်တီကို စူးစူးစိုက်စိုက်ကြည့်ပြီး ခပ်လောလောပင် ပြောလိုက်သည်။

"ပြင်သစ်နဲ့ ချုပ်ဆိုတဲ့ စာချုပ်လား၊ ဒါက ကုန်သွယ်ရေးသက်သက်ပဲဆို၊ ပါရီမှာရှိတဲ့ ဗြိတိသျှသံအမတ်ကိုတောင် စုံစမ်းခိုင်းပြီးပြီ။ ဒီအတိုင်းပဲလို့ သိရတယ်။ မဟာဝန်ရှင်တော်မင်းကြီးကတော့ ကျုပ်ကိုထပ်ပြီး စုံစမ်းခိုင်းထားသေးတယ်။ ခုထိတော့ ဘာမှ မသိရသေးဘူး"

"နို–အီတလီနဲ့ကကော" မတ်တီက မေးပြန်သည်။

"အီတလီနဲ့လည်း ဘာစာချုပ်မှ မချုပ်ဖြစ်ပါဘူး။ သူတို့လည်း ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်နေရတယ်လေ"

မတ်တီသည် သူ့အိတ်ထဲမှ စာရွက်စာတမ်းများကို ဆွဲထုတ်ပြီး ဖြန့်လိုက်သည်။ ပြီး....အင်ဒရီနီကို လှမ်းကြည့်သည်။ သူ့လက်ထဲမှ စာရွက်များကို မျက်လုံးကျွတ်ကျမတတ် ကြည့်နေသဖြင့် အင်ဒရီနီ၏ စိတ်ကို ဆွပေးလိုက်ပြန်သည်။

"အင်း...ပြင်သစ်တို့ကို မီးရထားလမ်းဖောက်လုပ်ခွင့် ပြုလိုက်ပြီ။ ဧရာဝတီမြစ်ထဲမှာ ပြင်သစ်သင်္ဘောတွေ ခုတ်မောင်းခွင့် ရသွားပြီ။ ပြင်သစ်ကြီးကြပ်တဲ့ ဘဏ်တိုက်တွေဖွင့်ပြီး ငွေတွေချေးငှားတော့မယ်။ ပြီးတော့ ပြင်သစ်နန်းရင်းဝန် အမ်ဂျူးဖယ်ရီဆီက ကင်းဝန်မင်းကြီးထံ စာထဲမှာ ဘုံဘေကနေပြီး မြန်မာနိုင်ငံထဲကို လက်နက်တွေ တင်သွင်းဖို့အစီအစဉ်တွေ လုပ်နေတယ်ဆိုတာတွေသိရင်...."

www.burmeseclassic.com

www.burmeseclassic.com



မတ်တီသည် စကားကို ဆုံးအောင်မပြောဘဲ သည်တွင်ရပ်ထားပြီး အင်ဒရီနီကို အောင်နိုင်သူတို့ အပြုံးမျိုးနှင့် မခိုးမခန့် ကြည့်လိုက်သည်။

အင်ဒရီနီမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဘာပြောတယ်၊ လက်နက်တင်ခွင့် ဟုတ်လား။ အင်္ဂလိပ်တွေက ဘယ်တိုင်းပြည်က လက်နက်တင်တာကိုမှ သဘောတူမှာ မဟုတ်ဘူး"

သူသည် ပြောရင်း မတ်တီလက်ထဲမှ စာရွက်များကိုရယူရန် ကြိုးစား၏။ သို့သော် မတ်တီက လျင်သည်။ သူ့လက်ကို နောက်ကျောဘက်သို့ လှစ်ခနဲပို့လိုက်သည်၊

"ဒါတင် ဘယ်ကဦးမလဲ။ ပတ္တမြား တူးဖော်ခွင့်၊ ဘုံဘေဘားမား သစ်လုပ်ငန်း တစ်နည်းနည်းနဲ့ ပျက်ပြယ်သွားရင် ပြင်သစ်က အဲဒီလုပ်ငန်းကို လက်ခံဖို့ အဆင်သင့်ပဲဆိုတဲ့အကြောင်းတွေလည်း ပါသေးတယ်"

သူလိုချင်သော သတင်းတွေအားလုံး မတ်တီလက်ထဲမှာ ရှိနေပြီ။ ဒါတွေရအောင် ဘယ်လိုလုပ်ရမလဲ။ သူသည် အကြံထုတ်ရင်း နဖူးမှ ချွေးစေးများကို သုတ်နေသည်။

မတ်တီက စူးစမ်းစကား ဆိုလာသည်။

"တကယ်လို့ ဒီမိတ္တူတွေအားလုံး အင်္ဂလိပ်လက်ထဲရောက်သွားရင် ပြင်သစ်တွေအတွက် ဘယ်လိုဖြစ်သွားနိုင်သလဲရှင်"

သည် စာရွက်စာတမ်းများကို ရရှိသွားပါက အင်္ဂလိပ်တို့သည် အရေးယူပါဝင်လာလိမ့်မည်ဆိုသော အချက်ကို အင်ဒရီနီသည် မပြောဝံ့ ဖြစ်နေသည်။

အင်ဒရီနီအနေဖြင့် သည်စာရွက်စာတမ်းများကို လက်လွှတ်မခံနိုင်ပေ။ သည်စာချုပ်များကိုသာ အင်္ဂလိပ်တို့အား ပေးအပ်နိုင်ပါက သူ့အတွက် ရရှိမည့် အကျိုးအမြတ်များကို သူတွက်ချက်ပြီး ဖြစ်သည်။ အင်္ဂလိပ်တို့အား ကူညီသူတစ်ဦးအနေဖြင့် အရေးပေးခြင်းခံရမည်။ ယခုလက်ရှိ မိမိလုပ်ငန်းများသည်လည်း အရှိန်မပျက် ဆက်လုပ်သွားနိုင်မည်။ အကယ်၍ ပြင်သစ်တို့သာ မြန်မာနိုင်ငံတွင် အပေါ်စီးရသွားပါက မိမိလုပ်ငန်းများ အားလုံးကို လက်လွှတ်ဆုံးရှုံးရပေတော့မည်။ ဤသို့ အတွက်ဆန်ဆန်တွေးမိသည်။ သို့သော် သည်စာရွက်စာတမ်းများ ရရန်လည်း မတ်တီအမေးကို သူ ကျေနပ်အောင် ဖြေရပေမည်။ ထို့ကြောင့် သူသည် အရဲစွန့်၍ ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂလိပ်ကတော့ ဒီကိစ္စတွေကို လက်မှိုက်ကြည့်နေမှာ မဟုတ်ဘူး ပေါ့။ ဒါပေမယ့် သူတို့စောစောပိုင်းက ရည်ရွယ်ထားသလို မြန်မာမင်းသား တစ်ပါးပါးကို တင်မြှောက်ပေးခဲ့မယ်ဆိုရင် ဒီစာချုပ်တွေကို ဆက်ပြီး လက်ခံကြမှာပါ။ အင်္ဂလိပ်တွေက အထက်မြန်မာပြည်ကို သိမ်းပိုက်ရင်တော့ ဒီစာချုပ်တွေကို အသိအမှတ်ပြုဖို့ မလိုပေဘူး။ ဒါ့ကြောင့်လည်း ပြင်သစ်က မြန်မာအစိုးရကို တိုက်တွန်းနေတာပေါ့။ ပြင်သစ်ရယ်၊ အီတလီရယ်၊ ဂျာမဏီရယ် သုံးနိုင်ငံပူးပေါင်းပြီး မြန်မာနိုင်ငံကိုကြားနေနိုင်ငံအဖြစ် ကြေညာပေးရေး စာချုပ်ချုပ်ဆိုပါလို့။ မြန်မာနိုင်ငံကို ကြားနေနိုင်ငံအဖြစ် လက်ခံလိုက်ရင်တော့ အင်္ဂလိပ်က ဘာမှနှောင့်ယှက်နိုင်မှာ မဟုတ်တော့ဘူး...."

မတ်တီသည် နောက်ကျောဘက်တွင် ဝှက်ထားသော မိတ္တူအားလုံးကို အင်ဒရီနိုလက်သို့ ကမ်းပေးလိုက်၏။ အင်ဒရီနိုမှာ ဝမ်းသာလွန်းသဖြင့် စာရွက်များကို ကိုင်ထားသော သူ့လက်များပင် တုန်ယင်နေကြသည်။

သူ ပေးလိုက်သော စာရွက်စာတမ်းများသည် သူချစ်သော စုဖုရားလတ်နှင့်တကွ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့လက်အောက် ကျွန်ဘဝရောက်စေမည့် လောင်စာဖြစ်သည်ကိုမူ မတ်တီတစ်ယောက် မသိလေရော့သလား....။

မတ်တီသည် ဘွန်ဗီလိန်ကို ပိုင်ဆိုင်လိုမှုကြောင့် တစ်ချိန်က ခင်ခင်ကြီးနှင့် သီပေါဘုရင်တို့ စာတ်လမ်းကို ထုတ်ဖော်ပေးခဲ့ပြီ။

ယခုမူ ဘွန်ဗီလိန်ကို စွန့်လွှတ်ခဲ့ရခြင်းအတွက် လက်စားချေရန် နန်းတွင်းလျှို့ဝှက်ချက်ကြီးတစ်ရပ်ကို ရန်သူ့လက်သို့ ဝကွက်၍ အပ်ခဲ့ပြန်သည်။

သည်လို လက်စားချေလိုက်ခြင်းဖြင့် သူ့ရင်တွင်းမှ ဝေဒနာများ သက်သာသွားရဲ့လား။ ပျောက်ကွယ်သွားပြီလား။ သည်အဖြေကိုမူ မတ်တီကိုယ်တိုင်သာလျှင် သိနိုင်ပေလိမ့်မည်။

အမှန်ဆိုသော် မတ်တီသည် သွေးအေးအေးဖြင့် ရက်စက်နိုင်သူပေ ပဲ။ ခင်ခင်ကြီး ပြဿနာကိုပဲကြည့်ပါ။ ခင်ခင်ကြီးကို သေတွင်းသို့ ပို့ခဲ့သူမှာ မတ်တီပင်ဖြစ်၏။ သည်ကိစ္စကို သူပဲ ဖော်ခဲ့သည်။

သူ့စနက်ဖြင့် မရှုမလှ ခံသွားရရှာသော ခင်ခင်ကြီး၏ နိဒါန်းကို ကြည့်ပါဦး။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# ၂၈။ အို … ချစ်သော ရွှေနန်းရှင်ရယ်

ရတနာပုံနေပြည်တော်တစ်ခုလုံးသည် ဆီမီးရောင်စုံဖြင့် ထိန်ထိန်လင်းနေသည်။ တီးသံမှုတ်သံတို့သည် ဘဝဂ်သို့ပင် လျှံလာသည်။ "ထီးနန်းလုပ်ကြံမှုကြီး"ဟု သမုတ်ထားသော ကိစ္စတွင် ပါဝင်သူများကို ထိုက်တန်ရာအပြစ်ဒဏ် အသီးသီးပေးခဲ့ပြီးဖြစ်၍ ခါတိုင်းကဲ့သို့ပင် ပွဲလမ်းသဘင်များဖြင့် စည်ကားလျက်ရှိသည်။ မြို့သူမြို့သားများသည် သဘင်ပွဲများတွင် အတိုးချကာ ပျော်ရွှင်နေကြလေသည်။

မိဖုရားခေါင်ကြီး စုဖုရားလတ်မှာ သည်တစ်ပွဲတွင်လည်း အနိုင်ရသူမို့ အပျော်ကြီးပျော်လျက်ရှိသည်။ ယခုအခါတွင် စုဖုရားလတ်သည် သီပေါမင်းတရားအား မျက်စိအောက်မှ အပျောက်မခံတော့ချေ။ သီပေါမင်းအပါး တယုတယ ပြုစုရင်း ခစားလျက်ရှိသည်။ သည်လိုအချိန်များတွင် သီပေါမင်းတရားသည် မိဖုရားကြီးစိတ်နှင့် ကြိုက်ညီအောင်နေသော်လည်း တစ်ပါးတည်းစံစား နေရသောအခါများတွင်မူ တစ်စုံတစ်ရာကို တွေးလျက် ငေးငေးငိုင်ငိုင်ရှိလှသည်။

ယနေ့ညတွင် သီပေါမင်းတရားသည် တစ်ပါးတည်းရှိနေ၏။ လက်နှစ်ဖက်ကို နောက်ပစ်ကာ ဟိုမှသည်မှ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားသည်။ "မိမိနှင့် ခင်ခင်ကြီးတို့ကိစ္စမှာ ရှားစွာ ပိရိသေဝပ်ခဲ့ကြပါလျက် အမှတ်မထင် ကြမ္မာဆိုးဝင်လိုက်ခြင်းဖြင့် အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်သွားရသည်။ အေးအေးသက်သာနှင့် ပြီးရမည့်ကိစ္စသည် ယခုဖြင့် သွေးစွန်းခဲ့ရပေပြီ။ မိမိ၏ ရည်ရွယ်ချက် ဗိမာန်ကြီးမှာ အခြေအမြစ်မှ ပြိုပျက်သွားခဲ့ပြီ။ ပြိုပျက်ရုံသာမက အစအနပင်မကျန် မီးသင့်ခဲ့ချေပြီ"

သို့ တွေးတောရင်း သီပေါမင်းတရားသည် ပြင်းစွာ ထိတ်လန့်တုန်လှုပ်သွားရပြန်သည်။

"ခင်ကြီး...ခင်ကြီး...ကံဆိုးရှာပေတယ်"ဟု နှုတ်မှရေရွတ်ကာ စိတ်နှလုံး လေးလံလှသဖြင့် သလွန်ပေါ်သို့ ကိုယ်ကိုပစ်လှဲချလိုက်၏။ ပွဲလမ်းသဘင်များမှ တီးမှုတ်သံများကို နားမှာမခံသာသဖြင့် နားနှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် ပိတ်ထားလိုက်မိသည်။

ခလုတ်ထိတော့ အမိတရချေပြီ။ သီပေါမင်းတရားသည် ဗုဒ္ဓဘုရားမြတ်အား စိတ်အာရုံဖြင့် ဝတ်ပြုလိုက်၏။ ရှင်တော်ဘုရားမှာ တင့်တယ်သပ္ပာယ်လှပေစွ။ ဗုဒ္ဓ၏ မေတ္တာဓာတ်တော် သူ့ကိုပက်ဖျန်းလိုက်သည်နှယ် သူ့ရင်သည် တည်ငြိမ်အေးချမ်းသွားလေသည်။

* * *

ကျဉ်းမြောင်း၍ မြင်းဈေးနံ့တို့ လှိုင်နေသော အခန်းထဲဝယ် ဆင်းရဲငြိုငြင်စွာ နေခဲ့ရရှာသော ခင်ခင်ကြီးသည် လေဟုန်စီးကာ ပျံ့ဝဲလာသော ဆိုင်းသံဗုံသံများကို မပြတ်ကြားနေရ၏။ ပျော်ရွှင်ပွဲများအကြား၊ ဟိုမှသည် မှ သူးလာလှုပ်ရှားနေသော လူထုကြီးကိုလည်း မျက်စိအာရုံဖြင့် ပုံဖော်၍ ကြည့်နေမိသည်။

"ရွှေနန်းရှင်ဘုရားနဲ့ မိဖုရားကြီးတို့မှာတော့ သဘင်ပွဲတွေခံလို့ အင်မတန်ပျော်ရွှင်နေကြပေမှာပဲ။ ရွှေနန်းရှင် ဘုရားရယ်၊ ခင်ကြီးကို သတိမှရသေးရဲ့လား။ ခင်ကြီးကို မြတ်နိုးလှချည်ရဲ့။ မြောက်နန်းမိဖုရားအရာ ချီးမြှင့်ပါမယ်...ဆို။ ခုတော့ ခင်ကြီးကို မြတ်နိုးလွန်းလို့ သေမိန့်ကို ချီးမြှင့်လိုက်တာလား ဘုရား။ ခင်ကြီးကို စုထားက အမျက်တော်ရှရင် ရွှေနန်းရှင်ဘုရားက အသက်ပေးပြီး ကာကွယ်ပါ့မယ်ဆို။ ခုတော့ မျက်နှာလွှဲခဲပစ် လုပ်လိုက်ပါပေ့ ရွှေနန်းရှင်ရယ်...."

သူသည် ဆောက်တည်ရာမရတိုင်း ရင်တွင်းမှ သည်းလိုပင်ရှုန်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ကာ ငိုညည်းခဲ့ရသည်။ နှလုံးသား၌ အနာတရဖြစ်နေသော ဒဏ်ရာဒဏ်ချက်တို့သည် သူ့မျက်နှာပေါ်၌ ထင်ဟပ်၍နေ၏။ ရုပ်မှာချုံးကျသွား၏။ နားထင်များပင် ချိုင့်ဝင်နေသည်။

စိတ်မချမ်းမြေ့မှုများကို နှိပ်ကွပ်ရန် သူ့တွင်ချစ်ခြင်းမေတ္တာလက်နက်သာ ရှိသည်။ သည်လက်နက်၏ အစွမ်းသည် သူ့ရင်ထဲတွင် တလှိုက်လှိုက်ပွလောင်နေသော အနိုးအလျှံများကို ငြိမ်းသတ်နိုင်စွမ်းမရှိပါတကား။ ဘဝပီတိ ရှားပါးလှသော သူ့အဖြစ်ကို တွေးရင်း ခင်ခင်ကြီးသည် ကောက်ရိုးများပေါ်သို့ ကိုယ်ကို ပစ်လှဲလိုက်တော့သည်။

မည်မျှကြာသွားသည်မသိ။ မြင်းဇောင်း၏ နောက်ဘက်ဆီမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကြီးကို ကြားလိုက်ရသောအခါ လန့်ဖျပ်သွားသည်။ စောစောက အားငယ်နေသောစိတ်ကြောင့် သူသည် ပို၍တုန်လှုပ်ချောက်ချားရသည်။ ကြက်သီးများ တဖြန်းဖြန်းထလာသဖြင့် မျက်လုံးကိုတအားမှိတ်ထားလိုက်၏။

သည်စဉ် ခြေသံများ တရုပ်ရုပ်ထွက်ပေါ်လာပြန်၏။ ခြေသံများသည် တဖြည်းဖြည်း နီးလာပြီး သူ့အခန်းကျဉ်းရှေ့တွင် တန့်သွားသည်။ ခင်ခင်ကြီးသည် ငေါက်ကနဲ ထထိုင်မိလျက်သား ဖြစ်နေ၏။ မှောင်ထဲ၌ပင် သူမျက်လုံးအစုံကို တံခါးပေါက်ရှိရာသို့ မူလိုက်၏။ အခန်းတံခါးပွင့်သွားသည်။ တံခါးဝတွင် သူ့ကို ထမင်းပို့နေကျ မိန်းမကြမ်းကြီး ပေါ်လာသည်။ သူ လက်ထဲရှိ ရေနံချေးမီးခွက်မှ မီးစွယ်သည် သေသောက်ကျူးသူကဲ့သို့ ယိမ်းထိုးနေရာ အရုပ်ဆိုးသော သူ့မျက်နှာကို ကြောက်စရာကောင်းအောင် တမင်ဖန်တီးပေးသကဲ့သို့ပင်။ မိန်းမကြမ်းကြီးသည် လက်ထဲမှ မီးခွက်ကို မြှောက်ကာ မင်းလုလင်တစ်ဦးကို ခင်ခင်ကြီး ရှိရာသို့ ညွှန်ပြပေးနေသည်။

မင်းလုလင်သည် အခန်းတွင်းသို့ ဝင်လာပြီးနံရံတွင် ချည်ထားသောလက်ပြန်ကြိုးမှ ကြိုးစကို ဖြုတ်လိုက်သည်။ ခင်ခင်ကြီးသည် ထိုသူ လှုပ်ရှားသမျှ အငေးသား ကြည့်နေရသည်။ မင်းလုလင်သည် ဖြုတ်ပြီးသား ကြိုးစကို လက်မှာကိုင်လျက် သာသာပြော၏။

"ခင်ကြီးကို တိုင်တားဘိုးဘိုးက အခေါ်ခိုင်းလိုက်လို့ အခုလိုက်ခဲ့ပါ"

ခင်ခင်ကြီး၏ ရင်ထဲ၌အတွေးတို့ ရှုပ်ထွေးကာ မလှုပ်ချင်လှုပ်ချင်နှင့် မင်းလုလင်နောက်သို့ လိုက်ပါလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏နောက်ဘက်လှေကားနှင့် မနီးမဝေးသို့ ရောက်သောအခါ မင်းလုလင်က ရပ်လိုက်သည်။ အနီးရှိသစ်ပင်တွင် ကြိုးစကိုချည်ခဲ့ပြီးနောက် မင်းလုလင်သည် နောက်ဖေးလှေကားမှ တက်သွားလေသည်။

မိနစ်အနည်းငယ်ကြာသွား၏။ နီကြန့်ကြန့်မီးရောင်တစ်ခု လှေကားထိပ်တွင် ပေါ်လာသည်။ တိုင်တားမင်းကြီးသည် ထိုမီးရောင်လို အားပြု၍ လှေကားအတိုင်း ဆင်းလာကာ သူ့ဆီသို့ တရွေ့ရွေ့လာနေသည်ကို ခင်ခင်ကြီး မြင်ရသည်။ မင်းကြီးကို မြင်ရသဖြင့် ခင်ခင်ကြီးအားတက်သွားလာသည်။ ခုအခါတွင် တိုင်တားဘိုးဘိုးသည်သာလျှင် သူ့အတွက် အားထားရာဖြစ်သည် မဟုတ်ပါလား။

"ဘိုးဘိုး အခေါ်ခိုင်းတာ ခင်ကြီးကို သည့်ထက်ကောင်းတဲ့နေရာမှာများ ပြောင်းထားမလို့လား။ ရွှေနန်းရှင်ဘုရားသိသွားလို့ အချုပ်အနှောင်ထားရာက လုံးဝလွှတ်ပစ်တော့ မလို့လား"

သည်သို့ လားပေါင်းများစွာသော အမေးပုစ္ဆာများသည် ခင်ခင်ကြီး၏ ရင်တွင်းဝယ် သူ့ထက်ငါ အလုအယက် မေးမြန်းနေကြသည်။ တိုင်တားမင်းကြီး နီးကပ်လာသည်နှင့်အမျှ သူ၏ နှလုံးသည်းပွတ်တို့သည် တလှပ်လှပ်လှုပ်ခါနေသည်။

တိုင်တားမင်းကြီးသည် ခင်ခင်ကြီးအနီးသို့ ရောက်လာ၏။ သူသည် မျက်လုံးအာရုံကို ပိုမိုစူးစိုက်ကြည့်ရင်း လေးလေးတွဲ့တွဲ့ ညည်းညူကာ ခေါင်းအဆတ်ဆတ် ညိတ်လျက်ရှိသည်။

"ဩော်....ခင်ကြီး....ခင်ကြီး....ကံဆိုးလှတဲ့ မိန်းကလေးရယ်"

သည်စကား၏ အဓိပ္ပာယ်ကို ခင်ကြီးကောင်းစွာ ဖွင့်ဆိုတတ်၏။ ညှို့နဲ့ အားနည်းသော အလင်းရောင်၌ မကြည်မသာ မှုန်မှိုင်းသော မင်းကြီး၏ မျက်နှာမှာ သူ့အတွက်ဝမ်းသာဖွယ်သတင်းကို ဆောင်ခဲ့သည်မဟုတ်ကြောင်း ကောင်းစွာ သဘောပေါက်၏။ ထိုမျက်နှာမှ ထိုးဖောက်၍မင်းကြီး၏ အတွင်းစိတ်ကိုလည်း မြင်နေရသည်။

သို့သော် ရေနစ်သူသည် ကောက်ရိုးမျှင်ကိုသော်မှ အားကိုးတ[illegible] ဆုပ်ကိုင်တတ်သေးသည် မဟုတ်ပါလား။ ခင်ခင်ကြီးသည် တိုင်[illegible]မင်းကြီး၏ ခြေအစုံကို နဖူးဖြင့်တိုက်လျက်...

"ခင်ကြီးကို လွှတ်တော့မှာလား ဘိုးဘိုး၊ ခင်ကြီးကို လွှတ်တော့မည်[illegible] လား"ဟု အားမလိုအားမရ ထပ်ကာတလဲလဲ မေးနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်တားမင်းကြီးသည် မည်သို့မျှ စကားမတုံ့ပြန်နိုင်။ ခင်ခင်ကြီး၏ မျက်နှာကိုသာ ကြင်နာရိပ်လွှမ်းသော အကြည့်ဖြင့် အတန်ကြာကြည့်နေ၏။ ထို့နောက် ခေါင်းကို ညင်ညင်သာသာ ခါရမ်းပြီး တိုးတိတ်သော အသံဖြင့် ပြောတော့သည်။

"လွှတ်မိန့် မရပါဘူး မိန်းကလေးရယ်။ ဘုရင့်သွေးသားသန္တေကို လွယ်ထားရတဲ့ မိန်းမများကို သတ်မိရင် ထီးစဉ်နန်းဆက် ပျက်သုဉ်းတတ်တယ်ဆိုတဲ့ထုံးကြောင့် ခင်ကြီးကိစ္စကို ဘိုးဘိုးတာဝန်ယူပြီး ဆိုင်းထားမိတယ်။ ဒါကို မိဖုရားကြီး သိသွားလို့အတော်ပဲ အမျက်တော်ထွက်နေတယ်။ ဘိုးဘိုးကိုလည်း ပြစ်တင်မောင်းမဲတယ်။ ဘိုးဘိုးမှာ အထူးသဖြင့်မှတ်သူမို့သာ ရာဇဝတ်ပြစ်ဒဏ်မကျရောက်တာ။ အရှင့်အာဏာ ကျွန်မှာတည်စေဆိုတာမို့ ဘိုးဘိုးမကွယ်ဝှက်ထားနိုင်တော့ဘူး မိန်းကလေးရယ်။ ချက်ချင်းဆို ချက်ချင်းမှကြိုက်တဲ့ စုဖုရား မဟုတ်လား။ ငါ့မြေးကို ဒီညပဲ ပါးကွက်အာဏာသားတွေ လက်ထဲအပ်ရပါတော့မယ်"

"အို--မြန်လှချည်လား ဘိုးဘိုးရယ်၊ ရွှေနန်းရှင်ရဲ့ ရင်သွေးတော် ကို မွေးဖွားပြီးသည်အထိပင် မစောင့်တော့ဘူးတဲ့လား။ စုဖုရားက အမျက်တော်ရှရင် ရွှေနန်းရှင်ကိုယ်တိုင်အသက် အသေခံပြီး ကာကွယ်မယ်ဆို၊ ခုတော့ သူ့နှုတ်ဖျားက စကားအလှတို့လည်း လွင့်စဉ်ကုန်ပြီထင်ပါရဲ့၊ ခင်ကြီးကို ရက်စက်နိုင်ပါပေရဲ့။ ကြင်နာလှချည်ရဲ့ဆိုတဲ့ စကားတွေလည်း မုသားဖြစ်ကုန်ပါပေါ့လား"

ခင်ခင်ကြီးသည် ရှိုက်သံနှောကာ ပြောရင်း တိုင်တားမင်းကြီး၏ ခြေအစုံကို နဖူးနှင့်တိုက်၍ နောက်ဆုံးဆန္ဒကို တောင်းခံရှာသည်။

"ခင်ကြီး မသေမင် ရွှေနန်းရှင်ဘုရားကို တွေ့ပါရစေဘိုးဘိုးရယ်"

တိုင်တားမင်းကြီးသည် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြီး ငြင်းဆိုသည်။

"မတွေ့ချင်ပါနဲ့တော့ မိန်းကလေးရယ်၊ အသနားခံလို့လဲပိုရှုံ ရှိတော့မပေါ့။ ဘိုးဘိုးနဲ့တွေ့တုံးက ခင်ခင်ကြီး အသက်ရှင်လျက် ရှိသေးသလားလို့ ဘုရင်မင်းမြတ်က မေးတယ်။ ဘိုးဘိုးက မှန်ပါလို့ လျှောက်တင်တဲ့အခါ သည်မိန်းကလေးအကြောင်း နောက်ထပ် မကြားလိုဘူးလို့ မိန့်ကြားခဲ့တယ် မိန်းကလေး"

ရက်တရက်မှ ခင်ခင်ကြီးအဖို့ မီးသေတောင်သည် ရက်ခြည်း အသက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကာ ပေါက်ကွဲသွားသည်ဟု အာရုံ၌ ထင်မှတ်လိုက်၏။ ထို့ကြောင့်ဝင်မင်သက်မိကာ မင်းကြီး မျက်နှာကို ငေးနေမိသည်။ အတန်ကြာသောအခါ ခင်ခင်ကြီး၏ခေါင်းသည် တဖြည်းဖြည်း ငိုက်ကျသွား၏။ နှုတ်ဖျားမှ တစ်ခွန်းတည်းသော စကားသည်သာ ညည်းညည်းညူညူ ထွက်ပေါ်လာသည်။

"ရွှေ--နန်း--ရှင်--ရယ်"

ခင်ခင်ကြီး၏ လှိုက်ဖိုတုန်ယင်သော အသံသည် ကြားရသူတိုင်တားမင်းကြီး၏ နှလုံးအိမ်သို့တိုင် ထိုးဖောက်ဝင်ရောက်သွားသည်။ တိုင်တားမင်းကြီးသည် ဦးခေါင်းအောက်စိုက်ထားသော ခင်ခင်ကြီး၏ မျက်နှာသွင်ပြင်ကို မျက်လုံးအစုံဖြင့် မမြင်ရစေကာမူ စိတ်အာရုံဖြင့်မူ မြင်နေရ၏။ အလွန်အမင်း ကြေကွဲဝမ်းနည်းနေသော သဏ္ဌာန်--၊ ယူကျုံးမရသော သဏ္ဌာန်--၊ ရှက်ခြင်း၊ ခံပြင်းခြင်းတို့အပြန်ပြန် လူးလာခတ်နေသော ဝေဒနာကိုလည်း အလိုလိုပင် မှန်းယူခံစားရပြီးသား ဖြစ်နေသည်။ နှစ်ဦးစလုံးပင် တိတ်ဆိတ်နေကြသည်။

တိုင်တားမင်းကြီးသည် အတန်ကြာအောင် စကားမပြောဘဲ စဉ်းစားတွေတောနေပြီးမှ တည်တည်ငြိမ်ငြိမ်ပင် တရားချရှာလေတော့သည်။

"ဘယ်သူမဆို တစ်နေ့တော့ သေကြစမြဲပင်။ ဝိပါက ဝဋ်မကင်းလို့သာ ခုလို ကွပ်မျက်ခံရပေတယ်လို့ အောက်မေ့ပေတော့။ သေခြင်းကင်းရာကတော့ နိဗ္ဗာန်ပေပဲ။ မသေခင် ဘဝကူးကောင်းအောင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အာရုံပြုပေတော့ ငါ့မြေးရယ် ကဲ...ဘိုးဘိုးလည်း သွားတော့မယ်"

ဤသို့ ဆိုးမကာ ခင်ခင်ကြီးကို ကျောခိုင်းလျက် အိမ်ကြီးဆီသို့ ထွက်ခွာသွားတော့သည်။

ခင်ခင်ကြီးသည် တိုင်တားမင်းကြီး၏ နောက်ကျောပြင်ကို ငေးမောကြည့်ရင်း လက်အုပ်ချီလိုက်၏။

ထိုစဉ်--

"ကဲ မိန်းကလေး အသင့်သာ ပြင်ပေတော့"ဟူသော အသံကိုသူ့နောက်ဘက်ဆီမှ ကြားလိုက်ရ၏။ အသံမှာမူလအသံမဟုတ်၊ တမင်အသံထန်အောင် ကျောဟန် ပြုဘိသို့ရှိ၏။

ခင်ခင်ကြီးသည် လက်အုပ်ချီထားလျက်မှ အသံလာရာဘက်သို့ ငဲ့စောင်းကြည့်လိုက်သည်။ သူ့အမြင်အာရုံတွင် ထင်ဟပ်လာသည်တို့ကား--

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အထက်ပိုင်းဗလာ၊ ပုဆိုးကို ခါးတောင်းမြှောင်အောင် ကျိုက်ထားသော ယောကျ်ားကြီးနှစ်ယောက်၊ ပါးစပ်တွင် ကွမ်းအပြည့်ဝါးလျက်၊ တစ်ယောက်သောသူ၏ သန်မာသော လက်ထဲတွင် ရှားသားနှစ်တုတ်ကြီးတစ်ချောင်း ကိုင်ထားသည်။ ကျန်တစ်ယောက်၏ လက်ထဲတွင်မူ ဝါးလုံးနှစ်လုံး ဖျင်နီအိတ်ရှည်တစ်လုံး ရှိသည်။ သူတို့အနီးတွင် လူတင်ဝါးကပ်တစ်ခု ချထား၏။ သည်အရာအားလုံးကို ရေနံချေးမီးခွက်၏ အလင်းရောင်ဖြင့် မြင်လာရသည်။

ရုတ်တရက်မှ ခင်ခင်ကြီးသည် ကြက်သီးဖြန်းခနဲ ထသွား၏။ သို့သော် တိုင်တားဘိုးဘိုး၏ ဆုံးမသြဝါဒများသည် ခုပင် ပြောနေဘိသို့ ကြားယောင်လာသည်။ ထို့ကြောင့် သူသည် စိတ်ကို ထိန်းချုပ်ကာ မျက်လုံးကို မှိတ်လျက် ရတနာသုံးပါးကိုသာ အာရုံပြု၏။ သစ္စာရတရားကို ဆင်ခြင်မိ၏။ ပြုခဲ့ပြီးသော ကောင်းမှုကုသိုလ်ကို ပွားများ၏။ သည်အခါ သူ့အမြင်အာရုံတွင် အနိဋ္ဌာရုံများ ကွယ်ပျောက်သွားသည်။ ဗုဒ္ဓမြတ်စွာ၏ ကြည်ညိုဖွယ် အသွင်သည်သာ စိတ်အာရုံ၌ ထင်လာလေတော့သည်။

ဝါးလုံးနှင့် ဖျင်နီအိတ်ကို ကိုင်ထားသော လူကြီးသည် လက်ထဲမှ ပစ္စည်းများကို မြေပေါ်သို့ပစ်ချလိုက်သည်။ သူသည် လက်တစ်ဖက်ဖြင့် ခင်ခင်ကြီး၏ ဆံပင်ကို စုကိုင်လျက် နောက်ဘက်သို့ ခပ်တင်းတင်း ဆွဲလိုက်၏။ ခင်ခင်ကြီး၏ဦးခေါင်းသည် နောက်ဘက်သို့ လန်သွားပြီး ဝါနုညက်ညောသော လည်တိုင်ကြော့ကြော့ကလေး ပေါ်လွင်လာသည်။

ရှားသားနှစ်တုတ်ကြီးကို ကိုင်ထားသော လူကြီးသည်ရှေ့သို့ အနည်းငယ် တိုးလာကာ လက်ကိုဆလျက် မြှောက်လိုက်၏။

ထိုခဏဝယ် ကျယ်လောင်စူးရှသော ငှက်ဆိုးထိုးသံ၊ စူးစူးဝါးဝါး အူလိုက်သော ခွေးအူသံတို့သည် တိတ်ဆိတ်သော ညဉ့်ကို လွှမ်းခြုံ၍သွားတော့သည်။

လောက၏ ဦးဆောက်ပန်း၊ ဘိသိတ်တော်ဆက် ဒိုင်းခင်ခင်၊ ရွှေနန်းရှင်သိပေါမင်းတရား၏ ဒိုင်းခင်ခင် ကံဆိုးမလေးသည် စုဖုရားလတ်၏ နိုင်ငြိုးရန်စ ပင့်ကူအိမ်ဝယ် ငြိတွယ်၍ မလှမပ အသက်ပျောက်ခဲ့ရရှာလေပြီတည်း။

စိမ့် (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

# မှီငြမ်းပြုသော စာအုပ်များ


| | | |
|---|---|---|
| ၁။ | ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး | ဦးမောင်မောင်တင် |
| ၂။ | နန်းဓလေ့မှတ်တမ်းများ | မြကေတု |
| ၃။ | မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး | စစ်ကဲမင်းထင်ရာဇာ |
| ၄။ | ရွှေနန်းတွင်း အရေးတော်ပုံ | မန္တလေး သူရိယသတင်းစာတိုက် |
| ၅။ | သီပေါမင်း နန်းတွင်းရေးနှင့် မြင်ကွန်းမင်းသား အတွင်းရေး | မုံရွေးဇေတဝန် ဆရာတော် အသျှင်ဥတ္တမဗုဒ္ဓိ |
| ၆။ | သုဓောဓိတ မဟာရာဇဝင်၊ ဆဋ္ဌမတွဲ | |
| ၇။ | မြတ်လေးနီနီ ကနှီး (ဆောင်းပါး) | မဝင်းမြင့် (သွေးသောက်မဂ္ဂဇင်း) |
| ၈။ | သီပေါမင်းမှတ်တမ်း | ကြည်မြ (မန်းရာပြည့်မဂ္ဂဇင်း) |
| ၉။ | သက်ကြီးစကား | အမျိုးသမီး သတင်းစာဆရာ တစ်ဦး (မန်းရာပြည့် မဂ္ဂဇင်း) |
| ၁၀။ | သီပေါမင်း နန်းတွင်းရေး | သိပ္ပံမောင်ဝ (မန်းရာပြည့်မဂ္ဂဇင်း) |
| ၁၁။ | Thibaw, s Queen. | H. Fielding |
| ၁၂။ | The Lacquer Lady. | Tennyson Jesse |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# စိမ့်(ပညာရေး)

## ၏

## ထုတ်ဝေပြီး စာအုပ်များ

(၁) **ဒိုင်းခင်ခင်** (ရတနာပုံခေတ် နန်းတွင်းလျှို့ဝှက်ဇာတ်လမ်းများ)
-ယဉ်ကျေးမှုစာအုပ်တိုက်၊ ၁၉၇၆ ခုနှစ်၊ အောက်တိုဘာလ၊

(၂) မြန်မာ့နန်းစဉ်ရတနာ **ပဒုမ္မြားဒေဝီ** နှင့်
ရတနာပုံ နန်းတွင်း လျှို့ဝှက်ဇာတ်လမ်းများ
-ဂျူလာရမ်စာပေ၊ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ၊

(၃) **ပုဂံရွှေရုပ်လွှာ(၁)** (ပုဂံခေတ် ရသစုံ ဝတ္ထုတိုများ)
-ဂုဏ်ထူးစာပေ၊ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ၊

BURMESE CLASSIC

(၄) **ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်**
-အားမာန်သစ်စာပေ၊ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ၊

(၅) **ပုဂံရွှေရုပ်လွှာ(၂)** (ပုဂံခေတ် ရသစုံ ဝတ္ထုတိုများ)
-ဂုဏ်ထူးစာပေ၊ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ၊

(၆) **ရာဇဓာတုကလျာ**
-အားမာန်သစ်စာပေ၊ ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊

www.burmeseclassic.com

www.burmeseclassic.com

မြန်မာမှန်လျှင် 'ပုဂံ' ကို တန်ဖိုးထားရမည်

● ကျေးဇူးပြု၍ မေတ္တာရပ်ခံပါရစေ
'ပုဂံမသွားမီ သည်စာအုပ်ကို ဖတ်ဖြစ်အောင် ဖတ်ပါ'

# ပုဂံရွှေရုပ်လွှာ (၁)

## စိမ့်(ပညာရေး)

* 'ပုဂံညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီ၊ အာနန္ဒာစေတီ၊ စူဠာမဏိစေတီ အပါအဝင် ဘုရားစေတီများ၏ နောက်ကြောင်းဖြစ်ရပ်၊ ဓာတ်ထုပ္ပတ်၊ သို့မဟုတ်
* ပုဂံကို အုပ်စိုးခဲ့ကြသော ဘုရင်နှင့် မိဖုရား၊ မှူးမတ်ဝန်ကြီး၊ အသည်သားအမှုထမ်း၊ ပြည်သူတို့၏ ဝမ်းမြောက်ဖွယ်၊ ကြည်နူးဖွယ်၊ လွမ်းမော ဆွတ်ပျံ့ တမ်းတဖွယ်၊ ကြေကွဲ နာကြည်းဖွယ် ဓာတ်လမ်းများ
* သမိုင်းဝင် ဓာတ်ပုံများကို ကြွေသားစက္ကူတွင် ရောင်စုံဓာတ်ပုံများဖြင့် ပုံနှိပ်၍ 'ပုဂံ' ၏ ဂုဏ်ဒြပ်နှင့် သင့်မြတ် လျော်ကန်စွာ ခံ့ခံ့ညားညား သေသေသပ်သပ် လှလှပပ ထုတ်ဝေလိုက်ပါပြီ။

ဂုဏ်[illegible]စာပေ
အမှတ်- ၁၉၂၊ ၃၃ လမ်း၊ ရန်ကုန်။
ဖုန်း- ၂၈၂၇၈၄၊ ၂၈၇၁၈၆

www.burmeseclassic.com